http://www.dhammadownload.com

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ ( ဒုတိယဆင့် )

[ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း ]

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

၁၉၇၆-ခုနှစ် မှ ၂၀၁၈-ခုနှစ်အထိ

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

(တတိယအကြိမ်)

http://www.dhammadownload.com

# သဗ္ဗညုတဉာဏ်တော်အစွမ်း

၁။ သိရန်မှန်က ၊ မကျန်ရအောင်
လုံးဝစုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား ၊ များအပြား၌
ဟောထားစဖွယ် ၊ နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ ၊ များဝေနေ၏
ဣန္ဒြေစရိုက် ၊ သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် ၊ အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗညုဉာဏ်အား ၊ စွမ်းသုံးပါးကြောင့်
အများဝေနေ ၊ ကျွတ်လွတ်စေဖို့
မနေမနား ၊ သက်တော်အားဖြင့်
ကြီးမားလေဘိ ၊ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ၊ သယ်ယူဆောင်
ဘုန်းခေါင် ငါတို့ဘုရားတည်း။

တောင်မြို့ ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

# အဘိဓမ္မာ (ဒုတိယဆင့်)

## [ ဝီထိပိုင်း ၊ ဝီထိမုတ်ပိုင်း ၊ ရုပ်ပိုင်း ]

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

၁၉၇၆-ခုနှစ် မှ ၂၀၁၇-ခုနှစ်အထိ

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ် ၊ ဩဂုတ်လ

အုပ်ရေ ( ၂၀၀၀ )

တန်ဖိုး (        )ကျပ်

အတွင်းစာသားကြီးကြပ် - ဓမ္မဗျူဟာ-ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီနှင့်ဒီဇိုင်း - ဓမ္မဗျူဟာ-ဒေါ်ငွေးငွေးအောင်

ပုံနှိပ်သူ - ဒေါ်လှလှမြိုင်(၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်- ၅၄၄၊ အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်။

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ(မြဲ-၀၀၀၄၇)
ရွှက်စိမ်းစာပေ၊ အမှတ် (၄၃-A)
၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖြန့်ချိရာဌာန - ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း ၊ ဗဟန်း ၊ ရန်ကုန်မြို့ ။
(ဖုန်း- ၃၈၀၈၈၀ ၊ ၅၄၆၉၉၇ )

http://www.dhammadownload.com

# မာတိကာ

## အဘိဓမ္မာ (ဒုတိယအဆင့်) စိစစ်ပိုင်း


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ | မေးခွန်းဟောင်းများ | ၁ |
| ၂။ | ၁၉၈၉–ခုနှစ် | မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၆ |
| ၃။ | ၁၉၉၀–ခုနှစ် | ။ | ၇ |
| ၄။ | ၁၉၉၁–ခုနှစ် | ။ | ၁၀ |
| ၅။ | ၁၉၉၂–ခုနှစ် | ။ | ၁၂ |
| ၆။ | ၁၉၉၃–ခုနှစ် | ။ | ၁၄ |
| ၇။ | ၁၉၉၄–ခုနှစ် | ။ | ၁၈ |
| ၈။ | ၁၉၉၅–ခုနှစ် | ။ | ၂၁ |
| ၉။ | ၁၉၉၆–ခုနှစ် | ။ | ၂၄ |
| ၁၀။ | ၁၉၉၇–ခုနှစ် | ။ | ၂၅ |
| ၁၁။ | ၁၉၉၈–ခုနှစ် | ။ | ၂၇ |
| ၁၂။ | ၁၉၉၉–ခုနှစ် | ။ | ၃၀ |
| ၁၃။ | ၂၀၀၀–ခုနှစ် | ။ | ၃၂ |
| ၁၄။ | ၂၀၀၁–ခုနှစ် | ။ | ၃၄ |
| ၁၅။ | ၂၀၀၂–ခုနှစ် | ။ | ၃၆ |
| ၁၆။ | ၂၀၀၃–ခုနှစ် | ။ | ၃၇ |
| ၁၇။ | ၂၀၀၄–ခုနှစ် | ။ | ၃၉ |
| ၁၈။ | ၂၀၀၅–ခုနှစ် | ။ | ၄၀ |
| ၁၉။ | ၂၀၀၆–ခုနှစ် | ။ | ၄၃ |
| ၂၀။ | ၂၀၀၇–ခုနှစ် | ။ | ၄၄ |
| ၂၁။ | ၂၀၀၈–ခုနှစ် | ။ | ၄၆ |
| ၂၂။ | ၂၀၀၉–ခုနှစ် | ။ | ၄၈ |
| ၂၃။ | ၂၀၁၀–ခုနှစ် | ။ | ၅၀ |

http://www.dhammadownload.com

## အဘိဓမ္မာ (ဒုတိယဆင့်) ဝီထိမှတ်ပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ မေးခွန်းဟောင်းများ | ၅၃ |
| ၂၅။ | ၁၉၈၉–ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၅၉ |
| ၂၆။ | ၁၉၉၀–ခုနှစ် ။ | ၆၁ |
| ၂၇။ | ၁၉၉၁–ခုနှစ် ။ | ၆၃ |
| ၂၈။ | ၁၉၉၂–ခုနှစ် ။ | ၆၅ |
| ၂၉။ | ၁၉၉၃–ခုနှစ် ။ | ၆၇ |
| ၃၀။ | ၁၉၉၄–ခုနှစ် ။ | ၆၈ |
| ၃၁။ | ၁၉၉၅–ခုနှစ် ။ | ၆၉ |
| ၃၂။ | ၁၉၉၆–ခုနှစ် ။ | ၇၁ |
| ၃၃။ | ၁၉၉၇–ခုနှစ် ။ | ၇၃ |
| ၃၄။ | ၁၉၉၈–ခုနှစ် ။ | ၇၅ |
| ၃၅။ | ၁၉၉၉–ခုနှစ် ။ | ၇၈ |
| ၃၆။ | ၂၀၀၀–ခုနှစ် ။ | ၈၀ |
| ၃၇။ | ၂၀၀၁–ခုနှစ် ။ | ၈၂ |
| ၃၈။ | ၂၀၀၂–ခုနှစ် ။ | ၈၄ |
| ၃၉။ | ၂၀၀၃–ခုနှစ် ။ | ၈၆ |
| ၄၀။ | ၂၀၀၄–ခုနှစ် ။ | ၈၈ |
| ၄၁။ | ၂၀၀၅–ခုနှစ် ။ | ၉၀ |
| ၄၂။ | ၂၀၀၆–ခုနှစ် ။ | ၉၂ |
| ၄၃။ | ၂၀၀၇–ခုနှစ် ။ | ၉၄ |
| ၄၄။ | ၂၀၀၈–ခုနှစ် ။ | ၉၆ |
| ၄၅။ | ၂၀၀၉–ခုနှစ် ။ | ၉၈ |
| ၄၆။ | ၂၀၁၀–ခုနှစ် ။ | ၁၀၀ |

http://www.dhammadownload.com

## အဘိဓမ္မာ (ဒုတိယဆင့်) ရုပ်ပိုင်း


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၇။ | ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ မေးခွန်းဟောင်းများ | | ၁၀၃ |
| ၄၈။ | ၁၉၈၉–ခုနှစ် | မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၁၀၈ |
| ၄၉။ | ၁၉၉၀–ခုနှစ် | ။ | ၁၀၉ |
| ၅၀။ | ၁၉၉၁–ခုနှစ် | ။ | ၁၁၂ |
| ၅၁။ | ၁၉၉၂–ခုနှစ် | ။ | ၁၁၃ |
| ၅၂။ | ၁၉၉၃–ခုနှစ် | ။ | ၁၁၆ |
| ၅၃။ | ၁၉၉၄–ခုနှစ် | ။ | ၁၁၈ |
| ၅၄။ | ၁၉၉၅–ခုနှစ် | ။ | ၁၂၀ |
| ၅၅။ | ၁၉၉၆–ခုနှစ် | ။ | ၁၂၁ |
| ၅၆။ | ၁၉၉၇–ခုနှစ် | ။ | ၁၂၄ |
| ၅၇။ | ၁၉၉၈–ခုနှစ် | ။ | ၁၂၆ |
| ၅၈။ | ၁၉၉၉–ခုနှစ် | ။ | ၁၂၈ |
| ၅၉။ | ၂၀၀၀–ခုနှစ် | ။ | ၁၃၀ |
| ၆၀။ | ၂၀၀၁–ခုနှစ် | ။ | ၁၃၁ |
| ၆၁။ | ၂၀၀၂–ခုနှစ် | ။ | ၁၃၃ |
| ၆၂။ | ၂၀၀၃–ခုနှစ် | ။ | ၁၃၄ |
| ၆၃။ | ၂၀၀၄–ခုနှစ် | ။ | ၁၃၆ |
| ၆၄။ | ၂၀၀၅–ခုနှစ် | ။ | ၁၃၈ |
| ၆၅။ | ၂၀၀၆–ခုနှစ် | ။ | ၁၃၉ |
| ၆၆။ | ၂၀၀၇–ခုနှစ် | ။ | ၁၄၀ |
| ၆၇။ | ၂၀၀၈–ခုနှစ် | ။ | ၁၄၂ |
| ၆၈။ | ၂၀၀၉–ခုနှစ် | ။ | ၁၄၃ |
| ၆၉။ | ၂၀၁၀–ခုနှစ် | ။ | ၁၄၅ |

http://www.dhammadownload.com


| | | | |
|---|---|---|---|
| ၇၀။ | ၂၀၁၁-ခုနှစ် | မေးခွန်းဟောင်းနှင့် စံပြအဖြေများ | ၁၄၇ |
| ၇၁။ | ၂၀၁၂-ခုနှစ် | ။ | ၁၅၃ |
| ၇၂။ | ၂၀၁၃-ခုနှစ် | ။ | ၁၅၈ |
| ၇၃။ | ၂၀၁၄-ခုနှစ် | ။ | ၁၆၄ |
| ၇၄။ | ၂၀၁၅-ခုနှစ် | ။ | ၁၇၀ |
| ၇၅။ | ၂၀၁၆-ခုနှစ် | ။ | ၁၇၈ |
| ၇၆။ | ၂၀၁၇-ခုနှစ် | ။ | ၁၈၆ |

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (ဒုတိယဆင့်)

# ဝီထိပိုင်း

## ( ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၆–ခုနှစ်

၁။ အဘယ်သို့သော ဝီထိမျိုးကို "မဟန္တာရုံဝီထိ" ဟု ခေါ်သနည်း၊ မဟန္တာရုံဝီထိ၌ ပါဝင်နိုင်သော ဝီထိစိတ်များကို အကျယ်အားဖြင့် ရေတွက်ပြပါ။

၂။ ဂေါတြဘူ အမည်ရနိုင်သောစိတ်တို့ကို ဖော်ပြ၍ အောက်ပါဇောများကို ရေးပါ။

(က) ၁–ကြိမ်သာစောသောဇော၊ (ခ) ၇–ကြိမ်သာစောသောဇော၊

၃။ ဒွိဟိတ်ပုဂ္ဂိုလ်များ တရားအားထုတ်ပါက ဈာန် မဂ် ဖိုလ် ရနိုင်–မရနိုင် ပုဂ္ဂိုလ်စိတ်ရကို ထောက်ထား၍ ဖြေပါ။

### ၁၉၇၇–ခုနှစ်

၁။ ဒွါရအားဖြင့်လည်းကောင်း၊ ဝိညာဏ်အားဖြင့်လည်းကောင်း၊ ဝိသယပ္ပဝတ္တိ(အာရုံ)အားဖြင့်လည်းကောင်း ဝီထိ ၆–မျိုးပြားပုံကို ရေတွက်ပြပါ။

၂။ ရွှေတိဂုံစေတီတော်ကြီးကို မျက်ဝါးထင်ထင် ဖူးမြင်ရသောအခါ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်လာသော စက္ခုဝိညာဏဝီထိစိတ်ဖြစ်စဉ်ကို ဖော်ပြပါ။

၃။ တဒါရုံဖြစ်ရန် လိုအပ်သော အင်္ဂါအချက်အလက်များကို စုံလင်စွာ ရေတွက်ပြ၍ တစ်ကြိမ်သာစောသော ဇောများကို သက်ဆိုင်ရာ ဝီထိအမည်နှင့် ယှဉ်တွဲဖြေဆိုပါ။

၄။ အောက်ပါဘုံများကို ရေတွက်ပြပါ။

(က) ပုထုဇဉ်သာ ဖြစ်ကောင်းသောဘုံ၊

(ခ) ပုထုဇဉ် မဖြစ်နိုင်သောဘုံ၊

(ဂ) သောတာပန်ပုဂ္ဂိုလ် မဖြစ်နိုင်သောဘုံ၊

၅။ ရူပဘုံနှင့် အရူပဘုံတို့၌ ဖြစ်နိုင်သော ဝီထိစိတ်တို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



## ၁၉၇၉–ခုနှစ်

၁။ စာဖြေသူ၏ မနောဒွါရဘဝင်၌ ဘုရားရှင်၏ ပုံတော် ထင်ရှားမြင်လာအောင် ဖြစ်နိုင်သည့် ဝီထိကို ချပြ၍ ယင်းဝီထိကိုလည်း စကားပြေဖြင့် ရှင်းလင်းပြခဲ့ပါ။

၂။ အနိဋ္ဌာရုံကို တွေ့ကြုံ၍ လူတို့ ဒေါသထွက်သောအခါ ဒေါသဇောနောင် ဖြစ်နိုင်သည့် တဒါရုံနှင့် ဘဝင်တို့ကို ရေတွက်ပြပြီးလျှင် အဟိတ်တိရစ္ဆာန်ပုဂ္ဂိုလ်တို့၌ မရနိုင်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။

၃။ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောနောင် ကျသင့်သောစိတ်၊ ထိုစိတ်၏ အမည်နှင့် အာရုံ ဖော်ပြ၍ ဤသို့ဖြစ်ရသည်ကိုလည်း နားလည်အောင် ရှင်းပြပါ။

## ၁၉၈၀–ခုနှစ်

၁။ လူ၏စိတ်သည် အာရုံကို သိသောအခါ စိတ်အစဉ်များမှု– နည်းမှု– အာရုံတို့၏ ထင်ရှားမှု– မထင်ရှားမှုအလိုက် မည်ကဲ့သို့ ကွဲပြား ခြားနားမှု ရှိပါသနည်း။

၂။ မြတ်စွာဘုရား၏ တရားသံကို ကြားနာရသောအခါ ပုဒ္ဓဘာသာတစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်လာသောစိတ်တို့၏ ဖြစ်စဉ်ကို ဖော်ပြပါ။

၃။ မနေ့က စားခဲ့သော အစားအစာများကို ပြန်လည် စဉ်းစားမိသောအခါ မည်သည့်ဒွါရ၌ မည်သည့်စိတ်များ ဖြစ်လာပါသနည်း၊ သိသာရုံမျှ ဖော်ပြပါ။

၄။ မည်သည့်အခါ၌ ပုထုဇဉ်လူသားတို့သည် ဇော ၅–ကြိမ်ဇောပါသနည်း၊ ၅–ကြိမ်သောဇောများကို သက်ဆိုင်ရာ ဝီထိအမည်နှင့် ယှဉ်တွဲဖော်ပြခဲ့ပါ။

## ၁၉၈၁–ခုနှစ်

၁။ ဝိညာဉ် ၆–မျိုးနှင့် ဝီထိ ၆–မျိုးကို ပြည့်စုံစွာ ရေးပါ။

၂။ အောက်ပါအခါတို့၌ မည်သည့်ဇောသည် အကြိမ်မည်မျှစီ ဇောပါသနည်း။

(က) ရိုးရိုးအခါ၊

(ခ) သေခါနီးအခါ၊

(ဂ) မဂ်ကိုရသောအခါ၊

(ဃ) ပထမဦးစွာ ဈာန်ရသောအခါ၊

(င) နိရောဓသမာပတ် ဝင်စားသောအခါ၊

http://www.dhammadownload.com



၃။ အောက်ပါပုဂ္ဂိုလ်တို့၌ မရနိုင်သော ဇောစိတ်တို့ကို ရေးပါ။

(က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်
(ခ) သုဂတိအဟိတ်ပုဂ္ဂိုလ်
(ဂ) ဒွိဟိတ်ပုဂ္ဂိုလ်
(ဃ) တိဟိတ်ပုဂ္ဂိုလ်

## ၁၉၈၂–ခုနှစ်

၁။ ကောင်းမြတ်သော ဘောဇဉ်ကို စားသုံးနေသောအခါ စားသုံးသူ၏သန္တာန်၌ ဖြစ်သင့်သော စိတ်အစဉ်ကို ပိုင်းခြား ဖော်ပြပါ။

၂။ "ပုခက်နှင့် ခေါင်းကြား"ဟု ဆိုအပ်သော လူတစ်ဘဝတာအတွင်း၌ ရိုးရိုးလူသားတို့ သန္တာန်တွင် ဖြစ်သောဇောစိတ်တို့ကို ပိုင်းခြား ဖော်ပြပါ။

၃။ အကယ်၍ လူတစ်ယောက်သည် ရဟန္တာဖြစ်သွားသည်ဆိုလျှင် ပုထုဇဉ်ဘဝက မည်သည့် စိတ်များကို ပယ်၍ မည်သည့်စိတ်သစ်များကို ထပ်မံရရှိပါသနည်း။

## ၁၉၈၃–ခုနှစ်

၁။ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း၌ လာရှိသော ဝိသယပ္ပဝတ္တိ ၉–မျိုးကို ရေတွက်ဖော်ပြပါ။

၂။ ယခုခေတ် ပုထုဇဉ်လူသားတို့အား လှပသော မိမိချစ်သူကို မြင်သောအခါနှင့် ရုပ်ဆိုးသော မုန်းသူကို မြင်သောအခါတို့၌ ဖြစ်ပေါ်နိုင်သော အကျိုးစိတ်များကို ခွဲခြား ဖော်ပြပါ။

၃။ ယခုခေတ် ပုထုဇဉ်လူသားများနှင့် ဘုရားရဟန္တာပုဂ္ဂိုလ်များ စိတ်နေစိတ်ထား ကွာခြားပုံကို ပုဂ္ဂလဘေဒအရ ရှင်းပြပါ။

## ၁၉၈၄–ခုနှစ်

၁။ ရုပ်တစ်ခုကို အသေးစိတ် လေ့လာလျှင် ခဏငယ်ပေါင်း မည်မျှ ပါဝင်ပါသနည်း။ တစ်ခုစီ ရေတွက်ပြပါ။

၂။ ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ရသော ကာမဇောများ၏ တရားကိုယ်ဖြစ်သော စိတ်သရုပ်ကို ထုတ်ပြဖြေဆိုပါ။

၃။ မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီး ကိုယ်ပိုင်ရထိုက်သော ဇောစိတ်များကို ဖော်ပြပါ။

http://www.dhammadownload.com



## ၁၉၈၅–ခုနှစ်

၁။ စိတ်သည် တစ်ခုတည်း ဖြစ်ရိုးမရှိဘဲ ဝီထိအလိုက်ဖြစ်လျက်ရှိရာ လူတစ်ဦးအား တစ်နေ့တာအတွင်း၌ ဖြစ်နိုင်သော ဝိညာဏဝီထိတို့ကို ဖော်ပြခဲ့ပါ။

၂။ လူတစ်ဦးသည် ခွေးတစ်ကောင်ကို ခွဲသွားစဉ် နှစ်သက်ဖွယ်အာရုံတစ်ခုကို အတူတကွ တွေ့မြင်၍ စွဲလမ်းနှစ်သက်ရာ၌ ၎င်းတို့အား မည်သည့်အကျိုးဝိပါက်စိတ်များ ဖြစ်မည်နည်း၊ လူ၌ဖြစ်သော ဝိပါက်စိတ်နှင့် ခွေး၌ဖြစ်သော ဝိပါက်စိတ်တို့ ထူးခြားမှု ရှိ–မရှိ ဖော်ပြပါ။

၃။ ကာမဇော–ကာမဇောဟု ဆိုရာ၌ အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ရနိုင်သမျှ ကာမဇောတို့ကို ဖော်ပြပြီးလျှင် ယင်းဇောတို့၏ အကုသိုလ်–ကုသိုလ်–ကြိယာဇာတ်အလိုက် ဇောနိုင်သမျှသော ဇောအကြိမ်တို့ကိုလည်း ဝေဖန် ဖော်ပြခဲ့ပါ။

၄။ မည်မျှ အားထုတ်စေကာမူ မြေလျှိုးမိုးပျံနိုင်သော ဈာန်–အဘိညာဉ်အဆင့်သို့ မရောက်နိုင်သည့် လူစားမျိုးကို ဖော်ပြပြီးလျှင် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။

## ၁၉၈၆–ခုနှစ်

၁။ ဝီထိစိတ်တို့၌ ဝိသယပ္ပဝတ္တိ ၆–မျိုးကို ထုတ်ပြ၍ ဝီထိပိုင်းဟူ၍ ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း အဘိဓမ္မာ သဘာဝဆိုက်အောင် ရေးသား ဖြေဆိုခဲ့ပါ။

၂။ လူသားတစ်ဦး၌ အာရုံအားလျော်စွာ ဝီထိစိတ်, ဘဝင်စိတ်တို့ ဖြစ်လျက်ရှိရာ ၎င်းဝီထိစိတ်၊ ဘဝင်စိတ်တို့၏ ကွဲပြားမှုကို အဘိဓမ္မာနည်းလမ်းအရ ရှင်းလင်း ဖြေဆိုခဲ့ပါ။

၃။ လူက သောမနဿဖြင့် ပဋိသန္ဓေနေသူ၊ ဇောသောဇောက ဒေါသဇော ဇောသည့်အတွက် ထိုဒေါသဇောနောင် တဒါရုံ မဖြစ်နိုင်၊ ယင်းသို့ အခက်အခဲကြုံလာပါက မည်ကဲ့သို့ ပြုလုပ် ရမည်ဟု ဆရာတို့က နည်းလမ်းပေးခဲ့သနည်း၊ ဖြေဆိုခဲ့ပါ။

၄။ အောက်ပါ (က), (ခ), (ဂ), (ဃ), (င)တို့၌ ရနိုင်သော ဇောစိတ်များကို ထုတ်ပြခဲ့ပါ။

(က) ၂–ကြိမ်၊ ၃–ကြိမ် ဇောသောဇော၊
(ခ) ၃–ကြိမ်၊ ၄–ကြိမ် ဇောသောဇော၊
(ဂ) ၄–ကြိမ်၊ ၅–ကြိမ် ဇောသောဇော၊
(ဃ) ၅–ကြိမ် ဇောသောဇော၊
(င) ၆–ကြိမ်၊ ၇–ကြိမ် ဇောသောဇော၊

http://www.dhammadownload.com



## ၁၉၈၇–ခုနှစ်

၁။ လူတိုင်းသည် စက္ကန့်မစဲ တဖွဲဖွဲ သေလျက်ရှိသည်ဟုဆိုလျှင် ထိုအဆိုကို စိတ်သက်–ရုပ်သက် တွက်ချက် ဖော်ပြ၍ ထောက်ခံဖြေဆိုပါ။

၂။ ဝီထိစိတ်ဖြစ်တိုင်း တဒါရုံကျနိုင်ပါသလော၊ မည်သည့်အခြေအနေမျိုးနှင့် ပြည့်စုံမှ တဒါရုံကျနိုင်ပါသနည်း၊ တိကျစွာ ဖြေဆိုပါ။

၃။ ကာမဇောတို့သည် အဘယ်အခါများ၌ ၄–ကြိမ်၊ ၅–ကြိမ်၊ ၆–ကြိမ်၊ ၇–ကြိမ် စောကြပါသနည်း၊ အကြောင်းအလိုက် အသီးသီး ဖြေဆိုပါ။

## ၁၉၈၈–ခုနှစ်

၁။ မေးခွန်းစာရွက်ကို ကြည့်မြင်ခိုက် စာဖြေသူ၌ ဖြစ်ပေါ်လျက်ရှိသော ဝီထိစိတ်အစဉ်ကို ရေးသား ဖော်ပြပါ။

၂။ ဝိသယပ္ပဝတ္တိ ၆–မျိုးကို ပဉ္စဒွါရ–မနောဒွါရ ခွဲခြား၍ ဖော်ပြပါ။

၃။ ပုဂ္ဂိုလ် ၁၂–ယောက်ကို ရေတွက်ဖော်ပြ၍၊ ရဟန္တာပုဂ္ဂိုလ်များသည် မြတ်စွာဘုရားကို ရှိခိုးရာဝယ် ကုသိုလ်ရကြပါသလော၊ ဖြေဆိုပြပါ။

ꩤꩤꩤ

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (ဒုတိယဆင့်)

# စိတ်ပိုင်း

# ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ်ထိ )

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

## ၁၉၈၉–ခုနှစ်

**၁** စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိတ် လေ့လာပါက ရနိုင်သော အချက်သုံးချက်ကို တစ်ခုစီ ရေတွက်ပြပြီးလျှင်၊ အစိဘူတာရုံဝိထိ၌ ဖြစ်ခွင့်ရှိသော ဝိထိစိတ်တို့ကိုလည်း အမည် ဖော်ပြပါ။

စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိတ် လေ့လာပါက ရနိုင်သော အချက်သုံးချက်ကို တစ်ခုစီ ရေတွက်ပြရသော်–

(၁) ဥပါဒ် = စိတ်၏ ဖြစ်ပေါ်လာမှု၊
(၂) ဌီ = စိတ်၏ ဖြစ်ပြီးနောက် တည်နေမှု၊
(၃) ဘင် = စိတ်၏ တည်ပြီးနောက် ပျက်စီး ချုပ်ကွယ်မှုတို့ ဖြစ်ပါသည်။

အစိဘူတာရုံဝိထိ၌ ဖြစ်ခွင့်ရှိသော ဝိထိစိတ်တို့ကို အမည်ဖော်ပြရသော်–

(၁) မနောဒွါရာဝဇ္ဇန်း
(၂) ကာမဇော ၂၉–ပါး တို့ဖြစ်ပါသည်။

**၂** စိတ်၏စွမ်းအင်အထူးကို ရရှိထားကြသော ဈာနလာဘီပုဂ္ဂိုလ်များ အစဦးစွာ ဖြစ်စဉ်အခါဝယ် ပါဝင်ခဲ့သော ကာမဇောတို့၏ အမည်နှင့် စိတ်သရုပ်တို့ကို အသီးသီး ဖြေဆိုပါ။

စိတ်၏စွမ်းအင်အထူးကို ရရှိထားကြသော ဈာနလာဘီပုဂ္ဂိုလ်များ အစဦးစွာ ဖြစ်စဉ် အခါဝယ် ပါဝင်ခဲ့သော ကာမဇောတို့၏ အမည်မှာ–

(၁) မန္ဒပုဂ္ဂိုလ်၌ = ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသော ဥပစာရသမာဓိဇော ၄–ကြိမ်၊
(၂) တိက္ခပုဂ္ဂိုလ်၌ = ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဟူသော ဥပစာရသမာဓိဇော ၃–ကြိမ် တို့ဖြစ်ကြပါသည်။

http://www.dhammadownload.com



**ထိုကာမဇောတို့၏ စိတ်သရုပ်မှာ–**

| | | |
|---|---|---|
| ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်က | = | မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ပါး |
| ရဟန္တာဖြစ်က | = | မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ပါးတို့ ဖြစ်ကြပါသည်။ |

**❷** (က) ချစ်သူကို မြင်သောအခါ၊ (ခ) မုန်းသူကို မြင်သောအခါတို့၌ ဖြစ်သော စက္ခုဝိညာဏ် (မြင်စိတ်)ချင်း ခြားနားပုံကို ရှင်းပြပြီးလျှင်၊ လူ့ လောကတွင် "ဒေါသမရှိသော ပုဂ္ဂိုလ်များ" ရှိကောင်းပါက ထုတ်ပြပါ။

<u>စက္ခုဝိညာဏ် (မြင်စိတ်)ချင်း ခြားနားပုံကို ရှင်းပြရသော်–</u>

| | | |
|---|---|---|
| (က) ချစ်သူကို မြင်သောအခါ | = | ချစ်သူသည် ဣဋ္ဌာရုံဖြစ်၍ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ် ဖြစ်သည်။ |
| (ခ) မုန်းသူကို မြင်သောအခါ | = | မုန်းသူသည် အနိဋ္ဌာရုံဖြစ်၍ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ် ဖြစ်သည်။ |

ဤသို့ စက္ခုဝိညာဏ်(မြင်စိတ်)ချင်း ခြားနားမှု ရှိပါသည်။

**လူ့လောကတွင် "ဒေါသမရှိသော ပုဂ္ဂိုလ်များ" ရှိကောင်းပါသည်။**

**ငင်းပုဂ္ဂိုလ်များမှာ– အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။**

---

**(၁၉၉၀–ခုနှစ်)**

**❶** သင်္ခိုပ်ကျမ်းလာ ဝီထိ၏ အဓိပ္ပာယ်ကို အဘိဓမ္မာစကားဖြင့် ရှင်းပြ၍၊ ပဉ္စဒွါရဝီထိစိတ်၏ ဝိသယပ္ပဝတ္တိများကိုလည်း ဆိုင်ရာ လေးဝါရဖြင့် တွဲစပ်ပြပါ။

**သင်္ခိုပ်ကျမ်းလာ ဝီထိ၏ အဓိပ္ပာယ်ကို အဘိဓမ္မာစကားဖြင့် ရှင်းပြရသော်–**

အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသည့် စိတ်တို့၏ဖြစ်စဉ် (အစဉ်အတန်း)ကို ဝီထိဟု ခေါ်ပါသည်။

http://www.dhammadownload.com



ပဉ္စဒွါရဝီထိစိတ်၏ ဝိသယပ္ပဝတ္တိများကို ဆိုင်ရာ လေးဝါရဖြင့် တွဲစပ်ပြရသော်-

| ပဉ္စဒွါရဝီထိစိတ်၏ ဝိသယပ္ပဝတ္တိ | ဝါရ |
|---|---|
| (၁) အတိမဟန္တာရုံ | တဒါရမ္မဏဝါရ |
| (၂) မဟန္တာရုံ | ဇဝနဝါရ |
| (၃) ပရိတ္တာရုံ | ဝုဋ္ဌောဝါရ |
| (၄) အတိပရိတ္တာရုံ | မောဃဝါရ |

❷ လောကတွင် "စိတ်ရှည်သည်၊ စိတ်တိုသည်" ဟု ပြောကြရာ၌ စိတ်၏ သက်တမ်းသည် အဘိဓမ္မာသဘောအားဖြင့် မည်မျှ ရှည်လျားသည်ကို တွက်ချက်ပြ၍၊ ထိတ်လန့်ဖွယ်ရာ အသံကို ကြားရသောအခါ သင့်သန္တာန်၌ ဖြစ်ပေါ်လာနိုင်သည့် ဝီထိစိတ်အစဉ်ကိုလည်း မှန်ကန်စွာ ရေးပြပါ။

လောကတွင် ''စိတ်ရှည်သည်၊ စိတ်တိုသည်'' ဟု ပြောကြရာ၌ **စိတ်၏ သက်တမ်း** သည် အဘိဓမ္မာသဘောအားဖြင့်-

စိတ္တက္ခဏ ၁-ချက်၊ တစ်နည်း ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏဟူ၍ ခဏငယ်အားဖြင့် ၃-ချက်သာ ရှိပါသည်။

**ထိတ်လန့်ဖွယ်ရာ အသံကို ကြားရသောအခါ ကျွန်ုပ်သန္တာန်၌ ဖြစ်ပေါ်လာနိုင်သည့် ဝီထိစိတ်အစဉ်ကို** မှန်ကန်စွာ ရေးပြရသော်-

**အနိဋ္ဌသဒ္ဒါရုံဖြစ်၍**

| | | |
|---|---|---|
| - | ပဉ္စဒွါရာဝဇ္ဇန်း | = ၁-ကြိမ် |
| - | အကုသလဝိပါက်သောတဝိညာဏ် | = ၁-ကြိမ် |
| - | အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = ၁-ကြိမ် |
| - | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ | = ၁-ကြိမ် |
| - | ဝုဋ္ဌော | = ၁-ကြိမ် |
| * | ကာမဇော | = ၇-ကြိမ် |
| - | (အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဥပေက္ခာတဒါရုံ ၁-ပါး | = ၂-ကြိမ် |

http://www.dhammadownload.com



* (ကာမဇောတွင် ယောနိသော မနသိကာရဖြစ်လျှင် =ကုသိုလ်ဇော၊
အယောနိသော မနသိကာရဖြစ်လျှင်= အကုသိုလ်ဇော စောနိုင်ပါသည်)

ဤဝီထိအစဉ်သည် တဒါရမ္မဏဝါရ သောတဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

❷ ကမ္မဋ္ဌာန်းတရားကို အစဦးဆုံး အားထုတ်သော (အာဒိကမ္မိက)ပုဂ္ဂိုလ်သန္တာန်၌ အဘယ်ဇောစိတ်များ ဖြစ်ပေါ်လာနိုင်ပါသနည်း ရှင်းပြ၍၊ ဤလောကဝယ် ဈာန်မဂ်ဖိုလ် မရထိုက်သော ပုဂ္ဂိုလ်များကိုလည်း အကြောင်းနှင့်တကွ ဖော်ထုတ်ပြပါ။

သမထကမ္မဋ္ဌာန်းတရားကို အစဦးဆုံး အားထုတ်သော (အာဒိကမ္မိက)ပုဂ္ဂိုလ်သန္တာန်၌ **ဖြစ်ပေါ်လာနိုင်သော ဇောစိတ်များမှာ–**

**အာဒိကမ္မိကဈာနဝီထိ၌ ...**

(မန္ဒပုဂ္ဂိုလ်ဖြစ်လျှင်) ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ကာမတိဟိတ်ဇော ၄–ကြိမ်၊ (တိက္ခပုဂ္ဂိုလ်ဖြစ်လျှင်) ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ကာမတိဟိတ်ဇော ၃–ကြိမ်နှင့် အာဒိကမ္မိကဈာန်ဇော (မဟဂ္ဂုတ်ဇော) ၁–ကြိမ်တို့ ဖြစ်ပါသည်။

**ဝိပဿနာကမ္မဋ္ဌာန်းတရားကို အစဦးဆုံး အားထုတ်သော (အာဒိကမ္မိက)ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာနိုင်သော ဇောစိတ်များမှာ–**

**သောတာပတ္တိမဂ္ဂဝီထိ၌ ...**

(မန္ဒပုဂ္ဂိုလ်ဖြစ်လျှင်) ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ကာမတိဟိတ်ဇော ၄–ကြိမ်၊ သောတာပတ္တိမဂ်ဇော ၁–ကြိမ်၊ သောတာပတ္တိဖိုလ်ဇော ၂–ကြိမ်တို့ ဖြစ်ပါသည်။

(တိက္ခပုဂ္ဂိုလ်ဖြစ်လျှင်) ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ကာမတိဟိတ်ဇော ၃–ကြိမ်၊ သောတာပတ္တိမဂ်ဇော ၁–ကြိမ်နှင့် သောတာပတ္တိဖိုလ်ဇော ၃–ကြိမ် တို့ ဖြစ်ပါသည်။

ဤလောကဝယ် **ဈာန်,မဂ်,ဖိုလ် မရထိုက်သော** ပုဂ္ဂိုလ်များမှာ–

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊
(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်၊
(၃) ဒွိဟိတ်ပုဂ္ဂိုလ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်တို့ **ဈာန်,မဂ်,ဖိုလ် မရထိုက်ခြင်း အကြောင်းမှာ–**

ဈာန်, မဂ်, ဖိုလ် ရထိုက်သော အကြောင်းရင်းဖြစ်သော အမောဟဟိတ်တည်းဟူသော ဉာဏ်နှင့် ယှဉ်သည့် တိဟိတ်ပဋိသန္ဓေစိတ် မရှိခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ထိုပုဂ္ဂိုလ်များ၏ စိတ်ရကို ပုဂ္ဂလဘေဒအရကြည့်လျှင် ဈာန်, မဂ်, ဖိုလ် ဇောဖြစ်သော အပ္ပနာဇောများ မပါဝင်ပါ။

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏စိတ်ရ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်စိတ်ကြဉ်သော အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| ပေါင်း | = | ၃၇–ပါး |

**သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်၏စိတ်ရ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| ပေါင်း | = | ၄၁–ပါး |

---

**၁၉၉၁–ခုနှစ်**

**၁** ဝီထိပိုင်းလာ "ဝိသယပ္ပဝတ္တိ" ဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းပြ၍၊ ယင်း ဝိသယပ္ပဝတ္တိ ခြောက်ပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

**ဝီထိပိုင်းလာ "ဝိသယပ္ပဝတ္တိ"ဟူသော စကား၏အဓိပ္ပာယ်ကို ရှင်းပြရသော်–**

| | | |
|---|---|---|
| ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ | = | အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း။ |
| ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ | = | အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း။ |

http://www.dhammadownload.com



ယင်း ဝိသယပ္ပဝတ္တိခြောက်ပါး သရုပ်မှာ−

| | | |
|---|---|---|
| (၁) | အတိမဟန္တာရုံ | ပဉ္စဒွါရဝီထိ |
| (၂) | အဟန္တာရုံ | |
| (၃) | ပရိတ္တာရုံ | |
| (၄) | အတိပရိတ္တာရုံ | မနောဒွါရဝီထိ |
| (၅) | ဝိဘူတာရုံ | |
| (၆) | အဝိဘူတာရုံ | |

(ဤဝိသယပ္ပဝတ္တိ ၆−ပါးသည် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ ဖြစ်ပါသည်။)

**၂** လူသားတို့၌ဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြ၍၊ စာဖြေသူ၏ မနောဒွါရ၌ ထင်ရှားသော အာရုံတစ်ခု ထင်မြင်လာသောအခါ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို လည်း မှန်ကန်အောင် ရေးသားခဲ့ပါ။

**လူသားတို့၌ဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြရသော်−**

**အာရုံနှင့်ဒွါရ တိုက်ဆိုင်မှုမရှိသောအခါ** = ဘဝင်စိတ် (ဝီထိမုတ်စိတ်)ဖြစ်၍၊

**အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ** = ဝီထိစိတ် ဖြစ်ပါသည်။

(ချဲ့ဦးအံ့)− လူသားတို့၏စိတ်သည် ပဝတ္တိအခါ၌ ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ ရှိရာဝယ် **ဝီထိစိတ်**ဟူသည် အာရုံတစ်ပါးပါးသည် ဆိုင်ရာဒွါရ၌ ထိခိုက် တိုက်ဆိုင်လျှင် ဖြစ်ပေါ်လာပါသည်၊ ထို့ကြောင့် လှုပ်ရှားသောသဘော ရှိပါသည်။

**ဘဝင်စိတ်**သည်ကား အာရုံ ၆−ပါးတွင် တစ်ပါးပါးကိုမျှ အာရုံမပြုနိုင် (တစ်နည်း) ဒွါရမှ အလွတ်ဖြစ်၍၊ ဒွါရဝိမုတ်စိတ်လည်း မည်၏။

ဘဝင်စိတ်သည် များသောအားဖြင့် လွန်ခဲ့သောဘဝ မရဏာသန္နဇောသည် ယူအပ်သော ကံ, ကမ္မ, ဂတိနိမိတ် ၃−ပါးတွင် တစ်ပါးပါးကို အာရုံပြုပါသည်၊ ဘဝင်စိတ်သည် အိပ်ပျော်နေစဉ် ဖြစ်ပေါ်သော, ငြိမ်သက်သော သဘောရှိသော စိတ်ဖြစ်၏၊ ထို့ပြင် ဝီထိတစ်ခုနှင့်တစ်ခု ကြားတွင်လည်း ဘဝင်စိတ်များ ဖြစ်ပေါ်ပါသည်။

**စာဖြေသူ၏ မနောဒွါရ၌ ထင်ရှားသော အာရုံတစ်ခု ထင်မြင်လာသောအခါ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို ဖော်ပြရသော်−**

http://www.dhammadownload.com



မနောဒွါရ၊ ဝိဘူတာရုံဝီထိဖြစ်၍-

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | ၁-ကြိမ် |
| ကာမဇော | = | ၇-ကြိမ် |
| တဒါရုံ | = | ၂-ကြိမ် |

တဒါရမ္မဏဝါရ။

❸ ဇောနောင်တဒါရုံကျနိုင်သော အင်္ဂါရပ်များကို ဖော်ပြ၍၊ သုံးဆယ့်တစ်ဘုံတွင် စိတ်, စေတသိက် အလျင်းမရှိသော ဘုံကိုလည်း ညွှန်ပြခဲ့ပါ။

ဇောနောင် တဒါရုံကျနိုင်သော အင်္ဂါရပ်များကို ဖော်ပြရသော်-

(၁) ကာမဇော၊
(၂) ကာမသတ္တဝါ၊
(၃) အတိမဟန္တ, ဝိဘူတဖြစ်သော ကာမအာရုံ ဤသုံးချက်ညီမှ ဇောနောင် တဒါရုံကျနိုင်၏။

၃၁-ဘုံတွင် စိတ်, စေတသိက် အလျင်းမရှိသောဘုံမှာ-
အသညသတ်ဘုံ ဖြစ်ပါသည်။

---

၁၉၉၂-ခုနှစ်

❶ ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိများကို ဖော်ပြ၍၊ စာဖြေသူ၏ စိတ်ဝိညာဉ်နှင့် ဆက်စပ်လျက် ဖြစ်ပေါ်လာနိုင်သော ဝီထိ ၆-မျိုး၏ အမည်နာမများကိုလည်း ဖြေဆိုပါ။

ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိများကို ဖော်ပြရသော်-

(၁) ကံနိမိတ်၊
(၂) ကမ္မနိမိတ်၊
(၃) ဂတိနိမိတ် တို့ဖြစ်ပါသည်။

စိတ်ဝိညာဉ်နှင့်ဆက်စပ်လျက် ဖြစ်ပေါ်လာနိုင်သော ဝီထိ ၆-မျိုး၏ အမည်နာမများကို ဖော်ပြရသော်-

http://www.dhammadownload.com



(၁) စက္ခုဝိညာဏဝီထိ၊
(၂) သောတဝိညာဏဝီထိ၊
(၃) ဃာနဝိညာဏဝီထိ၊
(၄) ဇိဝှါဝိညာဏဝီထိ၊
(၅) ကာယဝိညာဏဝီထိ၊
(၆) မနောဝိညာဏဝီထိ တို့ဖြစ်ပါသည်။

**၂ ဤမေးခွန်းလွှာကို ကြည့်ရှုနေခိုက် စာဖြေသူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို တိကျမှန်ကန်စွာ ရေးသားဖြေဆို၍၊ ဝီထိစိတ် လုံးဝ မဖြစ်သောဝီထိ၏ အမည်ကိုလည်း ညွှန်ပြပါ။**

ဤမေးခွန်းလွှာကို ကြည့်ရှုနေခိုက် စာဖြေသူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို ဖော်ပြရသော်–

| | | |
|---|---|---|
| **ရူပါရုံဖြစ်၍** | – ပဉ္စဒွါရာဝဇ္ဇန်း | = ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ် | = ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ | = ၁–ကြိမ် |
| | – ဝုဋ္ဌော | = ၁–ကြိမ် |
| | * ကာမဇော | = ၇–ကြိမ် |
| | – (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ–၁ + မဟာဝိပါက် ဥပေက္ခာ–၄) ပေါင်း ဥပေက္ခာတဒါရုံ ၅–ပါးမှ တစ်ပါးပါး | = ၂–ကြိမ် |

* (ကာမဇောတွင်
ယောနိသော မနသိကာရဖြစ်လျှင် = ကုသိုလ်ဇော၊
အယောနိသော မနသိကာရဖြစ်လျှင် = အကုသိုလ်ဇော ဇောနိုင်ပါသည်။)

ဤဝီထိသည် တဒါရုဏ်ဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**ဝီထိစိတ် လုံးဝမဖြစ်သော ဝီထိ၏အမည်ကို** ဖော်ပြရသော်–

အတိပရိတ္တာရုံဝီထိ ဖြစ်ပါသည်။

http://www.dhammadownload.com



❸ အရိယာပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့် တွဲစပ်ဖော်ပြ၍၊ နိရောဓသမာပတ် ဝင်စားခါနီးမှာ စောသည့်ဇောနှင့် စောသောအကြိမ် အရေအတွက်ကိုလည်း ဖြေဆိုပါ။

အရိယာပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့် တွဲစပ်ဖော်ပြရသော်–

| | အရိယာပုဂ္ဂိုလ် | | ကိုယ်ပိုင်စိတ် |
|---|---|---|---|
| (၁) | သောတာပတ္တိမဂ်ပုဂ္ဂိုလ် | = | သောတာပတ္တိမဂ်စိတ် |
| (၂) | သကဒါဂါမိမဂ်ပုဂ္ဂိုလ် | = | သကဒါဂါမိမဂ်စိတ် |
| (၃) | အနာဂါမိမဂ်ပုဂ္ဂိုလ် | = | အနာဂါမိမဂ်စိတ် |
| (၄) | အရဟတ္တမဂ်ပုဂ္ဂိုလ် | = | အရဟတ္တမဂ်စိတ် |
| (၅) | သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | = | သောတာပတ္တိဖိုလ်စိတ် |
| (၆) | သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | = | သကဒါဂါမိဖိုလ်စိတ် |
| (၇) | အနာဂါမိဖိုလ်ပုဂ္ဂိုလ် | = | အနာဂါမိဖိုလ်စိတ် |
| (၈) | အရဟတ္တဖိုလ်ပုဂ္ဂိုလ် | = | အရဟတ္တဖိုလ်စိတ် (၁)ပါးနှင့် ကြိယာစိတ် (၁၈)ပါး |

နိရောဓသမာပတ် ဝင်စားခါနီးမှာ စောသည့်ဇောနှင့် စောသောအကြိမ် အရေအတွက်ကို ဖော်ပြရသော်–

**အနာဂါမ်ဖြစ်လျှင်–** နေဝသညာ နာသညာယတနကုသိုလ်ဇော = ၂–ကြိမ်

**ရဟန္တာဖြစ်လျှင်–** နေဝသညာ နာသညာယတနကြိယာဇော = ၂–ကြိမ်

တို့ဖြစ်ပါသည်။

---

**၁၉၉၃–ခုနှစ်**

❶ ဝီထိစိတ်တို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများကို အဓိပ္ပာယ်များနှင့်တကွ ဖော်ပြ၍၊ ဝီထိစိတ်တိုင်း တဒါရုံ မဖြစ်ခြင်းအကြောင်းကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

**ဝီထိစိတ်တို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများကို အဓိပ္ပာယ်များနှင့်တကွ ဖော်ပြရသော်–**

(၁) **အတိမဟန္တာရုံ** = အလွန်ထင်ရှားသော အာရုံ၊

= အာရုံ ထင်ပြီးသည်မှစ၍ ရေတွက်လျှင် အလွန်များသော စိတ္တက္ခဏအသက်ရှိသော အာရုံ၊

http://www.dhammadownload.com



(၂) **မဟန္တာရုံ** = ထင်ရှားသောအာရုံ၊
= အာရုံထင်ပြီးသည်မှစ၍ ရေတွက်လျှင် များသော စိတ္တက္ခဏ အသက်ရှိသော အာရုံ၊

(၃) **ပရိတ္တာရုံ** = မထင်ရှားသောအာရုံ၊
= အာရုံထင်ပြီးသည်မှစ၍ ရေတွက်လျှင် နည်းသော စိတ္တက္ခဏ အသက်ရှိသော အာရုံ၊

(၄) **အတိပရိတ္တာရုံ** = အလွန် မထင်ရှားသောအာရုံ၊
= အာရုံထင်ပြီးသည်မှစ၍ ရေတွက်လျှင် အလွန်နည်းသော စိတ္တက္ခဏအသက်ရှိသော အာရုံ၊

(၅) **ဝိဘူတာရုံ** = မနောဒွါရ၌ ထင်ထင်ရှားရှား ထင်သောအာရုံ၊

(၆) **အဝိဘူတာရုံ** = မနောဒွါရ၌ မထင်မရှား ထင်သောအာရုံ၊

**ဝီထိတိုင်း တဒါရုံ မဖြစ်ခြင်းအကြောင်းကို ဖော်ပြရသော်–**

(၁) ကာမဇော၊

(၂) ကာမသတ္တဝါ၊

(၃) အတိမဟန္တ– ဝိဘူတဖြစ်သော ကာမအာရုံ၊

ဤသုံးချက်ညီမှ တဒါရုံ ဖြစ်နိုင်ပါမည်၊ ဤသုံးချက် မညီလျှင် တဒါရုံ မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဝီထိတိုင်း တဒါရုံ မဖြစ်ရခြင်း ဖြစ်ပါသည်။

**၂** ယခုခေတ် အသက်ရာကျော်ရှည်သော ပုဂ္ဂိုလ်တို့၏ စိတ်နှင့်ရုပ်တို့သည် ထိုပုဂ္ဂိုလ်၏ အသက်နှင့်အမျှ ရှည်ပါသလော၊ ယင်းတို့၏ သက်တမ်းကို ဝီထိသဘောအရ ဖြေဆိုခဲ့ပါ။

အသက်ရာကျော်ရှည်သော ပုဂ္ဂိုလ်တို့၏ စိတ်နှင့်ရုပ်တို့သည်–

**ထိုပုဂ္ဂိုလ်တို့၏ အသက်နှင့်အမျှ မရှည်ပါ။**

စိတ်နှင့်ရုပ်တို့၏ သက်တမ်းသည် လွန်စွာ တိုတောင်းလှရာ–

(၁) **စိတ်၏သက်တမ်း** = စိတ္တက္ခဏ ၁–ချက်
(တစ်နည်း) ခဏငယ် ၃–ချက်

http://www.dhammadownload.com



**(၂) ရုပ်၏သက်တမ်း**

- (ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် ၄–ပါးကြဉ်) = စိတ္တက္ခဏ ၁၇–ချက်
  ရုပ် ၂၂–ပါး၏သက်တမ်း (ခဏငယ် ၅၁–ချက်)
- ဝိညတ်ဒွေး၏သက်တမ်း = စိတ္တက္ခဏ ၁–ချက်
  (ခဏငယ် ၃–ချက်)
- ဥပစယ, သန္တတိ၏သက်တမ်း (ဥပါဒ်) = ခဏငယ် ၁–ချက်
- ဇရတာ၏သက်တမ်း ( ဌီ ) = ခဏငယ် ၄၉–ချက်
- အနိစ္စတာ၏သက်တမ်း (ဘင်) = ခဏငယ် ၁–ချက်
  အသီးသီး ဖြစ်ကြပါသည်။

❸ စာဖြေရှင်သည် ဤမေးခွန်းလွှာကို မိမိလက်ဖြင့် ထိတွေ့လိုက်စဉ် စိတ်သန္တာန်၌ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို မမှားအောင် ရေးပြ၍၊ ဝီထိစိတ် မဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြခဲ့ပါ။

စာဖြေရှင်သည် ဤမေးခွန်းလွှာကို မိမိလက်ဖြင့် ထိတွေ့ လိုက်စဉ် စိတ်သန္တာန်၌ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို မမှားအောင် ရေးပြရသော်–

ဣဋ္ဌ–ဖောဋ္ဌဗ္ဗာရုံဖြစ်၍–

- ပဉ္စဒွါရာဝဇ္ဇန်း = ၁–ကြိမ်
- အဟိတ်ကုသလဝိပါက် ကာယဝိညာဏ် = ၁–ကြိမ်
- အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း = ၁–ကြိမ်
- အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ = ၁–ကြိမ်
- ဝုဋ္ဌော = ၁–ကြိမ်
* ကာမဇော = ၇–ကြိမ်
- (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ–၁ + မဟာဝိပါက် ဥပေက္ခာ–၄) ပေါင်း ဥပေက္ခာတဒါရုံ ၅–ပါးမှ တစ်ပါးပါး } = ၂–ကြိမ်

* (ကာမဇောတွင် ယောနိသော မနသိကာရဖြစ်လျှင် = ကုသိုလ်ဇော၊
  အယောနိသော မနသိကာရဖြစ်လျှင် = အကုသိုလ်ဇော စောနိုင်ပါသည်)

ဤဝီထိသည် တဒါရမ္မဏဝါရ ကာယဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝီထိစိတ်မဖြစ်သော ပုဂ္ဂိုလ်ကို ဖော်ပြရသော်–**

(၁) အသညသတ်ဘုံ၌ရှိသော (နာမ်မရှိသည့်) သုဂတိအဟိတ်ပုဂ္ဂိုလ်၊

(၂) နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ ဘဝင်စိတ်ချည်းသာ ဖြစ်နေသော ပုဂ္ဂိုလ်၊

(၃) စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်းသို့ ရောက်ရှိနေသော နိရောဓသမာပတ်ဝင်စားနိုက်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

❾ ရဟန္တာပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ကုသိုလ်မရ၊ ငရဲမကြီးပါသနည်း။ အကြောင်းပြဖြေဆို၍၊ ယင်းပုဂ္ဂိုလ်တို့ ရရှိအပ်သော ဝီထိစိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

**ရဟန္တာပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ကုသိုလ်မရ၊ ငရဲမကြီးရခြင်းအကြောင်းမှာ–**

ရဟန္တာပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာနှင့် တဏှာတည်းဟူသော ဝဋ်မြစ် ၂–ပါးကို အမြစ်ပြတ် ပယ်သတ်ပြီး ဖြစ်သဖြင့်–

(က) အကုသိုလ် မပြုတော့ပါ၊ ထို့ကြောင့် ငရဲမကြီးတော့ပါ။

(ခ) အနုသယမရှိတော့သဖြင့် လောကီကုသိုလ်လည်း မရတော့ပါ။

(ဂ) ပယ်ဖွယ်ကိလေသာတရားများ မရှိတော့သဖြင့် လောကုတ္တရာကုသိုလ်လည်း မရှိတော့ပါ။

ထို့ကြောင့် ၎င်းတို့ ရရှိသောစိတ်တို့တွင်လည်း အကုသိုလ်စိတ်နှင့် လောကီ, လောကုတ္တရာ ကုသိုလ်စိတ်များ မပါဝင်တော့ပါ။

ရဟန္တာပုဂ္ဂိုလ်တို့ ရရှိအပ်သော ဝီထိစိတ်တို့မှာ (ကာမဘုံသားဖြစ်အံ့)

| | | |
|---|---|---|
| အဟိတ်စိတ် | = | ၁၈–ပါး |
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| အရဟတ္တဖိုလ်စိတ် | = | ၁–ပါး |
| ပေါင်း | = | ၃၅–ပါး |

(ဈာန်ရလျှင် ဆိုင်ရာ မဟဂ္ဂုတ်ကြိယာဈာန်စိတ် ၉–ပါးကို ထည့်ပေါင်းလျှင် ၄၄–ပါး ဖြစ်ပါသည်။)

http://www.dhammadownload.com



၁၉၉၄–ခုနှစ်

❶ တရားတော်သံကို ရှိသေစွာ နာယူနေသူသန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကို သိသာရုံ ဖော်ပြ၍၊ ယင်းဝီထိစိတ်တို့၏ တာဝန် အသီးသီး ဆောင်ရွက်ပုံကိုလည်း အဘိဓမ္မာအမြင်ဖြင့် ရှင်းပြပါ။

တရားတော်သံကို ရှိသေစွာ နာယူနေသူသန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကို သိသာရုံ ဖော်ပြရသော်–

**အတိဣဋ္ဌ–သဒ္ဒါရုံဖြစ်၍–**

| | | |
|---|---|---|
| – ပဥ္စဒွါရာဝဇ္ဇန်း | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် သောတဝိညာဏ် | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ | = | ၁–ကြိမ် |
| – ဝုဋ္ဌော | = | ၁–ကြိမ် |
| * ကာမဇော (မဟာကုသိုလ်ဇော(သို့) မဟာကြိယာဇော) | = | ၇–ကြိမ် |
| – (အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ–၁+ မဟာဝိပါက် သောမနဿ–၄) ပေါင်း သောမနဿ တဒါရုံ ၅–ပါးမှ တစ်ပါးပါး | = | ၂–ကြိမ် |

(ယောနိသော မနသိကာရဖြစ်ပြီးဖြစ်၍ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်လျှင်– မဟာကုသိုလ်ဇော၊ အသေက္ခပုဂ္ဂိုလ်ဖြစ်လျှင် – မဟာကြိယာဇော)

ဤဝီထိသည် တဒါရမ္မဏဝါရ သောတဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**ယင်းဝီထိစိတ်တို့၏ တာဝန်အသီးသီး ဆောင်ရွက်ပုံကို** အဘိဓမ္မာအမြင်ဖြင့် ရှင်းပြရသော်–

| | | |
|---|---|---|
| ပဥ္စဒွါရာဝဇ္ဇန်း | = | သောတဒွါရ၌ ထင်လာသော သဒ္ဒါရုံကို ဆင်ခြင်ခြင်း၊ |
| သောတဝိညာဏ် | = | ပဥ္စဒွါရာဝဇ္ဇန်း ဆင်ခြင်အပ်ပြီးသော သဒ္ဒါရုံကို ကြားသိခြင်း၊ |
| သမ္ပဋိစ္ဆိုင်း | = | သောတဝိညာဏ် ယူအပ်ပြီးသော သဒ္ဒါရုံကို လက်ခံခြင်း၊ |
| သန္တီရဏ | = | သမ္ပဋိစ္ဆိုင်း ခံယူအပ်ပြီးသော သဒ္ဒါရုံကို စုံစမ်းခြင်း၊ |
| ဝုဋ္ဌော | = | သန္တီရဏ စုံစမ်းအပ်ပြီးသော သဒ္ဒါရုံကို မှတ်သား ဆုံးဖြတ်ခြင်း၊ |
| ကာမဇော | = | သဒ္ဒါရုံ၏ အရသာကို အဟုန်ပြင်းစွာ ခံစားခြင်း၊ |
| တဒါရုံ | = | ဇောခံစားပြီးသော အာရုံကို ထပ်မံ ခံစားခြင်း၊ |

http://www.dhammadownload.com



**၂** ကြိုတင်ပြင်ဆင်မှု (ပရိကံ)ရှိမှ ရည်မှန်းချက်ပန်းတိုင်သို့ အလွယ်တကူ ရောက်နိုင်ကြရာ ပရိကံအရကို အရှင်အနုရုဒ္ဓါ အလိုကျ ဖော်ပြ၍၊ ပရိကံသည် ဥပေက္ခာကုသိုလ် ဖြစ်ခဲ့သော် ယင်း၏ နောက်၌ ဖြစ်ပေါ်လာနိုင်သော ဈာန်-မဂ်-ဖိုလ်တို့ကိုလည်း ရေတွက်ပြပါ။

ကြိုတင်ပြင်ဆင်မှု (ပရိကံ)ရှိမှ ရည်မှန်းချက်ပန်းတိုင်သို့ အလွယ်တကူ ရောက်နိုင်ကြရာ ပရိကံအရကို အရှင်အနုရုဒ္ဓါ အလိုကျ ဖော်ပြရသော်-

**ဈာနဝီထိ၊ အဘိညာဉ်ဝီထိများ၌** = မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး (သို့) မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊

**မဂ္ဂဝီထိ၌** = မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး ဖြစ်ပါသည်။

**ပရိကံသည် ဥပေက္ခာကုသိုလ် ဖြစ်ခဲ့သော် ယင်း၏ နောက်၌ ဖြစ်ပေါ်လာနိုင်သော ဈာန်-မဂ်-ဖိုလ်တို့ကိုလည်း ရေတွက်ပြရသော်-**

| | | |
|---|---|---|
| မဟဂ္ဂုတ်ကုသိုလ်ဈာန် (ဥပေက္ခာ) | = | ၅-ပါး |
| မဂ် (ဥပေက္ခာ) | = | ၄-ပါး |
| အောက်ဖိုလ် (ဥပေက္ခာ) | = | ၃-ပါး |
| ပေါင်း | = | ၁၂-ပါး |

**၃** စက်ဆုပ်ဖွယ် မစင်ကို တွေ့မြင်ရသော ခွေးကလေး၏ သန္တာန်၌ဖြစ်သော ဝီထိစိတ်၊ ဝီထိမုတ်စိတ်တို့ကို တိကျစွာ ညွှန်ပြ၍၊ ယင်းခွေးကလေး သေခါနီး၌ ဇောစိတ် အကြိမ် မည်မျှဖြစ်သည်ကိုလည်း အကြောင်းပြဖြေပါ။

စက်ဆုပ်ဖွယ် မစင်ကို တွေ့မြင်ရသော ခွေးကလေး၏သန္တာန်၌ဖြစ်သော ဝီထိစိတ်၊ ဝီထိမုတ်စိတ်တို့ကို တိကျစွာ ညွှန်ပြရသော်-

**အနိဋ္ဌ-ရူပါရုံဖြစ်၍-**

| | | |
|---|---|---|
| - ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ကြိမ် |
| - အကုသလဝိပါက် စက္ခုဝိညာဏ် | = | ၁-ကြိမ် |
| - အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = | ၁-ကြိမ် |
| - အကုသလဝိပါက် ဥပေက္ခာသန္တီရဏ | = | ၁-ကြိမ် |

http://www.dhammadownload.com



| | | |
|---|---|---|
| – ဝုဋ္ဌော | = | ၁–ကြိမ် |
| – ကာမဇော (အကုသိုလ် လောဘဇော) | = | ၇–ကြိမ် |
| – (အကုသလဝိပါက် ဥပေက္ခာသန္တီရဏ) | | |
| ဥပေက္ခာတဒါရုံ | = | ၂–ကြိမ် |

**ဝီထိမုတ်စိတ်တို့မှာ** – အတီတဘွင်
– ဘဝင်စလန
– ဘဝင်ုပစ္ဆေဒ
– ထို့နောင်ဘွင်အများ တည်းဟူသော
(အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁–ပါး)ဖြစ်ပါသည်။

**ယင်းခွေးကလေး သေခါနီး၌ မရဏာသန္နဇောစိတ် ၅–ကြိမ် ဖြစ်ပါသည်။**
အကြောင်းပြ ဖြေဆိုရသော်–

သေခါနီးအခါတွင် စိတ်တို့၏ မှီရာဝတ္ထုရုပ်က အလွန်အားနည်းလှသောကြောင့် မှီသော ဇောစိတ်တို့သည်လည်း အားနည်းကုန်၏။ သို့ဖြစ်၍ သေခါနီး၌ မရဏာသန္နဇော စိတ်တို့သည် ၇–ကြိမ်တိုင်အောင် မဖြစ်နိုင်ပါဘဲ ၅–ကြိမ်သာ ဖြစ်ရခြင်း ဖြစ်ပါသည်။

❻ ရူပဗြဟ္မာဘုံ၌ ဖြစ်ခွင့်ရှိသော ဝီထိစိတ်သရုပ်ကို ဖော်ထုတ်ပြ၍ အရိယာပုဂ္ဂိုလ်များ မဖြစ်ရာ ဘုံဌာနကိုလည်း ရေးပါ။

**ရူပဗြဟ္မာဘုံ၌ ဖြစ်ခွင့်ရှိသော ဝီထိစိတ်သရုပ်ကို ဖော်ထုတ်ပြရသော်–**

| | | |
|---|---|---|
| ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် | = | ၁၀–ပါး |
| ဃာနာဒိ (၆)ကြဉ်သော အဟိတ်စိတ် | = | ၁၂–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = | ၉–ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | = | ၉–ပါး |
| လောကုတ္တရာစိတ်အကျဉ်း | = | ၈–ပါး |
| ပေါင်း ရူပဗြဟ္မာဘုံ၌ ဖြစ်ခွင့်ရှိသော ဝီထိစိတ် | = | ၆၄–ပါး |

http://www.dhammadownload.com



အရိယာပုဂ္ဂိုလ်များ မဖြစ်ရာဘုံဌာနမှာ–
အပါယ် ၄–ဘုံနှင့် အသညသတ်ဘုံတို့ ဖြစ်ကြပါသည်။

---

၁၉၉၅–ခုနှစ်

**၁** တေးသီချင်း နားထောင်သူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံမျှ ဖော်ပြ၍၊ ယင်းတေးသီချင်းသံ၏ (က) ပရမတ်အမည် (ခ) သက်တမ်းတို့ကိုရေးသားပြပါ။

တေးသီချင်း နားထောင်သူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံမျှ ဖော်ပြရသော်–

**ဣဋ္ဌ–သဒ္ဒါရုံဖြစ်၍** – ပဉ္စဒွါရာဝဇ္ဇန်း = ၁–ကြိမ်
– အဟိတ်ကုသလဝိပါက် သောတဝိညာဏ် = ၁–ကြိမ်
– အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း = ၁–ကြိမ်
– အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ = ၁–ကြိမ်
– ဝုဋ္ဌော = ၁–ကြိမ်
* ကာမဇော = ၇–ကြိမ်
– (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ–၁+ မဟာဝိပါက် ဥပေက္ခာ–၄) ပေါင်း ဥပေက္ခာတဒါရုံ ၅–ပါးမှ တစ်ပါးပါး = ၂–ကြိမ်

* (ကာမဇောတွင် ယောနိသော မနသိကာရဖြစ်လျှင်– ကုသိုလ်ဇော၊
အယောနိသော မနသိကာရဖြစ်လျှင်– အကုသိုလ်ဇော)

ဤဝီထိသည် တဒါရုမ္မဏဝါရ သောတဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

ယင်းတေးသီချင်းသံ၏

(က) **ပရမတ်အမည်** = သဒ္ဒါရုံရုပ်

(ခ) **သက်တမ်း** = စိတ္တက္ခဏ ၁၇–ချက်၊ (ခဏငယ် ၅၁–ချက်)

**၂** "မဂ်ပေါက် ဖိုလ်ဝင်"ဟူသောစကား မှန်ကန်ပုံကို ရှင်းပြ၍၊ နိရောဓသမာပတ် ဝင်စားသူ နှင့် သေသူ ကွာခြားပုံကိုလည်း ရှင်းပြပါ။

http://www.dhammadownload.com



"မဂ်ပေါက် ဖိုလ်ဝင်"ဟူသောစကား မှန်ကန်ပုံကို ရှင်းပြရသော်–

မဂ္ဂဝီထိများ၌ မဂ်ဇောတစ်ကြိမ် ဖြစ်ပြီးလျှင် (မန္ဒပုဂ္ဂိုလ်၌) ဖိုလ်ဇော ၂–ကြိမ်၊ (တိက္ခပုဂ္ဂိုလ်၌) ဖိုလ်ဇော ၃–ကြိမ် ဆက်တိုက် ဖြစ်သောကြောင့် "မဂ်ပေါက် ဖိုလ်ဝင်" ဟူသောစကား မှန်ကန်ပါသည်။

နိရောဓသမာပတ် ဝင်စားသူနှင့် သေသူကွာခြားပုံကို ရှင်းပြရသော်–

| နိရောဓသမာပတ်ဝင်စားသူ | သေသူ (သံသေဒဇ + ဂဗ္ဘသေယျက) |
|---|---|
| (၁) စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်နေပါသည်။ | (၁) စိတ်၊ စေတသိက်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်များ ချုပ်နေပါသည်။ |
| (၂) ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇ ရုပ်များ ဖြစ်နေပါသည်။ | (၂) ဥတုဇရုပ်သာ ဖြစ်နေပါသည်။ (ဥပပါတ်ပုဂ္ဂိုလ်ဖြစ်လျှင်– ဥတုဇရုပ်များလည်း မျက်စေ့တစ်မှိတ်, လျှပ်တစ်ပြက်အတွင်း ချုပ်ငြိမ်းပါမည်။) |

ဤသို့ နိရောဓသမာပတ် ဝင်စားသူနှင့် သေသူ ကွာခြားပါသည်။

**❷ လူတန်းစား ညီမျှရေးသည် တရားသဘောအရ အရာရာ မဖြစ်နိုင်ကြောင်းကို မွေးရာပါ ဆွံ့အသူနှင့် တိဟိတ်ပဋိသန္ဓေနေ ပကတိလူကောင်းတို့ကို ပမာထား၍ ပုဂ္ဂလဘေဒအတိုင်း ရှင်းပြပြီးလျှင်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယင်းတို့ ပိုင်ဆိုင်ရာ စိတ်အသီးသီးနှင့် တွဲလျက် ဖော်ပြပါ။**

လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာ မဖြစ်နိုင်ကြောင်းကို ပုဂ္ဂလဘေဒ ရှုထောင့်မှ ရှင်းပြရသော်–

**မွေးရာပါ ဆွံ့အသူသည်** –အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသူ ဖြစ်သဖြင့် ယခုဘဝတွင် မည်မျှပင် ကြိုးစား အားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ်တို့ မရနိုင်ပါ။ (ပဋိသန္ဓေစိတ်သည် အမောဟတည်းဟူသော ဉာဏ်ကင်း သောကြောင့်တည်း။)

http://www.dhammadownload.com



ထို့ကြောင့် ပဝတ္တိအခါ၌ ၎င်း၏စိတ်ရမှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | = | ၁၇–ပါး |
| အဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာဝိပါက်–ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| ပေါင်း | = | ၄၁–ပါး ဖြစ်ပါသည်။ |

တိဟိတ်လူကောင်းသည်– မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါးမှ တစ်ပါးပါးနှင့် ပဋိသန္ဓေ နေသူဖြစ်သဖြင့် (အမောဟ=ဉာဏ်ယှဉ်သော ကြောင့်) ပဝတ္တိအခါ၌ ကြိုးစား အားထုတ်လျှင် ဈာန်, မဂ်, ဖိုလ်တို့ ရနိုင်ပါသည်။

ထို့ကြောင့် ပဝတ္တိအခါ၌ ၎င်း၏စိတ်ရမှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| ပေါင်း | = | ၄၅–ပါး အပြင် |

ဆိုင်ရာ ဈာန်, မဂ်, ဖိုလ်စိတ်များ ရရှိနိုင်ပါသည်။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၏ ပိုင်ဆိုင်ရာ စိတ်အသီးသီးနှင့် ယှဉ်တွဲဖော်ပြရသော်–

| မဂ်ပုဂ္ဂိုလ် | | ကိုယ်ပိုင်စိတ် |
|---|---|---|
| (၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ် | = | သောတာပတ္တိမဂ်စိတ် |
| (၂) သကဒါဂါမိမဂ်ပုဂ္ဂိုလ် | = | သကဒါဂါမိမဂ်စိတ် |
| (၃) အနာဂါမိမဂ်ပုဂ္ဂိုလ် | = | အနာဂါမိမဂ်စိတ် |
| (၄) အရဟတ္တမဂ်ပုဂ္ဂိုလ် | = | အရဟတ္တမဂ်စိတ် |

http://www.dhammadownload.com



## ၁၉၉၆–ခုနှစ်

**❶ "ချစ်ခြင်းအစ မျက်စိက" ဟူသော စကားနှင့် "အချစ်မှာ မျက်စိမရှိ" ဟူသော စကားနှစ်ရပ်လုံး တို့၏ ဆန့်ကျင်မှု မရှိပုံကို သင်္ဂဟသဘောသွားနှင့် ရှင်းလင်းဖြေဆိုပါ။**

"ချစ်ခြင်းအစ မျက်စိက"ဟူသော စကားနှင့် "အချစ်မှာ မျက်စိမရှိ"ဟူသော စကား နှစ်ရပ်လုံးတို့၏ ဆန့်ကျင်မှု မရှိပုံကို သင်္ဂဟသဘောသွားနှင့် ရှင်းလင်းဖြေဆိုရသော်–

(၁) **အဆင်း (ရူပါရုံ)နှင့် မျက်စိ (စက္ခုပသာဒ) တိုက်ဆိုင်သောအခါ ...**

စက္ခုဒွါရ (အတိမဟန္တာရုံ) ဝီထိဖြစ်၏။ ဝီထိအစဉ်မှာ– အတီတဘဝင်၊ ဘဝင် စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ **ကာမဇော (၇)ကြိမ်၊** တဒါရုံ (၂)ကြိမ်ဖြစ်၏။

ထိုစက္ခုဒွါရဝီထိတွင် ကာမဇော၌ **ချစ်ခြင်းဆိုသော "လောဘဇော"** ဖြစ် နိုင်၏၊ သို့ဖြစ်၍ ချစ်ခြင်းဆိုသော လောဘဇောသည် အဆင်း(ရူပါရုံ)နှင့် မျက်စိ (စက္ခုပသာဒ)တို့ တိုက်ဆိုင်သောကြောင့် ဖြစ်လာပါသည်။ ထို့ကြောင့် "ချစ်ခြင်း အစ မျက်စိက"ဟူသောစကား မှန်ကန်ပါသည်။

(၂) ထိုအချစ်ဆိုသော **လောဘဇော(စိတ်)သည် နှလုံးသား (ဟဒယဝတ္ထုရုပ်)၌သာ မှီ၍ ဖြစ်ပြီး၊ မျက်စိ(စက္ခုပသာဒရုပ်)တွင် မမှီသောကြောင့်** "အချစ်မှာ မျက်စိ မရှိ"ဟူသောစကား မှန်ကန်ပါသည်။

သို့ဖြစ်ပါ၍ "ချစ်ခြင်းအစ မျက်စိက"ဟူသော စကားနှင့် "အချစ်မှာ မျက်စိ မရှိ"ဟူသော စကားနှစ်ရပ်တို့သည် မှန်ကန်ပါသည်။ ဆန့်ကျင်မှု မရှိပါ။

**❷ ဝမ်းမြောက်မှု (သောမနဿ)ဖြင့် အမိဝမ်းတွင်း ကိန်းအောင်း(ပဋိသန္ဓေနေ)ခဲ့သူ၏ အဆုံးစွန် သော ဒေါသ၏ အခြားမဲ့၌ (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏ အခြားနာမည်တစ်မျိုး၊ (ဂ) ဖြစ်ရာအခါ၊ (ဃ) အာရုံတို့ကို မှန်ကန်စွာ ဖြေဆိုပါ။**

ဝမ်းမြောက်မှု (သောမနဿ)ဖြင့် အမိဝမ်းတွင်း ကိန်းအောင်း (ပဋိသန္ဓေနေ)ခဲ့သူ၏ အဆုံးစွန်သော ဒေါသ၏ အခြားမဲ့၌–

(က) **ဖြစ်သင့်သောစိတ်** = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊

(ခ) **ထိုစိတ်၏ အခြားနာမည်တစ်မျိုး** = အာဂန္တုကဘဝင်စိတ်၊

http://www.dhammadownload.com



(ဂ) ဖြစ်ရာအခါ = တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲကြုံရာအခါ။

(ဃ) အာရုံ = ရှေးက အလေ့အလာများသော ကာမအာရုံ တစ်ပါးပါး။

❷ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်၏ (က) ရေမီးအစုံ တန်ခိုးပြတော်မူရာအခါ၊ (ခ) နိရောဓသမာပတ် ဝင်စားတော်မူရာအခါ၊ (ဂ) နိရောဓသမာပတ်မှ ထတော်မူရာအခါတို့၌ ဖြစ်သင့်သော "ဇော"စိတ်တို့၏ အမည်များကို ဖြစ်ခွင့်ရှိသော အကြိမ်နှင့်တကွ တွဲစပ် ဖြေဆိုပြပါ။

သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်၏-

(က) ရေမီးအစုံ တန်ခိုးပြတော်မူရာအခါ = ကာမတိဟိတ်ကြိယာဇော ၄-ကြိမ်၊

(ခ) နိရောဓ သမာပတ် ဝင်စားတော်မူရာအခါ = မည်သည့်ဇောစိတ်မျှ မဖြစ်၊

(ဂ) နိရောဓသမာပတ်မှ ထတော်မူရာအခါ = အရဟတ္တဖိုလ်ဇော ၁-ကြိမ် ဖြစ်ပါသည်။

---

## ၁၉၉၇-ခုနှစ်

❶ ရုပ်ပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှု တိုက်ဆိုင်မိကြရာဝယ် (က) မည်သည့်အခါ၌ ထင်ခြင်းသို့ ရောက်ပါသနည်း။ (ခ) မည်မျှ အသက်ရှည်ပါသနည်း။ (ဂ) မည်သည့်အခါ ချုပ်ပါသနည်း။ သင်္ဂဟနှင့်အညီ ဖြေဆိုပါ။

**ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှု တိုက်ဆိုင်မိကြရာဝယ်-**

(အတိမဟန္တာရုံဝီထိဖြစ်လျှင်)

(က) အတီတဘဝင်တစ်ချက်အလွန်ဖြစ်သော **ဘဝင်္ဂစလန၏ ဥပါဒ်၌** ထင်ခြင်းသို့ ရောက်ပါသည်။

(ခ) **ထင်ခြင်း ရောက်သည်မှစ၍ ရေတွက်သည်ရှိသော်-** စိတ္တက္ခဏ ၁၆-ချက် အသက် ရှည်ပါသည်။

(ဂ) **ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍** ချုပ်ပါသည်။

http://www.dhammadownload.com



**၂** ဓမ္မကထိကဆရာတော်၏ တရားသံကို ကြားနာနေသော ဗုဒ္ဓဘာသာတစ်ဦးသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်တို့၏ဖြစ်စဉ်ကို ဖော်ပြပါ။

ဓမ္မကထိကဆရာတော်၏ တရားသံကို ကြားနာနေသော ဗုဒ္ဓဘာသာတစ်ဦးသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်တို့၏ဖြစ်စဉ်ကို ဖော်ပြရသော်-

**အတိက္ကန္တ-သဒ္ဒါရုံဖြစ်၍**

- အတီတဘဝင် = ၁-ကြိမ်
- ဘဝင်စလန = ၁-ကြိမ်
- ဘဝင်ုပစ္ဆေဒ = ၁-ကြိမ်
- ပဉ္စဒွါရာဝဇ္ဇန်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သောတဝိညာဏ် = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ = ၁-ကြိမ်
- ဝုဋ္ဌော = ၁-ကြိမ်
- ကာမဇော (ယောနိသော မနသိကာရဖြစ်၍) မဟာကုသိုလ်ဇော = ၇-ကြိမ်
- (အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ-၁ + မဟာဝိပါက် သောမနဿ-၄) ပေါင်း သောမနဿ တဒါရုံ ၅-ပါးမှ တစ်ပါးပါး } = ၂-ကြိမ်
- ထို့နောင် ဘဝင်အများ။

ဤဝီထိသည် တဒါရမ္မဏဝါရ သောတဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**၃** "ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ" အမည်ရသော စိတ်တို့ကို ဖော်ပြပြီး၊ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် (က) ဖြစ်သင့်သောစိတ် (ခ) ထိုစိတ်၏ အမည် (ဂ) ထိုစိတ်၏ အာရုံတို့ကိုလည်း ဖြေဆိုပါ။

"ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ" အမည်ရသော စိတ်တို့ကို ဖော်ပြရသော်-

မဟာကုသိုလ်-ကြိယာဉာဏသမ္ပယုတ်စိတ် ၈-ပါးတို့ ဖြစ်ပါသည်။

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင်-

(က) ဖြစ်သင့်သော စိတ် = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး။

http://www.dhammadownload.com



(ခ) **ထိုစိတ်၏ အမည်** = အာဂန္တုကဘဝင်စိတ်၊
(ဂ) **ထိုစိတ်၏ အာရုံ** = ရှေးက အလေ့အလာများသော ကာမအာရုံ တစ်ပါးပါး တို့ဖြစ်ပါသည်။

**၄** တဒါရုံကျနိုင်သော အင်္ဂါရပ်တို့ကို တင်ပြပြီး၊ ဘုရားရှင်၏ ယမက ပြာဋိဟာကို ပြရာအခါ၌ အဘယ်ဇောများ အကြိမ်မည်မျှ စောကြသည်ကိုလည်း ရေးသားပြပါ။

**တဒါရုံကျနိုင်သော အင်္ဂါရပ်တို့မှာ–**

(က) ကာမဇော၊
(ခ) ကာမသတ္တဝါ၊
(ဂ) အတိမဟန္တ–ဝိဘူတဖြစ်သော ကာမအာရုံတို့ ဖြစ်ပါသည်။

**ဘုရားရှင်၏ ယမကပြာဋိဟာကို ပြရာအခါ၌–**

(ပစ္စဝေက္ခဏာဇောဖြစ်သော) တိဟိတ် ကာမကြိယာဇောများ ၄–ကြိမ် စောကြပါသည်။

---

**၁၉၉၈–ခုနှစ်**

**၁** အလွန်ကြီးမားသည့် အာရုံ၌ဖြစ်သော ဝီထိစိတ်တွေပွါဒ်တို့ကို ရေတွက်ပြ၍၊ ထက်မြက် လျင်မြန် အသိဉာဏ်ပညာရှိသော ပုဂ္ဂိုလ်၏ အစဆုံး ရအပ်သော ဈာနဝီထိဖြစ်ပုံကိုလည်း တင်ဆက်ပြပါ။

အလွန်ကြီးမားသည့် အာရုံ(အတိမဟန္တာရုံ)၌ဖြစ်သော "ဝီထိစိတ္တုပ္ပါဒ်"တို့ကို ရေတွက် ပြရသော်–

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁–ကြိမ် |
| ပဉ္စဝိညာဏ် | = | ၁–ကြိမ် |
| သမ္ပဋိစ္ဆိုင်း | = | ၁–ကြိမ် |
| သန္တီရဏ | = | ၁–ကြိမ် |
| ဝုဋ္ဌော | = | ၁–ကြိမ် |
| ကာမဇော | = | ၇–ကြိမ် |
| တဒါရုံ | = | ၂–ကြိမ် |
| ပေါင်း | = | ၁၄–ကြိမ် |

http://www.dhammadownload.com



ထက်မြက် လျင်မြန် အသိဉာဏ်ပညာရှိသောပုဂ္ဂိုလ် (တိက္ခပုဂ္ဂိုလ်)၏ အစဆုံး ရအပ်သော ဈာနဝီထိဖြစ်ပုံကို ဖော်ပြရသော်–

(၁) ဘဝင်္ဂစလန
(၂) ဘဝင်္ဂုပစ္ဆေဒ
(၃) မနောဒွါရာဝဇ္ဇန်း
(၄) ဥပစာ
(၅) အနုလုံ
(၆) ဂေါတြဘူ
(၇) အာဒိကမ္မိကဈာန်ဇော ၁–ကြိမ်
(၈) ထို့နောင် တိဟိတ်ဘဝင်အများ တို့ဖြစ်ပါသည်။

**၂ ကိုးကွယ်ရာသခင် ဘုရားရှင်ကို ဖူးမြင်သောအခါ ဖြစ်နိုင်သော တဒါရုံစိတ်တို့ကို ဖော်ပြ၍၊ အစဆုံးကမ္မဋ္ဌာန်း အားထုတ်ရမှုရှိသော ယောဂီပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာ၌ ဇောနိုင်သောဇောတို့ကို အကြိမ်နှင့်တကွ ဖော်ပြပါ။**

ကိုးကွယ်ရာသခင် ဘုရားရှင်ကို ဖူးမြင်သောအခါ ဖြစ်နိုင်သော တဒါရုံစိတ်တို့ကို ဖော်ပြရသော်–

**အတိဣဋ္ဌ–ရူပါရုံဖြစ်၍–**

| | | | |
|---|---|---|---|
| အဟိတ်ကုသလဝိပါက် | သောမနဿ သန္တီရဏစိတ် | = | ၁–ပါး |
| | မဟာဝိပါက် သောမနဿစိတ် | = | ၄–ပါး |
| ပေါင်း | သောမနဿ တဒါရုံစိတ် | = | ၅–ပါး |

**အစဆုံးကမ္မဋ္ဌာန် အားထုတ်မှုရရှိသော ယောဂီပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာ၌ ဇောနိုင်သော ဇောတို့ကို အကြိမ်နှင့်တကွ ဖော်ပြရသော်–**

သမထကမ္မဋ္ဌာန်းဖြစ်မူ– အာဒိကမ္မိကဈာန်ဇော = ၁–ကြိမ်
ဝိပဿနာကမ္မဋ္ဌာန်းဖြစ်မူ– သောတာပတ္တိမဂ်ဇော = ၁–ကြိမ် နှင့်
သောတာပတ္တိဖိုလ်ဇော = ၂/၃–ကြိမ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



❸ "လူချင်းတူသော်လည်း အသက်ရှုခြင်း ကွာသည်"ဟု ပြောဆိုကြရာ ထိုစကား မှန်ကန်ပုံကို ဒွိဟိတ်၊ တိဟိတ်ပုဂ္ဂိုလ်တို့ကို ပမာပြုကာ ပုဂ္ဂလဘေဒ လာသည့်အတိုင်း ရှင်းပြ၍ ရူပ ပြဟ္မာကြီးများ စိတ်ဆိုးမှု ရှိ-မရှိကိုလည်း ရှင်းပြပါ။

"လူချင်း တူသော်လည်း အသက်ရှုခြင်း ကွာသည်"ဟု ပြောဆိုကြရာ ထိုစကား မှန်ကန်ပုံကို ပုဂ္ဂလဘေဒ လာသည့်အတိုင်း ရှင်းပြရသော်–

**ဒွိဟိတ်ပုဂ္ဂိုလ်၏စိတ်ရမှာ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| * မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် | = | ၄–ပါး |
| ပေါင်း | = | ၄၁–ပါး |

(၎င်းဒွိဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေစိတ်ထဲက အမောဟဟိတ် မယှဉ်ခြင်းကြောင့် ယခုဘဝ မည်မျှပင် အားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ် မရနိုင်ပါ။)

**တိဟိတ်ပုဂ္ဂိုလ်၏စိတ်ရမှာ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| * မဟာဝိပါက်စိတ် | = | ၈–ပါး |
| ပေါင်း | = | ၄၅–ပါး |

တိဟိတ်ပုဂ္ဂိုလ်သည် ဆက်လက် ကျင့်ကြံ အားထုတ်ပါက ဈာန်, မဂ်, ဖိုလ်ဇောတို့ ရနိုင်ပါသည်။

(အဘယ်ကြောင့်ဆိုသော်– တိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေတည်စ,ကပင် အမောဟ ဟိတ်ယှဉ်သည့် တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် နေခဲ့သောကြောင့် ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာဇောတို့ကို ရရှိနိုင်ခြင်း ဖြစ်ပါသည်။)

**ရူပဗြဟ္မာကြီးများသည် စိတ်ဆိုးခြင်း မရှိပါ၊**

**အကြောင်းပြရသော်–**

http://www.dhammadownload.com



ရူပဘုံ၌ ရနိုင်သမျှစိတ်တို့မှာ–

| | | |
|---|---|---|
| ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် | = | ၁၀–ပါး |
| ဃာနာဒိ ၆–ပါးကြဉ်သော အဟိတ်စိတ် | = | ၁၂–ပါး |
| မဟာကုသိုလ်, ကြိယာစိတ် | = | ၁၆–ပါး |
| မဟဂ္ဂုတ်ကုသိုလ်, ကြိယာစိတ် | = | ၁၈–ပါး |
| လောကုတ္တရာစိတ် | = | ၈–ပါး |
| ရူပဝိပါက်စိတ် | = | ၅–ပါး |
| ပေါင်း | = | ၆၉–ပါး တို့ဖြစ်ပါသည်။ |

ထို ၆၉–ပါးသော စိတ်တို့တွင် ဒေါသမူဒွေး မပါသဖြင့် ရူပဗြဟ္မာကြီးများသည် စိတ်ဆိုးခြင်း မရှိသည်မှာ ထင်ရှားပါသည်။

---

## ၁၉၉၉–ခုနှစ်

**၁** ဝီထိအဓိပ္ပာယ်ကို ရေး၍ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသော အာရုံ(ဝိဘူတာရုံ)ဝယ် ပါဝင်သော ဝီထိစိတ်တို့ကိုလည်း ရေးသားပြပါ။

**ဝီထိဟူသည်**– အာရုံနှင့်ဒွါရ တိုက်ဆိုင်မှုကြောင့် ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်စသော အစဉ်အားဖြင့် စိတ်တို့၏ ဖြစ်ခြင်းပင်တည်း။

[တစ်နည်း– ၁၉၉၀–ခုနှစ် နံပါတ် ၁–အဖြေကို ကြည့်ပါ။]

**ဝိဘူတာရုံဝီထိဝယ် ပါဝင်သောဝီထိစိတ်များမှာ–**

(၁) မနောဒွါရာဝဇ္ဇန်း
(၂) ကာမဇော
(၃) တဒါရုံတို့ ဖြစ်ပါသည်။

**၂** ကောင်းသောအာရုံကို တွေ့ရာအခါ၌ဖြစ်သော စိတ်တို့ကို ဖော်ပြ၍ တဒါရုံကျခွင့်ရှိသော ဝီထိစိတ်တို့ကိုလည်း ဖော်ပြပါ။

ကောင်းသောအာရုံကို တွေ့မြင်ရာအခါ၌ဖြစ်သော ဝီထိစိတ်များ–

(၁) အလိုရှိအပ်သော ထမင်း, အိပ်ရာနေရာ စသော ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင်...

http://www.dhammadownload.com



ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, ဥပေက္ခာသဟဂုတ်ဖြစ်သော သန္တီရဏနှင့် တဒါရုံစိတ် ဖြစ်ပါမည်။

(၂) အလွန်အလိုရှိအပ်သော ဘုရားစသော **အတိဣဋ္ဌာရုံဖြစ်လျှင်...**
ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သောမနဿသဟဂုတ်ဖြစ်သော သန္တီရဏနှင့် တဒါရုံစိတ် ဖြစ်ပါမည်။

အထက်ပါ ဖော်ပြချက်သည် ဝိပါက်စိတ်များအတွက် ဖြစ်ပါသည်။

**ဇောစိတ်မှာမူ (ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်အံ့)**

- ယောနိသော မနသိကာရ ရှိလျှင် ကာမကုသိုလ်ဇော,
- အယောနိသော မနသိကာရ ရှိလျှင် အကုသိုလ်ဇော စောပါမည်။

**(အသေက္ခ–ရဟန္တာပုဂ္ဂိုလ်ဖြစ်အံ့)**

- ကာမကြိယာဇော စောပါမည်။

**တဒါရုံကျခွင့်ရှိသော ဝီထိများမှာ–**

(၁) ကာမဇော

(၂) ကာမသတ္တဝါ

(၃) ကာမအာရုံ ၃–ချက်စုံညီသော အတိမဟန္တာရုံနှင့် ဝိဘူတာရုံဝီထိများ ဖြစ်ပါသည်။

❸ **ဘုရားရဟန္တာများ ဒါနစသော ကောင်းမှုပြုလုပ်သော် ကုသိုလ် ရ,မရ အချက်ကျကျ ဆုံးဖြတ်ပြ၍၊ စိတ်မရှိသောပုဂ္ဂိုလ်များ ရှိပါက ဖော်ပြပါ။**

[၁၉၉၃–ခုနှစ်၊ နံပါတ် ၄–အဖြေ နှင့် နံပါတ် ၃–အဖြေတို့ကို ကြည့်ပါ။]

## ၂၀၀၀–ခုနှစ်

❶ မေးခွန်းလွှာကို ကြည့်ရှုနေသော စာဖြေသူ၏သန္တာန်၌ဖြစ်သော စိတ်အစဉ်ကို ဖော်ပြ၍၊ ပဉ္စဒွါရ၌ ဖြစ်ခွင့်ရှိသော ဝီထိ(၄)မျိုးကိုလည်း ဆိုင်ရာဝါရနှင့် တွဲစပ်ဖော်ပြပါ။

မေးခွန်းလွှာကို ကြည့်ရှုနေသော စာဖြေသူ၏ သန္တာန်၌ဖြစ်သော စိတ်အစဉ်မှာ–

| | | | |
|---|---|---|---|
| ဣဋ္ဌရူပါရုံ ဖြစ်၍ | – အတီတဘဝင် | = | ၁–ကြိမ် |
| | – ဘဝင်စလန | = | ၁–ကြိမ် |
| | – ဘဝင်္ဂုပစ္ဆေဒ | = | ၁–ကြိမ် |
| | – ပဉ္စဒွါရာဝဇ္ဇန်း | = | ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ် | = | ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = | ၁–ကြိမ် |
| | – အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ | = | ၁–ကြိမ် |
| | – ဝုဋ္ဌော | = | ၁–ကြိမ် |
| | – ကာမဇော<br>( ယောနိသော မနသိကာရဖြစ်လျှင်– ကုသိုလ်ဇော၊<br>အယောနိသော မနသိကာရဖြစ်လျှင်–အကုသိုလ်ဇော) | = | ၇–ကြိမ် |
| | – ( အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ–၁ +<br>မဟာဝိပါက် ဥပေက္ခာ–၄)<br>ပေါင်း ဥပေက္ခာတဒါရုံ ၅–ပါးမှ တစ်ပါးပါး | = | ၂–ကြိမ် |
| | – ထို့နောင် ဘဝင်အများ။ | | |

ဤဝီထိသည် တဒါရမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

ပဉ္စဒွါရ၌ ဖြစ်ခွင့်ရှိသော ဝီထိ(၄)မျိုးကိုလည်း ဆိုင်ရာဝါရနှင့် တွဲစပ်ဖော်ပြရသော်–

| ဝီထိ | | ဝါရ |
|---|---|---|
| (၁) အတိမဟန္တာရုံ | = | တဒါရမ္မဏဝါရ |
| (၂) မဟန္တာရုံ | = | ဇဝနဝါရ |
| (၃) ပရိတ္တာရုံ | = | ဝုဋ္ဌောဝါရ |
| (၄) အတိပရိတ္တာရုံ | = | မောဃဝါရ |

http://www.dhammadownload.com



❷ ရဟန္တာအရှင်မြတ်များ၌ ဖြစ်ခွင့်ရှိသော ဥပစာရသမာဓိဇော, အပ္ပနာသမာဓိဇောများကို ဖော်ပြ၍၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခုနှောင် ဖြစ်ခွင့်ရှိသော တဒါရုံကိုလည်း ဝေဒနာ အားလျော်စွာ ဖော်ပြပေးခဲ့ပါ။

ရဟန္တာအရှင်မြတ်များ၌ ဖြစ်ခွင့်ရှိသော–

ဥပစာရသမာဓိဇော = မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄–ပါး၊
အပ္ပနာသမာဓိဇော = မဟဂ္ဂုတ်ကြိယာဇော ၉–ပါး၊
အရဟတ္တဖိုလ်ဇော ၁–ပါး တို့ဖြစ်ပါသည်။

မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄–ခုနှောင် ဖြစ်ခွင့်ရှိသော တဒါရုံကိုလည်း ဝေဒနာ အားလျော်စွာ ဖော်ပြရသော်–

ဥပေက္ခာ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၂–ပါးနှောင် (၁) ဥပေက္ခာ သန္တီရဏ = ၂–ပါး
(၂) ဥပေက္ခာ မဟာဝိပါက် = ၄–ပါး

သောမနဿ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၂–ပါးနှောင်(၁)သောမနဿ သန္တီရဏ = ၁–ပါး
(၂)သောမနဿ မဟာဝိပါက်= ၄–ပါး

ထို့ကြောင့် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄–ခုနှောင် ထိုက်သည့်အားလျော်စွာ တဒါရုံ ၁၁–ပါး ဖြစ်နိုင်ပါသည်။

❸ အပ္ပနာဇောများနှောင် တဒါရုံဖြစ်ခွင့် ရှိ, မရှိ အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ နိရောဓသမာပတ် ဝင်စားခါနီး၌ ဖြစ်သောဇော, ထိုသမာပတ်မှ ထရာအခါ၌ ဖြစ်သောဇောများကို ဖြစ်ရာ အကြိမ်နှင့်တကွ ဖော်ပြပါ။

အပ္ပနာဇောများနှောင်– တဒါရုံဖြစ်ခွင့် မရှိပါ။

အကြောင်းမှာ–

တဒါရုံတို့မည်သည်–(၁) ကာမဇော
(၂) ကာမသတ္တဝါ
(၃) အတိမဟန္တာရုံ, ဝိဘူတာရုံဖြစ်သော ကာမအာရုံ

ဤ၃–ချက် စုံညီမှသာ တဒါရုံကျနိုင်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**နိရောဓသမာပတ် ဝင်စားခါနီး၌–**

အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ပါက – နေဝသညာနာသညာယတန ကုသိုလ်ဇော = ၂–ကြိမ်
ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါက – နေဝသညာနာသညာယတန ကြိယာဇော = ၂–ကြိမ်
ဖြစ်ပါသည်။

**နိရောဓသမာပတ်မှ ထရာအခါ၌–**

အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ပါက – အနာဂါမိဖိုလ်ဇော = ၁–ကြိမ်
ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါက – အရဟတ္တဖိုလ်ဇော = ၁–ကြိမ် ဖြစ်ပါသည်။

**၄ ကြောင်တစ်ကောင်၏သန္တာန်၌ ရနိုင်သောဝီထိစိတ်တို့ကို ဖော်ပြ၍၊ အရူပဗြဟ္မာများ၌ ရယ်ရွှင်မှု ရှိ,မရှိကိုလည်း ရှင်းပြပါ။**

**ကြောင်တစ်ကောင်၏သန္တာန်၌ ရနိုင်သောဝီထိစိတ်တို့မှာ–**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | = | ၁၇–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| ပေါင်း | = | ၃၇–ပါး ဖြစ်ပါသည်။ |

**အရူပဗြဟ္မာများ၌ ရယ်ရွှင်မှု မရှိပါ။**

အကြောင်းမှာ– အရူပဗြဟ္မာများသည် ရုပ်ကိုစက်ဆုပ်သော ရူပဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ရုပ်တရားများကို ပယ်ခွာထားသဖြင့် ပြုံးရယ်စရာ ရူပကာယ မရှိသောကြောင့် ဖြစ်ပါသည်။

---

**၂၀၀၁–ခုနှစ်**

**၁ ဝီထိစိတ်တို့တွင် မပါဝင်သော စိတ်တို့ကို ဖော်ပြ၍၊ ထိုစိတ်တို့၏ အာရုံတို့၌ ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ)တို့ကိုလည်း ဖော်ပြပါ။**

**ဝီထိစိတ်တို့တွင် မပါဝင်သော စိတ်တို့မှာ–**

ဝီထိမုတ်စိတ်များဖြစ်သော– ရှေ့ဘဝင်စိတ်များ (အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ) နှင့် နောက်ဘဝင်စိတ်များ ဖြစ်ပါသည်။

http://www.dhammadownload.com



**ထိုစိတ်တို့၏ အာရုံတို့၌ ဖြစ်ခြင်း (ဝိထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ)မှာ–**

ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃–မျိုးတို့ ဖြစ်ပါသည်။

❷ ပရိကမ္မ စသည်လေးလီတို့၏ အရကောက် ပရမတ်တရားတို့ကို ဖော်ပြ၍၊ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ် အာဝါသိကဘဝင် မဟုတ်ဘဲ လတ်တလော ဖြစ်ပေါ်လာသော အာဂန္တုက ဘဝင်အရကိုလည်း အာရုံနှင့်တကွ တွဲစပ်ဖော်ပြပါ။

**ပရိကမ္မ စသည်လေးလီတို့၏ အရကောက် ပရမတ်တရားတို့မှာ–**

"မဟာကုသိုလ်/ ကြိယာ ဉာဏသမ္ပယုတ်ဇော ၈–ပါး" ဖြစ်ပါသည်။

**အာဂန္တုကဘဝင်၏–**

**အရ** = ဥပေက္ခာ သန္တီရဏစိတ် ၂–ပါး၊

**အာရုံ** = ရှေးက အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါး ဖြစ်ပါသည်။

❸ "နိရောဓသမာပတ္တိ"ဝယ် နိရောဓ- ချုပ်ဟူသည် အဘယ်တရားတို့ မဖြစ်ခြင်းကို "ချုပ်" ဟု ဆိုပါသနည်း ရေး၍၊ "အသညသတ္တ"၌ အသည-ဟု ဆိုသဖြင့် သညာသာ မရှိဟု မှတ်ရပါမည်လော ရှင်းလင်းပြပါ။

**"နိရောဓသမာပတ္တိ"ဝယ် "နိရောဓ–ချုပ်"ဟူသည်–**

စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ကောင်းစွာချုပ်ခြင်း (မဖြစ်ခြင်း)ကို ခေါ်ဆိုပါသည်။

**"အသညသတ္တ"၌ အသည–ဟု ဆိုသဖြင့် သညာသာ မရှိဟု မမှတ်ရပါ။**

သညာဟုသာ ခေါင်းတပ်ထားသော်လည်း နာမ်၌တပ်ခြင်းကင်းသော ဘာဝနာ (အရူပဝိရာဂဘာဝနာ, သညာဝိရာဂဘာဝနာ)၏အစွမ်းဖြင့် သညာနှင့် ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက် (နာမ်တရား)အားလုံး မရှိခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၂-ခုနှစ်

**၁** သေးငယ်သော အာရုံ၌ဖြစ်သော ဝီထိစိတ်နှင့် မဖြစ်သောဝီထိစိတ်တို့ကို ခွဲခြားပြ၍၊ မိမိစိတ်ကို ရှေ့ရှုဆောင်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဇောစိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။

**သေးငယ်သောအာရုံ(ပရိတ္တာရုံ)၌ ဖြစ်သော ဝီထိစိတ်တို့မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ကြိမ် |
| ပဉ္စဝိညာဏ် | = | ၁-ကြိမ် |
| သမ္ပဋိစ္ဆိုင်း | = | ၁-ကြိမ် |
| သန္တီရဏ | = | ၁-ကြိမ် |
| ဝုဋ္ဌော | = | ၂-ကြိမ် (သို့) ၃-ကြိမ် ဖြစ်ပါသည်။ |

**သေးငယ်သောအာရုံ(ပရိတ္တာရုံ)၌ မဖြစ်သော ဝီထိစိတ်တို့မှာ-**

ဇောစိတ်နှင့် တဒါရုံစိတ် တို့ဖြစ်ပါသည်။

**မိမိစိတ်ကို ရှေ့ရှုဆောင်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဇောစိတ်မှာ-**

မဟာကုသိုလ်, ကြိယာ (၁၈)ပါး၊ လောကုတ္တရာဇော (အကျဉ်း-၈ / အကျယ်-၄၀)ပါး ၊ ပေါင်း အပ္ပနာဇော (အကျဉ်း-၂၆ / အကျယ် ၅၈-ပါး) ဖြစ်ပါသည်။

**၂** စင်စစ် အလိုမရှိထိုက်သော အာရုံကို တွေ့မြင်တာချင်း တူပါလျက် နှလုံးသွင်းချင်း မတူပုံကို ပုဂ္ဂိုလ်အလိုက် ခွဲခြားပြ၍၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် တန်ခိုးပြရာအခါ၌ စောသော ဇောစိတ်တို့ကိုလည်း အကြိမ်နှင့်တကွ ရေးပြပါ။

စင်စစ် အလိုမရှိထိုက်သော အာရုံ(အနိဋ္ဌာရုံ)ကို တွေ့မြင်တာချင်း တူပါလျက် နှလုံးသွင်းချင်း မတူပုံကို ပုဂ္ဂိုလ်အလိုက် ခွဲခြားပြရသော်-

**ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်အံ့-**

ယောနိသော မနသိကာရ ရှိလျှင် - ကာမကုသိုလ်ဇော,
အယောနိသော မနသိကာရ ရှိလျှင် - အကုသိုလ်ဇော

**အသေက္ခ(ရဟန္တာပုဂ္ဂိုလ်)ဖြစ်အံ့-**

ယောနိသောမနသိကာရ ရှိပြီး (အနုသယကင်း၍)- ကာမကြိယာဇော စောကြပါသည်။

http://www.dhammadownload.com



**သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် တန်ခိုးပြရာအခါ၌ စောသော ဇောစိတ်မှာ–**

မြတ်စွာဘုရား၏ ရေအစုံ၊ မီးအစုံ စသော တန်ခိုးပြာဋိဟာကို ပြရာအခါ၌ လျှင်မြန်စွာ ဈာန်အင်္ဂါကို ဆင်ခြင်ရသော ပစ္စဝေက္ခဏာဝီထိများ၌ ပစ္စဝေက္ခဏာဇော (မဟာကြိယာ ဉာဏသမ္ပယုတ်ဇော) ၄–ကြိမ် စောပါသည်။

❷ တစ်ဘဝလုံးအတွက် ဈာန်မဂ်ဖိုလ်ရဖို့ရန် မျှော်လင့်ချက် မရှိသော ပုဂ္ဂိုလ်တို့ကို ထုတ်ပြ၍၊ သညာမရှိသော သတ္တဝါဟုဆိုကြရာ သညာသာမရှိဟု မှတ်ရပါမည်လော အဘယ်သို့ မှတ်ရပါမည်နည်း ရှင်းပြပါ။

**တစ်ဘဝလုံးအတွက် ဈာန်မဂ်ဖိုလ်ရဖို့ရန် မျှော်လင့်ချက် မရှိသောပုဂ္ဂိုလ်တို့မှာ–**

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်

(၃) ဒွိဟိတ်ပုဂ္ဂိုလ် တို့ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်တို့သည် ဉာဏ်မယှဉ်သော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့၍ ပညာဉာဏ် ကင်းကာ ညံ့ဖျင်းသောကြောင့် ဈာန် မဂ် ဖိုလ် ရဖို့ရန် မျှော်လင့်ချက် မရှိခြင်း ဖြစ်ပါသည်။

**သညာသာ မရှိဟု မမှတ်ရပါ။**

သညာဟုသော ခေါင်းတပ်ထားသော်လည်း နာမ်၌တပ်ခြင်းကင်းသော ဘာဝနာ (အရူပဝိရာဂဘာဝနာ, သညာဝိရာဂဘာဝနာ)၏အစွမ်းဖြင့် သညာနှင့်ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက်, (နာမ်တရား)အားလုံး မရှိခြင်း ဖြစ်ပါသည်။

---

## ၂၀၀၃–ခုနှစ်

❶ ဝီထိမုတ်စိတ်တို့အတွက်ပြားသော ဝိသယပ္ပဝတ္တိတို့ကို ရေးသားပြ၍ စိတ္တက္ခဏ (၁၇)ချက် တွင် ပါဝင်ပါလျက် ဝီထိစိတ်အရေအတွက်တွင် မပါဝင်သော စိတ်တို့၏အမည်တို့ကို လည်း ရေးသားပြပါ။

**ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိမှာ–**

ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃–မျိုးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



စိတ္တက္ခဏ (၁၇)ချက်တွင် ပါဝင်ပါလျက် ဝီထိစိတ်အရေအတွက်တွင် မပါဝင်သော စိတ်တို့၏ အမည်များမှာ–

[ ၂၀၀၁–ခုနှစ်၊ နံပါတ် (၁)၌ ကြည့်ပါ။ ]

**၂** သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇော စောနေသည့်အတွက် ထိုဇောနောင် တဒါရုံ ဖြစ်ခွင့်မရသဲ့ အခက်အခဲကြုံရာအခါဝယ် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ဖြေရှင်းပြ၍၊ သမာပတ်များအတွင်း၌ ဈာန်ဇော ဖိုလ်ဇောများ မည်မျှဖြစ်နိုင်ပါသနည်း။ ရှင်းပြပါ။

**သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇော စောနေသည့်အတွက် ထိုဇောနောင် တဒါရုံ ဖြစ်ခွင့်မရသဲ့ အခက်အခဲကြုံရာအခါဝယ်–**

ဥပေက္ခာသန္တီရဏစိတ်(၂)ပါးသည် ရှေးကအလေ့အလာများသော ကာမအာရုံ တစ်ပါးပါးကို အာရုံပြု၍ အာဂန္တုကဘဝင်ကိစ္စတပ်လျက် စိတ္တနိယာမအတိုင်း ဖြစ်လာ ရပါသည်။ ထိုဥပေက္ခာသန္တီရဏ အာဂန္တုကဘဝင်နောက်တွင်ကား ပင်ကိုယ်ရိုးရာကျမြဲ မူလ သောမနဿဘဝင်စိတ်သည် ဆက်၍ ကျလေသည်။

**သမာပတ် (ဈာန၊ ဖလ၊ နိရောဓ)များအတွင်း၌ ဖြစ်နိုင်သော ဈာန်ဇော ဖိုလ်ဇောများမှာ–**

ဈာနသမာပတ်၌ – ဈာန်ဇောများ ဆက်တိုက် 'အကြိမ်များစွာ' ဖြစ်နေပါသည်။

ဖလသမာပတ်၌ – ဖိုလ်ဇောများ ဆက်တိုက် 'အကြိမ်များစွာ' ဖြစ်နေပါသည်။

နိရောဓသမာပတ်၌– စိတ်, စေတသိက်, စိတ္တဇရုပ်များ ကောင်းစွာချုပ်ငြိမ်းနေ၍ မည်သည့်ဇောစိတ်မှ မဖြစ်နိုင်ပါ။

**၃** "မဂ်စိတ်ဖြစ်ပြား တစ်ဖွားဖွား" ဟူသော စကား မှန်/မမှန် စိစစ် ဝေဖန်ပြ၍၊ ရူပဘုံ၌ မရနိုင်သော စိတ်တို့ကိုလည်း တိကျစွာ ရေးပြပါ။

**"မဂ်စိတ်ဖြစ်ငြား တစ်ဖွားဖွား" ဟူသော စကားမမှန်ပါ။**

အကြောင်းမှာ– မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန် ပြင်းထန်သော ဝဇိရူပမာတရားမျိုးဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို အကြိမ်ကြိမ် ပယ်ဖြတ်ရန် မလို၊ တစ်ကြိမ်တည်းဖြင့် ပယ်ဖြတ်နိုင်၍ တစ်ကြိမ်သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



ရူပဘုံ၌ မရနိုင်သောစိတ်တို့ကို ဖော်ပြရသော်–

(က) အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌

| | | |
|---|---|---|
| ဒေါသမူစိတ် | = | ၂–ပါး |
| ဃာနဝိညာဏ် | = | ၂–ပါး |
| ဇိဝှါဝိညာဏ် | = | ၂–ပါး |
| ကာယဝိညာဏ် | = | ၂–ပါး |
| မဟာဝိပါက် | = | ၈–ပါး |
| အရူပဝိပါက် | = | ၄–ပါး |
| ပေါင်း စိတ် | = | ၂၀–ပါး တို့ မရနိုင်ပါ။ |

(ခ) အသညသတ်ဘုံ၌– မည်သည့်စိတ်မျှ မရနိုင်ပါ။

---

၂၀၀၄–ခုနှစ်

❶ ရူပါရုံကို စက္ခုပသာဒနှင့် စက္ခုဝိညာဏ်တို့တွင် အဘယ်က မြင်သည်ကို ဆုံးဖြတ်ပြ၍၊ ဝီထိစိတ် လုံးဝမဖြစ်သော ဝီထိကိုလည်း ဝါရအမည်နှင့် တွဲစပ်ဖော်ပြပါ။

ရူပါရုံကို စက္ခုဝိညာဏ်ကသာ မြင်နိုင်ပါသည်။

စက္ခုပသာဒရုပ်သည် အာရုံကိုမယူနိုင်သော အနာရမ္မဏတရားဖြစ်သောကြောင့် (တစ်နည်း) ရုပ်၏ကန်းသည့်အဖြစ်ကြောင့် မမြင်နိုင်ခြင်း ဖြစ်ပါသည်။

ဝီထိစိတ် လုံးဝမဖြစ်သော ဝီထိမှာ– အတိပရိတ္တာရုံဝီထိ, မောဃဝါရ ဖြစ်ပါသည်။

❷ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဥပစာရသမာဓိဇောအဖြစ်ဖြင့် စောခွင့်ရှိသောဇော၊ စောခွင့် မရှိသော ဇောတို့ကို ခွဲခြားပြ၍၊ စောခွင့်ရှိသောဇောနောင် နောင်းနိုင်သော အပ္ပနာဇော တို့ကို အတိအကျ ဖော်ပြပါ။

ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဥပစာရသမာဓိဇောအဖြစ်ဖြင့်–

စောခွင့် ရှိသောဇောမှာ – ကာမတိဟိတ် ကြိယာဉာဏသမ္ပယုတ်ဇော ၄–ပါး၊
စောခွင့် မရှိသောဇောမှာ – ကာမတိဟိတ် ကြိယာဉာဏဝိပ္ပယုတ်ဇော ၄–ပါး
တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ကာမတိဟိတ် ကြိယာဇော ၄-ပါးနှောင် နှောင်းနိုင်သော အပ္ပနာဇောမှာ-

| | | |
|---|---|---|
| မဟာဂ္ဂုတ်ကြိယာဇော | = | ၉-ပါး |
| အရဟတ္တဖိုလ်ဇော | = | ၅-ပါး |
| ပေါင်း အပ္ပနာဇော | = | ၁၄-ပါး ဖြစ်ပါသည်။ |

❷ နိရောဓသမာပတ် ဝင်စားခြင်း, နိရောဓသမာပတ်မှ ထခြင်းဟူသော စကားနှစ်ရပ်အဓိပ္ပာယ်ကို သိသာအောင် ရှင်းပြ၍၊ ကောင်းဆိုးနှစ်တန် ဇောအဖန်ဖန် မဖြစ်သောပုဂ္ဂိုလ်ကိုလည်း ဖော်ပြပါ။

**နိရောဓသမာပတ် ဝင်စားခြင်းဆိုသည်မှာ-**

စိတ်, စေတသိက်, စိတ္တဇရုပ်များ အခိုက်အတန့်မျှ ကောင်းစွာချုပ်ငြိမ်းနေခြင်းကို ဆိုလိုပါသည်။

**နိရောဓသမာပတ်မှ ထခြင်းဆိုသည်မှာ-**

အဓိဋ္ဌာန်ထားသောကာလစေ့၍ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ဖြစ်ပေါ်လာခြင်းကို နိရောဓသမာပတ်မှထသည်ဟု ခေါ်ပါသည်၊ ထိုအခါ အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇော တစ်ကြိမ်, ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇောတစ်ကြိမ် စောပြီးနောက် ဘဝင်ကျလေတော့သည်။

**ကောင်းဆိုးနှစ်တန် ဇောအဖန်ဖန် မဖြစ်သောပုဂ္ဂိုလ်မှာ-** ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာနှင့် တဏှာ တည်းဟူသော ဝဋ်မြစ်နှစ်ပါးကို အမြစ်ပြတ် ပယ်သတ်ပြီးဖြစ်၍ အကုသိုလ်ဇောနှင့် ကုသိုလ်ဇောများ မဖြစ်တော့သောကြောင့် ဖြစ်ပါသည်။

---

**၂၀၀၅-ခုနှစ်**

❶ အာရုံ ၅-ပါးသည် ၅-ဒွါရ၌ထင်ရာ ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်သည်ဟု ဆိုလျှင် မှန်, မမှန် ရှင်းလင်းပြ၍၊ ပရိတ္တာရုံဝီထိ၌ ဝုစ္ဆော ၂-ကြိမ်, ၃-ကြိမ် ဖြစ်ရခြင်း အကြောင်းကိုလည်း ရေးသားပြပါ။

**အာရုံ ၅-ပါးသည် ၅-ဒွါရ၌ထင်ရာ ဥပါဒ်လျှင်ဥပါဒ်ချင်း ထင်သည်ဟု ဆိုလျှင်- မမှန်ပါ။**

http://www.dhammadownload.com



အကြောင်းမှာ– အာရုံနှင့်ဒွါရတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အနည်းဆုံး အတီတဘဝင် ၁–ချက်လွန်ပြီးမှ ဒွါရ၌ အာရုံထင်ခြင်းသို့ ရောက်ခြင်းကြောင့် ဖြစ်ပါသည်။

**ပရိတ္တာရုံဝီထိ၌ ဇဝနဲ့ ၂–ကြိမ်၊ ၃–ကြိမ် ဖြစ်ရခြင်းမှာ–**

ပရိတ္တာရုံဟူသည် အာရုံ ၅–ပါးကို ထင်ရှားစွာ မမြင်နိုင်၊ မထိခိုက်နိုင်ပါဘဲ၊ မြင်လိုက်သလို ကြားလိုက်သလိုဖြစ်သော အားနည်းသော အာရုံမျိုးဖြစ်ပါသည်။

ဤ၌ အာရုံနှင့် ပသာဒတို့သည် စိတ္တက္ခဏ ၄–ချက်မှ ၉–ချက်အထိ လွန်ပြီးမှ ထင်ကြ၏။ အားနည်းသောအာရုံဖြစ်၍ အာရုံ၏အရသာကို ပိုင်းခြားဂန မသိနိုင်၊ မခံစားနိုင်သောကြောင့် ဇောစောခွင့်မရ၊ ဇောမကျနိုင်သဖြင့် ဝုဋ္ဌောစိတ်သည်ပင် ဇောတုဇောယောင်အဖြစ်ဖြင့် ၂–ကြိမ် (သို့) ၃–ကြိမ် ဖြစ်ရပါသည်။

**❷ ကာမဇောဝါရနှင့် အပ္ပနာဇောဝါရတို့၏ အထူးကိုရေး၍၊ လတ်တလော ဖြစ်လာရသော ဘဝင်(အာဂန္တုကဘဝင်)သည် အဘယ်အခါမျိုး၌ ဖြစ်ပေါ်လာရသည်ကိုလည်း ရေးသားပြပါ။**

**ကာမဇောဝါရနှင့် အပ္ပနာဇောဝါရတို့၏အထူးမှာ–**

| | ကာမဇောဝါရ | အပ္ပနာဇောဝါရ |
|---|---|---|
| (၁) ပဉ္စဒွါရဝီထိ၌ | –ဝိသယပ္ပဝတ္တိ(၄)မျိုးဖြစ်၏။ | – လုံးဝမဖြစ်။ |
| (၂) မနောဒွါရဝီထိ၌ | –ဝိသယပ္ပဝတ္တိ(၂)မျိုးလုံးဖြစ်၏။ | – ဝိဘူတာရုံ ၁–မျိုးသာဖြစ်၏။ |
| (၃) မနောဒွါရဝိဘူတာရုံဝီထိ၌ | –တဒါရုံကျ၏။ | – တဒါရုံမကျ။ |
| (၄) ရှေ့နောက်ဘဝင်များ | –ဘဝင်စိတ်(၁၉)ပါးလုံးဖြစ်နိုင်၏။ | – တိဟိတ်ဘဝင်(၁၃)ပါးသာဖြစ်၏။ |
| (၅) အာရုံအားဖြင့် | –လောကီအာရုံ(၆–ပါးလုံး)ဖြစ်၏။ | –ပညတ်အာရုံ၊ စိတ်ပရမတ်အာရုံနှင့်နိဗ္ဗာန်အာရုံ (ဓမ္မာရုံ)တို့ဖြစ်၏။ |

**လတ်တလော ဖြစ်လာရသော ဘဝင်(အာဂန္တုကဘဝင်)သည်–**

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ တစ်စုံတစ်ခုသောအကြောင်းချို့တဲ့မှုကြောင့် တဒါရုံဖြစ်ခွင့် မရလျှင် ဘဝင်ကျရလိမ့်မည်၊ ထိုဘဝင်စိတ်သည်–

(၁) ပဋိသန္ဓေနှင့်လျော်သော သောမနဿဘဝင်ဖြစ်က– ရှေ့ဒေါသနှင့် ဆန့်ကျင်၏။

(၂) ဒေါသဇောနှင့်လျော်သော ဥပေက္ခာဘဝင်ဖြစ်က– မူလပဋိသန္ဓေနှင့် ဆန့်ကျင်၏။

http://www.dhammadownload.com



ဤသို့ 'တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်းမကျသာဘဲ အခက်အခဲ ကြုံရာအခါမျိုး' ၌ ရှေ့ဒေါသဇောနှင့် နောက်ဘဝင်အားလျော်သော ဥပေက္ခာသန္တီရဏစိတ်သည် သန္တီရဏ ကိစ္စ စသည် မတပ်ပါဘဲ ရှေးက အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါးကို အာရုံပြုပြီး အာဂန္တုကဘဝင်ကိစ္စတပ်၍ ဖြစ်ပေါ်လာရပါသည်။

**၃** "အကုသိုလ်တစ်သက် မဂ်တစ်ချက်"ဟူသော စကား မှန်,မမှန် အဘိဓမ္မာအမြင်ဖြင့် ရှင်းပြ၍၊ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သောစိတ်တို့ကိုလည်း ရေးသားပြပါ။

**"အကုသိုလ်တစ်သက် မဂ်တစ်ချက်" ဟူသော စကားမှန်ပါသည်။**

အကြောင်းမှာ– မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန်ပြင်းထန်သော ဝဇီရူပမာတရားမျိုးဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို တစ်ကြိမ်တည်းဖြင့် ပယ်ဖြတ်နိုင်သောကြောင့်လည်းကောင်း၊ မဂ်ပုဂ္ဂိုလ်တို့သည် အပါယ်သို့ လားရောက်ခြင်း မရှိတော့သောကြောင့်လည်းကောင်း "အကုသိုလ်တစ်သက် မဂ်တစ်ချက်"ဟူသောစကား မှန်ရခြင်း ဖြစ်ပါသည်။

**အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သောစိတ်များမှာ–**

| ပုဂ္ဂိုလ် | | ဖြစ်သောစိတ် | |
|---|---|---|---|
| (၁) | သောတာပတ္တိမဂ်ပုဂ္ဂိုလ် | – သောတာပတ္တိမဂ်စိတ် | (၁)ပါး |
| (၂) | သကဒါဂါမိမဂ်ပုဂ္ဂိုလ် | – သကဒါဂါမိမဂ်စိတ် | (၁)ပါး |
| (၃) | အနာဂါမိမဂ်ပုဂ္ဂိုလ် | – အနာဂါမိမဂ်စိတ် | (၁)ပါး |
| (၄) | အရဟတ္တမဂ်ပုဂ္ဂိုလ် | – အရဟတ္တမဂ်စိတ် | (၁)ပါး |
| (၅) | သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | – သောတာပတ္တိဖိုလ်စိတ် | (၁)ပါး |
| (၆) | သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | – သကဒါဂါမိဖိုလ်စိတ် | (၁)ပါး |
| (၇) | အနာဂါမိဖိုလ်ပုဂ္ဂိုလ် | – အနာဂါမိဖိုလ်စိတ် | (၁)ပါး |
| (၈) | အရဟတ္တဖိုလ်ပုဂ္ဂိုလ် | – အရဟတ္တဖိုလ်စိတ် (၁)ပါးနှင့် ကြိယာစိတ် (၁၈)ပါး | |

http://www.dhammadownload.com



၂၀၀၆–ခုနှစ်

❶ အဘိဓမ္မာနည်းအရ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ–ဟု ခွဲခြားပြောဆိုနေကြရာ ထိုအခါနှစ်ပါး ကွဲပြားအောင် မမွေးဖွားမီအချိန်ထိကိုသာ ရှု၍ ခွဲခြားပြပြီးလျှင်၊ ရုပ်ရုံအချောအလှကို မြင်ခြင်းသည် စက္ခုပသာဒ၊ စက္ခုဝိညာဏ်တို့တွင် အဘယ်ဖြင့် မြင်သည်ကိုလည်း ဆုံးဖြတ်ပြပါ။

အဘိဓမ္မာနည်းအရ ပဋိသန္ဓေအခါ, ပဝတ္တိအခါ–ဟု ထိုအခါနှစ်ပါး ကွဲပြားအောင် မမွေးဖွားမီ အချိန်ထိရှု၍ ခွဲခြားပြရသော်–

**ပဋိသန္ဓေအခါ** = ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၊
**ပဝတ္တိအခါ** = ပဋိသန္ဓေစိတ်၏ဌီကာလမှစ၍ မမွေးဖွားမီ အမိဝမ်းတွင်းနေသမျှကာလ၊

**ရုပ်ရုံအချောအလှကို မြင်ခြင်းသည် စက္ခုဝိညာဏ်ကသာ မြင်နိုင်ပါသည်။**

စက္ခုပသာဒရုပ်သည် အာရုံကို မယူနိုင်သော အနာရမ္မဏတရား ဖြစ်သောကြောင့် (တစ်နည်း) ရုပ်၏ကန်းသည့်အဖြစ်ကြောင့် မမြင်နိုင်ခြင်း ဖြစ်ပါသည်။

❷ တဒါရုံအင်္ဂါများ ညီပါလျက် တဒါရုံကျခွင့် မရှိသောဝီထိကို အမည်မှ ဖော်ပြ၍၊ အိပ်မက်မက်သကဲ့သို့ မထင်မရှား ဖြစ်ပေါ်လာသော အာရုံဝယ် ပါဝင်သော စိတ်အစဉ်တို့ကိုလည်း ဆိုရိုးကျ ရေးစိတ်နောက်စိတ် စီစဉ်ပြပါ။

**တဒါရုံအင်္ဂါများ ညီပါလျက် တဒါရုံကျခွင့် မရှိသောဝီထိမှာ–**

သောမနဿပဋိသန္ဓေဖြင့် ဒေါသဇော စောရာအခါ၌ အာဂန္တုကဘဝင်ကျသော ပဋ္ဌာန်ဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**အိပ်မက်မက်သကဲ့သို့ မထင်မရှားဖြစ်ပေါ်လာသောအာရုံ (အဝိဘူတာရုံ)ဝယ် ပါဝင်သော စိတ်အစဉ်မှာ–**

ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ကာမဇော, ဘဝင်အများတို့ ဖြစ်ကြပါသည်။

❸ ကြိုတင်ပြင်ဆင်မှု (ပရိကံ)ရှိမှသာ ကိစ္စအားလုံး အောင်မြင်နိုင်သည်ဟု ဆိုကြရာ ထိုပရိကံ အရကို အရင်အနှစ်ရှု၍အလိုကျ တိကျစွာ ဖော်ပြ၍၊ သတ်မှတ်ချက်မရှိဘဲ စောချင်သလောက် စောခွင့်ရှိသော "ဇော"တို့ကိုလည်း ဥပမာဆောင်ကာ ထင်ရှားအောင် ပြဆိုပါ။

http://www.dhammadownload.com



**ပရိကံအရကို အရှင်အနုရုဒ္ဓါအလိုကျ တိကျစွာ ဖော်ပြရသော်–**

တိဟိတ်ပုထုဇဉ် နှင့် သေက္ခပုဂ္ဂိုလ်တို့အတွက်–

တိဟိတ်ကာမာဝစရ ကုသိုလ်ဇော = ၄–ပါး

ရဟန္တာ(အသေက္ခ)ပုဂ္ဂိုလ်တို့အတွက်–

တိဟိတ်ကာမာဝစရ ကြိယာဇော = ၄–ပါး တို့ဖြစ်ပါသည်။

**သတ်မှတ်ချက်မရှိဘဲ စောချင်သလောက် စောခွင့်ရှိသော 'ဇော'**

အဘိညာဉ်ဇော, မဂ်ဇောတို့မှကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့သည် [သမာပတ္တိဝီထိ၌ နေ့ညဉ့်ပတ်လုံး ဇောများ ဖြစ်နိုင်သောကြောင့်] သတ်မှတ်ချက် မရှိဘဲ ဘဝင်အလျဉ်ကဲ့သို့ စောချင်သလောက် စောခွင့်ရှိပါသည်။ (ဘဝင်အလျဉ်သည် မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်ပါသည်။)

---

## ၂၀၀၇–ခုနှစ်

**၁ စာဖြေသူတို့ လက်ထဲသို့ ရောက်ရှိလာသော မေးခွန်းလွှာကို သေချာစေ့ငု ကြည့်ရှုနေခိုက် ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဆိုရိုးကျ ဝီထိချပြပြီးလျှင် "လုံထမ်းလာတာကို မြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်ဘူး"ဟု ဆိုရိုးစကား မှန်/မမှန် ရှင်းပြခဲ့ပါ။**

စာဖြေသူတို့ လက်ထဲသို့ ရောက်ရှိလာသော မေးခွန်းလွှာကို သေချာစေ့ငု ကြည့်ရှုနေခိုက် ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဆိုရိုးကျ ဝီထိချပြရသော်–

(စက္ခုဒွါရ တဒါရုမ္မဏ အတိမဟန္တာရုံဝီထိဖြစ်၍–)

**[ ၂၀၀၀–ခုနှစ်၊ ဝီထိပိုင်း၊ မေးခွန်း (၁)နှင့်တူ ]**

**"လုံထမ်းလာတာကို မြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်"**ဟူသော ဆိုရိုးစကား မှန်ပါသည်။

စက္ခုဝိညာဏ်သည် ပစ္စုပ္ပန် ရူပါရုံဟူသော ရုပ်(လုံထမ်းလာသည်)ကိုသာ မြင်နိုင်၍ ကုသိုလ်၊ အကုသိုလ်(စေတနာ)ကံဟူသော နာမ်တရားကို မမြင်နိုင်သောကြောင့် "လုံထမ်း လာတာကို မြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်"ဟု ဆိုရိုးစကား မှန်ပါသည်။

http://www.dhammadownload.com



❷ အဘိဓမ္မာစာမေးပွဲနီး၍ စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေခိုက် မည်သည့် စိတ်သည် မည်သည့်ဒွါရ မည်သည့်အာရုံကို အာရုံပြု၍ ဖြစ်သည်ကို ဖြေဆိုပြီးလျှင်၊ တစ်ကြိမ်သာစောသော ဇောတို့ကိုလည်း ကုန်စင်အောင် ထုတ်ပြခဲ့ပါ။

အဘိဓမ္မာစာမေးပွဲနီး၍ စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေခိုက်–

- ဘဝင်စိတ်သည်
- (ဒွါရဝိမုတ်ဖြစ်၍) မည်သည့်ဒွါရတွင်မျှ ဖြစ်ခွင့်မရပါ၊
- လွန်ခဲ့သောဘဝ မရဏာသန္နဇော ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဖြစ်နေပါသည်။

တစ်ကြိမ်သာ စောသော ဇောများမှာ–

| | | | |
|---|---|---|---|
| (က) | ဈာနဝီထိ၌ | = | အာဒိကမ္မိက ဈာန်ဇော ၁–ကြိမ်၊ |
| (ခ) | မဂ္ဂဝီထိ၌ | = | မဂ်ဇော ၁–ကြိမ် |
| (ဂ) | (နိရောဓသမာပတ္တိဝီထိ၌) | | နိရောဓသမာပတ်မှ ထသောအခါ– |
| | အနာဂါမ်ဖြစ်မူ | = | အနာဂါမိဖိုလ်ဇော ၁–ကြိမ်၊ |
| | ရဟန္တာဖြစ်မူ | = | အရဟတ္တဖိုလ်ဇော ၁–ကြိမ်၊ |
| (ဃ) | အဘိညာဉ်ဝီထိ၌ | = | အဘိညာဉ်ဇော ၁–ကြိမ် တို့ဖြစ်ပါသည်။ |

❸ အပါယ်ဘုံသားတို့၏ သန္တာန်၌ ကုသိုလ်ဖြစ်နိုင်ခွင့် ရှိ–မရှိ စိစစ် ဝေဖန်ပြီးလျှင် "အထက်မှာ ဘဝင်၊ အောက်မှာ အဝီစိ"ဟူရာဝယ် ဘဝင်၌ ရရှိနိုင်သောဝီထိစိတ်တို့ကို ရေတွက်ပြခဲ့ပါ။

အပါယ်ဘုံသားတို့၏ သန္တာန်၌ ကုသိုလ်ဖြစ်နိုင်ခွင့် ရှိပါသည်။

အကြောင်းမှာ– အပါယ်ဘုံသား (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်)တို့၏ သန္တာန်၌– အကုသိုလ်စိတ် ၁၂–ပါး၊ (ဟသိတုပ္ပါဒ်ကြဉ်သော်) အဟိတ်စိတ် ၁၇–ပါး၊ မဟာကုသိုလ် စိတ် ၈–ပါး၊ ပေါင်း ၃၇–ပါးသောစိတ်များ ဖြစ်နိုင်သောကြောင့် အပါယ်ဘုံသားတို့၏ သန္တာန်ဝယ် ကုသိုလ်စိတ်တို့အနက် မဟာကုသိုလ် (ကာမကုသိုလ်)စိတ် ၈–ပါးသာ ဖြစ်ခွင့်ရှိပါသည်။

http://www.dhammadownload.com



အထက်ဘဝင် (နေဝသညာနာသညာယတနဘုံ)၌ ရရှိနိုင်သော ဝီထိစိတ်တို့မှာ–

| | | |
|---|---|---|
| (ဒေါသမူမွေးကြဉ်သော်)အကုသိုလ်စိတ် | = | ၁၀–ပါး |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁–ပါး |
| မဟာကုသိုလ်– ကြိယာစိတ် | = | ၁၆–ပါး |
| နေဝသညာနာသညာယတန ကုသိုလ်စိတ် | = | ၁–ပါး |
| နေဝသညာနာသညာယတန ကြိယာစိတ် | = | ၁–ပါး |
| အထက်လောကုတ္တရာစိတ် | = | ၇–ပါး |
| ပေါင်း ရရှိနိုင်သော ဝီထိစိတ် | = | ၃၆–ပါး ဖြစ်ပါသည်။ |

---

**၂၀၀၈–ခုနှစ်**

**၁** စိတ်သက်နှင့် ရုပ်သက်တို့ကို ဖော်ပြ၍ (က) နာမ်နှင့် အသက်တူသော ရုပ်၊ (ခ) နာမ်တရားထက် အသက်တိုသောရုပ်၊ (ဂ) နာမ်တရားထက် အသက်ရှည်သောရုပ်တို့ကိုလည်း အသီးသီး ခွဲခြားပြပါ။

**စိတ်သက်နှင့် ရုပ်သက်တို့မှာ–**

စိတ်၏ သက်တမ်း = စိတ္တက္ခဏ ၁–ချက်၊ ခဏငယ် ၃–ချက်။

ရုပ်၏ သက်တမ်း = စိတ္တက္ခဏ ၁၇–ချက်၊ ခဏငယ် ၅၁–ချက်။

**(က) နာမ်နှင့် အသက်တူသောရုပ်** = ဝိညတ်ရုပ် ၂–ပါး (စိတ္တဇကေန်ရုပ်)
စိတ္တခဏ ၁–ချက်၊ ခဏငယ် ၃–ချက်

**(ခ) နာမ်တရားထက် အသက်တိုသောရုပ်** = ဥပစယ၊ သန္တတိ (ဇာတိရုပ် ၂–ပါး)
ဥပါဒ်ခဏငယ် ၁–ချက်
= အနိစ္စတာရုပ်
ဘင်ခဏငယ် ၁–ချက်

**(ဂ) နာမ်တရားထက် အသက်ရှည်သောရုပ်**= ဇရတာရုပ်
(ဋီခဏငယ် ၄၉–ချက်)

http://www.dhammadownload.com



**၂** တဒါရုံအင်္ဂါတို့ကို ဖော်ပြ၍၊ တဒါရုံကျခွင့်မရှိသော ဝီထိအမည်တို့ကိုလည်း ရေးပြပါ။

**တဒါရုံအင်္ဂါတို့မှာ–**

(၁) ကာမဇော

(၂) ကာမသတ္တဝါ

(၃) အတိမဟန္တ – ဝိဘူတဖြစ်သော ကာမအာရုံတို့ ဖြစ်ပါသည်။

**တဒါရုံကျခွင့်မရှိသော ဝီထိမှာ–**

(၁) မဟန္တာရုံဝီထိ }
(၂) ပရိတ္တာရုံဝီထိ } ပဉ္စဒွါရဝီထိ
(၃) အတိပရိတ္တာရုံဝီထိ }
(၄) အဝိဘူတာရုံဝီထိ – မနောဒွါရဝီထိ
(၅) အာဂန္တုကဝီထိ တို့ဖြစ်ပါသည်။

**၃** နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်၏ (က) နိရောဓသမာပတ်ဝင်စားခါနီး (ခ) ဝင်စားဆဲ၊ (ဂ) ဝင်စားပြီးသောအခါတို့၌ဖြစ်သော ပရမတ္ထဓမ္မတို့ကို ဖော်ပြ၍၊ (၃၁)ဘုံ ထိပ်ဆုံးဘုံ နန်းဝယ် စံမြန်းသည့် ရဟန္တာပုဂ္ဂိုလ်ကြီး၏သန္တာန်၌ ရထိုက်သော ဝီထိစိတ်များကိုလည်း ဖော်ပြပါ။

နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်၏

**(က) နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သော ပရမတ္ထတရားတို့မှာ–**

အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မူ = နေဝသညာနာသညာယတန ကုသိုလ်ဇော = ၂ကြိမ်

ရဟန္တာပုဂ္ဂိုလ်ဖြစ်မူ = နေဝသညာနာသညာယတန ကြိယာဇော = ၂ကြိမ်

**(ခ) ဝင်စားဆဲအခါ၌** – စိတ်၊ စေတသိက်၊ စိတ္တဇရုပ် ပရမတ္ထတရားများ ချုပ်နေပါသည်။

**(ဂ) ဝင်စားပြီးသောအခါ၌ –**

အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မူ = အနာဂါမိဖိုလ်ဇော = ၁–ကြိမ်

ရဟန္တာပုဂ္ဂိုလ်ဖြစ်မူ = အရဟတ္တဖိုလ်ဇော = ၁–ကြိမ် စသည်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



(၃၁)ဘုံထိပ်ဆုံးဘုံ၌ စံမြန်းသည့် နေဝသညာနာသညာယတန ရဟန္တာပုဂ္ဂိုလ်ကြီး၏ သန္တာန်၌ ရထိုက်သော ဝီထိစိတ်များမှာ–

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = ၁–ပါး |
| မဟာကြိယာစိတ် | = ၈–ပါး |
| နေဝသညာ နာသညာယတန ကြိယာစိတ် | = ၁–ပါး |
| အရဟတ္တဖိုလ်စိတ် | = ၁–ပါး |
| ပေါင်း ဝီထိစိတ် | =၁၁–ပါး တို့ဖြစ်ပါသည်။ |

## ၂၀၀၉–ခုနှစ်

❶ ပဉ္စဒွါရ၊ မနောဒွါရ၊ ဒွါရဝိမုတ်စိတ်တို့၌ဖြစ်သော အာရုံတို့၏ နာမည်ချင်းမတူ ထူးခြားကွဲပြားဟန်ကို ရေးသား၍၊ ဝီထိမည်သော်လည်း ဝီထိစိတ် မဖြစ်သောဝီထိကိုလည်း တိကျစွာ ဖော်ပြပါ။

| ပဉ္စဒွါရ၌ ဖြစ်သောအာရုံမှာ | မနောဒွါရ၌ ဖြစ်သောအာရုံမှာ | ဒွါရဝိမုတ်စိတ်၌ ဖြစ်သောအာရုံမှာ |
|---|---|---|
| (၁) အတိမဟန္တာရုံ<br>(၂) မဟန္တာရုံ<br>(၃) ပရိတ္တာရုံ<br>(၄) အတိပရိတ္တာရုံ | (၁) ဝိဘူတာရုံ<br>(၂) အဝိဘူတာရုံ | အတိတ်– ကံ<br>ကမ္မနိမိတ်<br>ဂတိနိမိတ် |

တို့ ဖြစ်ပါသည်။

ဝီထိမည်သော်လည်း ဝီထိစိတ် မဖြစ်သောဝီထိမှာ– အတိပရိတ္တာရုံဝီထိ၊ (မောဃဝါရ) ဖြစ်ပါသည်။

❷ "မင်္ဂစိတ်ပေါ်ပြြား၊ တဖွားဖွား"ဟူသော စကား မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် ရှင်းလင်းပြ၍၊ တစ်ကြိမ်တစ်ခါသာ ဇောနိုင်သော ဇောများကိုလည်း ရေးသားပြပါ။

''မင်္ဂစိတ်ပေါ်ပြြား၊ တဖွားဖွား''ဟူသောစကား မမှန်ပါ။

http://www.dhammadownload.com



အကြောင်းမှာ– မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန်ပြင်းထန်သော ဝဇိရူပမာတရားမျိုး ဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို အကြိမ်ကြိမ် ပယ်ဖြတ်ရန် မလို၊ တစ်ကြိမ်တည်းဖြင့် ပယ်ဖြတ်နိုင်၍ တစ်ကြိမ်သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

**တစ်ကြိမ်သာ စောသောဇောများမှာ–**

| | | | | |
|---|---|---|---|---|
| (၁) | ဈာနဝီထိ၌ | = | အာဒိကမ္မိကဈာန်ဇော | ၁–ကြိမ် |
| (၂) | မဂ္ဂဝီထိ၌ | = | မဂ်ဇော | ၁–ကြိမ်စီ။ |
| (၃) | နိရောဓသမာပတ္တိဝီထိ၌ နိရောဓသမာပတ်မှ ထသောအခါ | | | |
| | အနာဂါမ်ဖြစ်အံ့ | = | အနာဂါမ်ဖိုလ်ဇော | ၁–ကြိမ် |
| | ရဟန္တာဖြစ်မူ | = | အရဟတ္တဖိုလ်ဇော | ၁–ကြိမ် |
| (၄) | အဘိညာဉ်ဝီထိ၌ | = | အဘိညာဉ်ဇော | ၁–ကြိမ် |

❷ တစ်ဘဝတွင် ဝီထိမဖြစ်သောအခါများကို ဖြေဆို၍၊ ဝီထိစိတ်ဖြစ်ရာ ကာလနှင့် ဖြစ်ပုံအခြင်းအရာကိုလည်း ရေးပြပါ။

**တစ်ဘဝတွင် ဝီထိမဖြစ်သောအခါများမှာ** – ပဋိသန္ဓေအခါ၊ ဘဝင်ကိစ္စ တပ်သောအခါ၊ စုတိကိစ္စတပ်သောအခါ တို့ဖြစ်ပါသည်။

**ဝီထိစိတ်ဖြစ်ရာ ကာလမှာ** – ပဝတ္တိအခါ အာရုံနှင့်ဒွါရ တိုက်ဆိုင်လာလျှင် ဖြစ်ပါသည်။

**ဝီထိစိတ် ဖြစ်ပုံအခြင်းအရာမှာ** – အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း၊ (အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသည့် စိတ်တို့၏ အစဉ်အတန်း ဖြစ်ပုံအခြင်းအရာ)ကို ခေါ်ပါသည်။

http://www.dhammadownload.com



၂၀၁၀–ခုနှစ်

❶ အစာအတွက် လျှာမထွက်ကြနဲ့–ဟုဆိုရာ လျှာဖြင့် အစားအစာကို အရသာခံစားနေခိုက် ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဆိုရိုးကျ ဝီထိချပြပြီးလျှင်၊ မဂ်ပေါက်–ဖိုလ်ဝင် နိဗ္ဗာန်မြင် ဟူသော ဆိုရိုးစကား မှန်,မမှန်ကိုလည်း ရှင်းလင်းဖြေပြပါ။

ဣဋ္ဌ–ရသာရုံဖြစ်၍–

| | | |
|---|---|---|
| – အတီတဘဝင် | = | ၁–ကြိမ် |
| – ဘဝင်စလန | = | ၁–ကြိမ် |
| – ဘဝင်ုပစ္ဆေဒ | = | ၁–ကြိမ် |
| – ပဉ္စဒွါရာဝဇ္ဇန်း | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ် | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း | = | ၁–ကြိမ် |
| – အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ | = | ၁–ကြိမ် |
| – ဝုဋ္ဌော | = | ၁–ကြိမ် |
| – ကာမဇော (အယောနိသော မနသိကာရဖြစ်၍) လောဘဇော | = | ၇–ကြိမ် |
| – (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ–၁ + မဟာဝိပါက် ဥပေက္ခာ–၄) ပေါင်း ဥပေက္ခာ တဒါရုံ ၅–ပါးမှ တစ်ပါးပါး | = | ၂–ကြိမ် |
| – ထို့နောင်ဘဝင်အများ၊ | | |

ဤဝီထိသည် တဒါရုမ္မဏဝါရ၊ ဇိဝှါဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**"မဂ်ပေါက်–ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်"ဟူသော ဆိုရိုးစကားသည် မှန်ပါသည်။**

**ရှင်းလင်းဖြေဆိုရသော်–**

မဂ္ဂဝီထိများ၌ မဂ်ဇော ၁–ကြိမ်ကျပြီးသည်နှင့် ဖိုလ်ဇော ၂–ကြိမ် (သို့) ၃–ကြိမ် ဆက်တိုက်ဖြစ်သည်ဟု ဆိုထားသောကြောင့် မဂ်ပေါက်၊ ဖိုလ်ဝင်ဖြစ်၍၊ ထိုမဂ်ဖိုလ်ဇော တို့သည် နိဗ္ဗာန်ကို အာရုံပြုသောကြောင့် "မဂ်ပေါက်–ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်"ဟူသော စကားသည် မှန်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



၂ လောကကြီး၌ အတုအယောင် အခုတစ်ထောင်လောက် ပေါ်များသလို ပရမတ္ထနယ်ပယ်၌လည်း ဇောအစစ် မဟုတ်ပါဘဲ ဇောအတု ဝင်ရောက်လုပ်နေသော ဇောတု၊ ဇောယောင်နှင့် နိရောဓသမာပတ်မှ ထရာအခါ၌ ဖြစ်သော လောကုတ္တရာစိတ်တို့ကို အကြိမ်နှင့်တကွ ဖြေဆိုပါ။

ပရမတ္ထနယ်ပယ်၌ ဇောအစစ် မဟုတ်ပါဘဲ ဇောအတု ဝင်ရောက်လုပ်နေသော ဇောတု၊ ဇောယောင်မှာ–

ဝုဋ္ဌော ဖြစ်ပါသည်။ (၂–ကြိမ်၊ ၃–ကြိမ် ဖြစ်နိုင်ပါသည်။)

နိရောဓသမာပတ်မှ ထရာအခါ၌ဖြစ်သော လောကုတ္တရာစိတ်တို့ကို အကြိမ်နှင့်တကွ ဖြေဆိုရသော်–

| | | | | |
|---|---|---|---|---|
| အနာဂါမ်ဖြစ်မူ | = | အနာဂါမိဖိုလ်ဇော | = | ၁–ကြိမ် |
| ရဟန္တာဖြစ်မူ | = | အရဟတ္တဖိုလ်ဇော | = | ၁–ကြိမ် |

၃ ယုန်ကလေး နားရွက်ထောင် ပညာရှိယောင်ဆောင်-ဟူသော စကား၌ အဟိတ်တိရစ္ဆာန် ဖြစ်သော ယုန်ကလေး၌ ပဋိသန္ဓေပညာ ရှိနိုင်/မရှိနိုင် စိစစ်ဝေဖန်ပြီး ၊ သူ့နေရာရောက်မှ သူ့အမြင် မြင်တာပါ-ဟူသော စကားအရ သောတာပန်ပုဂ္ဂိုလ်၏ စိတ်သည် ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ပြပါ။

အဟိတ်တိရစ္ဆာန် ဖြစ်သော ယုန်ကလေး၌– ပဋိသန္ဓေပညာ မရှိနိုင်ပါ။

စိစစ်ဝေဖန်ပြရသော်–

ယုန်ကလေးသည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်သောကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေ၍ ပဋိသန္ဓေစိတ်ကတည်းကပင် ဉာဏ်ပညာ မယှဉ်သောကြောင့် ပဋိသန္ဓေပညာ မရှိနိုင်ခြင်း ဖြစ်ပါသည်။

အကြောင်းမှာ– အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ကြိယာဇောနှင့် အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



ယုန်ကလေး (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်)စိတ်ရမှာ–

| | | | |
|---|---|---|---|
| | အကုသိုလ်စိတ် | = | ၁၂–ပါး |
| (ဟသိတုပ္ပါဒ်ကြဉ်သော) | အဟိတ်စိတ် | = | ၁၇–ပါး |
| | မဟာကုသိုလ်စိတ် | = | ၈–ပါး |
| | ပေါင်း | = | ၃၇–ပါး |

သောတာပန်ပုဂ္ဂိုလ်၏ စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏ စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့်၊ မြင်နိုင်ခွင့် မရှိပါ။

ဆုံးဖြတ်ဖြေဆိုပြရသော်–

| ကာမဘုံသား ရှာန်မရ သောတာပန်ပုဂ္ဂိုလ်၏ ဖြစ်သောစိတ် | ကာမဘုံသား ရှာန်မရ ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်သောစိတ် |
|---|---|
| (၁) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါးနှင့် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ပါး ကြဉ်သော် အကုသိုလ်စိတ် = ၇–ပါး | (၁) အကုသိုလ်စိတ်မှန်သမျှ ပယ်ပြီးဖြစ်၍ မဖြစ်နိုင်တော့ပါ။ |
| (၂) ဟသိတုပ္ပါဒ်ကြဉ်သော် အဟိတ်စိတ် = ၁၇–ပါး | (၂) ဟသိတုပ္ပါဒ် အပါအဝင် အဟိတ်စိတ် = ၁၈–ပါး |
| (၃) မဟာကြိယာစိတ် ၈–ပါးကြဉ်သော်– မဟာကုသိုလ်–မဟာဝိပါက်စိတ် = ၁၆–ပါး | (၃) မဟာကုသိုလ်စိတ် ၈–ပါးကြဉ်သော်– မဟာကြိယာ–မဟာဝိပါက်စိတ် = ၁၆–ပါး |
| (၄) သောတာပတ္တိဖိုလ်စိတ် = ၁–ပါး | (၄) အရဟတ္တဖိုလ်စိတ် = ၁–ပါး |
| ပေါင်း ဖြစ်သောစိတ် = ၄၁–ပါး | ပေါင်း ဖြစ်သောစိတ် = ၃၆–ပါး |

ဤသို့အားဖြင့် သောတာပန်ပုဂ္ဂိုလ်၏ စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏ စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့် မရှိရခြင်း ဖြစ်ပါသည်။

(တစ်နည်း) လောကုတ္တရာဓာတ်တို့သည် အရိယာပုဂ္ဂိုလ်တို့အား ပုဂ္ဂိုလ်အားလျော်စွာ ထိုက်သလို ဖြစ်ကြသောကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်၏ စိတ်နေသဘောထားကို မြင်နိုင်ခွင့် မရှိပါ။

( ဝိထိပိုင်းပြီး၏ )

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ ( ဒုတိယဆင့် )

# ဝိထိမုတ်ပိုင်း

## ( ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၆–ခုနှစ်

၁။ ဒါနပြုရာတွင် ဖြစ်နိုင်သော ကုသိုလ်စိတ်တို့ကို ဖော်ပြ၍ ထိုကုသိုလ်ကံကြောင့် ရောက်နိုင်သောဘုံများကို ဖော်ပြပါ။

၂။ ပုထုဇဉ် ရှုပပြဟ္မာကြီး စုတေက "စုတေသည်နှင့်တစ်ပြိုင်နက်" ဝက်တိရစ္ဆာန် ဖြစ်နိုင်သလော၊ အကြောင်းပြ ဖြေဆို၍ သေခြင်း ၄–မျိုးကို ဖော်ပြပါ။

၃။ ခွေး, ကြောင်, ကြက် စသော တိရစ္ဆာန်တို့၏ ပဋိသန္ဓေစိတ်ကို ဖော်ပြ၍၊ သက်တမ်းမမြဲသော သတ္တဝါတို့ကို ဖော်ပြပါ။

၄။ အောက်ပါ အကုသိုလ်ကံတို့၏ ဖြစ်ကြောင်းမူလတရားကို ဖော်ပြပါ။
(က) အဒိန္နာဒါန (ခ) မိစ္ဆာဒိဋ္ဌိ (ဂ) မုသာဝါဒ (ဃ) ဖရုသဝါစာ (င) အဘိဇ္ဈာ

### ၁၉၇၇–ခုနှစ်

၁။ ရှင်ပြုသော အလှူပွဲတစ်ခု၌ ပုညကြိယဝတ္ထု ၁၀–ပါး စုံလင်စွာ ဖြစ်ပုံကို ထင်ရှားအောင် ရေးပြပါ။

### ၁၉၇၈–ခုနှစ်

၁။ ပဋိသန္ဓေနေခြင်း လေးမျိုးကို ရေးသား၍ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသည့် သတ္တဝါများကို ဖော်ပြပါ။

၂။ ငါးပါးသီလ ဆောက်တည်လျှင် မည်သည့်ကုသိုလ် ဖြစ်မည်နည်း၊ ထိုကုသိုလ်ကြောင့် သွားရောက် ဖြစ်နိုင်သောဘုံများကို ဖော်ပြပါ။

၃။ ဒွိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်၏ တရားကိုယ်ကို ကောက်ပြ၍ ထိုကုသိုလ်၏ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ရေးပါ။

http://www.dhammadownload.com



၄။ ရုပ်ဖြင့် ပဋိသန္ဓေနေသောသတ္တဝါ၊ နာမ်ဖြင့် ပဋိသန္ဓေနေသောသတ္တဝါ၊ ရုပ်နာမ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့ကို ဖော်ပြ၍၊ ဝိညာဏဉ္စာယတန ဗြဟ္မာကြီး စုတေလျှင် မည်သည့်ဘုံများသို့ ရောက်နိုင်ပါသနည်း၊ ရှင်းပြပါ။

## ၁၉၇၉–ခုနှစ်

၁။ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို ထုတ်ပြ၍၊ စာတုမဟာရာဇ်နတ်နှင့် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ သက်တမ်းကို လူတို့၏ အရေအတွက်အားဖြင့် ဖော်ပြခဲ့ပါ။

၂။ နှုတ်ဖြင့် သတ်လိုက်ဟု စေခိုင်းမှုသည် ကာယကံ–ဝစီကံ နှစ်ပါးတွင် မည်သည့်ကံဖြစ်သည်ကို ဖော်ပြ၍၊ လောဘ–ဒေါသ နှစ်ပါးကြောင့်ဖြစ်ရသော လူမှုဒုစရိုက်များကို ညွှန်ပြပါ။

၃။ အကုသိုလ်ကံ၏ မကောင်းကျိုးပေးရာ ဘုံဌာနကို ပဋိသန္ဓေအခါ– ပဝတ္တိအခါအားဖြင့် ခွဲခြားဖော်ပြ၍၊ စတုတ္ထဈာန်ကို ပဏီတဖြစ်အောင် အားထုတ်လျှင် မည်သည့်ဗြဟ္မာ့ဘုံသို့ ရောက်နိုင်သနည်း။

## ၁၉၈၀–ခုနှစ်

၁။ သတ္တဝါတို့၏ ကံတရားအရ အမှန်တကယ် ဖြစ်ပေါ်တည်ရှိနေသော ၃၁–ဘုံတို့ကို ပြည့်စုံအောင် ရေတွက် ဖော်ပြပါ။

၂။ ကံတရားကြောင့် သတ္တဝါအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိရာ မည်သည့်ကံကြောင့် "လူ"ဟူသော သတ္တဝါများ ဖြစ်လာရပါသနည်း၊ သင်္ဂြိုဟ်ဝီထိမှတ်ပိုင်းအရ ဖြေဆိုခဲ့ပါ။

၃။ လေယာဉ်ပျံပျက်ကျ သေဆုံးသူများသည် မည်သည့်ကံကြောင့် ဖြစ်ပါသနည်း၊ အဘိဓမ္မာ သဘောဖြင့် သုံးသပ်ဖော်ပြပါ။

## ၁၉၈၁–ခုနှစ်

၁။ တိုးချည်–ဆုတ်ချည် အတည်တကျ သက်တမ်းကာလ သတ်မှတ်မရသော ပုဂ္ဂိုလ်များကို ဖော်ပြပါ။

၂။ ဘဝတစ်လျှောက်လုံး၌ ဘုံအားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း၊ ယှဉ်ဘက် တရားအားဖြင့်လည်းကောင်း၊ သင်္ခါရအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူညီသောစိတ်များကို ရေးပါ။

http://www.dhammadownload.com



၃။ ထမင်းရည့်ချောင်းစီး အလှူကြီးပေးသော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ရှင်၏ ဒါနကုသိုလ်ကသည် မည်သည့်အကျိုးများကို ပေးပါသနည်း။

၄။ အောက်ပါပုဂ္ဂိုလ်တို့ သေသောအခါ မည်သည့်ပဋိသန္ဓေ (မည့်သည့်ဘဝ)သို့ ရောက်နိုင်ကြပါသနည်း။

(က) ဒွိဟိတ်လူသားများ၊

(ခ) တိဟိတ်လူသားများ၊

(ဂ) နတ်များ၊

(ဃ) ရူပဘုံသားဗြဟ္မာများ၊

(င) အရူပဘုံသားဗြဟ္မာများ၊

## ၁၉၈၂–ခုနှစ်

၁။ ၃၁–ဘုံတွင် ပုထုဇဉ်တို့သာ နေထိုင်ရသောဘုံ– အရိယာပုဂ္ဂိုလ်တို့သာ နေထိုင်ရသောဘုံ နှင့် ပုထုဇဉ် အရိယာရောရော နေထိုင်ကြရသောဘုံတို့ကို သတ်မှတ်ဖော်ပြပါ။

၂။ လူမှန်သမျှ ဘဝအခြေခံ ပဋိသန္ဓေစိတ်ချင်း တူ–မတူ သုံးသပ်ဝေဖန် ဖော်ပြပြီးလျှင် မည်သည့် ပဋိသန္ဓေစိတ် အခြေခံရှိသူများသာ အထွတ်အထိပ်သို့ ရောက်တတ်ပါသနည်း၊ ရှင်းလင်းဖော်ပြပါ။

၃။ လူသားတို့ သေခါနီးဆဲဆဲအခါ ကမ္မနိမိတ်များ ထင်လာတတ်ရာ–

(က) လူ့ဘဝမှ လူ့ဘဝသို့ ပြန်ဖြစ်မည့်သူ၊

(ခ) လူ့ဘဝမှ နတ်ရွာသုဂတိသို့ ရောက်မည့်သူ၊

(ဂ) လူ့ဘဝမှ အပါယ်လေးဘုံသို့ ကျရောက်မည့်သူတို့အား မည်သည့်ကမ္မနိမိတ်မျိုး ထင်လာတတ်ကြောင်း သကြိုဟ်နှင့်အညီ ရေးသားဖော်ပြပါ။

၄။ ''ဗြဟ္မာဖြစ်၍ တဝင်းဝင်း– ဝက်စားကျင်းမှာ တရှုတ်ရှုတ်'' ဟူသော ဆိုရိုးစကားအရ ဗြဟ္မာဘဝမှ ဝက်ဘဝသို့ တိုက်ရိုက် ရောက်နိုင်–မရောက်နိုင် သကြိုဟ်ကျမ်းကို သုံးသပ်၍ ဆုံးဖြတ်ပါ။

http://www.dhammadownload.com



## ၁၉၈၃–ခုနှစ်

၁။ ရုပ်တရားဟူ၍ လုံးဝမရှိ၊ နာမ်တရားသက်သက်ရှိသော ဘုံဘဝမျိုး ရှိနိုင်ပါသလော၊ ရှိလျှင် ယင်းဘုံဘဝမျိုးကို မည်သို့ ရရှိနိုင်ပါသနည်း။

၂။ မွေးကတည်းက ကန်းလာသော သူတို့၏ ပဋိသန္ဓေစိတ်သည် ကုသိုလ်၏ အကျိုးလော၊ အကုသိုလ်၏ အကျိုးလော၊ စိစစ် ဖော်ပြပါ။

၃။ နှုတ်ကြောင့် အကုသိုလ်ဖြစ်ရသော ဝစီကံ ၄–ပါးကို ရေတွက်ပြပါ။

၄။ ဘဝအစ၌ ပဋိသန္ဓေစိတ်ဖြစ်၍ ဘဝအဆုံး၌ စုတိစိတ်ဖြစ်၏။ ယင်းပဋိသန္ဓေနှင့် စုတိအကြား ဘဝတစ်သက်တာဝယ် မည်သည့်စိတ်များ မည်သို့ မည်ပုံဖြစ်နေသည်ကို ဥပမာပြ၍ ဖြေဆိုပါ။

## ၁၉၈၄–ခုနှစ်

၁။ ယနေ့ပြုလုပ်သော ကုသိုလ်ကံ–အကုသိုလ်ကံသည် ယခုဘဝမှာသာပင် ချက်ချင်းလက်ငင်း အကျိုးပေးပါသလော၊ ကံတို့၏ အကျိုးပေးရာကာလကို ဖော်ပြပါ။

၂။ အလိုရမက် လောဘအတွက်ကြောင့် ဖြစ်ရသော အကုသိုလ် ဒုစရိုက်တရားများကို တစ်ပါးစီ ရေတွက်ပြပါ။

၃။ သံသရာစက်ရဟတ်၏ အဆက်မပြတ် လည်နေပုံကို ဝိထိမှတ်ပိုင်း နိဂုံးလာ ကျမ်းဆရာ၏ အာဘော်ကျအောင် အကျဉ်းချုပ် ဖော်ပြပါ။

## ၁၉၈၅–ခုနှစ်

၁။ ၃၁–ဘုံကို သင် သိပါသလား၊ တခြားသောဘုံတို့သည်လည်း ဤလူ့ဘုံကဲ့သို့ချည်း ရုပ်နာမ် နှစ်ပါးစုံ ဖြစ်ပါသလော၊ ထူးခြားမှုရှိလျှင် ရှိသည့်အလျောက် ဝေဖန် ဖော်ပြခဲ့ပါ။

၂။ အောက်ပါပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်ချင်း တူညီမှု ရှိ–မရှိကို ဝေဖန် စိစစ်ဖော်ပြပါ။

(က) ဆင်မင်း၏ ပဋိသန္ဓေစိတ်၊
(ခ) နဂါးမင်း၏ ပဋိသန္ဓေစိတ်၊
(ဂ) ပဋိသန္ဓေအားဖြင့် ကန်းသောသူ၏ ပဋိသန္ဓေစိတ်၊
(ဃ) ဉာဏ်ထိုင်းလွန်းသောလူ၏ ပဋိသန္ဓေစိတ်၊
(င) မဟောသဓာပညာရှိ၏ ပဋိသန္ဓေစိတ်၊

http://www.dhammadownload.com



၃။ ဘုရားတည် ကျောင်းဆောက် ရှင်ပြု ပဋ္ဌင်းခံ စသည်ကို ပြုလုပ်သောကုသိုလ်ကံသည် မည်သည့်ဘုံဘဝ၌ မည်သည့်အကျိုးဝိပါက်တို့ကို ဖြစ်ပေါ်ရရှိစေနိုင်ပါသနည်း။ အဘိဓမ္မာသင်္ဂြိုဟ် ကမ္မစတုက္ကပိုင်းအရ ဝေဖန် စိစစ်ဖော်ပြပါ။

## ၁၉၈၆–ခုနှစ်

၁။ လူ့သဘာဝအရ မျက်နှာကြီးပုဂ္ဂိုလ်များကို အထူးတလည် နေရာများ သီးသန့်ပေးရသကဲ့သို့ အဘိဓမ္မာနည်းအရ အနာဂါမိရဟန္တာပုဂ္ဂိုလ်ကြီးများအတွက်သာ အထူး သီးသန့်ပေးရသော ဘုံဌာန ၅–မျိုးကို ထုတ်ပြ၍၊ အရိယာပုဂ္ဂိုလ်တို့ မဖြစ်သောဘုံဌာနများကိုလည်း ထုတ်ပြခဲ့ပါ။

၂။ လောဘရမ္မက် ဒေါသအတွက်ကြောင့် ဖြစ်ရသော အကုသိုလ် ဒုစရိုက်တရားများကို တစ်ပါးစီ ရေတွက်ပြပါ။

၃။ ဘယ်ဘဝက သေလျှင် ဘယ်ဘဝရောက်သည်ဟု အဘိဓမ္မာနည်းလမ်းအရ ညွှန်ပြလျက်ရှိရာ အရူပဗြဟ္မာကြီး စုတေက ရူပဗြဟ္မာကြီး ဖြစ်–မဖြစ်ကို စုတိပဋိသန္ဓိက္ကမပိုင်းအရ သုံးသပ်ပြခဲ့ပါ။

## ၁၉၈၇–ခုနှစ်

၁။ ထွေပြားဆန်းကျယ်သော သတ္တလောကကြီးဝယ် နာမ်မရှိသော သတ္တဝါ၊ နာမ်သာရှိ၍ ရုပ်မရှိသောသတ္တဝါ၊ ရုပ်ရောနာမ်ပါ နှစ်ပါးစုံရှိသောသတ္တဝါတို့ကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြခဲ့ပါ။

၂။ ၃၁–ဘုံရှိသော်လည်း လက်ရှိအခြေအနေအရ အသင် စာဖြေပုဂ္ဂိုလ်နှင့် သက်ဆိုင် (လားရောက်ခွင့်ရှိ)သော ဘုံများကိုသာ ရေတွက်ဖော်ပြပါ။

၃။ အဘယ်ပုဂ္ဂိုလ်မျိုးသည် ဉာဏ်ရည်အဆင့် အလွန်မြင့်မား၍၊ အဘယ်ပုဂ္ဂိုလ်မျိုးသည် ဉာဏ်ရည်အဆင့် အလွန်နိမ့်ကျပါသနည်း။ ပဋိသန္ဓေစိတ်ဖြင့် တိုင်းတာ ဆုံးဖြတ်ပြပါ။

၄။ ကောင်းမှု– မကောင်းမှု ပြုသူများအတွက် လက်တွေ့ဘဝ၌ပင် အကျိုးရစေသည့် ကောင်းသော ကံ၊ မကောင်းသောကံတို့ကို မည်သို့ ခေါ်ဆိုပါသနည်း။ ဖော်ပြပြီးလျှင် ယခု စာမေးပွဲ ဖြေဆိုသော အလုပ်သည် ယင်းကံနှင့် သက်ဆိုင်ခြင်း ရှိ–မရှိ ဖြေဆိုပါ။

http://www.dhammadownload.com



## ၁၉၈၈–ခုနှစ်

၁။ အလှည့်ကျအကျိုးပေးသော ကံလေးမျိုးကို အစဉ်ကျကျ ဖော်ပြ၍၊ ကဋတ္တာကံ၏ သဘောကို သိသာရုံ ဖြေဆိုခဲ့ပါ။

၂။ ခါးပိုက်နှိုက် ခေါင်းဆောင်က ''ဤရွှေဆွဲကြိုးကို ခိုးဖြတ်ခဲ့''ဟု ခိုင်း၍ တပည့်ဖြစ်သူက ခိုးခဲ့ရာဝယ် ခေါင်းဆောင်၌ဖြစ်သော ခိုးမှုသည် ကာယကံလော–ဝစီကံလော အကြောင်းပြ ဖြေဆိုပါ။

၃။ (က) ဆွမ်းလောင်းသူ၊

(ခ) မိဘရှိသေသူ၊

(ဂ) အမျှဝေသူ၊

(ဃ) တံမြက်လှည်းသူ၊

(င) တရားနာသူတို့၌ဖြစ်သော ပုညကြိယဝတ္ထုတို့ကို အသီးသီး ယှဉ်တွဲဖော်ပြပါ။

http://www.dhammadownload.com



# အဘိဓမ္မာ (ဒုတိယဆင့်)

# ဝီထိမုတ်ပိုင်း

## ( ၁၉၈၉-ခုနှစ် မှ ၂၀၁၀-ခုနှစ်ထိ )

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၈၉-ခုနှစ်

**၁** ၃၁-ဘုံ သံသရာဝယ် အရိယာပုဂ္ဂိုလ်များ ဖြစ်ခြင်းမရှိသော ဘုံများကိုသာ ဖော်ပြပြီးလျှင် "တစ်ဘဝအတွင်း၌ တူမြဲတရားသုံးပါး" ကိုလည်း ရေတွက်ပြပါ။

၃၁-ဘုံ သံသရာဝယ် အရိယာပုဂ္ဂိုလ်များဖြစ်ခြင်း မရှိသော ဘုံများမှာ-

| | | | |
|---|---|---|---|
| (၁) | အပါယ် | = | ၄-ဘုံ |
| (၂) | အသညသတ် | = | ၁-ဘုံ |
| | ပေါင်း | = | ၅-ဘုံ ဖြစ်ပါသည်။ |

တစ်ဘဝအတွင်း၌ တူမြဲတရား သုံးပါးမှာ-

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့ ဖြစ်ကြပါသည်။

**၂** အကျိုးပေးရာ ကာလအားဖြင့် ကံလေးပါးတို့ကို ဖြေဆိုပြီးလျှင် ရှင်ဒေဝဒတ် မြေမြိုခံရခြင်းသည် မည်သည့်ကံဖြစ်သည်ကိုလည်း ရှင်းလင်းပြပါ။

အကျိုးပေးရာ ကာလာအားဖြင့် ကံလေးပါး (ဝါ) ပါကကာလစတုက္ကမှာ-

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ
(၂) ဥပပဇ္ဇဝေဒနီယကံ
(၃) အပရာပရိယာယဝေဒနီယကံ
(၄) အဟောသိကံ တို့ဖြစ်ကြပါသည်။

ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းဖြစ်သည့် ပဉ္စာနန္တရိယကံ နှစ်ပါး (ဂရုကံ)ကို ကျူးလွန်ခဲ့၍ ယခု မျက်မှောက်ဘဝ၌ မြေမြိုခံရခြင်းသည် ပါကကာလစတုက္ကအရ ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပါသည်။

http://www.dhammadownload.com



❸ သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းကို စိတ်အားဖြင့် ပြစ်မှားနေသူသည် (က) မည်သည့် ဒုစရိုက်ကို ကျူးလွန်ရာ ရောက်ပါသနည်း။ (ခ) ယင်းသို့ ဒုစရိုက် မဖြစ်ဘဲ သုစရိုက် ဖြစ်လာရန် မည်သို့ ပြုသင့်ပါသနည်း။ အသီးသီး ဖြေဆိုပါ။

**သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းကို စိတ်အားဖြင့်ပြစ်မှားနေသူသည်–**

(က) ဗျာပါဒ မနောဒုစရိုက်ကို ကျူးလွန်ရာ ရောက်ပါသည်။

(ခ) ယင်းသို့ (ဗျာပါဒ) မနောဒုစရိုက် မဖြစ်ပွားစေဘဲ (အဗျာပါဒ) မနောသုစရိုက်ဖြစ်ရန် သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းကို စိတ်ဖြင့်ပင် မကြံစည်၊ မတောင့်တမိအောင် ဗျာပါဒ(ဒေါသ)၏ ဆန့်ကျင်ဘက် အဗျာပါဒ(အဒေါသ) ဖြစ်စေရန် ကြိုးစားရပါမည်။ (အဗျာပါဒ– အဒေါသဟူသည် ဒုက္ခိတ–သုခိတ သတ္တဝါပညတ်အပေါ် အာရုံပြု၍ ကောင်းစေလိုခြင်း၊ ချစ်ခြင်း၊ အကျိုးလိုလားခြင်း၊ "မေတ္တာ" သဘောလည်း ဆောင်ပါသည်။)

❹ ဘဝတစ်ခု၏ (က) ပဌမစိတ်နှင့် (ခ) နောက်ဆုံးစိတ်တို့ကို အဘိဓမ္မာဝေါဟာရဖြင့် ဖော်ပြပြီးလျှင် (ဂ) ထိုစိတ်တို့၏ အာရုံကိုလည်း ပြည့်စုံအောင် ဖော်ပြပါ။

ဘဝတစ်ခု၏–

| | | |
|---|---|---|
| (က) **ပဌမစိတ်မှာ** | = | ပဋိသန္ဓေစိတ် ဖြစ်ပါသည်။ |
| (ခ) **နောက်ဆုံးစိတ်မှာ** | = | စုတိစိတ် ဖြစ်ပါသည်။ |
| (ဂ) **ထိုစိတ်တို့၏ အာရုံမှာ** | = | လွန်ခဲ့သည့် ဘဝဟောင်း မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်နှင့် ဂတိနိမိတ် အာရုံတို့မှ တစ်ပါးပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



## ၁၉၉၀–ခုနှစ်

**၁** သုံးဆယ့်တစ်ဘုံတွင် ပုထုဇဉ် မရှိသောဘုံ၊ အရိယာ မရှိသောဘုံ၊ နှစ်မျိုးလုံး ရှိသောဘုံ တို့ကို ခွဲခြားပြ၍၊ စာတုမဟာရာဇ်နတ်တို့၏ သက်တမ်းကိုလည်း လူတို့အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

သုံးဆယ့်တစ်ဘုံတွင်–

(က) **ပုထုဇဉ် မရှိသောဘုံ**

| | | |
|---|---|---|
| သုဒ္ဓါဝါသ | = | ၅–ဘုံ |

(ခ) **အရိယာ မရှိသောဘုံ**

| | | |
|---|---|---|
| အပါယ် | = | ၄–ဘုံ |
| အသညသတ် | = | ၁–ဘုံ |

(ဂ) **နှစ်မျိုးလုံး ရှိသောဘုံ**

| | | |
|---|---|---|
| ကာမသုဂတိ | = | ၇–ဘုံ |
| (အသညသတ်နှင့် သုဒ္ဓါဝါသကြဉ်)ရူပ | = | ၁၀–ဘုံ |
| အရူပ | = | ၄–ဘုံ |
| ပေါင်း | = | ၃၁–ဘုံ တို့ဖြစ်ပါသည်။ |

**စာတုမဟာရာဇ်နတ်တို့၏သက်တမ်း** = လူ့အရေအတွက်အားဖြင့် အနှစ် ၉–သန်း။

**၂** ဤလောကတွင် သတ္တဝါတို့ကို ဖြစ်ပေါ်စေတတ်သော ပဋိသန္ဓေလေးမျိုးကို ထုတ်ပြ၍ စာဖြေသူသည် အဘယ်ပဋိသန္ဓေစိတ်ဖြင့် လူ့ဘဝ ရောက်လာခဲ့သည်ကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

သတ္တဝါတို့ကို ဖြစ်ပေါ်စေတတ်သော ပဋိသန္ဓေလေးမျိုးမှာ–

| | | | |
|---|---|---|---|
| (၁) | အပါယ်ပဋိသန္ဓေ | = | ၁–ပါး |
| (၂) | ကာမသုဂတိပဋိသန္ဓေ | = | ၉–ပါး |
| (၃) | ရူပပဋိသန္ဓေ | = | ၆–ပါး |
| (၄) | အရူပပဋိသန္ဓေ | = | ၄–ပါး |
| | ပေါင်း | = | ၂၀–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



စာဖြေသူသည် ကာမသုဂတိ (လူ့ဘုံသား) လူစဉ်မီသူ ဖြစ်သဖြင့် ကာမသုဂတိ ပဋိသန္ဓေဖြစ်သော မဟာဝိပါက်စိတ် ၈-ပါးမှ တစ်ပါးပါးဖြင့် လူ့ဘဝ ရောက်လာခဲ့ပါသည်။

❸ နေ့စဉ်မပြတ် ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည် မည်သည့်ကံဖြစ်ပါသနည်း။ ဖြေဆို၍ တစ်စုံတစ်ယောက်အား သူတစ်ပါး စည်းစိမ်ကို မတရား ယူလိုမှုနှင့် ပျက်စီးအောင် ကြံစည်မှုတို့ ဖြစ်ပွားအောင် နိုင်းစေတတ်သော မူလတရားခံတို့ကိုလည်း ထုတ်ဖော်ပြခဲ့ပါ။

နေ့စဉ်မပြတ် ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည်-

"အာစိဏ္ဏကံ(ကုသိုလ်)" ဖြစ်ပါသည်။

**သူတစ်ပါး စည်းစိမ်ကို မတရားယူလိုမှု (အဘိဇ္ဈာ) ဖြစ်ပွားအောင် နိုင်းစေတတ်သော မူလတရားခံမှာ-**

"လောဘ" ဖြစ်ပါသည်။

**သူတစ်ပါး ပျက်စီးအောင် ကြံစည်မှု (ဗျာပါဒ) ဖြစ်ပွားအောင် နိုင်းစေတတ်သော မူလတရားခံမှာ-**

"ဒေါသ" ဖြစ်ပါသည်။

❹ ရထားစက်ဘီးကဲ့သို့ ဘဝသံသရာ အစဉ်မပြတ် လည်ပတ်ပုံကို ရှင်းပြ၍၊ ဘဝသံသရာ အစဉ်ပြတ်၍ အလည်ရပ်အောင် အဘိဓမ္မာနည်းဖြင့် မည်သို့ ထိန်းအုပ်ရမည်ကိုလည်း နည်းညွှန်ခဲ့ပါ။

**ဘဝသံသရာစက် လည်ပတ်ပုံ**

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ ဝီထိ၊ စုတိစိတ်တို့သည် အစဉ်အတိုင်း အဆက်ဆက်လည်၍ ဖြစ်သကဲ့သို့၊ ပဋိသန္ဓေနေစေသော အကြောင်းတရားများဖြစ်သည့် အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ (ကံ)တရားများကို မပယ်နိုင်သေးသရွေ့ စုတိစိတ် ချုပ်ပြီးသည့်နောက်၌လည်း အသစ်အသစ်သော ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည် ရထား၌ တပ်ထားသော ဘီး၏လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် (ရဟန္တာမဖြစ်မချင်း) လည်၍ ဖြစ်ကြလေ၏။

**ဘဝသံသရာစက်ပြတ်ပုံ**

သံသရာစက်ပြတ်၍ အလည်ရပ်အောင်ကား- ပညာရှိသူ (တိဟိတ်ပုဂ္ဂိုလ်)တို့သည်

http://www.dhammadownload.com



ရှည်မြင့်စွာသော ကာလပတ်လုံး သီလဖြူစင်၊ ဓုတင်ကိုဖြည့်၊ သမာဓိလောင်း၊ ကောင်းသောအကျင့် ရှိကုန်သည်ဖြစ်၍ ထိုဝဋ်တရားတို့၏ မမြဲခြင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် ထင်စွာသိအောင် ဆင်ခြင် အားထုတ်သည်ရှိသော် နှောင်ဖွဲ့တတ်သောတဏှာ(သို့) ပဋိသန္ဓေ နေစေသော အကြောင်းတရားများကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ဖြတ်တောက်နိုင်ပြီးလျှင် ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ငြိမ်းရာ နိဗ္ဗာန်သို့ ကေန်ရောက်ရပေတော့၏။

---

## ၁၉၉၁–ခုနှစ်

**၁** ကာမသုဂတိ ပဋိသန္ဓေစိတ်များကို ဖော်ပြ၍၊ နွား, ခွေး စသော တိရစ္ဆာန်တို့သည် အဘယ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသည်ကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

**ကာမသုဂတိ ပဋိသန္ဓေစိတ်များမှာ–**

| | | |
|---|---|---|
| အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် | = | ၁–ပါး |
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| ပေါင်း– ကာမသုဂတိ ပဋိသန္ဓေစိတ် | = | ၉–ပါး |

နွား၊ ခွေး စသော တိရစ္ဆာန်တို့သည် အပါယ်ဘုံသားများဖြစ်၍ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဟူသည့် အပါယ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေခဲ့ကြပါသည်။

**၂** ၃၁-ဘုံတွင် သက်တမ်း မမြဲသော ပုဂ္ဂိုလ်များနှင့် သက်တမ်းအရှည်ဆုံးပုဂ္ဂိုလ်ကို သက်တမ်းနှင့်တကွ ဖော်ပြ ရေးသားခဲ့ပါ။

**၃၁–ဘုံတွင် သက်တမ်းမမြဲသောပုဂ္ဂိုလ်များမှာ–**

- အပါယ် ၄–ဘုံသား
- လူ (လူ့ဘုံသား)
- ဘုမ္မစိုးနတ်များ ဖြစ်ပါသည်။

**သက်တမ်းအရှည်ဆုံးပုဂ္ဂိုလ်နှင့် သက်တမ်းမှာ–**

နေဝသညာနာသညာယတန ဗြဟ္မာကြီးဖြစ်ပြီး၊ သက်တမ်းမှာ ကမ္ဘာပေါင်း (၈၄၀၀၀) ဖြစ်ပါသည်။

http://www.dhammadownload.com



❸ ဘုံဌာနအလိုက် အကျိုးပေးရသော ကံလေးပါးကို ထုတ်ဖော်ရေးသား၍၊ သန့်ရှင်းသော စေတနာ, သဒ္ဓါတရားဖြင့် ဤမေးခွန်းကို ဖြေဆိုနေသော စာဖြေပုဂ္ဂိုလ်၏ ကာမာဝစရ ကုသိုလ်သည် အဘယ်ဘုံဌာန၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသနည်း။ ရှင်းလင်း ရေးသားခဲ့ပါ။

ဘုံဌာနအလိုက် အကျိုးပေးသော ကံလေးပါး (တစ်နည်း) ပါကဌာနစတုက္ကမှာ–

(က) အကုသိုလ်ကံ = ၁၂–ပါး
(ခ) ကာမာဝစရကုသိုလ်ကံ = ၈–ပါး
(ဂ) ရူပါဝစရကုသိုလ်ကံ = ၅–ပါး
(ဃ) အရူပါဝစရကုသိုလ်ကံ = ၄–ပါး တို့ဖြစ်ကြပါသည်။

သန့်ရှင်းသော စေတနာ၊ သဒ္ဓါတရားဖြင့် ဤမေးခွန်းကို ဖြေဆိုနေသော စာဖြေပုဂ္ဂိုလ်၏ (တိဟိတ်ဥက္ကဋ္ဌ) **ကာမာဝစရကုသိုလ်ကံသည်**–

ကာမသုဂတိ ၇–ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါး တည်းဟူသော ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသည်။

❹ သတ္တဝါတို့ သေဆုံးခြင်း၏ အကြောင်းတရား လေးပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြရေးသား၍၊ လူတစ်ယောက် သေဆုံးသည်ဆိုရာ၌ အဘိဓမ္မာသဘောအားဖြင့် အဘယ်သို့ ဖြစ်ပျက်သည်ကို သေဆုံးသည်ဟု ခေါ်ဆိုပါသနည်း။ သင့်ဗြိုဟ်ကျမ်းကို ထောက်၍ ဖြေဆိုခဲ့ပါ။

**သတ္တဝါတို့၏ သေဆုံးခြင်း၏ အကြောင်းတရား လေးပါးကို** အဓိပ္ပာယ်နှင့်တကွ ဖော်ပြရသော်–

(၁) **အာယုက္ခယ မရဏ** = အသက်တမ်းကုန်မှုကြောင့် သေရခြင်း၊
(၂) **ကမ္မက္ခယ မရဏ** = ကံစွမ်းကုန်မှုကြောင့် သေရခြင်း၊
(၃) **ဥဘယက္ခယ မရဏ** = အသက်တမ်းနှင့် ကံစွမ်း ၂–ပါးကုန်၍ သေရခြင်း၊
(၄) **ဥပစ္ဆေဒက မရဏ** = (အသက်တမ်းနှင့် ကံစွမ်းမကုန်သေးသော်လည်း) ကံဆိုး ဖြတ်ချွေ၍ သေချိန်မရောက်သေးဘဲ လတ်တလော သေရခြင်း တို့ဖြစ်ပါသည်။

**အဘိဓမ္မာသဘောအရ လူတစ်ယောက် သေဆုံးခြင်းဆိုသည်မှာ**–

သေရဖို့ အလွန်နီးကပ်နေသော သတ္တဝါအား ဝီထိစိတ်၏ အဆုံး၌ဖြစ်စေ၊ ဘဝင်

http://www.dhammadownload.com



စိတ်အကုန်၌ဖြစ်စေ၊ လက်ရှိပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်ဖြစ်သော စုတိစိတ် ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျက်သွားပါသည်။ ယင်းသို့ ချုပ်ပျက်သွားခြင်းကို "စုတေသည်–သေသည်" ဟု ဆိုရခြင်း ဖြစ်ပါသည်။

(မှတ်ချက်။ ဝီထိမုတ်ပိုင်းအရ ဖြေဆိုပုံ ဖြစ်ပါသည်၊
ရုပ်ပိုင်းအရ ဖြေဆိုပုံကို ရုပ်ပိုင်း၌ ကြည့်ပါ။)

---

၁၉၉၂–ခုနှစ်

**၁** သူတစ်ပါး သားပျို့ သမီးပျို့များနှင့် လူမှုရေး ဖောက်ပြန်ခြင်းသည် မည်သည့် အကုသိုလ်ကံ ဖြစ်ပါသနည်း၊ ဖြေဆို၍ ယင်းကံ၏ ပဋိသန္ဓေအကျိုးပေးရာ ဘုံဌာနကိုလည်း ဖော်ပြပါ။

သူတစ်ပါး သားပျို့ သမီးပျို့များနှင့် လူမှုရေး ဖောက်ပြန်ခြင်းသည်–
ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ ဖြစ်ပါသည်။

ယင်းကံ၏ ပဋိသန္ဓေ အကျိုးပေးရာ ဘုံဌာနမှာ–
အပါယ် ၄–ဘုံ ဖြစ်ပါသည်။

**၂** ဒါနပြုရုံ၊ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရား ပွားများအားထုတ်မှသာ ရရှိနိုင်သည့်ကုသိုလ်ကံများကို ရေတွက်ပြ၍ မဟာဖြုပ္ပာကြီး ဖြစ်လိုသူသည် မည်သည့် တရားကို ပွားများရပါမည်နည်း။ သင်္ဂြိုဟ်ကျမ်း ထောက်ရှု၍ ဖြေဆိုပါ။

ဘာဝနာတရား ပွားများအားထုတ်မှသာ ရရှိနိုင်သည့် ကုသိုလ်ကံများမှာ–

| | |
|---|---|
| ရူပကုသိုလ်ကံ | = ၅–ပါး |
| အရူပကုသိုလ်ကံ | = ၄–ပါး |

ပေါင်း–မဟဂ္ဂုတ်ကုသိုလ်ကံ = ၉–ပါး တည်းဟူသော ဈာန်ကုသိုလ် ဖြစ်ပါသည်။

(တစ်နည်း)

သမထဘာဝနာတရား ပွားများအားထုတ်ခြင်းဖြင့် မဟဂ္ဂုတ်ကုသိုလ်ကံ ၉–ပါးနှင့် ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ခြင်းဖြင့် လောကုတ္တရာကုသိုလ်ကံ ၄–ပါး တို့ကို ရရှိစေနိုင်ပါသည်။

http://www.dhammadownload.com



မဟာပြဟ္မာကြီး ဖြစ်လိုသူသည်-

ရူပါဝစရ ပထမဈာန်ကုသိုလ်တရားကို ပဏီတဖြစ်အောင် ပွားများ အားထုတ်မှသာ ရရှိနိုင်ပါသည်။

**❸ သက်ရှိသတ္တဝါအားလုံးတို့၏ ဘဝနိဒါန်း စတင်ချိန်ကဖြစ်သော စိတ်၊ ဘဝနိဂုံး အဆုံးသတ်ချိန်၌ဖြစ်သော စိတ်နှင့် ဘဝ၏အင်္ဂါရပ်တစ်ခုဖြစ်သော စိတ်တို့ကို သိသာရုံမျှ ဖော်ညွှန်းပြ၍၊ "ပဋိသန္ဓေ"ဟူသော စကားကို အဘိဓမ္မာသဘောအရ ရှင်းလင်းပြပါ။**

သက်ရှိသတ္တဝါအားလုံးတို့၏-

**ဘဝနိဒါန်း စတင်ချိန်က ဖြစ်သောစိတ် = ပဋိသန္ဓေစိတ်**
**ဘဝနိဂုံး အဆုံးသတ်ချိန်၌ ဖြစ်သောစိတ် = စုတိစိတ်**
**ဘဝ၏ အင်္ဂါရပ်တစ်ခုဖြစ်သောစိတ် = ဘဝင်စိတ်** တို့ဖြစ်ပါသည်။

"ပဋိသန္ဓေ" ဟူသော စကားကို အဘိဓမ္မာသဘောအရ ရှင်းပြရသော်-

ရှေ့နောက်ဖြစ်သော ဘဝအထူး (ဘဝဟောင်းနှင့် ဘဝသစ်)ကို တစပ်တည်း ကဲ့သို့ ဆက်စပ်ပေးတတ်သော သဘောကို ဆိုလိုပါသည်။

**❹ သတ္တဝါများ သေခါနီးကာလ၌ ထင်လာတတ်သည့် နိမိတ် (၃)မျိုးကို ဖော်ပြ၍၊ လူသားများ သေလျှင် ရောက်နိုင်သည့် ဘုံဘဝတို့ကိုလည်း ဖြေဆိုပါ။**

သတ္တဝါများ သေခါနီးကာလ၌ ထင်လာတတ်သည့် နိမိတ် (၃)မျိုးမှာ-

- ကံ၊
- ကမ္မနိမိတ် နှင့်
- ဂတိနိမိတ် တို့ဖြစ်ပါသည်။

လူသားများ သေလျှင် ရောက်နိုင်သည့် ဘုံဘဝမှာ-

သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်များ သေလျှင် = ကာမ ၁၁-ဘုံ
တိဟိတ်ပုဂ္ဂိုလ်များ သေလျှင် = ၃၁-ဘုံသို့ ရောက်နိုင်ပါသည်။

http://www.dhammadownload.com



၁၉၉၃–ခုနှစ်

❶ သုံးဆယ့်တစ်ဘုံတွင် အနာဂါမ်၊ ရဟန္တာတို့သာ သီးသန့်ရရှိအပ်သည့်ဘုံကို ကောက်ပြ၍၊ မွေးရာပါ ဆွံ့အသူများ၏ ပဋိသန္ဓေစိတ်ကိုလည်း ညွှန်ပြခဲ့ပါ။

သုံးဆယ့်တစ်ဘုံတွင် အနာဂါမ်၊ ရဟန္တာတို့သာ သီးသန့်ရရှိအပ်သည့်ဘုံမှာ–

(၁) အဝိဟာဘုံ
(၂) အတပ္ပါဘုံ
(၃) သုဒဿာဘုံ
(၄) သုဒဿီဘုံ
(၅) အကနိဋ္ဌဘုံ တည်းဟူသော သုဒ္ဓါဝါသ (၅)ဘုံ ဖြစ်ပါသည်။

မွေးရာပါ ဆွံ့အသူများ၏ ပဋိသန္ဓေစိတ်မှာ–

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ဖြစ်ပါသည်။

❷ စာဖြေသူသည် မည်သည့်ဘုံသား ဖြစ်ပါသနည်း။ သက်တမ်းပမာဏ မည်မျှရှိပါသနည်း။ ပြည့်စုံအောင် ဖြေဆို၍ သိကြားမင်း သက်တမ်းကိုလည်း လူသားတို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

စာဖြေသူသည် လူ့ဘုံသား ဖြစ်ပါသည်။

လူ့ဘုံသားတို့၏ သက်တမ်းမှာ အတည်တကျ ပုံသေ သတ်မှတ်၍ မရသဖြင့် စာဖြေသူ၏ သက်တမ်းပမာဏကို အတိအကျ မသတ်မှတ်နိုင်ပါ။ ယခုခေတ်ကာလ လူ့ဘုံသားတို့၏ ပျမ်းမျှသက်တမ်းမှာမူ ၇၅–နှစ်ခန့် ရှိပါသည်။

သိကြားမင်း (တာဝတိံသာနတ်)၏ သက်တမ်းကို လူသားတို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြရသော်– နှစ်ပေါင်း ၃၆–သန်း သက်တမ်းရှိပါသည်။

❸ လောကတွင် "ကံကောင်း ထောက်မ ချမ်းသာရ၊ ကံဆိုး မိုးမှောင် ဆင်းရဲခေါင်" ဟူသော ဆိုရိုးစကားတို့သည် မည်သည့်ကံကို ဆိုလိုပါသနည်း။ ရှင်းလင်းရေးသား၍ မကောင်းမှု ဒုစရိုက်များ ကျူးလွန်အောင် အားပေးသော အရင်းခံတရားများကိုလည်း ထုတ်ဆောင် ရေးသားခဲ့ပါ။

http://www.dhammadownload.com



**လောကတွင် "ကံကောင်းထောက်မ ချမ်းသာရ" ဟူသော ဆိုရိုးစကားသည်...**

ကုသိုလ်–ဥပတ္ထမ္ဘကကံကို ဆိုလိုပါသည်။

(အဘယ်ကြောင့်ဆိုသော် ကံတစ်ပါးကို လည်းကောင်း၊ ကံတစ်ပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကိုလည်းကောင်း တိုးတက် ဖွံ့ဖြိုးစေရန် အားပေး ထောက်ပံ့သောကံသည် ဥပတ္ထမ္ဘကကံ မည်ခြင်းကြောင့် ကံကောင်းဟူသော ကုသိုလ် ဇနကကံကို ပိုမို ချမ်းသာစေရန် ထောက်ပံ့နိုင်စွမ်းရှိသည့် ကုသိုလ် ဥပတ္ထမ္ဘကကံကို ယူရခြင်း ဖြစ်ပါသည်။)

**"ကံဆိုးမိုးမှောင် ဆင်းရဲခေါင်" ဟူသော ဆိုရိုးစကားသည် ...**

အကုသိုလ်–ဥပပီဠကကံကို ဆိုလိုပါသည်။

(အဘယ်ကြောင့်ဆိုသော် ကံတစ်ပါးကိုလည်းကောင်း၊ ကံတစ်ပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကိုလည်းကောင်း ဆုတ်ယုတ် လျော့ပါး ညှိုးနွမ်းစေရန် ကပ်၍ နှိပ်စက်တတ်သောကံသည် ဥပပီဠကကံ မည်ခြင်းကြောင့် မူလ ကုသိုလ်ဇနကကံကို ဆုတ်ယုတ် လျော့ပါး ညှိုးနွမ်းစေရန် (ဆင်းရဲစေရန်) ကပ်၍ နှိပ်စက်တတ်သော အကုသိုလ် ဥပပီဠကကံကို ယူရခြင်း ဖြစ်ပါသည်။)

**မကောင်းမှု ဒုစရိုက်များ ကျူးလွန်အောင် အားပေးသော အရင်းခံတရားများမှာ–**

လောဘ၊ ဒေါသ၊ မောဟ ဟူသော မူလတရား ၃–ပါး ဖြစ်ပါသည်။

[မှတ်ချက်။ "ကံမြောက်ကြောင်း တရားများ"ဟု မေးလျှင်လည်း အထက်ပါအတိုင်း ဖြေပါ။]

---

**၁၉၉၄–ခုနှစ်**

**၁** **ယာမာနတ်တို့၏ ပဋိသန္ဓေစိတ်ကို ဖော်ပြ၍ ပရိတ္တာဘာဗြဟ္မာ၏ သက်တမ်းနှင့် အတိတ် ကုသိုလ်ကံတို့ကိုလည်း ဖြေဆိုပါ။**

**ယာမာနတ်တို့၏ ပဋိသန္ဓေစိတ်မှာ** = မဟာဝိပါက်စိတ် ၈–ပါးမှ တစ်ပါးပါး ဖြစ်ပါသည်။

**ပရိတ္တာဘာဗြဟ္မာ၏ သက်တမ်းမှာ** = မဟာကပ် ၂–ကပ် (ဝါ) ၂–ကမ္ဘာ ဖြစ်ပါသည်။

**ပရိတ္တာဘာဗြဟ္မာ၏ အတိတ်ကုသိုလ်ကံမှာ** = ပရိတ္တဖြစ်သော ဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၂ ဝစီကံမည်ခြင်းအကြောင်းကို ရေး၍ အသက်သတ်မှု၊ လိမ်ညာမှု၊ အယူမှားမှုများသည် မည်သည့် အကြောင်းရင်းမူလ တရားကြောင့် ဖြစ်ရသနည်း။ ညွှန်ပြပါ။

ဝစီကံ = (ဝစီဝိညတ်)ဟု ဆိုအပ်သော ဝစီဒွါရ၌ များသောအား ဖြင့် ဖြစ်တတ်သောကြောင့် "ဝစီကံ" မည်ပါသည်။

အသက်သတ်မှု၏မူလတရားမှာ= ဒေါသတရား ဖြစ်ပါသည်။

လိမ်ညာမှု၏ မူလတရားမှာ = ရံခါ လောဘ, ရံခါ ဒေါသတရား ဖြစ်ပါသည်။

အယူမှားမှု၏ မူလတရားမှာ = လောဘတရား ဖြစ်ပါသည်။

၃ ရုပ်ပဋိသန္ဓေနေသူ၊ နာမ်ပဋိသန္ဓေနေသူ၊ ရုပ်နာမ်အစုံ ပဋိသန္ဓေနေသူများကို သိသာရုံမျှ ခွဲခြားဖော်ပြ၍၊ အိမ်၌ မွေးထားသော ကြောင်ကလေးသေလျှင် ရောက်နိုင်ခွင့်ရှိသော ဘုံများကိုလည်း ရေးပါ။

ရုပ်ပဋိသန္ဓေနေသူ = အသညသတ်ပြဟ္မာ၊

နာမ်ပဋိသန္ဓေနေသူ = အရူပပြဟ္မာ၊

ရုပ်နာမ်အစုံ ပဋိသန္ဓေနေသူ = ကာမ ၁၁-ဘုံသားနှင့် အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံသားတို့ ဖြစ်ပါသည်။

အိမ်၌ မွေးထားသော ကြောင်ကလေး သေလျှင် ရောက်နိုင်ခွင့်ရှိသော ဘုံများမှာ-

"ကာမ ၁၁-ဘုံ" ဖြစ်ပါသည်။

---

## ၁၉၉၅-ခုနှစ်

၁ သုံးဆယ်တစ်ဘုံဌာနဝယ်-

(က) ပုထုဇဉ်တို့ သီးသန့်ဘုံဌာန၊

(ခ) အရိယာတို့၏ သီးသန့်ဘုံဌာန၊

(ဂ) အသက်အရှည်ဆုံးပြဟ္မာ၊

(ဃ) ယင်းပြဟ္မာ၏သက်တမ်းတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



သုံးဆယ်တစ်ဘုံဌာနဝယ်–

(က) **ပုထုဇဉ်တို့ သီးသန့်ဘုံဌာန** = အပါယ် ၄–ဘုံ + အသညသတ်ဘုံ

(ခ) **အရိယာတို့၏ သီးသန့်ဘုံဌာန** = သုဒ္ဓါဝါသ ၅–ဘုံ

(ဂ) **အသက်အရှည်ဆုံးပြဟ္မာ** = နေဝသညာနာသညာယတနပြဟ္မာ

(ဃ) **ယင်းပြဟ္မာ၏သက်တမ်း** = ကမ္ဘာပေါင်း (၈၄၀၀၀)

❷ စိတ်ဝိညာဉ်မဲ့ ပြဟ္မာကြီးတို့၏ ဘဝနိဒါန်းအစ ပဋိသန္ဓေဓမ္မကို ဖော်ပြ၍ မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပုံကိုလည်း "ပါကကာလကံ"အပြားကို သုံးသပ်၍ ဖြေဆိုပါ။

**စိတ်ဝိညာဉ်မဲ့ ပြဟ္မာကြီးတို့၏ ဘဝနိဒါန်းအစ ပဋိသန္ဓေဓမ္မမှာ–**

ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေ ဖြစ်ပါသည်။

မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပုံကိုလည်း **"ပါကကာလကံ"အပြားကို သုံးသပ်၍ ဖြေဆိုရသော်–**

"ပါကာလစတုက္က"အရ ကံ ၄–ပါး အပြားရှိပါသည်။ ၎င်းတို့မှာ–

(၁) **ဒိဋ္ဌဓမ္မဝေဒနီယကံ** = ယခု မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊
(၂) **ဥပပဇ္ဇဝေဒနီယကံ** = ဒုတိယဘဝ၌ အကျိုးပေးသောကံ
(၃) **အပရာပရိယာယဝေဒနီယကံ** = တတိယဘဝမှ နိဗ္ဗာန်မရမချင်း အကျိုးပေးသောကံ၊
(၄) **အဟောသိကံ** = အကျိုးမပေးသုဉ်းဆိတ်သောကံ ဟူ၍ဖြစ်ကြပါသည်။

၎င်းတို့အနက် "ဒိဋ္ဌဓမ္မဝေဒနီယကံ"ဟူသည် အာသေဝနပစ္စည်းမရ၊ အားနည်း၍ ဘဝတစ်ပါး၌ အကျိုးမပေးနိုင်ဘဲ မျက်မှောက်ဘဝ၌သာ အကျိုးပေးနိုင်သော ပထမဇော စေတနာကံမျိုး ဖြစ်သောကြောင့် မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များသည် ယခု မျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပါကြောင်း ဖြေဆိုအပ်ပါသည်။

❸ ဤကမ္ဘာမြေပြင်ဝယ် စစ်ပွဲကြီးများ ပေါ်ပေါက်ခြင်း, မိစ္ဆာအယူ ထွန်းကားခြင်းတို့၏ အကြောင်းရင်း ဇစ်မြစ်ကို ရှာဖွေပြ၍၊ ရုပ်ခန္ဓာမဲ့ပြဟ္မာကြီးများ၏ ပဋိသန္ဓေစိတ်ဝိညာဉ်သည် အဘယ်ကို အာရုံပြုပါသနည်း၊ တိကျစွာ ဖြေဆိုပါ။

http://www.dhammadownload.com



ဤကမ္ဘာမြေပြင်ဝယ် **စစ်ပွဲကြီးများ ပေါ်ပေါက်ခြင်း၏ အကြောင်းရင်း ဇစ်မြစ်မှာ–**

ဒေါသမူလတရားကြောင့် ဖြစ်၍၊

**မိစ္ဆာအယူ ထွန်းကားခြင်းတို့၏ အကြောင်းရင်း ဇစ်မြစ်မှာ–**

လောဘမူလတရားကြောင့် ဖြစ်ပါသည်။

ရုပ်ခန္ဓာမဲ့ (အရူပ)ဗြဟ္မာကြီးများ၏ ပဋိသန္ဓေစိတ်ဝိညာဉ်သည် အောက်ပါအတိုင်း အာရုံပြုပါသည်။

| ပဋိသန္ဓေစိတ် | ကမ္မနိမိတ်အာရုံ |
|---|---|
| အာကာသာနဉ္စာယတနဝိပါက်စိတ် | ကောင်းကင်ပညတ် |
| ဝိညာဏဉ္စာယတန ။ | ပထမာရုပ္ပဝိညာဉ် (မဟဂ္ဂုတ်) |
| အာကိဉ္စညာယတန ။ | နတ္ထိဘောပညတ် |
| နေဝသညာနာသညာယတန ။ | တတိယာရုပ္ပဝိညာဉ် (မဟဂ္ဂုတ်) |

---

၁၉၉၆–ခုနှစ်

❶ လူရာမဝင် လူစဉ်မမီသူတို့၏ ဘဝအစ ဦးစွာဖြစ်သောစိတ်ကို ဖော်ပြ၍၊ သက်တမ်းကာလ အတည်တကျ သတ်မှတ်မရနိုင်သော ဘုံသားများကိုလည်း ဖော်ပြပါ။

**လူရာမဝင် လူစဉ်မမီသူတို့၏ ဘဝအစ ဦးစွာဖြစ်သောစိတ်မှာ–**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တည်းဟူသော ပဋိသန္ဓေစိတ် ဖြစ်ပါသည်။

**သက်တမ်းကာလ အတည်တကျ သတ်မှတ်မရနိုင်သော ဘုံသားများမှာ–**

(၁) အပါယ် ၄–ဘုံသား၊

(၂) လူ့ဘုံသား၊

(၃) စာတုမဟာရာဇ်ဘုံမှ ဘုမ္မစိုးနတ် တို့ဖြစ်ကြပါသည်။

❷ နှစ်ဦးအခါဝယ် ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း စသည့် ပြုလုပ်မှုများသည် မည်သည့် ကောင်းမှုကုသိုလ်ကံ ဖြစ်သည်ကို ဖြေဆို၍၊ ယင်းကံ၏ အကျိုးပေးရာဘုံကိုလည်း အခါ အားလျော်စွာ အသီးသီး သတ်မှတ်ပြပါ။

http://www.dhammadownload.com



**နှစ်ဦးအခါဝယ် ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း စသည့် ပြုလုပ်မှုများသည်–**

အပစာယန၊ ဝေယျာဝစ္စကုသိုလ်ဖြစ်သော (သီလ)ကာမကုသိုလ်ကံ ဖြစ်ပါသည်။ (မဟာကုသိုလ်စိတ် ၈–ပါး၌ ယှဉ်သော စေတနာကို ရ၏။)

**ဤ ကာမကုသိုလ်ကံ၏ အကျိုးပေးရာဘုံတို့မှာ–**

ပဋိသန္ဓေအခါ၌ = ကာမသုဂတိ ၇–ဘုံ၊
ပဝတ္တိအခါ၌ = ကာမ ၁၁–ဘုံ နှင့်
(အသညသတ်ကြဉ်သော) ရူပ ၁၅–ဘုံတို့ ဖြစ်ပါသည်။

**၃** ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသော အဘိဓမ္မာ ဝေါဟာရတို့၏ သဘောသွားကို ရှင်းလင်းပြ၍၊ "ယခုဘဝသေပြီး နောက်ဘဝမရှိ"ဟု အယူသီးတို့၏ဝါဒကိုလည်း သင်္ဂဟနှင့် အညီ ပယ်ချပြပါ။

**ပဋိသန္ဓေ** = ဘဝဟောင်းနှင့် ဘဝသစ်ကို ပြတ်တောက်မသွားအောင် ဆက်စပ်ပေးခြင်း သဘော၊
**ဘဝင်** = ရရှိပြီးသော ဘဝကို တည်တံ့အောင် စောင့်ရှောက်ပေးသောသဘော၊ ဘဝ၏ အကြောင်းအင်္ဂါ၊
**စုတိ** = ရရှိပြီးသော ဘဝမှ လျှောကျပျက်စီး၊ သေဆုံးခြင်းသဘောတို့ ဖြစ်ပါသည်။

**"ယခုဘဝ သေပြီး, နောက်ဘဝမရှိ"ဟု အယူသီးသူတို့၏ ဝါဒကို(ဝီထိမုတ်ပိုင်း) သင်္ဂဟနှင့်အညီ ပယ်ချပြရသော်–**

(၁) စုတိစိတ် ချုပ်ပြီးနောက်၌ (ရဟန္တာ မဖြစ်သေး၍ ဘဝဇာတ် မသိမ်းသေးလျှင်) ပဋိသန္ဓေ, ဘဝင်, စုတိဟူသော စိတ်တို့သည် ရထား၌ တပ်ထားအပ်သော စက်ဘီး၏ လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ မပြတ် ဖြစ်ပြန်သည်" ဟူ၍ လည်းကောင်း၊

(၂) ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိများ ဆက်ကာဆက်ကာ ဖြစ်ကြသကဲ့သို့ နောက်ဘဝ၌လည်း ဤနည်းအတိုင်း (နိဗ္ဗာန်မရမခြင်း) ဖြစ်ပြန်လေသည်ဟူ၍လည်းကောင်း၊

(၃) ဟောထားချက်ကို ထောက်ဆခြင်းအားဖြင့် ယခုဘဝသေပြီး နောက်ဘဝ မရှိဟူသော အယူသီးသူတို့၏ ဝါဒကို သင်္ဂဟနှင့်အညီ ပယ်ချပြအပ်ပါသည်။

http://www.dhammadownload.com



❹ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ တွေ့ကြုံရမည့် သေခြင်းလေးမျိုးကို အစိပ္ပာယ်ပါအောင် ဖြေဆို၍—

ပုဂ္ဂိုလ် သတ္တဝါမှန်သမျှ **တွေ့ကြုံရမည့် သေခြင်းလေးမျိုးမှာ**—

(၁) အာယုက္ခယ မရဏ = အသက်တမ်းကုန်၍ သေခြင်း၊

(၂) ကမ္မက္ခယ မရဏ = ကံစွမ်းကုန်၍ သေခြင်း၊

(၃) ဥဘယက္ခယ မရဏ = အသက်တမ်း၊ ကံစွမ်း ၂-ပါးစုံကုန်၍ သေခြင်း၊

(၄) ဥပစ္ဆေဒက မရဏ = ကံဆိုးဖြတ်ချ၍ လတ်တလော သေခြင်း–တို့ ဖြစ်ကြပါသည်။

---

## ၁၉၉၇-ခုနှစ်

❶ သတ္တဝါတို့ကံအရ အမှန်တကယ် တည်ရှိနေသော ၃၁-ဘုံကို အကျဉ်းချုပ် ရေတွက်ပြ၍ (က) ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ခ) အရိယာပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ဂ) အရိယာပုထုဇဉ် ပုဂ္ဂိုလ်နှစ်မျိုးလုံး မရနိုင်သောဘုံတို့ကို ခွဲခြားဖြေဆိုပါ။

သတ္တဝါတို့ကံအရ အမှန်တကယ် တည်ရှိနေသော ၃၁-ဘုံကို အကျဉ်းချုပ် ရေတွက် ပြရသော်–

| | | | |
|---|---|---|---|
| ကာမ | = | ၁၁-ဘုံ | |
| ရူပ | = | ၁၆-ဘုံ | |
| အရူပ | = | ၄-ဘုံ | |
| ပေါင်း | = | ၃၁-ဘုံ | ဖြစ်ပါသည်။ |

(က) ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်များ မရနိုင်သောဘုံ

၁- အဝိဟာဘုံ
၂- အတပ္ပါဘုံ
၃- သုဒဿာဘုံ
၄- သုဒဿီဘုံ
၅- အကနိဋ္ဌဘုံ ဟူသော သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။

http://www.dhammadownload.com



(ခ) အရိယာပုဂ္ဂိုလ်များ မရနိုင်သောဘုံ

၁- အပါယ် ၄-ဘုံ

၂- အသညသတ်ဘုံ ပေါင်း ၅-ဘုံ ဖြစ်ပါသည်။

(ဂ) အရိယာ,ပုထုဇဉ် ပုဂ္ဂိုလ်နှစ်မျိုးလုံး မရနိုင်သောဘုံ = မရှိပါ။

**၂** ကမ္မဒွါရ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံ ၃-မျိုးကို ရေးသားပြီး ထိုကံတို့၏ အကြောင်းတရားနှင့် အကျိုးပေးရာဘုံတို့ကိုလည်း ပဋိသန္ဓေ၊ ပဝတ္တိအားဖြင့် ပြည့်စုံစွာ ဖော်ပြပါ။

**ကမ္မဒွါရ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံ ၃-မျိုးမှာ-**

(က) ကာယဒွါရ၌ အဖြစ်များသော = ကာယကံအကုသိုလ် ၃-ပါး၊
(ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ)

(ခ) ဝစီဒွါရ၌ အဖြစ်များသော = ဝစီကံအကုသိုလ် ၄-ပါး၊
(မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ)

(ဂ) မနောဒွါရ၌ အဖြစ်များသော = မနောကံ အကုသိုလ် ၃-ပါး၊
(အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ) တို့ဖြစ်ကြပါသည်။

**အကုသိုလ်ကံတို့၏ အကြောင်းတရားများ**

(၁) ပါဏာတိပါတ, ဖရုသဝါစာနှင့် ဗျာပါဒသည် = ဒေါသမူလတရား

(၂) ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာနှင့် မိစ္ဆာဒိဋ္ဌိသည် = လောဘမူလတရား

(၃) အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပသည် = ရံခါ လောဘမူလ, ရံခါ ဒေါသမူလကြောင့် ဖြစ်ပါသည်။

**အကုသိုလ်ကံတို့၏ အကျိုးပေးရာဘုံ-**

**ပဋိသန္ဓေအခါ** = ဥဒ္ဓစ္စမှတစ်ပါးသော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုး ပေးပါသည်။

**ပဝတ္တိအခါ** = ဥဒ္ဓစ္စနှင့်တကွ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ ၊ ပေါင်း ၂၆-ဘုံ၌ ပဝတ္တိအကျိုးကို ထိုက်သည့်အားလျော်စွာ ပေးပါသည်။

http://www.dhammadownload.com



**❸ ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု ရဟန်းခံ စသည်ကို ပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံသည် မည်သည့်ဘ၀၌ မည်သည့်အကျိုးဝိပါက်များကို ရရှိစေနိုင်ပါသနည်း။**

ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု ရဟန်းခံ စသည်ကို ပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံသည် ဒါနကုသိုလ် (တစ်နည်း) မဟာကုသိုလ်စေတနာ ၈-ပါးမှ တစ်ပါးပါး ဖြစ်ပါသည်။

**ဤကာမကုသိုလ်ကံ၏ အကျိုးပေးပုံမှာ-**

**ပဋိသန္ဓေအခါ** = ကာမသုဂတိ ၇-ဘုံ၌ ...
မဟာဝိပါက်စိတ် ၈-ပါးနှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါး၊ ပေါင်း ၉-ပါးတို့ကို ပေးပါသည်။

**ပဝတ္တိအခါ** = ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌...
မဟာဝိပါက်စိတ် ၈-ပါးနှင့် အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး ပေါင်း ၁၆-ပါးတို့ကို ထိုက်သင့်သည့် အားလျော်စွာ ပေးပါသည်။

---

## ၁၉၉၈-ခုနှစ်

**❶ ကာမ ၁၁-ဘုံကို ကောင်းသောလားရာဘုံ၊ မကောင်းသော လားရာဘုံအားဖြင့် ခွဲခြားဝေဖန်ပြ၍ စင်ကြယ်ဌာန သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ နေနိုင်သော အရိယာတို့ကိုလည်း ဖော်ပြပါ။**

**ကာမ ၁၁-ဘုံတွင်-**

ကောင်းသော လားရာဘုံ = ကာမသုဂတိ ၇-ဘုံ

မကောင်းသော လားရာဘုံ = အပါယ် ၄-ဘုံ

**စင်ကြယ်ဌာန သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော အရိယာမှာ-**

(သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ လွန်ကဲသော) ရူပပဉ္စမဈာန်ရ အနာဂါမ်ဖိုလ်ပုဂ္ဂိုလ် တစ်မျိုးသာ ဖြစ်ပါသည်။

**❷ သက်တမ်း မမြဲသော ကာမပုဂ္ဂိုလ်တို့ကို ဖြေဆို၍ ဘ၀တစ်ခု၌ တူမြဲတရားတို့ကိုလည်း ဖော်ပြပါ။**

http://www.dhammadownload.com



**သက်တမ်းမမြဲသော ကာမပုဂ္ဂိုလ်မှာ–**

(၁) အပါယ် ၄–ဘုံသား

(၂) လူဘုံသား

(၃) ဘုမ္မဇိုးနတ် တို့ဖြစ်ပါသည်။

**ဘဝတစ်ခု၌ တူမြဲတရားတို့မှာ–**

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ် တို့ဖြစ်ကြပါသည်။

(ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ဘူမိ၊ ဇာတိ၊ သမ္ပယုတ္တဓမ္မ၊ သင်္ခါရ၊ အာရုံအားဖြင့် အလုံးစုံ တူညီကြကုန်သောကြောင့် ဘဝတစ်ခု၌ တူမြဲတရား သုံးပါးဟု ဆိုခြင်း ဖြစ်ပါသည်။)

**၃ ဒါနကုသိုလ်ကံသည် နောင်သံသရာတွင်သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ပုံကို ရှင်းပြ၍၊ မကောင်းမှု အကုသိုလ်ကံ သုံးမျိုးတို့တွင် နောက်ဆုံးကံ၏ အဓိပ္ပာယ်ကိုလည်း စိတ်ဝယ်စွဲအောင် ရေးသားပြပါ။**

**ဒါနကုသိုလ်ကံသည် နောင်သံသရာတွင်သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ပုံကို ရှင်းပြရသော်–**

အကျိုးပေးရာ အချိန်အခါ (ပါကကာလ)နှင့် ပတ်သက်၍ အောက်ပါအတိုင်း ကံ ၄–မျိုး ပြားပါသည်။

(၁) **ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်သော ပထမဇောစေတနာ၊

(၂) **ဥပပဇ္ဇဝေဒနီယကံ** = ဒုတိယဘဝ၌ အကျိုးပေးနိုင်သော သတ္တမဇောစေတနာ၊

(၃) **အပရာပရိယာယဝေဒနီယကံ** = တတိယဘဝမှ နိဗ္ဗာန်မရမိစပ်ကြား၊ အခွင့်ရတိုင်း အကျိုးပေးနိုင်သော အလယ်ဇော ၅–ချက်စေတနာ၊

(၄) **အဟောသိကံ** = အကျိုးမပေးသောကံ တို့ဖြစ်ပါသည်။

ထို့ကြောင့် ဒါနကုသိုလ်ကံ ပြုလုပ်လျှင် ထိုဒါနကုသိုလ်သည် နောင်သံသရာတွင် သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ကြောင်း ထင်ရှားလှပါသည်။

**မကောင်းမှု အကုသိုလ်ကံသည် ကာယကံ, ဝစီကံ, မနောကံ ဟူ၍ ၃–မျိုးရှိရာဝယ်–**

နောက်ဆုံးကံဖြစ်သော မနောကံ၏ အဓိပ္ပာယ်မှာ– ကာယဝိညတ်, ဝစီဝိညတ်ကို

http://www.dhammadownload.com



ကြည့်၍ မနောဒွါရ (စိတ်)၌သာ များသောအားဖြင့် ဖြစ်တတ်သောကြောင့် မနောကံ မည်ပါသည်။

**မနောအကုသိုလ်ကံသည်** အောက်ပါအတိုင်း ၃–မျိုးရှိပါသည်။

(၁) **အဘိဇ္ဈာ** = သူပိုင်ဥစ္စာ ညွတ်မှု၊
(၂) **ဗျာပါဒ** = အသေတောင့်တမှု၊
(၃) **မိစ္ဆာဒိဋ္ဌိ** = အယူမှားမှု တို့ဖြစ်ပါသည်။

**၉** **အသညသတ်ဘုံသို့ ရောက်ရန် နည်းလမ်းကို စည်းကမ်းတကျ ရေးသားပြ၍ ဘဝင်ဖြစ်ပုံကို လည်း ဥပမာဆောင်ကာ ထင်အောင်ပြခဲ့ပါ။**

**အသညသတ်ဘုံသို့ ရောက်ရန် နည်းလမ်းကို စည်းကမ်းတကျ ရေးသားပြရသော်–**

ရူပပဉ္စမဈာန်ကို ရပြီးသော ကာမဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်သည် ''အမှတ်သညာရှိနေ (စိတ်,စေတသိက်ရှိနေ)သောကြောင့်သာ စားချင်, သောက်ချင်, လိုချင်မှု, ဒေါသဖြစ်မှု, မာနဖြစ်မှုတွေ ဖြစ်ရသည်၊ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာ မရှိဘဲ အေးမြငြိမ်း ချမ်းဖွယ် ရှိသည်'' ဟူသော သညာစေတသိက်နှင့်တကွ စိတ်, စေတသိက် အားလုံး အပေါ်မှာ များစွာအပြစ်မြင်လျက် ပဉ္စမဈာန်ကိုပင် ထပ်ကာထပ်ကာ ဝင်စား၏။ ထိုအခါ ပဉ္စမဈာန်စိတ်သည် သညာ(စိတ်, စေတသိက်အားလုံး)ကို စက်ဆုပ်သော ''သညာဝိရာဂ ဘာဝနာ''အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ် စုတေလျှင် သူ့အလိုကျ သညာမရှိသော အသညသတ်ဘုံသို့ ရောက်ရလေသည်။

**ဘဝင်ဖြစ်ပုံကို ဥပမာဆောင်ကာ ဖော်ပြရသော်–**

ပဋိသန္ဓေတည်နေပြီးသော သတ္တဝါတို့မှာ ပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်နှင့် အလားတူသော စိတ်သည်ပင် စုတိစိတ်ဖြစ်သည့်တိုင်အောင် (ပဋိသန္ဓေစိတ်နှင့် ဝီထိစိတ်တို့အကြား၌) ဝီထိစိတ် မဖြစ် ခဲ့သော် ဘဝင်ကိစ္စတပ်လျက် မြစ်ရေအလျဉ်ကဲ့သို့ ဘဝတစ်လျှောက်လုံး အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်နေပါသည်။

ဤသို့ ဖြစ်ပေါ်နေသောစိတ်သည် ဘဝ၏အကြောင်း ဖြစ်သောကြောင့် (တစ်နည်း) ဘဝမပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့် ဘဝင်စိတ် မည်ပါသည်။

http://www.dhammadownload.com



၁၉၉၉–ခုနှစ်

**၁ လူစဉ်မီသူနှင့် လူစဉ်မမီသူတို့ ဘဝအစ ပထမဦးဆုံးဖြစ်သော စိတ်ချင်း တူ/မတူ စိစစ် ဝေဖန်၍၊ တစ်ဘဝလုံး နာမ်တရားများ မဖြစ်သော ပြဟ္မာများကိုလည်း ညွှန်ပြပါ။**

လူစဉ်မီသူနှင့် လူစဉ်မမီသူတို့ ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူကြပါ။

**လူစဉ်မီသူ၏ ပဋိသန္ဓေစိတ်မှာ–**

မဟာဝိပါက်စိတ် ၈–ပါးဖြစ်သော သဟိတ်ကာမပဋိသန္ဓေဖြစ်ပြီး၊

**လူစဉ်မမီသူ၏ ပဋိသန္ဓေစိတ်မှာ–**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြစ်သော အဟိတ်ပဋိသန္ဓေ ဖြစ်ပါသည်။

**တစ်ဘဝလုံး "နာမ်တရား မဖြစ်သော ပြဟ္မာများမှာ–**

"အသညသတ်ပြဟ္မာများ" ဖြစ်ပါသည်။

ရူပပဉ္စမဈာန်ရပုဂ္ဂိုလ်သည် ထိုပဉ္စမဈာန်ကိုပင် သညာဝိရာဂဘာဝနာ ပွားများ အားထုတ်ပါက ၎င်းစုတေလျှင် သညာ(တစ်နည်း) နာမ်တရား လုံးဝမရှိသော အသည သတ်ဘုံ၌ အသညသတ်ပြဟ္မာ ဖြစ်ပါသည်။

**၂ နှုတ်ဖြင့် သူတစ်ပါး သတ်ခိုင်းသော ပါဏာတိပါတကံကို "ဝစီကံအကုသိုလ်"ဟု ခေါ်နိုင်၊ မခေါ်နိုင် ဝေဖန်ပြ၍၊ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွား အစရှိသည်ဖြင့် ပြောဆိုသော ပြိန်ဖျင်းသော စကားများသည် မည်သည့် အကြောင်းမူလတို့ကြောင့် ဖြစ်သည်ကိုလည်း ရေးသားပြပါ။**

**နှုတ်ဖြင့် သူတစ်ပါး သတ်ခိုင်းသော ပါဏာတိပါတကံကို "ဝစီကံ"ဟု မခေါ်နိုင်ပါ။**

**အကြောင်းပြရသော်–** ဝစီကံဟူသည် ဝစီဝိညတ်ဖြစ်သော ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သော ကံကို ခေါ်ခြင်းဖြစ်ပါသည်၊ ယခု ပါဏာတိပါတကံသည် ကာယဒွါရ, ဝစီဒွါရ ဒွါရ ၂–ပါးလုံး၌ ဖြစ်နိုင်သော်လည်း ကာယဝိညတ်ဖြစ်သော ကာယဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကံဖြစ်၍ "ကာယကံ"ဟု ခေါ်ရပါမည်။

သို့ဖြစ်၍ နှုတ်ဖြင့် သူတစ်ပါးကို သတ်ခိုင်းသော ပါဏာတိပါတကံကို ဝစီကံအကုသိုလ်ဟု မခေါ်ဆိုနိုင်ဘဲ "ဝစီဒွါရ၌ဖြစ်သော ကာယကံအကုသိုလ်"ဟုပင် ခေါ်ဆိုနိုင်ပါသည်။

http://www.dhammadownload.com



**ရွှေယုန်နှင့်ရွှေကျား သက်ကယ်ရိတ်သွား အစရှိသည်ဖြင့် ပြောဆိုသော ပြိန်ဖျင်းသော စကားသည် ...**

သမ္ဖပ္ပလာပ အကုသိုလ်ဝစီကံဖြစ်၍၊ ရံခါလောဘ, ရံခါဒေါသ အကြောင်းရင်းမူလ တို့ကြောင့် ဖြစ်ပါသည်။

❷ ကောင်းမှုကုသိုလ် ပြုပြီးနောက် မိမိရောက်အပ် ရအပ်သော ကုသိုလ်အဖို့ကို ပေးဝေခြင်း မျိုးသည် မည်သည့်ကောင်းမှုကုသိုလ်ကံ ဖြစ်သည်ကို ဖြေဆို၍၊ ယင်းကံ၏အကျိုးပေးရာ ဘုံတို့ကိုလည်း အခါအားလျော်စွာ အသီးသီး သတ်မှတ်ပြပါ။

**မိမိ ရအပ်သော ကုသိုလ်အဖို့ကို ပေးဝေခြင်းမျိုးသည်–**

ပတ္တိဒါန ပုညကြိယဝတ္ထု ကာမာဝစရကုသိုလ်ကံ ဖြစ်ပါသည်။

**ယင်း ကာမာဝစရကုသိုလ်ကံသည်–**

**ပဋိသန္ဓေအခါ** = ကာမသုဂတိ ၇–ဘုံ၊
**ပဝတ္တိအခါ** = ကာမ ၁၁–ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံတို့၌ ထိုက်သင့်သည့် အားလျော်စွာ ပေးပါသည်။

❸ "သူငါအစ များလှသောင်းသောင်း သတ္တဝါအပေါင်း ဖြစ်ရခြင်းသည် ပြဟ္မာဗိဿနိုးကြီး များ ဖန်ဆင်း၍ ဖြစ်လာရသည်"ဟုဆိုက လက်ခံ သင့်/မသင့် ရှင်းရှင်းလင်းလင်း အဖြေ သွင်း၍၊ ရူပပြဟ္မာကြီးများ စုတေက အပါယ်တိရစ္ဆာန်များ တိုက်ရိုက် ဖြစ်နိုင်/မဖြစ်နိုင် ကိုလည်း သေချာကျန ဖြေဆိုပြပါ။

**"သတ္တဝါအပေါင်း ဖြစ်လာရခြင်းသည် ပြဟ္မာဗိဿနိုးကြီးများ ဖန်ဆင်း၍ ဖြစ်လာ ရသည်"ဟူသော အဆိုသည်–** မမှန်ပါ။

အကြောင်းမှာ– အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ သတ္တဝါများ ဖြစ်ပေါ်လာခြင်း(တစ်နည်း) ပဋိသန္ဓေ တည်နေပုံကို အောက်ပါအတိုင်း ဆိုပါသည်။

ဘဝဟောင်း၏ စုတိစိတ် ချုပ်ပြီးနောက် အခြားမဲ့ ကာလမခြားဘဲ ဘဝသစ် ပဋိသန္ဓေစိတ်သည် ဘဝဟောင်း မရဏာသန္နဇောမှ ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍၊ ရှေးဘဝနှင့် နောက်ဘဝကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းအားဖြင့် ဘဝတစ်ပါး၌ ဥပါဒ်လျှင် ဥပါဒ်ခြင်း တည်လေ၏။

http://www.dhammadownload.com



အဝိဇ္ဇာ, တဏှာတည်းဟူသော ဘဝရေသောက်မြစ် မပြတ်သေးသော ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၌ အဝိဇ္ဇာက ဘဝ၏အပြစ်ကို ဖုံးပေးခြင်း၊ တဏှာက ထိုဘဝ၌ ညွတ်ကိုင်း တပ်မက်ခြင်းဟူသော (အဝိဇ္ဇာနုသယ အခြံအရံ, တဏှာနုသယ အရင်းခံရှိသော) ကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရက ''ပဋိသန္ဓေစိတ်''ကို ဖြစ်ပေါ်လာအောင် ဖန်တီး ပေးလိုက်ခြင်းကြောင့်သာ ''သတ္တဝါ'' ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ပြဟ္မာဗိဿနိုးကြီး များက ဖန်ဆင်းခြင်းကြောင့် မဟုတ်ပါ။

**ရူပပြဟ္မာကြီးများ စုတေက အဟိတ်တိရစ္ဆာန်များ တိုက်ရိုက် မဖြစ်နိုင်ပါ။** အဘယ်ကြောင့်ဆိုသော်–

ရူပပြဟ္မာများ စုတေလျှင် အပါယ်နှင့် အသညသတ်ကြဉ်သော ၂၆–ဘုံ၌ ပဋိသန္ဓေ နေနိုင်သည်ဟု စုတိနောင် ပဋိသန္ဓေနောင်းပုံ၌ ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။

---

**၂၀၀၀–ခုနှစ်**

**၁** (က) အရိယာသာ ရသောဘုံ၊ (ခ) ပုထုဇဉ်သာ ရသောဘုံ၊ (ဂ) နှစ်ပါးစုံ ရသောဘုံတို့ကို ဖော်ပြ၍၊ သက်တမ်းမပြည့်သူများကိုလည်း မပြည့်ခြင်းအကြောင်းရင်းနှင့် ဖြေဆိုပါ။

(က) အရိယာသာ ရသောဘုံ= သုဒ္ဓါဝါသ (၅)ဘုံ၊

(ခ) ပုထုဇဉ်သာ ရသောဘုံ = အသညသတ်ဘုံ၊ အပါယ် (၄)ဘုံ ပေါင်း ၅–ဘုံ၊

(ဂ) နှစ်ပါးစုံ ရသောဘုံ = ကာမသုဂတိ (၇)ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ(၁၀)ဘုံ၊ အရူပ(၄)ဘုံ = ပေါင်း ၂၁–ဘုံ။

**သက်တမ်းမပြည့်သူများမှာ–**

(၁) အပါယ် ၄–ဘုံသား၊

(၂) လူ (ဇမ္ဗူဒီပါ တောင်ကျွန်းသား)၊

(၃) ဘုမ္မစိုးနတ်များကို မှီခိုနေရသော ဝိနိပါတိကအသုရာ တို့ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များ၏ ဘဝသည် ကံသာလျှင် လိုရင်းပမာဏဖြစ်၍ အချို့ တစ်နံနက်မျှ သာ အသက်ရှည်ကြသည်။ အချို့မှာ တစ်ရက်မျှသာ အသက်ရှည်၍ အချို့မှာ နှစ်ပေါင်း အသင်္ချေတိုင်အောင် အသက်ရှည်ကြသည်။ ထို့ကြောင့် သက်တမ်းကာလကို အတည် တကျ သတ်မှတ်၍ မရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



❷ (က) လောဘကြောင့်ဖြစ်သော ဒုစရိုက်၊ (ခ) ဒေါသကြောင့်ဖြစ်သော ဒုစရိုက်၊ (ဂ) နှစ်ပါးစုံကြောင့်ဖြစ်သော ဒုစရိုက်တို့ကို ဖော်ပြ၍၊ "ထာဝရဘုရား ဖန်ဆင်းမှုကြောင့် သတ္တဝါများ ဖြစ်လာရသည်"ဟူသော ဝါဒကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေရှင်းပါ။

(က) လောဘကြောင့်ဖြစ်သော ဒုစရိုက်မှာ–

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ တို့ဖြစ်ပါသည်။

(ခ) ဒေါသကြောင့်ဖြစ်သော ဒုစရိုက်မှာ–

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ တို့ဖြစ်ပါသည်။

(ဂ) နှစ်ပါးစုံကြောင့်ဖြစ်သော ဒုစရိုက်မှာ–

အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ တို့ဖြစ်ပါသည်။

**"ထာဝရဘုရား ဖန်ဆင်းမှုကြောင့် သတ္တဝါများ ဖြစ်လာရသည်" ဟူသောဝါဒသည် အဘိဓမ္မာ အမြင်အားဖြင့် မှန်ကန်မှု မရှိပါ။**

သတ္တဝါများ ဖြစ်လာရခြင်း (ပဋိသန္ဓေနေရခြင်း)သည် ဘဝသစ်၌ အပြစ်ကို မမြင်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ ခြံရံ၍၊ ဘဝသစ်၌ စိတ်အစဉ်ကို ညွတ်ကိုင်းရှိုင်းစေသော တဏှာ အရင်းခံကာ၊ ကုသိုလ်–အကုသိုလ် သင်္ခါရဇနကကံတို့ကို ပြုလုပ်ခဲ့ခြင်းကြောင့် ကံ(သင်္ခါရ)၏ ပစ်ချမှုဖြင့် ဘဝသစ်၌ ပဋိသန္ဓေနေရခြင်း ဖြစ်ပါသည်။ ထာဝရဘုရား ဖန်ဆင်းမှုကြောင့် သတ္တဝါများ ဖြစ်လာရခြင်း မဟုတ်ပါ။

❸ "လူသေ လူသာဖြစ်" ဟူသောဝါဒ မှန်/မမှန် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ဖြေဆိုပါ။

**"လူသေလူသာဖြစ်" ဟူသောဝါဒ အတိအကျ မမှန်ပါ။**

အကြောင်းမှာ– စုတိနောင် ပဋိသန္ဓေနှောင်းပုံအရ လူ၏ စုတိ(၉)ပါးတွင်

(က) သုဂတိအဟိတ်စုတိ ၁–ပါးနောင် ကာမပဋိသန္ဓေ ၁၀–ပါးနှောင်း၍ ကာမ ၁၁–ဘုံ၌ လည်းကောင်း၊

(ခ) ဒွိဟိတ်စုတိ ၄–ပါးနောင် ကာမပဋိသန္ဓေ ၁၀–ပါးနှောင်း၍ ကာမ ၁၁–ဘုံ၌ ။

(ဂ) တိဟိတ်စုတိ ၄–ပါးနောင် ပဋိသန္ဓေ ၂၀–ပါးနှောင်း၍ ၃၁–ဘုံလုံး၌ ။

ပဋိသန္ဓေ နေနိုင်သောကြောင့် "လူသေ လူသာဖြစ်"ဟူသောဝါဒ မမှန်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၁-ခုနှစ်

၁ အနာဂါမ်, ရဟန္တာတို့အတွက် နေရာဌာန သီးသန့်ထားသော ဘုံတို့ကို ခွဲခြားပြ၍၊ ချာန် မရတာချင်း တူပါလျက် ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူပုံကိုလည်း ရှင်းပြပါ။

**အနာဂါမ်,ရဟန္တာတို့အတွက် နေရာဌာန သီးသန့်ထားသော ဘုံများမှာ-**

သုဒ္ဓါဝါသ (၅)ဘုံ ဖြစ်သော အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံ တို့ဖြစ်ပါသည်။

**ဈာန်မရတာချင်း တူပါလျက် ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူ ရခြင်းမှာ-**

- **တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄-ပါး** (မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး)သည်- ပဋိသန္ဓေအခါ ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးကို ဖြစ်စေ၏။
- **တိဟိတ်ဩမက မဟာကုသိုလ်စေတနာ ၄-ပါး** (မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄-ပါး)နှင့် **ဒွိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်စေတနာ ၄-ပါး** (မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ်စိတ် ၄-ပါး)တို့သည်- ပဋိသန္ဓေအခါ ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးကို ဖြစ်စေ၏။
- **ဒွိဟိတ်ဩမကမဟာကုသိုလ်စေတနာ ၄-ပါး** (မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး)သည်- ပဋိသန္ဓေအခါ လူ့ဘုံ, ဝိနိပါတိကအသုရာဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါးကို ဖြစ်စေ၏။

ထို့ကြောင့် ဈာန်မရတာချင်း တူပါလျက် မဟာကုသိုလ်စေတနာ၏ တိဟိတ်, ဒွိဟိတ်, ဥက္ကဋ္ဌ, ဩမကဟူ၍ ကွဲပြားသောကြောင့် ဘဝအစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူရခြင်း ဖြစ်ပါသည်။

၂ ကောင်းကံ, ဆိုးကံ ထိုနှစ်တန်တွင် အဘယ်ကံ ပို၍များသည်ကို အကျိုးပေးရာ ဘုံဌာနနှင့် စပ်၍ပြားသောကံ (၄)မျိုးကိုရှုကာ ဖြေဆို၍၊ ကိုယ်အမူအရာ, နှုတ်အမူအရာ မပါဘဲ စိတ်ဖြင့်သာ ကျူးလွန်မိနိုင်သော အကုသိုလ်ကံတို့ကိုလည်း ထုတ်ပြပါ။

http://www.dhammadownload.com



**အကျိုးပေးရာ ဘုံဌာနနှင့် စပ်၍ပြားသောကံ (၄)မျိုးမှာ–**

(၁) အကုသိုလ်ကံ = ၁၂–ပါး

(၂) ကာမာဝစရကုသိုလ်ကံ = ၈–ပါး

(၃) ရူပါဝစရကုသိုလ်ကံ = ၅–ပါး

(၄) အရူပါဝစရကုသိုလ်ကံ = ၄–ပါး

တို့ ဖြစ်သောကြောင့် ကောင်းကံ (ကုသိုလ်ကံ ၁၇–ပါး)က ပို၍များပါသည်။

**ကိုယ်အမူအရာ, နှုတ်အမူအရာ မပါဘဲ စိတ်ဖြင့်သာ ကျူးလွန်မိနိုင်သော အကုသိုလ် (မနော)ကံတို့မှာ–**

(၁) အဘိဇ္ဈာ = သူ့ပိုင်ဥစ္စာညွတ်မှု၊

(၂) ဗျာပါဒ = အသေတောင့်တမှု၊

(၃) မိစ္ဆာဒိဋ္ဌိ = အယူမှားမှု တို့ဖြစ်ပါသည်။

**၃ တရားနာခြင်း စသည်သည် ဘာဝနာ ဟုတ်-မဟုတ် စစ်တမ်းထုတ်၍၊ ဒါန, သီလ မပါ ဘာဝနာ တစ်မျိုးသာပါသော ကံတို့ကိုလည်း ရေးသားပြပါ။**

**တရားနာခြင်း (ဓမ္မဿဝန)သည် ဘာဝနာ ဟုတ်ပါသည်။**

တရားနာခြင်း (ဓမ္မဿဝန)သည် တရားနာကြောင်းဖြစ်သော စေတနာဖြစ်ပြီး ကုသိုလ်တရားကို ပွားစေတတ်သောကြောင့် ဘာဝနာမယဖြစ်သော ပုညကြိယဝတ္ထုတွင် ပါဝင်သည့် ဘာဝနာ ဖြစ်ပါသည်။

**ဒါန, သီလမပါ ဘာဝနာတစ်မျိုးသာပါသော ကံတို့မှာ–**

မဟဂ္ဂုတ်ကုသိုလ်ကံ ၉–ပါးဖြစ်သော ရူပါဝစရကုသိုလ်ကံ ၅–ပါးနှင့် အရူပါဝစရ ကုသိုလ်ကံ ၄–ပါးတို့ ဖြစ်ကြပါသည်။

**၄ အသညသတ်ဘုံသို့ ရောက်ဖို့ရန် အဘယ်ကို အဘယ်သို့အားထုတ်ရမည်ကို ရေး၍ ရဟန္တာ မဖြစ်သေး၍ ဘဝဇာတ်မသိမ်းသော ပုဂ္ဂိုလ်တို့အတွက် သံသရာစက် လည်ပုံကိုလည်း ဥပမာဆောင်ကာ ထင်အောင်ပြပါ။**

http://www.dhammadownload.com



**အသညသတ်ဘုံသို့ ရောက်မှန် အားထုတ်ပုံမှာ–**

ရူပပဥ္စမစျာန်ကို ရရှိပြီးသော ကာမဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်သည် ''အမှတ်သညာ (စိတ်, စေတသိက်) ရှိနေသောကြောင့်သာ စားချင်, သောက်ချင်, လိုချင်မှု, ဒေါသဖြစ်မှု, မာနဖြစ်မှုတွေ ဖြစ်ရသည်၊ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာ မရှိဘဲ အေးမြငြိမ်းချမ်းဖွယ်ရှိသည်'' ဟူသော သညာစေတသိက်နှင့်တကွ စိတ်,စေတသိက် အားလုံးအပေါ်၌ များစွာအပြစ်မြင်လျက် ပဥ္စမစျာန်ကိုပင် ထပ်ကာထပ်ကာ ဝင်စား၏။ ထိုအခါ ပဥ္စမစျာန်စိတ်သည် သညာ(စိတ်, စေတသိက်အားလုံး)ကို စက်ဆုပ်သော ''သညာဝိရာဂဘာဝနာ''အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ် စုတေလျှင် သူ့အလိုကျ သညာမရှိသော အသညသတ်ဘုံသို့ ရောက်ရလေသည်။

**သံသရာစက်လည်ပုံ**

''စုတိစိတ်ချုပ်ပြီးသည့်နောက်၌လည်း အသစ်အသစ်သော ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည် ရထား၌ တပ်ထားအပ်သော ဘီး၏လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက်လည်၍ ဖြစ်ကြလေသည်။

ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်တို့သည် အစဉ်အတိုင်း အဆက်ဆက် လည်၍ ဖြစ်သကဲ့သို့ ဘဝတစ်ပါး၌လည်း ဤအတိုင်းပင် လည်၍ (ရဟန္တာမဖြစ်မချင်း) ဖြစ်ကြလေသည်။

---

**၂၀၀၂–ခုနှစ်**

**❶ ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံတို့ကို ဖော်ပြ၍၊ "သုဒ္ဓါဝါသဘုံ၌ အရိယာများသာ နေကြသည်- အရိယာများသည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ကြသည်"ဟူသော အများပြောစကားကို တရားသဘောသွားနှင့် ညှိပြပါ။**

**ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံမှာ–** အပါယ်ဘုံမည်၍၊ ထိုအပါယ် ၄–ဘုံမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံ တို့ဖြစ်ပါသည်။

**''သုဒ္ဓါဝါသဘုံ၌ အရိယာများသာ နေကြသည်''** ဟူသော စကားမှာ– မှန်ကန်ပါသည်၊ ထိုဘုံ၌ ရူပပဥ္စမစျာန်ရ အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ရှိသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



"အရိယာများသည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ကြသည်"ဟူသောစကားမှာ– မမှန်ကန်ပါ။

**အကြောင်းမှာ–** အရိယာပုဂ္ဂိုလ်များသည်

- ကာမသုဂတိ ၇–ဘုံ၌ အရိယာပုဂ္ဂိုလ် အားလုံးသည်လည်းကောင်း၊
- အသညသတ်နှင့် သုဒ္ဓါဝါသ ၅–ဘုံကြဉ်သော ရူပ ၁၀–ဘုံ၌ အရိယာပုဂ္ဂိုလ်အားလုံး သည်လည်းကောင်း၊
- အရူပ ၄–ဘုံ၌ သောတာပန်ပုဂ္ဂိုလ်ကြဉ် ကျန်အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

**❷ မနောကံ၏ အဓိပ္ပာယ်ကို ရေးသားပြ၍၊ "မုသားမပါ လက်ာမချော"ဟု ပြောဆိုကြရာ ထိုမုသား ပြောဆိုခြင်းသည် ချစ်–မုန်းနှစ်တွေ အဘယ်အကြောင်းရင်းတွေကြောင့် ပြော ကြသည်ကိုလည်း ရေးသားပြပါ။**

**မနောကံ၏ အဓိပ္ပာယ်မှာ–**

ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မပါ၊ စိတ်တည်းဟူသော မနောဒွါရ၌ အဖြစ်များ သော အမှုကို "မနောကံ"ဟု ခေါ်ပါသည်။

**မုသားပြောဆိုခြင်းသည်** ချစ်(လောဘ)–မုန်း(ဒေါသ) နှစ်တွေသော အကြောင်းရင်းများ ကြောင့် ပြောဆိုကြခြင်း ဖြစ်ပါသည်၊ မုသားပြောခြင်း (မုသာဝါဒ)သည် ရံခါ လောဘ ကြောင့်လည်းကောင်း၊ ရံခါ ဒေါသကြောင့်လည်းကောင်း ဖြစ်နိုင်သောကြောင့် ဖြစ်ပါ သည်။

**❸ "အလှူပေးခြင်းသည် မွဲရုံသာရှိသည်"ဟု မှားယွင်းစွာယူခြင်းသည် မည်သည့်အကုသိုလ် ကံမျိုးဖြစ်သည်ကို ရေးပြ၍၊ ယင်း၏အကျိုးပေးရာ ဘုံဌာနတို့ကိုလည်း အခါအားလျော်စွာ အသီးသီး သတ်မှတ်ပြပါ။**

**"အလှူပေးခြင်းသည် မွဲရုံသာရှိသည်"ဟု မှားယွင်းစွာ ယူခြင်းသည်–**

"မိစ္ဆာဒိဋ္ဌိ" အကုသိုလ်ကံမျိုး ဖြစ်ပါသည်။

**ယင်း (အကုသိုလ်ကံ)၏ အကျိုးပေးရာ ဘုံဌာနတို့မှာ–**

ပဋိသန္ဓေအခါ = အပါယ် ၄–ဘုံ၌၊
ပဝတ္တိအခါ = ပဉ္စဝေါကာရ ၂၆–ဘုံ၌ အကျိုးပေးနိုင်ပါသည်။

http://www.dhammadownload.com



❾ "ကောင်းမှုပြုလုပ်က ကောင်းကျိုးရ၏"ဟု ပြောဆိုကြရာ အမှန်တကယ် မိမိနှင့်တူသော ကောင်းကျိုးကိုသာပေးသော ကုသိုလ်ကံကို ရွေးချယ်ပြ၍ တူမြဲတရား ၃-ပါးတို့၏ သဘော အဓိပ္ပာယ်ကိုလည်း မနောစိတ်ဝယ်စွဲအောင် ရေးသားပြပါ။

**အမှန်တကယ် မိမိနှင့်တူသော ကောင်းကျိုးကိုသာပေးသော ကုသိုလ်ကံမှာ–**

မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါးတို့ ဖြစ်ပါသည်။

**တူမြဲတရား ၃-ပါးတို့၏ သဘောအဓိပ္ပာယ်မှာ–**

တစ်ခုသောဘဝ၌ "ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်" တို့သည် ဘူမိ (ဘုံ)၊ ဇာတိ(ဇာတ်)၊ သမ္ပယုတ္တဓမ္မ(ယှဉ်ဘက်တရား)၊ သင်္ခါရ၊ အာရုံအားဖြင့် တူကြ၏။

**ထို ၃-ပါးတို့၏သဘောမှာ–**

ပဋိသန္ဓေစိတ် = ဘဝဟောင်းနှင့် ဘဝသစ် ဆက်စပ်ပေးခြင်းသဘော၊
ဘဝင်စိတ် = ရရှိပြီးသောဘဝကို တည်တံ့အောင် စောင့်ရှောက်ပေးသောသဘော၊
စုတိစိတ် = ရရှိပြီးသောဘဝမှ လျှောကျပျက်စီး သေဆုံးခြင်းသဘော ဖြစ်ပါသည်။

---

## ၂၀၀၃–ခုနှစ်

❶ ရုပ်ဖြင့်သာ ပဋိသန္ဓေနေ၍ ရုပ်ဖြင့်ပင် သေသောပုဂ္ဂိုလ်ကို ဖော်ပြ၍၊ အကျိုးပေးရာကာလ နှင့် စပ်၍ ပြားသောကံ ၄-မျိုးကိုလည်း ကာလများနှင့် တွဲစပ်ပြပါ။

**ရုပ်ဖြင့်သာ ပဋိသန္ဓေနေ၍ ရုပ်ဖြင့်ပင်သေသောပုဂ္ဂိုလ်မှာ–**

"ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေ" နှင့် ပဋိသန္ဓေနေ၍ "ဇီဝိတနဝကကလာပ် ရုပ်စုတိ"ဖြင့်သေသော အသညသတ်ပြဟ္မာများ ဖြစ်ပါသည်။

**အကျိုးပေးရာကာလနှင့်စပ်၍ ပြားသောကံ ၄–မျိုးကို ကာလများနှင့် တွဲစပ်ပြရသော်–**

| ကံ ၄–မျိုး | အကျိုးပေးရာကာလ |
|---|---|
| (၁) ဒိဋ္ဌဓမ္မဝေဒနီယကံ | – **မျက်မှောက်ဘဝ၌** အကျိုးပေးသော ပဌမဇောစေတနာ၊ |
| (၂) ဥပပဇ္ဇဝေဒနီယကံ | – **အခြားမဲ့ဘဝ၌** အကျိုးပေးသော အဆုံးသတ္တမဇော စေတနာ၊ |
| (၃) အပရာပရိယာယဝေဒနီယကံ | – **တတိယဘဝမှ နိဗ္ဗာန်မရမီ ကာလအတွင်း** အခွင့်ရတိုင်း အကျိုးပေးသော အလယ်ဇော ၅–ချက်စေတနာ၊ |

http://www.dhammadownload.com



(၄) အဟောသိကံ – **အကျိုးမပေး သုဉ်းဆိတ်သော** ဇွေ ၇–ချက် စေတနာ။

**၂ ကာယကမ္မအမည်ရခြင်းအကြောင်းကို ရေး၍၊ ကာယနှင့်ကမ္မ အရတို့ကိုလည်း ခွဲခြားပြပါ။**

**ကာယကမ္မ (ကာယကံ)အမည်ရခြင်းအကြောင်းမှာ–**

ကိုယ်တည်းဟူသော ကာယဒွါရ (ကာယဝိညတ်ရုပ်)၌ အဖြစ်များသောအမှုဖြစ်သောကြောင့် **ကာယကမ္မ**(ကာယကံ) အမည်ရခြင်းဖြစ်ပါသည်။

**ကာယ** အရ = ကာယဝိညတ်ရုပ်၊

**ကမ္မ** အရ = ကုသိုလ်, အကုသိုလ် စေတနာတို့ကို ရပါသည်။

**၃ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဝတ္တိကျိုး, ပဋိသန္ဓေကျိုးတို့ကို ဖော်ပြ၍ အသညသတ်ဘုံသို့ ရောက်ရန်နည်းကိုလည်း ရေးသားပြပါ။**

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဝတ္တိကျိုးမှာ–**

(၁) ကာမသုဂတိ ၇–ဘုံ၌– အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး, မဟာဝိပါက်စိတ် ၈–ပါး၊
(၂) အပါယ် ၄–ဘုံ၌– အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး၊
(၃) အသညသတ်ကြဉ် ရူပ ၁၅–ဘုံ၌– ဃာန, ဇိဝှါ, ကာယဝိညာဏ်ကြဉ်သော အဟိတ်ကုသလဝိပါက်စိတ် ၅–ပါးကို ဖြစ်စေနိုင်ပါသည်။

**ပဋိသန္ဓေကျိုးမှာ–**

ကာမသုဂတိ ၇–ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါးကို ဖြစ်စေနိုင်ပါသည်။

**အသညသတ်ဘုံသို့ ရောက်ရန်နည်း–** [ ၂၀၀၁–ခုနှစ်၊ မေးခွန်း နံပါတ်(၄)။ ]

**၄ စုတေခါနီး၌ ဖြစ်စသောစိတ်, ညစ်နွမ်းသောစိတ် နှစ်မျိုးတို့တွင် အဘယ်စိတ်ဖြစ်သည်ကို ရေးသားပြ၍၊ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင် အဘယ်စိတ်တို့သည် အဘယ်ကဲ့သို့ ဖြစ်သည်ကိုလည်း ရေးသားပြပါ။**

**စုတေခါနီး၌ ဖြစ်သောစိတ်မှာ–**

စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွတ်၍နေလေသည်။

http://www.dhammadownload.com



ဤစိတ်အစဉ်မှာ– ကုသိုလ်ကံက အကျိုးပေးတော့မည် ဖြစ်လျှင် (ကောင်းသောအာရုံ ထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက်) ဖြူစင်သောစိတ် = ကုသိုလ်စိတ် အစဉ်ဖြစ်နေ၏။

အကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် (မကောင်းသောအာရုံ ထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက်) ညစ်နွမ်းသောစိတ် = အကုသိုလ်စိတ်အစဉ် ဖြစ်နေ၏။

ထို့ကြောင့် စုတေခါနီးကာလ၌ စိတ်အစဉ်သည် ဖြူစင်သောစိတ်, ညစ်နွမ်းသောစိတ် နှစ်မျိုးလုံးမှ တစ်မျိုးမျိုးသည် ဖြစ်နိုင်ပါသည်။

**ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင် ဖြစ်သောစိတ်တို့မှာ–**

စုတိစိတ်ချုပ်ပြီးသည့် နောက်၌လည်း အသစ်အသစ်သော ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည် ရထား၌ တပ်ထားသောဘီး၏ လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက် လည်၍ ဖြစ်ကြလေသည်။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်တို့သည် အစဉ်အတိုင်းအဆက်ဆက်လည်၍ ဖြစ်သကဲ့သို့၊ ဘဝတစ်ပါး၌လည်း ဤအတိုင်းပင် အဆက်ဆက် လည်၍ (ရဟန္တာ မဖြစ်မချင်း) ဆက်ဖြစ်ပါသည်။

---

## ၂၀၀၄–ခုနှစ်

**၁** **ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသော ဘုံသားများကို ဖော်ပြ၍ သန္ဓေကန်းသူ မကန်းသူတို့ လူချင်းတူပါလျက် ဘဝအစပဋိသန္ဓေစိတ်ချင်း မတူပုံကိုလည်း ရေးသားပြပါ။**

**ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသော ဘုံသားများမှာ–**

အပါယ် ၄–ဘုံသားများဖြစ်သော ငရဲသား, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် တို့ဖြစ်ကြပါသည်။

**သန္ဓေကန်းသူ မကန်းသူတို့ လူချင်းတူပါလျက် ဘဝအစ ပဋိသန္ဓေစိတ်ချင်း မတူပုံ လူချင်းတူပါသော်လည်း**

**သန္ဓေကန်းသူသည်** – ဒွိဟိတ်သြမကကံကြောင့် ဘဝအစပဋိသန္ဓေအခါ၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁–ပါးဖြင့် လူဖြစ်၏။

http://www.dhammadownload.com



**သန္ဓေမကာန်းသူသည်** – တိဟိတ်ဥက္ကဋ္ဌကံ, တိဟိတ်ဩမကကံ, ဒွိဟိတ်ဥက္ကဋ္ဌကံတို့ကြောင့် ဘ၀အစပဋိသန္ဓေအခါ၌ မဟာဝိပါက်စိတ် ၈–ပါးမှ တစ်ပါးပါးဖြင့် လူဖြစ်၏။

ထို့ကြောင့် သန္ဓေကန်းသူ မကန်းသူတို့ လူချင်းတူပါလျက် ဘ၀အစပဋိသန္ဓေစိတ်ချင်း မတူကြခြင်း ဖြစ်ပါသည်။

❷ ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာ အဖြစ်များသောအမှုတို့ကို ဖော်ပြ၍၊ ဒါန အရ ပရမတ္ထတရားကိုယ်ကိုလည်း ကောက်ပြပါ။

**ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာအဖြစ်များသော အမှုတို့မှာ**– မနောကံ ဖြစ်၏။

မနော ဒုစရိုက် ၃–ပါးဖြစ်သော– အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ နှင့်

မနောသုစရိုက် ၃–ပါးဖြစ်သော– အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ တို့ဖြစ်ပါသည်။

**ဒါနအရ ပရမတ္ထတရားကိုယ်မှာ**– "မဟာကုသိုလ် စေတနာ ၈–ပါး" ဖြစ်ပါသည်။

❸ ကုသိုလ်ပြုစဉ် ကံကျိုးမြင်၍ ဉာဏ်ယှဉ်သောကုသိုလ်ကို ပဋိသန္ဓေကျိုးနှင့် တွဲစပ်ကာ ဖော်ပြ၍ မိမိနှင့်တူသောအကျိုးကိုသာ ပေးတတ်သောကံကိုလည်း တိကျစွာ ဖော်ပြပါ။

**ကုသိုလ်ပြုစဉ် ကံကျိုးမြင်၍ ဉာဏ်ယှဉ်သောကုသိုလ် (တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်) စေတနာသည်** ပဋိသန္ဓေအခါ ကာမသုဂတိ ၇–ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါးကို ဖြစ်စေပါသည်။

**မိမိနှင့်တူသောအကျိုးကိုသာ ပေးတတ်သောကံ**– [၂၀၀၂–ခုနှစ်၊ မေးခွန်းနံပါတ် (၄)]

❹ စုတေခါနီး၌ ဖြစ်ပေါ်သောစိတ်, ညစ်နွမ်းသောစိတ်တို့တွင် အဘယ်စိတ်ဖြစ်သည်ကို အကြောင်းနှင့်တကွ ခွဲခြားပြ၍၊ သေပြီးနောက် ၇–ရက် အိမ်၌တွယ်ကပ်နေသည်ဟု ဆိုကြရာ ထိုစကား မှန်–မမှန် စိစစ်ဝေဖန်ပြပါ။

[၂၀၀၃–ခုနှစ်၊ မေးခွန်းနံပါတ် (၄)]

**သေပြီးနောက် ၇–ရက် အိမ်၌တွယ်ကပ်နေသည်ဟု ဆိုကြရာ ထိုစကား မမှန်ပါ။**

http://www.dhammadownload.com



အကြောင်းမှာ– ဘဝမပြတ်သေးသမျှ သတ္တဝါတိုင်း ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်၍ပေးတတ်သော ပဋိသန္ဓေစိတ်သည် ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ်သည် အစွမ်းဖြင့် ဘဝသစ်၌ ဥပါဒ်လျှင် ဥပါဒ်ချင်း တည်၏။

ထို့ကြောင့် သေပြီးနောက် ၇–ရက် အိမ်၌ တွယ်ကပ်နေသည် ဟူသောစကား မမှန်ရခြင်း ဖြစ်ပါသည်။

---

## ၂၀၀၅–ခုနှစ်

❶ သုဒ္ဓါဝါသဘုံ၌ ရနိုင်သောပုဂ္ဂိုလ်, မရနိုင်သောပုဂ္ဂိုလ်တို့ကို ခွဲခြားပြ၍၊ သက်တမ်းမမြဲသူများကိုလည်း ရေးသားပြပါ။

သုဒ္ဓါဝါသဘုံ၌ ရနိုင်သောပုဂ္ဂိုလ်များမှာ – ရူပ ပဥ္စမစျာန်ရပြီးသော
အနာဂါမိဖိုလ်ပုဂ္ဂိုလ်,
အရဟတ္တမဂ်ပုဂ္ဂိုလ်,
အရဟတ္တဖိုလ်ပုဂ္ဂိုလ် တို့ဖြစ်ပါသည်။

မရနိုင်သောပုဂ္ဂိုလ်များမှာ – အဟိတ်ပုဂ္ဂိုလ်,
ဒွိဟိတ်ပုဂ္ဂိုလ်,
တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်,
အောက်မဂ်ပုဂ္ဂိုလ် ၃–ဦးနှင့် ပဥ္စမစျာန်မရ
အောက်ဖိုလ်ပုဂ္ဂိုလ် ၂–ဦး တို့ဖြစ်ပါသည်။

သက်တမ်းမမြဲသူများမှာ– (၁) အပါယ် ၄–ဘုံသား၊
(၂) လူ (ဇမ္ဗူဒီပါ တောင်ကျွန်းသား)၊
(၃) ဘုမ္မစိုးနတ်များကို မှီခိုနေရသော
ဝိနိပါတိက အသုရာ တို့ဖြစ်ပါသည်။

❷ "ကိုယ့်ကာယကံ ကိုယ်ထံပြန်"ဟူသော ဆိုရိုးစကားအရ ကိုယ့်ထံပြန်လာသော "ကာယကံ" များကို အကြောင်းနှင့်တကွ ရေးသားပြပါ။

ကိုယ့်ထံပြန်လာသော "ကာယကံ"များကို အကြောင်းနှင့်တကွ ဖော်ပြရသော်–

http://www.dhammadownload.com



| ကာယကံ | ကံမြောက်ကြောင်းတရား |
|---|---|
| (၁) ပါဏာတိပါတ | ဒေါသ |
| (၂) အဒိန္နာဒါန | ရံခါလောဘ, ရံခါဒေါသ |
| (၃) ကာမေသုမိစ္ဆာစာရ | လောဘ |

**❸ ဒါန သီလမဖက် ဘာဝနာသက်သက်ကြောင့်သာ ရနိုင်သော "ကံ"တို့ကို ရွေးချယ်ပြ၍၊ စိတ်ပျံ့လွင့်နေ၍ အကုသိုလ်ပြုမိသော အရှူးသည် အပါယ်ဘုံ ရောက်နိုင်-မရောက်နိုင် စိစစ် ဝေဖန်ပြပါ။**

**ဒါန သီလမဖက် ဘာဝနာသက်သက်ကြောင့်သာ ရနိုင်သော "ကံ"တို့မှာ–**

မဟဂ္ဂုတ်ကုသိုလ်ကံ ၉–ပါးဖြစ်သော ရူပါဝစရကုသိုလ်ကံ ၅–ပါးနှင့် အရူပါဝစရ ကုသိုလ်ကံ ၄–ပါးတို့ ဖြစ်ကြပါသည်။

**စိတ်ပျံ့လွင့်နေ၍ အကုသိုလ်ပြုမိသော အရှူးသည်– အပါယ်ဘုံ မရောက်နိုင်ပါ။**

အကြောင်းမှာ– "ဥဒ္ဓစ္စကြဉ်သော အကုသိုလ်စေတနာ ၁၁–ပါးသည် ပဋိသန္ဓေအခါ အပါယ် ၄–ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် (၁)ပါးကို ဖြစ်စေ၏"ဟုဆိုသောကြောင့် စိတ်ပျံ့လွင့်နေသူ အရှူးသည် စိတ်ပျံ့လွင့်ရုံ(ဥဒ္ဓစ္စဖြစ်ရုံ)မျှဖြင့် ပြုမိသောကြောင့် အပါယ်ဘုံသို့ မရောက်နိုင်၊ (ဥဒ္ဓစ္စကံကြဉ် ကြွင်းအကုသိုလ်ကံ ၁၁–ပါးကို ပြုမိလျှင်မူ အပါယ်ရောက်နိုင်ပါသည်။)

**❹ သေခြင်းလေးမျိုးကို ရေးသားပြ၍၊ စုတေခါနီး၌ ဖြူစင်သောစိတ်, ညစ်နွမ်းသောစိတ်တို့တွင် အဘယ်စိတ် ဖြစ်ပါမည်နည်း။ ခွဲခြားပြပါ။**

**သေခြင်းလေးမျိုးမှာ–**

(၁) အာယုက္ခယ မရဏ = အသက်တမ်းကုန်၍သေခြင်း၊
(၂) ကမ္မက္ခယ မရဏ = ကံစွမ်းကုန်၍ သေခြင်း၊
(၃) ဥဘယက္ခယ မရဏ = အသက်တမ်း, ကံစွမ်း နှစ်ပါးကုန်၍ သေခြင်း၊
(၄) ဥပစ္ဆေဒက မရဏ = ကံဆိုးဖြတ်၍ လတ်တလော သေခြင်းတို့ဖြစ်ပါသည်။

**စုတေခါနီး၌** --- [ ၂၀၀၃–ခုနှစ်၊ မေးခွန်းနံပါတ် (၄)]

http://www.dhammadownload.com



၂၀၀၆–ခုနှစ်

❶ ကောင်းမှုရှင်နှင့် မကောင်းမှုရှင်တို့ လားရောက်ရခြင်း မတူပုံကို ကာမ ၁၁-ဘုံကို ရှုကာ ခွဲခြားပြ၍ ရှေးရှေးဘဝကပြုလုပ်ခဲ့သော ကံကြွင်းကံကျန်များသည် ဤဘဝတွင်အကျိုးပေးကြရာ ထိုကံ၏ အမည်များကိုလည်း ကာလနှင့်စပ်၍ ပြားသောကံလေးမျိုးမှ ရွေးချယ်ပြပါ။

ကာမ ၁၁–ဘုံ၌ ကောင်းမှုရှင်နှင့် မကောင်းမှုရှင်တို့ လားရောက်ရခြင်း မတူပုံမှာ–

ကောင်းမှု(ကုသိုလ်)ရှင်တို့သည် လူ့ဘုံနှင့် နတ်ပြည် ၆–ထပ်ဟူသော ကာမသုဂတိ ၇–ဘုံသို့လည်းကောင်း၊ မကောင်းမှု (အကုသိုလ်)ရှင်တို့သည် အပါယ် ၄–ဘုံဟူသော ကာမဒုဂ္ဂတိဘုံသို့လည်းကောင်း လားရောက်နိုင်ပါသည်။

**ရှေးရှေးဘဝကပြုလုပ်ခဲ့သော ကံကြွင်းကံကျန်များသည် ဤဘဝတွင် အကျိုးပေးကြရာ ထိုကံ၏အမည်များကိုလည်း ကာလနှင့်စပ်၍ ပြားသောကံလေးမျိုးမှ ရွေးချယ်ပြရသော်–**

(၁) ပြီးခဲ့သော ဘဝမှ ပြုခဲ့၍ ယခုဘဝ၌ အကျိုးပေးသော သတ္တမဇော ကုသိုလ်, အကုသိုလ်စေတနာ (**ဥပပဇ္ဇဝေဒနီယကံ**)

(၂) ရှေးရှေးဘဝများမှ ပြုခဲ့သော ယခုဘဝ၌ အကျိုးပေးသော အလယ်ဇော ၅–ချက် ကုသိုလ်, အကုသိုလ်စေတနာ (**အပရာပရိယာယဝေဒနီယကံ**) တို့ဖြစ်ပါသည်။

❷ ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာအဖြစ်များသော "ကံ"တို့ကို ကောင်းကံ, ဆိုးကံအားဖြင့် ခွဲခြားဖြေဆိုပါ။

**ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာအဖြစ်များသော "ကံ"(မနောကံ)တို့ကို ကောင်းကံ, ဆိုးကံအားဖြင့် ခွဲခြားဖြေဆိုရသော်–**

ကောင်းကံ (သုစရိုက်မနောကံ) ၃–ပါးဖြစ်သော–

**အနဘိဇ္ဈာ** = သူ့ပိုင်ဥစ္စာ မညွတ်မှု၊
**အဗျာပါဒ** = အသေ မတောင့်တမှု၊
**သမ္မာဒိဋ္ဌိ** = အယူမှန်မှု တို့ဖြစ်ပါသည်။

ဆိုးကံ (ဒုစရိုက်မနောကံ) ၃–ပါးဖြစ်သော–

**အဘိဇ္ဈာ** = သူ့ပိုင်ဥစ္စာ ညွတ်မှု၊

http://www.dhammadownload.com



ဗျာပါဒ = အသေ တောင့်တမှု၊
မိစ္ဆာဒိဋ္ဌိ = အယူမှားမှု တို့ဖြစ်ပါသည်။

❷ ပညာရှိ သူတော်ကောင်းဖြစ်လာအောင် တွန်းအားပေးပို့လိုက်သော "ကံ"ကို ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးတို့နှင့် တွဲစပ်ကာ ဖော်ပြပါ။

**ပညာရှိ သူတော်ကောင်းဖြစ်လာအောင် တွန်းအားပေးပို့လိုက်သော "ကံ"မှာ–**

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄–ပါး (မဟာကု ဉာဏ်သံ–၄) ဖြစ်ပါသည်။

**၎င်းကို ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးတို့နှင့် တွဲစပ်ကာ ဖော်ပြရသော်–**

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄–ပါးသည်–

| အခါကာလ | ဘုံဌာန | အကျိုးဝိပါက်စိတ် |
|---|---|---|
| ပဋိသန္ဓေအခါ | ကာမသုဂတိ ၇–ဘုံ၌ | မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် = ၄–ပါး |
| ပဝတ္တိအခါ | ကာမသုဂတိ ၇–ဘုံ၌ | အဟိတ်ကုသလဝိပါက်စိတ် = ၈–ပါး<br>မဟာဝိပါက်စိတ် = ၈–ပါး |
| | အပါယ် ၄–ဘုံ၌ | အဟိတ်ကုသလဝိပါက်စိတ် = ၈–ပါး |
| | (အသညသတ်ကြဉ်)<br>ရူပ ၁၅–ဘုံ၌ | (ဃာန,ဇိဝှါ,ကာယကြဉ်)<br>အဟိတ်ကုသလဝိပါက်စိတ် = ၅–ပါး |

❸ ပဋိသန္ဓေစိတ်သည် ကံကိုအာရုံပြု အဘယ်ကံကိုသာ အာရုံပြုပါသနည်း ဖြေဆို၍၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ တရားကိုယ် အရကောက်ကိုလည်း ဖော်ပြပါ။

**ပဋိသန္ဓေစိတ်သည် ကံကိုအာရုံပြုလျှင်** အခြားမဲ့ဘဝဟောင်းမှ မရဏာသန္နဇောယူအပ်သော အတိတ်သာလျှင်ဖြစ်သော ကံကိုသာ အာရုံပြုပါသည်။

| **နိမိတ်** | **တရားကိုယ်အရကောက်** |
|---|---|
| ကံ | = အကျိုးပေးခွင့်ရ၍ ရှေးရှုတည်နေသော ပဋိသန္ဓေကို ဖြစ်စေသော (ဥပပဇ္ဇဝေဒနီယ, အပရာပရိယာယဝေဒနီယ) ကုသိုလ်, အကုသိုလ် ဇနကကံ၊ |

http://www.dhammadownload.com



| | | |
|---|---|---|
| ကမ္မနိမိတ် | = | ကံမြောက်ကြောင်း အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်၊ လက်နက်, တုတ်, ဓား စသော ကံအဆောက်အဦ၊ ကံနှင့်စပ်သမျှ ဝတ္ထုအာရုံ ၆-ပါး။ |
| ဂတိနိမိတ် | = | လားရာဂတိ အမိဝမ်းရေ, နတ်သမီးဘုံဗိမာန်, ဥယျာဉ်, ပဒေသာပင်, ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ စသည့် ပစ္စုပ္ပန်အာရုံ ၆-ပါး။ |

---

## ၂၀၀၇-ခုနှစ်

**၁** ရန်ကုန်ရွှေမြို့တော်ကြီး၌ မည်သည့်ပုဂ္ဂိုလ်များ နေထိုင်ကြသည်ကို စစ်တမ်းထုတ်ပြပြီးလျှင်၊ သိပ္ပံပညာရှင်များက "လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်"ဟု ဆိုလာရာ ယင်း အယူအဆကို အဘိဓမ္မာရှုထောင့်မှ သုံးသပ်ဝေဖန်ခဲ့ပါ။

ရန်ကုန်ရွှေမြို့တော်ကြီး၌ နေထိုင်ကြသောပုဂ္ဂိုလ်များကို စစ်တမ်းထုတ်ပြရသော်-

သုဂတိအဟိတ်ပုဂ္ဂိုလ်၊
ဒွိဟိတ်ပုဂ္ဂိုလ်၊
တိဟိတ်ပုဂ္ဂိုလ်နှင့်
အရိယာပုဂ္ဂိုလ် (၈)ယောက်တို့ ဖြစ်ပါသည်။

သိပ္ပံပညာရှင်များက "လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်" ဟု ဆိုလာရာ ယင်းအယူအဆကို အဘိဓမ္မာရှုထောင့်မှ သုံးသပ်ဝေဖန်ရသော်-

မျောက်သတ္တဝါ၏ ပဋိသန္ဓေစိတ် = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊
(လူစဉ်မမီသူ) လူသား၏ပဋိသန္ဓေစိတ် = အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊
(လူပီသသူ) လူသား၏ ပဋိသန္ဓေစိတ် = မဟာဝိပါက်စိတ် ၈-ပါးမှ တစ်ပါးပါး၊

ဤသို့ မျောက်သတ္တဝါနှင့် လူသားတို့ ပဋိသန္ဓေစိတ်ချင်း မတူ ကွဲပြားကြသောကြောင့် သိပ္ပံပညာရှင်များ၏ "လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်" ဟု ဆိုသော အယူအဆသည် ဗုဒ္ဓ၏ အဘိဓမ္မာရှုထောင့်နှင့် ကိုက်ညီမှန်ကန်မှု မရှိပါ။

**၂** "အယူမှားလျှင် သံသရာမှောက်"ဟုဆိုကြရာ အယူမှားခြင်း၏ဖြစ်ကြောင်းကို ထုတ်ပြပြီးလျှင်၊ အလိုရမ္မက် အမျက်ဒေါသ နှစ်ဝကြောင့်ဖြစ်ရသော အကုသိုလ် ဒုစရိုက်ဆိုးများကို အသီးသီး ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



"အယုတ်မှားလျှင် သံသရာမှောက်"ဟု ဆိုကြရာ အယူမှားခြင်း၏ (မိစ္ဆာဒိဋ္ဌိ)၏ ဖြစ်ကြောင်း မူလမှာ = လောဘမူလ ဖြစ်ပါသည်။

အလိုရမ္မက်၊ အမျက်ဒေါသ နှစ်ဝကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်များမှာ–
အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ– တို့ဖြစ်ကြပါသည်။

❸ တစ်သက်နဲ့တစ်ကိုယ်မှာ စိတ်လုံးဝဖြစ်ခွင့်မရှိသော ပုဂ္ဂိုလ် ရှိ/မရှိ ဆုံးဖြတ်ပြီးလျှင်၊ ရှိခဲ့လျှင်လည်း ထိုဘုံသို့ရောက်အောင် မည်သည့်တရားကို အားထုတ်ရပါမည်နည်း။ ဖြေဆိုကာ (၃၁)ဘုံတွင် ပုထုဇဉ်တို့ မကျင်လည်ဖူးသော ဘုံများကို အစဉ်တကျ ဖော်ပြခဲ့ပါ။

တစ်သက်နဲ့တစ်ကိုယ်မှာ စိတ်လုံးဝ ဖြစ်ခွင့်မရှိသော ပုဂ္ဂိုလ်မှာ = အသညသတ်ပြဟ္မာ

ရှင်းဘုံသို့ ရောက်အောင် အားထုတ်ရမည့်တရား= နာမ်ပျောက်စေလိုမှုနှင့် ယှဉ်သော ပဉ္စမဈာန်ကုသိုလ်၊

၃၁–ဘုံတွင် ပုထုဇဉ်တို့ မကျင်လည်ဖူးသောဘုံ (သုဒ္ဓါဝါသပြဟ္မာဘုံ)များမှာ–

(၁) အဝိဟာဘုံ၊
(၂) အတပ္ပါဘုံ၊
(၃) သုဒဿာဘုံ၊
(၄) သုဒဿီဘုံ၊
(၅) အကနိဋ္ဌဘုံ တို့ဖြစ်ပါသည်။

❹ ဘဝမဆုံးသေးသော လူပုဂ္ဂိုလ်များ သေခါနီးဆဲဆဲအခါ၌ ဂတိနိမိတ်များ ထင်လာတတ်ရာ အောက်ပါပုဂ္ဂိုလ်များ မည်သို့သော ဂတိနိမိတ်များ ထင်လာတတ်ပါသနည်း။

(က) လူ့ဘဝ၌ ပြန်ဖြစ်မည့်သူ၊
(ခ) နတ်ရွာနတ်ပြည်သို့ ရောက်မည့်သူ၊
(ဂ) အပါယ်လေးပါးသို့ ကျရောက်မည့်သူ၊

| ဘဝမဆုံးသေးသော လူပုဂ္ဂိုလ်များ | သေခါနီးဆဲဆဲအခါ ထင်လာသောဂတိနိမိတ် |
|---|---|
| (က) လူ့ဘဝ၌ ပြန်ဖြစ်မည့်သူ | = အမိဝမ်းရေ |
| (ခ) နတ်ရွာ နတ်ပြည်သို့ ရောက်မည့်သူ | = နတ်သမီး၊ ဘုံဗိမာန်၊ ဥယျာဉ် |

http://www.dhammadownload.com



(ဂ) အပါယ်လေးပါးသို့ ကျရောက်မည့်သူ= ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ တိရစ္ဆာန် ဝမ်းရေ၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ သုသာန်၊ သချိုင်း စသည်တို့ဖြစ်ပါသည်။

---

## ၂၀၀၈–ခုနှစ်

❶ သက်တမ်းမမြဲသော ပုဂ္ဂိုလ်များကို ဖော်ပြ၍၊ ရုပ်သာ ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်ကိုလည်း ရေးပြပါ။

သက်တမ်းမမြဲသော ပုဂ္ဂိုလ်များမှာ– [ ၂၀၀၅–ခုနှစ်၊ မေးခွန်းနံပါတ် (၁)]

ရုပ်သာ ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်မှာ– အသညသတ်ဘုံသား တို့ဖြစ်ကြပါသည်။

❷ ကာယကံမည်ခြင်း၏ အကြောင်းကိုရေး၍၊ ဒုစရိုက်ဆယ်ပါးတွင် မပါဝင်သောကြောင့် အရက်သေစာ သောက်စားခြင်းသည် အပြစ်မရှိဟုဆိုလျှင် သင် လက်ခံမည်လော၊ အကြောင်းပြ ဖြေဆိုပါ။

ကာယကံမည်ခြင်း၏ အကြောင်းမှာ– ကိုယ်တည်းဟူသော ကာယဒွါရ (ကာယဝိညတ်ရုပ်)၌ အဖြစ်များသောကြောင့် ကာယကံ မည်ပါသည်။

ဒုစရိုက်ဆယ်ပါးတွင် မပါဝင်သောကြောင့် အရက်သေစာ သောက်စားခြင်းသည် အပြစ်မရှိဟုဆိုလျှင် အကျွန်ုပ် (စာဖြေပုဂ္ဂိုလ်) လက်မခံနိုင်ပါ။

အကြောင်းမှာ– အရက်သေစာ သောက်စားခြင်းသည် ရသာရုံဟု ဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသော ခံစားမှုအကျင့်ဖြစ်၍ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်သော ကာမေသုမိစ္ဆာစာရ ဒုစရိုက်နှင့်အလားတူ အကျုံးဝင်သောကြောင့် အပြစ်ရှိသည်ဟု ဆိုနိုင်ပါသည်။

❸ အဘိဓမ္မာနည်းအရ အကုသိုလ်ကံ ၁၂–ပါးတို့တွင် (က) ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သော အကုသိုလ်ကံ၊ (ခ) ပဋိသန္ဓေ-ပဝတ္တိအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော အကုသိုလ်ကံတို့ကို ခွဲခြားပြ၍၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ (က) ပဋိသန္ဓေအကျိုး (ခ) ပဝတ္တိအကျိုးတို့ကိုလည်း တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



**အဘိဓမ္မာနည်းအရ အကုသိုလ် ၁၂-ပါးတို့တွင်-**

(က) ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သော အကုသိုလ်ကံ
မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁-ပါး၊

(ခ) ပဋိသန္ဓေအကျိုး- ပဝတ္တိအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော အကုသိုလ်ကံ
(ဥဒ္ဓစ္စကြဉ်သော) အကုသိုလ်စေတနာ = ၁၁-ပါး

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏-**

(က) **ပဋိသန္ဓေအကျိုး** = မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊

(ခ) **ပဝတ္တိအကျိုး** = အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး + မဟာဝိပါက်စိတ် ၈-ပါး
ပေါင်း ၁၆-ပါး

**၉** ကမ္ဘာပေါ်ရှိ ပုထုဇဉ်လူသားပုဂ္ဂိုလ် အမျိုးအစားတို့ကို အဘိဓမ္မာအမြင်ဖြင့် ဖော်ပြ၍ ဘဝတစ်ခု၌ အစဦးဖြစ်ပေါ်သောစိတ်၏ (က) အကြောင်းတရား၊ (ခ) အရင်းခံတရား၊ (ဂ) အခြံအရံတရားများကို ဖော်ပြပါ။

ကမ္ဘာပေါ်ရှိ ပုထုဇဉ်လူသားပုဂ္ဂိုလ်အမျိုးအစားတို့ကို အဘိဓမ္မာအမြင်ဖြင့် ဖော်ပြရသော်-

(၁) သုဂတိအဟိတ်ပုဂ္ဂိုလ်

(၂) ဒွိဟိတ်ပုဂ္ဂိုလ်

(၃) တိဟိတ်ပုဂ္ဂိုလ် ပေါင်း- ပုထုဇဉ်လူသားပုဂ္ဂိုလ် ၃-မျိုးရှိပါသည်။

**ဘဝတစ်ခု၌ အစဦး ဖြစ်ပေါ်လာသောစိတ် (ပဋိသန္ဓေစိတ်)၏-**

(က) **အကြောင်းတရား** = ကုသိုလ်၊ အကုသိုလ်-ကံသတ္တိရ

(ခ) **အရင်းခံတရား** = တဏှာ၊

(ဂ) **အခြံအရံတရား** = အဝိဇ္ဇာ၊

http://www.dhammadownload.com



၂၀၀၉–ခုနှစ်

❶ "ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျ"ဟု ဆိုရာ၌ သတ္တဝါတို့၏ကံအရ အမှန်တကယ် တည်ရှိနေသော (၃၁)ဘုံကို အကျဉ်းချုံး ရေတွက်ပြ၍ (က) အပါယ်ဘုံ၌ ဖြစ်နိုင်သော ပုဂ္ဂိုလ် သတ္တဝါ၊ (ခ) လူ့ဘုံ၌ဖြစ်နိုင်သော ပုဂ္ဂိုလ်သတ္တဝါတို့ကိုလည်း အသီးသီး ခွဲခြား ဖော်ပြပါ။

သတ္တဝါတို့၏ကံအရ အမှန်တကယ် တည်ရှိနေသော (၃၁)ဘုံကို အကျဉ်းချုံး ရေတွက် ပြရသော်–

| | | |
|---|---|---|
| အပါယ် | = | ၄–ဘုံ |
| ကာမသုဂတိ | = | ၇–ဘုံ |
| ရူပ | = | ၁၆–ဘုံ |
| အရူပါဝစရ | = | ၄–ဘုံ တို့ဖြစ်ပါသည်။ |

(က) အပါယ်ဘုံ၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်သတ္တဝါများမှာ–

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တို့ ဖြစ်ကြပါသည်။

(ခ) လူ့ဘုံ၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်သတ္တဝါတို့မှာ–

(၁) သုဂတိအဟိတ်ပုဂ္ဂိုလ်

(၂) ဒွိဟိတ်ပုဂ္ဂိုလ်

(၃) တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

(၄) အရိယာပုဂ္ဂိုလ် ၈–ယောက် = ပေါင်း ပုဂ္ဂိုလ် (၁၁)ယောက် ဖြစ်နိုင်ပါသည်။

❷ သက်တမ်း အတိအကျ ရေတွက်မရသော ကာမပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ ကမ္ဘာလောက၌ မကောင်းမှု ဒုစရိုက်တရားများ ဖြစ်ပေါ်လာကြရာ (က) လူသတ်ဝါဒ (ခ) လိမ်လည်သူ (ဂ) အယူဝါဒ မှားယွင်းမှုတို့၏ အခြေခံအကြောင်းတရားတို့ကိုလည်း ဖော်ပြပါ။

သက်တမ်းအတိအကျ ရေတွက်မရသော ကာမပုဂ္ဂိုလ်တို့မှာ–

အပါယ် ၄–ဘုံသား၊ လူ့ဘုံ (တောင်ကျွန်း)သားနှင့် စာတုမဟာရာဇ်ဘုံအနွယ်ဝင် ဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်နေသော ဝိနိပါတိက အသုရာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



| မကောင်းမှု ဒုစရိုက်တရားများ | | အခြေခံအကြောင်းတရား |
|---|---|---|
| (က) လူသတ်ဝါဒ | = | ဒေါသမူလ၊ |
| (ခ) လိမ်လည်သူ | = | (ရံခါ)လောဘမူလ၊ (ရံခါ) ဒေါသမူလ၊ |
| (ဂ) အယူဝါဒ မှားယွင်းမှု | = | လောဘမူလ၊ |

❸ "ကံသာ အမိ၊ ကံသာ အဖ"ဟု ဆိုကြရာ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း သိထိုက်သော ကံတို့ကို (က) အကျိုးပေးအစဉ် (ခ) အကျိုးပေးရာ ဘုံဌာနအားဖြင့် ခွဲခြားဖြေဆိုပါ။

(က) အကျိုးပေး အစဉ်အားဖြင့် ကံ ၄-မျိုးပြားပုံကို ဖြေဆိုရသော်-

(၁) ဂရုကံ = သေက ဒုတိယဘဝ၌ အကျိုးပေးမြဲသော အားကြီးသော မဟဂ္ဂုတ်ကံ၊ ပဥ္စာနန္တရိယကံ စသည်တို့၏ အဆုံးဇောစေတနာ၊

(၂) အာသန္နကံ = သေခါနီးမှ ပြုဖူး၊ ရှေးက ပြုခဲ့ဖူး၍ သေခါနီးမှ အမှတ်ရခါ အဟောင်းပေါ်လာသော ကုသိုလ်, အကုသိုလ်စေတနာကံ၊

(၃) အာစိဏ္ဏကံ= နေ့ရှည်ရက်ရှည် စွဲမြဲ၍ပြုသော ကုသိုလ်, အကုသိုလ်စေတနာ၊ တစ်ကြိမ်ပြုလည်း မပြတ် အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ် စေတနာကံ၊

(၄) ကဋတ္တာကံ = ရှေ့ကံ ၃-ပါးမှ လွတ်သော အပရာပရိယာကံဟောင်းစု၊ ဤဘဝ၌ ရံခါပြုသော သာမညကုသိုလ်, အကုသိုလ်စေတနာကံ၊

(ခ) အကျိုးပေးရာ ဘုံဌာနအားဖြင့် ကံ ၄-မျိုးပြားပုံကို ဖြေဆိုရသော်-

| | | |
|---|---|---|
| (၁) အကုသိုလ်ကံ | = | ၁၂-ပါး (အပါယ် ၄-ဘုံ) |
| (၂) ကာမာဝစရကုသိုလ်ကံ | = | ၈-ပါး (ကာမသုဂတိ ၇-ဘုံ) |
| (၃) ရူပါဝစရကုသိုလ်ကံ | = | ၅-ပါး (ရူပ ၁၆-ဘုံ) |
| (၄) အရူပါဝစရကုသိုလ်ကံ | = | ၄-ပါး (အရူပ ၄-ဘုံ) |

❹ လူသားတစ်ယောက်အတွက် ဘဝအဆုံး နိဂုံးဖြစ်သော သေခြင်း ၄-မျိုးကို ဖော်ပြ၍၊ လူတို့ သေခါနီးကာလ၌ အာရုံနိမိတ်ထင်ခြင်းသည် အကြီးအကျယ် ဝေဒနာခံစားရမှုကြောင့် ဖြစ်သည်ဟုဆိုက မှန်/မမှန် အဘိဓမ္မာသဘောဖြင့် နှီးနှော ဝေဖန်ပြပါ။

သေခြင်း ၄-မျိုးမှာ- [ ၂၀၀၅-ခုနှစ်၊ မေးခွန်းနံပါတ် (၄)]

http://www.dhammadownload.com



လူတို့ သေခါနီးကာလ၌ အာရုံနိမိတ် ထင်ခြင်းသည် အကြီးအကျယ် ဝေဒနာခံစား ရမှုကြောင့် ဖြစ်သည်ဟုဆိုက **မမှန်ပါ။**

**အဘိဓမ္မာသဘောဖြင့် ဝေဖန်ပြရသော်–**

သတ္တဝါတို့သည် မိမိတို့ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံအများ ရှိရာဝယ် ပဋိသန္ဓေအကျိုးကို ပေးရန် အခွင့်သာသော ကံတစ်ပါးပါးသည် သေခါနီးကာလ၌ ဒွါရ ၆–ပါးတို့မှ တစ်ပါးပါးတွင် ထိုက်သလို ထင်လာတတ်သည်။ စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထိုထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွတ်၍ နေရလေသည်။ ထိုဘဝသစ်သည်လည်း စင်ကြယ်သော ကုသိုလ်ကံ၊ ညစ်နွမ်းသော အကုသိုလ်ကံတို့အားလျော်စွာ သုဂတိ–ဒုဂ္ဂတိဘဝများကို ရနိုင်ပေ၏။

ထို့ကြောင့် လူတို့သေခါနီးကာလ၌ အာရုံနိမိတ်ထင်ခြင်းသည် မိမိတို့ ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံကြောင့်သာလျှင် ဖြစ်ပါသည်။

---

**၂၀၁၀–ခုနှစ်**

**၁** “သုံးဆယ့်တစ်ဘုံ အလုံးစုံကို ရေတွက်ပြ၍၊ (က) ပုထုဇဉ်မပါ အရိယာသာ ရှိသောဘုံ (ခ) အရိယာမပါ ပုထုဇဉ်သာ ရှိသောဘုံတို့ကိုလည်း ဖြေဆိုပါ။

**သုံးဆယ့်တစ်ဘုံ အလုံးစုံကို ရေတွက်ပြရသော်–**

| | | |
|---|---|---|
| အပါယ် | = | ၄–ဘုံ |
| ကာမသုဂတိ | = | ၇–ဘုံ |
| ရူပ | = | ၁၆–ဘုံ |
| အရူပ | = | ၄–ဘုံ |
| ပေါင်း | = | ၃၁–ဘုံ |

**(က) ပုထုဇဉ်မပါ အရိယာသာ ရှိသောဘုံမှာ–**

(၁) အဝိဟာဘုံ
(၂) အတပ္ပါဘုံ
(၃) သုဒဿာဘုံ

http://www.dhammadownload.com



(၄) သုဒဿီဘုံ
(၅) အကနိဋ္ဌဘုံတည်းဟူသော သုဒ္ဓါဝါသ (၅)ဘုံ ဖြစ်ပါသည်။

**(ခ) အရိယာမပါ ပုထုဇဉ်သာ ရှိသောဘုံမှာ–**

(၁) အပါယ် = ၄–ဘုံ
(၂) အသညသတ်ဘုံ = ၁–ဘုံ တို့ဖြစ်ကြပါသည်။

**၂ အတိတ်ကံက အရိပ်သဏ္ဌာန်လို လိုက်နေတယ်ဟူသော စကား၌ ကံဟူသမျှ ပြုစဉ်ခဏ၌သာ အရိပ်သဏ္ဌာန်လို အကျိုးပေးပါသလော၊ အကျိုးပေးရာကာလ၏ အစွမ်းဖြင့် ခွဲခြားဖြေဆို၍၊ စေတနာတိုင်း ကံ မည်/မမည် အကျိုးပေးရာဌာန၏ အစွမ်းဖြင့် ဖြေဆိုပါ။**

အတိတ်ကံက အရိပ်သဏ္ဌာန်လို လိုက်နေတယ်ဟူသော စကား၌ ကံဟူသမျှ ပြုစဉ်ခဏ၌သာ အရိပ်သဏ္ဌာန်လို အကျိုးပေးခြင်း မဟုတ်ပါ။

**အကျိုးပေးရာ ကာလအစွမ်းအားဖြင့် ခွဲခြား ဖြေဆိုပြရသော်–**

[ ၂၀၀၃–ခုနှစ်၊ မေးခွန်းနံပါတ်(၁)။ ]

**စေတနာတိုင်း ကံ–မမည်ပါ။ အကြောင်းမှာ–**

ကံဟူသည် ထိုထိုဘုံဌာနများ၌ ပဋိသန္ဓေကျိုး–ပဝတ္တိကျိုးတို့ကို ပေးစေနိုင်ပါသည်။ ဤသို့ အကျိုးပေးနိုင်သော ကံများတွင် အကုသိုလ်စေတနာ (ကံ) ၁၂–ပါး၊ ကာမကုသိုလ်စေတနာ(ကံ) ၈–ပါး၊ ရူပကုသိုလ်စေတနာ(ကံ) ၅–ပါး၊ အရူပကုသိုလ်စေတနာ(ကံ) ၄–ပါးသာ ပါဝင်၍ လောကုတ္တရာ ကုသိုလ်စေတနာ(ကံ) ၄–ပါး မပါဝင်ခြင်းကြောင့် ဖြစ်ပါသည်။

**၃ "ဒေါသရှေ့ထား အများများစွာ"ဟူသော စကားနှင့်အညီ ဒေါသတစ်ခုကြောင့် ဖြစ်ပေါ်လာနိုင်သော မကောင်းကျိုးများကို ဖော်ပြ၍၊ တူသောအကျိုးကို ပေးသောကံ၊ တူ/မတူ အကျိုး နှစ်မျိုးစုံကို ပေးသောကံတို့ကို ခွဲခြားဖြေဆိုပါ။**

**ပါဏာတိပါတ–စသော ဒေါသအကုသိုလ်စေတနာကြောင့်–**

**ပဋိသန္ဓေအခါ**–အပါယ် ၄–ဘုံ၌ = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁–ပါး

**ပဝတ္တိအခါ** – ကာမ ၁၁–ဘုံ၌ = အကုသလဝိပါက်စိတ် = ၇–ပါး

http://www.dhammadownload.com



(အသညသတ်ကြဉ်) (ဃာန,ဇိဝှါ,ကာယကြဉ်)
ရူပ ၁၅-ဘုံ၌ = အကုသလဝိပါက်စိတ် = ၄-ပါး

ဟူသော မကောင်းကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။

**တူသောအကျိုးပေးသောကံ** = မဟဂ္ဂုတ်ကုသိုလ်ကံ၊
လောကုတ္တရာကုသိုလ်ကံများ၊

**တူ-မတူအကျိုး နှစ်မျိုးစုံကို ပေးသောကံ** = ကာမ (ကုသိုလ်, အကုသိုလ်)ကံများ၊

❾ ဖြဟ္မာဗိဿနိုး တန်ခိုးကြီးမား ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် သတ္တဝါတွေ ဖြစ်ပေါ်လာရသည်ဟူသော စကား မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် ဝေဖန်ပြ၍ သံသရာစက်ရဟတ် အဆက်မပြတ် လည်ပုံကိုလည်း ဖြေဆိုပါ။

ဖြဟ္မာဗိဿနိုး တန်ခိုးကြီးမား ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် သတ္တဝါများ ဖြစ်ပေါ်လာသည်ဟူသော စကား မမှန်ပါ။

[ ၂၀၀၀-ခုနှစ် ၊ မေးခွန်းနံပါတ် (၂) တွင်ကြည့်ပါ။ ]

**သံသရာစက်ရဟတ် အဆက်မပြတ် လည်ပုံ-**

[ ၂၀၀၁-ခုနှစ် ၊ မေးခွန်းနံပါတ် (၄) တွင်ကြည့်ပါ။ ]

**(ဝိထိမုတ်ပိုင်းပြီး၏)**

**ဿဿဿ၎၎၎**

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (ဒုတိယဆင့်)

# ရုပ်ပိုင်း

## ( ၁၉၇၆–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၆–ခုနှစ်

၁။ အဘယ်တရားများကို ဖော်ပြရာ၌ ခေါ်သနည်း၊ သဘာဝရုပ် ၁၈–ပါးကို ရေတွက်ပြပါ။

၂။ ဥတုသည် ရုပ် ၂၈–ပါးတို့တွင် မည်သည့်ရုပ် ဖြစ်ပါသနည်း၊ ရုပ်ဖြစ်ကြောင်းတရားများကို လည်း သိသာရုံ ဖော်ပြပါ။

၃။ ကမ္မဇရုပ်ကလာပ်၊ အာဟာရဇရုပ်ကလာပ်တို့ကို ရေတွက်ပြ၍ ဂဗ္ဘသေယျကသတ္တဝါအား ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်၊ ချို့တဲ့နိုင်သော ရုပ်ကလာပ်တို့ကို ဖော်ပြပါ။

### ၁၉၇၇–ခုနှစ်

၁။ ရုပ် ၂၈–ပါးကို အကျဉ်းချုပ် ရေတွက်ပြ၍၊ သစ်ပင်များ၌ ဇီဝိတရုပ် (အသက်)ရှိသလော၊ သစ်ပင်၌ ရှိသောရုပ်များကို ရေတွက်ဖော်ပြ၍ ဖြေဆိုပါ။

၂။ အောက်ပါရုပ်များကို ရေတွက်ပြပါ။
(က) ကမ္မဇရုပ် (ခ) စိတ္တဇရုပ်

၃။ အသညသတ်ဘုံနှင့် လူ့ဘုံသည် ရုပ်ပိုင်းအရ မည်သို့ခြားနားမှု ရှိပါသနည်း၊ ရနိုင်သော ရုပ်များကို အသီးသီး ရေတွက်၍ ရှင်းပြပါ။

### ၁၉၇၈–ခုနှစ်

၁။ ဇာတိရုပ်ဆိုသည်မှာ အဘယ်နည်း၊ စိတ်ကရုပ်ကို ဖြစ်စေရာ၌ ဖြစ်စေပုံ၊ ဖြစ်စေနည်းကို ရှင်းပြပါ။

၂။ အောက်ပါတို့သည် ရုပ်ဖြစ်ကြောင်းတရားများတွင် မည်သည့်အကြောင်းများကြောင့် ဖြစ်ကြ သနည်း၊ အသီးသီး ဖော်ပြပါ။

http://www.dhammadownload.com



(က) မျက်စိအကြည်ဓာတ်၊
(ခ) အသက်ရှူသံ၊
(ဂ) ရုပ်ခန္ဓာ၏ ပေါ့ပါးမှု၊
(ဃ) ခေါင်းလောင်းသံ၊
(င) မေးမြန်းသည့်အခါ ဦးခေါင်းခါပြခြင်း။

၃။ သစ်ပင်တောတောင်စသော ဗဟိဒ္ဓသန္တာန်၌ ရနိုင်သော ရုပ်ကလာပ်တို့ကို တိကျစွာ ပြဆို၍ ကမ္မဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာကာလ၊ ချုပ်ရာကာလတို့ကို သင်္ကြိုဟ်ကျမ်းနှင့်အညီ သတ်မှတ်ပြပါ။

## ၁၉၇၉-ခုနှစ်

၁။ အောက်ပါတို့တွင် ရုပ်ဖြစ်ကြောင်း ၄-ပါးတို့တွင် မည်သည့်အကြောင်းကြောင့် ဖြစ်ပါသနည်း။

(က) လျှာအကြည်၊
(ခ) ကိုယ်ဖြင့်သိစေသော အမူအယာ၊
(ဂ) စကားပြောသံ၊
(ဃ) ခေါင်းလောင်းထိုးသံ၊
(င) ကိုယ်ခန္ဓာပေါ့ပါးမှု၊

၂။ အောက်ပါတရားများကို အဘိဓမ္မာတရားကိုယ် ကောက်ပြပါ။

(က) မတ်တပ်ရပ်မှုကို အထောက်အပံ့ပြုသောစိတ်၊
(ခ) ကိုယ်ဖြင့် သိစေမှုကို ဖြစ်စေသောစိတ်၊
(ဂ) လူကို ရယ်ရွှင်စေသောစိတ်၊

၃။ သစ်ပင်နှင့် စည်သံ-ဗျောသံတို့၌ ရထိုက်သော ရုပ်ကလာပ်နှင့် ရုပ်တရားတို့ကို ကောက်ပြပြီးလျှင် ပဋိသန္ဓေအခါ ကလလရေကြည်ဟုခေါ်သော ရုပ်ကလာပ် ၃-မျိုးကို ရုပ်ပိုင်းအရ ဖော်ပြပေးခဲ့ပါ။

၄။ စကားပြောကောင်းသောသူ၌ ဖြစ်သင့်သော ရုပ်ကလာပ်နှင့် ရုပ်တရားတို့ကို ဖော်ပြပြီးလျှင် ယောက်ျားတစ်ယောက်၌ ရနိုင်သော ရုပ်တို့ကို ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၀–ခုနှစ်

၁။ မည်သည့်နည်းနှင့်မျှ ခွဲဖျက်၍ မရသော ရုပ်များကို ဖော်ပြ၍ အိပ်ပျော်နေသော လူတစ်ဦး၌ ရနိုင်သမျှသောရုပ်တို့ကို ရေးသား ဖော်ပြခဲ့ပါ။

၂။ လူ၏ ကိုယ်ခန္ဓာ အသက်ရှည်ကြာ တည်တံ့နေနိုင်ရေးအတွက် လိုအပ်သော သမုဋ္ဌာန်တို့ကို ဖော်ပြခဲ့ပါ။

၃။ အစားအသောက်ကို စားမျိုသောအခါ အစာကြေညက်ပြီးမှ လူ၏ကိုယ်ခန္ဓာကို အကျိုးပြုပါသလော၊ မည်သည့်ကာလက စ၍ အကျိုးပြုပါသနည်း။

## ၁၉၈၁–ခုနှစ်

၁။ ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်ပေါင်းမည်မျှ ရှိပါသနည်း၊ ထိုရုပ်တို့တွင် အမည်နှစ်မျိုးအားဖြင့် ခေါ်ဝေါ်ထားသောရုပ်ကား အဘယ်ရုပ်ဖြစ်ပါသနည်း။

၂။ "ရေထဲ၌ မီးရှိသည်၊ မီးထဲ၌ ရေရှိသည်"ဟူသော သိပ္ပံပညာရှင်တို့၏ ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌ အကျုံးဝင်ခြင်း ရှိ–မရှိ၊ ရူပဝိဘာဂအခန်းကို အခြေခံကာ ဖြေဆိုပါ။

၃။ ဗုဒ္ဓမြတ်စွာက နိဗ္ဗာန်၏ဂုဏ်ပုဒ်ကို မည်ကဲ့သို့ ချီးကျူးထုတ်ဆိုထားတော်မူပါသနည်း။

## ၁၉၈၂–ခုနှစ်

၁။ "ရုပ်ရုပ်ချင်း စကားပြောသည်၊ ငါ့ဦးနှောက်က သိသည်" စသည်ဖြင့် ပြောဆိုသော စကားများသည် ဗုဒ္ဓအဘိဓမ္မာနှင့် ညီညွတ်ခြင်း ရှိ–မရှိ သင်္ဂြိုဟ်နှင့် ညှိ၍ စိစစ်ဆုံးဖြတ်ပါ။

၂။ အလှအပ စိုက်ထားသော ဂမုံးပင်များ၌ အသက်ဝင်လာသည်၊ အသက်ရှိသည်ဟူသော အယူအဆသည် မှန်–မမှန် ကျမ်းနှင့်ညှိ၍ စိစစ်ပါ။

၃။ ရန်သူ၏လက်ချက်ကြောင့် မျက်စိနှစ်လုံး ဆုံးရှုံးရရှာသော ယောကျ်ား၌ ဖြစ်ခွင့်ရှိသော ကမ္မဇရုပ်စုများကို ကောက်ပြပါ။

## ၁၉၈၃–ခုနှစ်

၁။ အသံဖြစ်ကြောင်း သမုဋ္ဌာန်တို့တွင် အောက်ပါအသံများသည် မည်သည့်သမုဋ္ဌာန်ကြောင့် ဖြစ်ပါသနည်း။
(က) မိုးချုန်းသံ၊ (ခ) စာကျက်သံ

http://www.dhammadownload.com



၂။ အဏုမြူတစ်ခုတွင် အပါအဝင်ဖြစ်သော ကလာပ်စည်း ၁–ခုအတွင်းရှိ ရုပ် ၈–ပါးကို အသီးသီး ခွဲခြား ဖော်ပြပါ။

၃။ လူ့ဘဝအစ ပဋိသန္ဓေကာလ၌ မရကောင်းသော ရုပ်များကို ရေတွက်ဖော်ပြပါ။

## ၁၉၈၄–ခုနှစ်

၁။ ''စိတ်ကြောင့် ရုပ်ဖြစ်သည်'' ဆိုလျှင် (က) အဘယ်စိတ်က (ခ) အဘယ်ရုပ်ကို (ဂ) အဘယ်ကာလ၌ ဖြစ်စေပါသနည်း၊ ဗုဒ္ဓအဘိဓမ္မာအရ ခွဲခြား ဖြေဆိုပါ။

၂။ ရုပ်တို့ကို ရုပ်ကလာပ်အဖြစ် ဖွဲ့စည်းရာတွင် လိုအပ်သော အင်္ဂါရုပ်များကို ဖော်ပြပါ။

၃။ လူသားများ ပဋိသန္ဓေတည်နေခိုက် ဥပါဒ်ခဏ၌ ရနိုင်ကောင်းသော ရုပ်ပေါင်း ၃၀–ကို ရေတွက်ဖော်ပြပါ။

## ၁၉၈၅–ခုနှစ်

၁။ ရုပ် ၂၈–ပါးတို့တွင် ပရမတ်ရုပ်–ပညတ်ရုပ်တို့ကို အကျဉ်းမျှ ခွဲခြား ဖော်ပြပြီးလျှင် ယင်းသို့ ကွဲပြားစေခြင်း၏ သဘောလက္ခဏာများကိုလည်း ဖော်ပြပါ။

၂။ နောင်ဘဝသစ်ကို ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်စွမ်းရှိသော အကြောင်းကံတို့ကို ဖော်ပြပြီးလျှင် နောင်ဘဝသစ်တွင် ထိုကံက မည်သည့်အချိန်မှစ၍ ရုပ်တရားတို့ကို ဖြစ်ပေါ်စေနိုင်ပါသနည်း။

၃။ လူသားတစ်ဦး၏ ပဋိသန္ဓေတွင် နာမ်ပါ–မပါ၊ ပဋိသန္ဓေတည်စ ခဏ၌ ရုပ်အတုံးအခဲချည်းသာ ဟုတ်–မဟုတ် ဗုဒ္ဓအဘိဓမ္မာပညာဖြင့် နက်နဲစွာ ဆင်ခြင်၍ ဝေဖန် ဖော်ပြခဲ့ပါ။

## ၁၉၈၆–ခုနှစ်

၁။ လူသားတိုင်း လူသားတိုင်း ဝန်းကျင်ခက်နွယ်၊ နှောင်ကြိုးတွယ်လျက်၊ ပြုံးရယ်မဲ့ငို၊ ချစ်မုန်း ပိုတတ်ကြ၏။ လူသားတို့အတွက် ပြုံးရယ်မှုကို ဖြစ်စေတတ်သော ဇောစိတ်များကို ဗုဒ္ဓအဘိဓမ္မာနည်းအရ ထုတ်ပြခဲ့ပါ။

၂။ ရုပ်ဖြစ်စဉ်အရ သတ္တဝါအမျိုးအစားများကို ထုတ်ပြ၍ ယနေ့သိပ္ပံခေတ်၌ ပညာရှင်တို့ မသိကြသေးသော သတ္တဝါများကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၃။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေ့စဉ် တောင့်တလျက်ရှိသော နိဗ္ဗာန်ဟူသော စကား၏ အဓိပ္ပာယ်ကို ဘုရားရှင်က မည်ကဲ့သို့ ဟောခဲ့ပါသနည်း။ ရုပ်ပိုင်းလာ ဂါထာအရ ကျမ်းဆရာ၏ အာဘော်ကျအောင် အကျဉ်းချုပ် ဖြေဆိုခဲ့ပါ။

## ၁၉၈၇–ခုနှစ်

၁။ ပြုံးရယ်ခြင်းသည် လူသားတို့၏ ထူးခြားသော မြတ်နိုးဖွယ် အမူအရာတစ်ခု ဖြစ်ခဲ့ရာ ထိုအမူအရာကောင်း ဖြစ်ပေါ်လာအောင် မည်သည့်စိတ်များက ပြုလုပ်ပေးပါသနည်း။ စိစစ်ပြခဲ့ပါ။

၂။ လူသေသောအခါ လူ၌ဖြစ်သော ရုပ်လေးပါးတို့၏ နောက်ဆုံး ချုပ်ပျက်ပုံကို အဘိဓမ္မာကျမ်းလာအတိုင်း ဖြေဆိုပါ။

၃။ နိဗ္ဗာန်သည် သေပြီးမှ ရအပ်သော တရားမျိုးသာ ဖြစ်ပါသလော၊ သင်္ဂဟကျမ်းလာ နိဗ္ဗာန် ၂–မျိုးကို ကိုးကားလျက် ကျေနပ်ဖွယ်ဖြစ်အောင် ဖြေဆိုပါ။

## ၁၉၈၈–ခုနှစ်

၁။ မိန်းမ–ယောက်ျား ကွဲပြားစေသော ရုပ်များကို ဖော်ပြ၍၊ ရုပ် ၂၈–ပါးတွင် ရုပ်တစ်မျိုးတည်းက အမည်နှစ်မျိုးဖြင့် ပါဝင်နေသော ရုပ်ကို ကျမ်းလာအတိုင်း ဖော်ပြပါ။

၂။ သက်ရှိသတ္တဝါများ သွားလာလှုပ်ရှား စကားဆိုနိုင်အောင် ပြုလုပ်ပေးသော စိတ်များကို ရေးသားပြပါ။

၃။ အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟု ဆိုကြရာ အစားအစာတွင် ပါဝင်သော အာဟာရဓာတ်တို့သည် ဘယ်အခါမှစ၍ လူကို အားဖြစ်စေပါသနည်း။ အဘိဓမ္မာနည်းကျ ဖြေဆိုပြပါ။

၄။ လူသားတစ်ဦး၏ဘဝတွင် အစဆုံးဖြစ်သောရုပ်နှင့် နောက်ဆုံးဖြစ်သောရုပ်တို့ကို ရုပ်ဖြစ်စဉ်နှင့် ရုပ်လေးမျိုး နောက်ဆုံးချုပ်ပုံကို မြော်ချင့်၍ ဖော်ပြခဲ့ပါ။

ဿဿဿ ൽൽൽ

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (ဒုတိယဆင့်)

# ရှင်ပိုင်း

# ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ် ထိ )

# မေးခွန်းဟောင်း နှင့် စံပြအဖြေများ

## ၁၉၈၉–ခုနှစ်

**၁** ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် ပရမတ်ရုပ်ပေါင်း အသောင်းမက ပါဝင်လျက်ရှိပေသည်။ သို့ရာတွင် အမြဲထာဝရ ခွဲမရသော ရုပ်များကိုသာ တစ်ခုစီ ရေတွက်ပြပါ။

ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် အမြဲထာဝရ ခွဲမရသောရုပ် (အဝိနိဗ္ဘောဂရုပ်) ၈–ပါး ပါရှိပါသည်။ ၎င်းတို့မှာ–

(၁) ပထဝီ
(၂) အာပေါ
(၃) တေဇော
(၄) ဝါယော ဟူသော မဟာဘုတ်ရုပ် ၄–ပါး၊
(၅) ဝဏ္ဏ (ရူပါရုံ)
(၆) ဂန္ဓ (ဂန္ဓာရုံ)
(၇) ရသ (ရသာရုံ)
(၈) ဩဇာ (အာဟာရရုပ်) တို့ ဖြစ်ပါသည်။

**၂** "တေဇောမနိုင်၊ ဆေးမကိုင်နှင့်"ဟု ဆေးပညာဆိုရိုးစကား ရှိခဲ့ရာ၊ တေဇောအကြောင်းကို သင်သိသမျှ ဖြေဆိုပြီးလျှင် စိတ်ကြောင့်သာဖြစ်သော ရုပ်ကိုလည်း ညွှန်ပြခဲ့ပါ။

"တေဇော"ဟူသည်မှာ ...

(၁) ပရမတ်ရုပ် (နိပ္ဖန္နရုပ်) ၁၈–ပါးအနက် ချမ်းအေးမှု၊ ပူနွေးမှု မီးနှစ်ပါးဟု ဆိုအပ်သော တေဇောဓာတ် ဖြစ်ပါသည်။

(၂) ကြီးကျယ် ထင်ရှားသော မဟာဘုတ်ရုပ် (ရုပ်တရားအပေါင်း၏ အမှီခံရုပ်) ၄–ပါး အနက် တစ်ပါးအပါအဝင်လည်း ဖြစ်ပါသည်။

http://www.dhammadownload.com



(၃) ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော ရုပ်ဖြစ်ကြောင်းတရား ၄-ပါးလုံးကြောင့် ဖြစ်သော စတုဇရုပ်လည်း ဖြစ်ပါသည်။

(၄) ၎င်းကိုယ်တိုင်ကလည်း "ဥတု" မည်သောကြောင့် မိမိဋ္ဌီသို့ ရောက်တိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေနိုင်သည်။

(၅) မည်သည့်ရုပ်၌ဖြစ်စေ မကွေမကွာ ပေါင်းစု၍ ခွဲခြားမရသော (အဝိနိဗ္ဘောဂ)ရုပ်ထဲ၌လည်း ပါဝင်သည်။

**စိတ်ကြောင့်သာဖြစ်သောရုပ် (တစ်နည်း) စိတ္တဇဧကန်ရုပ်မှာ–**

ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ် ၂-ပါး ဖြစ်ပါသည်။

**❷ ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်တစ်ပင် ရှင်သန်နေခြင်းကို ကလာပ်စည်းအားဖြင့် ဖြေဆိုပြပါ။**

သစ်ပင်ဟူသည်– သက်မဲ့ ဗဟိဒ္ဓဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်တစ်ပင် ရှင်သန်နေခြင်းကို ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ ကလာပ်စည်းအားဖြင့် ဖြေဆိုရသော်–

သစ်ပင်၌ ပါဝင်ဖွဲ့စည်းထားသော ရုပ်များမှာ အဝိနိဗ္ဘောဂရုပ် ၈-ပါးဖြစ်သော မဟာဘုတ် ၄-ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ တို့ဖြစ်ပြီး၊ ကလာပ်စည်းအားဖြင့် ဥတုဇ–သုဒ္ဓဋ္ဌက ကလာပ်စည်းအနေဖြင့် ဖွဲ့စည်း ဖြစ်ပေါ်နေပါသည်။

ဤရုပ် ၈-ပါးတို့သည် ဥတုဟူသော အကြောင်းကြောင့် ရုပ်တို့၏ အစဆုံး ဖြစ်ပေါ်မှု, ပြည့်စုံအောင် တိုးတက်၍ ဖြစ်ပေါ်မှုဟူသော **ဥပစယသဘော**နှင့် ပြည့်စုံပြီးနောက် ဆက်လက်၍ အစဉ်မပြတ် ဖြစ်ပေါ်မှုဟူသော **သန္တတိသဘော**– ဤဇာတိသဘာဝများ ဖြစ်ပွားနေခြင်းဖြင့်သာလျှင် သစ်ပင်သည် ရှင်သန်နေခြင်း ဖြစ်ပါသည်။

---

## ၁၉၉၀-ခုနှစ်

**❶ ရုပ် ၂၈-ပါးတို့တွင် ရူပရုပ်၏ အကျဉ်းသရုပ်ကို ဖော်ပြ၍၊ သင့်ခန္ဓာကိုယ်၌ ရုပ်တရားများ တိုးပွား၊ စည်ပင်၊ ရင့်ရော်၊ ပျက်စီးခြင်းသည် အဘယ်ရုပ်တို့၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း။ ရုပ်အမည်မျှ ဖော်ပြ ရေးသားခဲ့ပါ။**

ရုပ် ၂၈-ပါးတို့တွင် ရူပရုပ် ၁၈-ပါး ပါဝင်ပါသည်။ ထိုရူပရုပ် ၁၈-ပါး၏ အကျဉ်းသရုပ်မှာ–

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၁) | မဟာဘုတ်ရုပ် | = | ၄–ပါး |
| (၂) | ပသာဒရုပ် | = | ၅–ပါး |
| (၃) | ဂေါစရရုပ် | = | ၄–ပါး |
| (၄) | ဘာဝရုပ် | = | ၂–ပါး |
| (၅) | ဟဒယရုပ် | = | ၁–ပါး |
| (၆) | ဇီဝိတရုပ် | = | ၁–ပါး |
| (၇) | အာဟာရရုပ် | = | ၁–ပါး |
| | ပေါင်း | = | ၁၈–ပါး ဖြစ်ပါသည်။ |

ကျွန်ုပ်ခန္ဓာကိုယ်၌–

ရုပ်တရားများ တိုးပွားခြင်း = ဥပစယရုပ်၏ လက္ခဏာ၊
ရုပ်တရားများ စည်ပင်ခြင်း = သန္တတိရုပ်၏ လက္ခဏာ၊
ရုပ်တရားများ ရင့်ရော်ခြင်း = ဇရတာရုပ်၏ လက္ခဏာ၊
ရုပ်တရားများ ပျက်စီးခြင်း = အနိစ္စတာရုပ်၏ လက္ခဏာများ ဖြစ်ပါသည်။

၂ အကြောင်းအကျိုးအားဖြင့် ဆက်သွယ်နေသော ဤလောက၌ ရုပ်ဝတ္ထုများကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားများကို ဖော်ပြ၍၊ စကားပြောသံ၊ ဓာတ်စက်သီချင်းသံတို့သည် မည်သည့် သဒ္ဒရုပ်များ ဖြစ်ကြသည်ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

ရုပ်ဝတ္ထုများကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားများမှာ–

ကံ, စိတ်, ဥတု, အာဟာရ ဟူ၍ ၄–ပါးဖြစ်ပါသည်။

**စကားပြောသံသည်** = စိတ္တဇသဒ္ဒရုပ် ဖြစ်ပါသည်။

**ဓာတ်စက်သီချင်းသံသည်** = ဥတုဇသဒ္ဒရုပ် ဖြစ်ပါသည်။

၃ ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောက်ျား၊ ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှု ရှိပါသလား။ အကြောင်းပြ ဖြေဆို၍ ရူပဘုံ၌ ရထိုက်သောရုပ်များကိုလည်း ရေတွက်ပြပါ။

ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောက်ျား၊ ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှု မရှိပါ။

http://www.dhammadownload.com



အကြောင်းမှာ– ရူပဗြဟ္မာများသည် ကာမဂုဏ်ကို လွန်စွာ စက်ဆုပ် ရွံရှာသဖြင့် ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ဘာဝရုပ် ၂–ပါးကို ပယ်ထားသောကြောင့် ဖြစ်ပါသည်။

**ရူပဘုံ၌ ရထိုက်သောရုပ်များ–**

(က) **အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ ရထိုက်သောရုပ်များမှာ–**

| | | | |
|---|---|---|---|
| မဟာဘုတ်ရုပ် | = | ၄–ပါး | |
| စက္ခုပသာဒ, သောတပသာဒရုပ် | = | ၂–ပါး | |
| ဂေါစရရုပ် (ဝဏ္ဏ, သဒ္ဒ, ဂန္ဓ, ရသ) | = | ၄–ပါး | |
| ဟဒယရုပ် | = | ၁–ပါး | |
| ဇီဝိတရုပ် | = | ၁–ပါး | |
| အာဟာရရုပ် (ဩဇ) | = | ၁–ပါး | |
| အာကာသဓာတ်ပရိစ္ဆေဒရုပ် | = | ၁–ပါး | |
| ဝိညတ်ရုပ် | = | ၂–ပါး | |
| လဟုတာဒိရုပ် | = | ၃–ပါး | |
| လက္ခဏာရုပ် | = | ၄–ပါး | |
| ပေါင်း | = | ၂၃–ပါး | ဖြစ်ပါသည်။ |

(ခ) **အသညသတ်ဘုံ၌ ရထိုက်သောရုပ်များ**

| | | | |
|---|---|---|---|
| မဟာဘုတ်ရုပ် | = | ၄–ပါး | |
| ဂေါစရရုပ် (ဝဏ္ဏ, ဂန္ဓ, ရသ) | = | ၃–ပါး | |
| ဇီဝိတရုပ် | = | ၁–ပါး | |
| အာဟာရရုပ် (ဩဇ) | = | ၁–ပါး | |
| အာကာသဓာတ်ပရိစ္ဆေဒရုပ် | = | ၁–ပါး | |
| လဟုတာဒိရုပ် | = | ၃–ပါး | |
| လက္ခဏာရုပ် | = | ၄–ပါး | |
| ပေါင်း | = | ၁၇–ပါး | ဖြစ်ပါသည်။ |

http://www.dhammadownload.com



(၁၉၉၁–ခုနှစ်)

❶ ရူပပြဟ္မာများ၏ ခန္ဓာကိုယ်၌ ရုပ်ပေါင်းမည်မျှ ရှိသနည်း။ အကျဉ်းမျှ ဖော်ပြ၍ ရုပ် ၂၈–ပါးကို အတွင်း ရုပ်/အပြင်ရုပ်၊ အနီးရုပ်/အဝေးရုပ်အားဖြင့် ဝေဖန် ရေးသားခဲ့ပါ။

**ရူပပြဟ္မာများ၏ ခန္ဓာကိုယ်၌ရှိသော ရုပ်ပေါင်း**

[ ၁၉၉၀–ခုနှစ်၊ နံပါတ်–၃ အဖြေကြည့်ပါ။ ]

**ရုပ် ၂၈–ပါးကို အတွင်းရုပ်/အပြင်ရုပ်အားဖြင့် ဝေဖန်ရသော်–**

ပသာဒရုပ် ၅–ပါးသည် = ခန္ဓာကိုယ်၌ ကျေးဇူးအများဆုံး ဖြစ်သဖြင့် **အတွင်းရုပ်** မည်ပါသည်။

ကြွင်းရုပ် ၂၃–ပါးကား = ပသာဒရုပ် ၅–ပါးလောက် ခန္ဓာကိုယ်၌ ကျေးဇူး မများသဖြင့် **အပြင်ရုပ်** မည်ပါသည်။

**ရုပ် ၂၈–ပါးကို အနီးရုပ်/ အဝေးရုပ်အားဖြင့် ဝေဖန်ရသော်–**

ပသာဒရုပ် ၅–ပါးနှင့် ဂေါစရရုပ် ၇–ပါး ပေါင်း ၁၂–ပါးသော ရုပ်တို့သည် ဉာဏ်ဖြင့် သိမ်းဆည်း၍ ရလွယ်သောရုပ်များ ဖြစ်သဖြင့် **အနီးရုပ်** မည်ပါသည်။

ကြွင်းရုပ် ၁၆–ပါးကား ဉာဏ်ဖြင့် သိမ်းဆည်းရန် မလွယ်ကူသော ရုပ်များဖြစ်သဖြင့် **အဝေးရုပ်** မည်ပါသည်။

❷ ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား လေးပါးကို ဖော်ပြ၍ ရုပ် ၂၈–ပါးတို့တွင် ဘယ်အကြောင်းကြောင့်မှ မဖြစ်သော ရုပ်လေးပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသား ခဲ့ပါ။

**ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား လေးပါးမှာ–**

ကံ, စိတ်, ဥတု, အာဟာရ တို့ဖြစ်ပါသည်။

**ရုပ် ၂၈–ပါးတို့တွင် ဘယ်အကြောင်းကြောင့်မှ မဖြစ်သော ရုပ် ၄–ပါးမှာ–**

ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ် ဟူသော လက္ခဏာရုပ် ၄–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❸ ဗုဒ္ဓဘာသာဝင် ဖြစ်သူတိုင်း တောင့်တသော နိဗ္ဗာန်ဟူသည် အဘယ်အရာပါနည်း။ ယင်းနိဗ္ဗာန်၏ သဘောလက္ခဏာများကိုပါ ဖော်ပြ၍ ဘုရား, ရဟန္တာပုဂ္ဂိုလ်သာ ရောက်ရှိနိုင်သော နိဗ္ဗာန်အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

ဗုဒ္ဓဘာသာဝင် ဖြစ်သူတိုင်း တောင့်တသော **နိဗ္ဗာန်ဟူသည်**–

တဏှာကုန်ခန်းခြင်းသဘော, ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းသဘောတရားကို ခေါ်ပါသည်၊ လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရသလို မဂ်ဉာဏ် ၄–ပါးတည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခမြင်အပ်, မျက်မှောက်ပြုအပ်၏။ မဂ်, ဖိုလ်, ဂေါတြဘူ, ဝေါဒါန်, အာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇောတို့၏ အာရုံဖြစ်၏။ လောကုတ္တရာဓာတ်ဖြစ်၍ တဏှာ၏ အာရုံပြုမခံရသောတရား ဖြစ်၏။

**နိဗ္ဗာန်၏ သဘောလက္ခဏာ** = ငြိမ်းအေးခြင်း သန္တိလက္ခဏာ ရှိ၏။

**ဘုရား, ရဟန္တာတို့သာ ရောက်ရှိနိုင်သော နိဗ္ဗာန်အမည်များမှာ**–

ခန္ဓာကြွင်း မရှိ၊ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော ခန္ဓနိဗ္ဗာန်၊ သမ္မုတိကနိဗ္ဗာန် (သမ္မုတိကနိဗ္ဗာန်) တည်းဟူသော အနုပါဒိသေသနိဗ္ဗာန် ဖြစ်ပါသည်။

---

## ၁၉၉၂–ခုနှစ်

❶ ရုပ် ၂၈–ပါးကို အစစ်အတု ခွဲခြားပြ၍၊ ဤစာဖြေခန်းအတွင်းဝယ် စာဖြေသူများ မျက်စိဖြင့် မြင်တွေ့ရသည့် ရုပ်တို့ကိုလည်း ညွှန်ပြပါ။

ရုပ် ၂၈–ပါးတွင် ရုပ်အစစ် ၁၈–ပါး၊ ရုပ်အတု ၁၀–ပါး ရှိသည်။

| | | | |
|---|---|---|---|
| **ရုပ်အစစ် ၁၈–ပါးမှာ**– | မဟာဘုတ်ရုပ် | = | ၄–ပါး |
| | ပသာဒရုပ် | = | ၅–ပါး |
| | ဂေါစရရုပ် | = | ၄–ပါး |
| | ဘာဝရုပ် | = | ၂–ပါး |
| | ဟဒယရုပ် | = | ၁–ပါး |
| | ဇီဝိတရုပ် | = | ၁–ပါး |
| | အာဟာရရုပ် | = | ၁–ပါး |
| | ပေါင်း | = | ၁၈–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ရုပ်အတု ၁၀–ပါးမှာ– | ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| | ဝိညတ်ရုပ် | = | ၂–ပါး |
| | လဟုတာဒိရုပ် | = | ၃–ပါး |
| | လက္ခဏရုပ် | = | ၄–ပါး |
| | ပေါင်း | = | ၁၀–ပါး ဖြစ်ပါသည်။ |

ဤစာမေးခွန်းအတွင်းဝယ် စာဖြေသူများ မျက်စိဖြင့် မြင်တွေ့ရသည့်ရုပ်မှာ–

သနိဒဿနရုပ်ဖြစ်သော ရူပါရုံရုပ်(ဝဏ္ဏ)တစ်ပါးသာ ဖြစ်ပါသည်။

**၂** သတ္တဝါများအား ပြုံးရွှင် ရယ်မောခြင်းကို ဖြစ်စေတတ်သောစိတ်များကို အကျဉ်းသရုပ်မျှ ဖော်ပြ၍၊ လူသားများသည် မည်သည့်စိတ်ဖြင့် ရယ်မောကြသည်ကိုလည်း ရှင်းလင်းပြပါ။

သတ္တဝါများအား ပြုံးရွှင် ရယ်မောခြင်းကို ဖြစ်စေတတ်သော စိတ်များကို အကျဉ်း သရုပ်မျှ ဖော်ပြရသော်–

| | | |
|---|---|---|
| လောဘမူ သောမနဿစိတ် | = | ၄–ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄–ပါး |
| မဟာကြိယာ သောမနဿစိတ် | = | ၄–ပါး |
| ပေါင်း– ကာမာဝစရသောမနဿစိတ် | = | ၁၃–ပါး ဖြစ်ပါသည်။ |

__လူသားများ ရယ်မောကြသောစိတ်များ__

**(က) ပုထုဇဉ်ပုဂ္ဂိုလ်များ ရယ်မောသောစိတ်**

| | | |
|---|---|---|
| လောဘမူ သောမနဿစိတ် | = | ၄–ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄–ပါး |
| ပေါင်း– စိတ် | = | ၈–ပါး |

**(ခ) သေက္ခပုဂ္ဂိုလ်များ ရယ်မောသောစိတ်**

| | | |
|---|---|---|
| လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿစိတ် | = | ၂–ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄–ပါး |
| ပေါင်း– စိတ် | = | ၆–ပါး |

http://www.dhammadownload.com



(ဂ) အသေက္ခပုဂ္ဂိုလ်များ ရယ်မောသောစိတ်

| | | |
|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | = | ၁–ပါး |
| မဟာကြိယာ သောမနဿစိတ် | = | ၄–ပါး |
| ပေါင်း– စိတ် | = | ၅–ပါး |

❸ လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက် လူနှင့်အတူ သေသောရုပ်၊ လူသေပြီးမှ သေသောရုပ်၊ လူပင်သေသော်လည်း မသေဘဲနှင့် ဆက်လက်ဖြစ်နေဆဲရုပ်တို့ကို ထုတ်ဆောင်ပြ၍ ရုပ်ကလာပ် ဖွဲ့စည်းရာ၌ မပါဝင်သောရုပ်တို့ကိုလည်း မပါဝင်ခြင်းအကြောင်းနှင့်တကွ ဖြေဆိုပါ။

**လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက်–**

| | | |
|---|---|---|
| လူနှင့်အတူ သေသောရုပ် | = | ကမ္မဇရုပ် |
| လူသေပြီးမှ သေသောရုပ် | = | စိတ္တဇရုပ် နှင့် အာဟာရဇရုပ် |
| လူပင်သေသော်လည်း မသေဘဲနှင့် ဆက်လက်ဖြစ်နေဆဲရုပ် | = | ဥတုဇရုပ်တို့ ဖြစ်ပါသည်။ |

ရုပ်ကလာပ် ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြရသော်–

**ရုပ်ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်တို့မှာ–**

(၁) အာကာသဓာတ် ပရိစ္ဆေဒရုပ် = ၁–ပါး
(၂) လက္ခဏာရုပ် = ၄–ပါးတို့ ဖြစ်ပါသည်။

**အကြောင်းမှာ–**

အာကာသဓာတ် ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားသာဖြစ်၍လည်းကောင်း၊ လက္ခဏာရုပ် ၄–ပါးသည် ရုပ်ကလာပ်တို့၏ ဖြစ်,တည်,ပျက် အမှတ်လက္ခဏာမျှသာဖြစ်၍လည်းကောင်း ကလာပ်ဖွဲ့ရာတွင် မပါဝင်ပါ။

http://www.dhammadownload.com



၁၉၉၃-ခုနှစ်

❶ ရုပ်အားလုံးကို "သပစ္စယ၊ သာသဝ၊ သင်္ခတ"ဟု ခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြ၍၊ အလွန် နူးညံ့ သိမ်မွေ့သဖြင့် တွေ့ထိ စမ်းသပ် မရနိုင်သော ရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

**ရုပ်အားလုံးကို "သပစ္စယ"ဟု ခေါ်ဆိုရခြင်းအကြောင်း**

ရုပ်အားလုံးသည် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းရှိသော ကြောင့် "သပစ္စယ" မည်ပါသည်။

**ရုပ်အားလုံးကို "သာသဝ"ဟု ခေါ်ဆိုရခြင်းအကြောင်း**

ရုပ်အားလုံးသည် အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်သောကြောင့် "သာသဝ" မည်ပါသည်။

**ရုပ်အားလုံးကို "သင်္ခတ"ဟု ခေါ်ဆိုခြင်းအကြောင်း**

ရုပ်အားလုံးသည် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား တို့က ပြုပြင်စီရင်အပ်သောကြောင့် "သင်္ခတ" မည်ပါသည်။

**အလွန်နူးညံ့ သိမ်မွေ့သဖြင့် တွေ့ထိ စမ်းသပ်မရနိုင်သော ရုပ်မှာ-**

အာပေါရုပ် ဖြစ်ပါသည်။

❷ သတ္တဝါတို့အား ပဋိသန္ဓေအခါ ရုပ်လေးပါးအစဉ်ဖြစ်ပုံကို ဖော်ပြ၍၊ လူသေအလောင်း ကောင်၌ ရုပ်ကြွင်းမည်မျှ ရှိသည်ကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

**သတ္တဝါတို့၏ ရုပ်လေးပါးအစဉ်ဖြစ်ပုံမှာ-**

(၁) ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍, စိတ်တို့၏ ခဏာတိုင်း ခဏာ တိုင်း၌ ဖြစ်ပါသည်။

(၂) **စိတ္တဇရုပ်များသည်** ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း၌ ဖြစ်ပါသည်။

(၃) ဥတုဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဌီခဏာမှစ၍, မိမိ၏ဌီသို့ ရောက်တိုင်း ရောက် တိုင်း ဖြစ်ပါသည်။

http://www.dhammadownload.com



(၄) **အာဟာရဇရုပ်များသည်** စားမျိုအပ်သော– ဗဟိဒ္ဓဩဇာသည် ကိုယ်တွင်း၌ ပျံ့နှံ့၍ အဇ္ဈတ္တဩဇာနှင့် ပူးပေါင်းပြီး မိမိ၏ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဖြစ်ပါသည်။

**ပဋိသန္ဓေအခါဟူသည်–** ပဋိသန္ဓေစိတ်, စေတသိက်နှင့် ကမ္မဇရုပ်တို့၏ တစ်ဘဝ၌ ပထမဆုံး ဖြစ်ရာအခါကို ခေါ်၏။

**ထို့ကြောင့် သတ္တဝါတို့အား ပဋိသန္ဓေအခါတွင် ဖြစ်နိုင်သော ရုပ်မှာ–** ကမ္မဇရုပ်တစ်မျိုးသာ ဖြစ်ပါသည်။

**လူသေအလောင်းကောင် (မတကာယ)၌–**

| | | | |
|---|---|---|---|
| ဥတုဇကလာပ် ၄–စည်းမှ– | သုဒ္ဓဋ္ဌကကလာပ် | = | ၁–စည်း |
| | သဒ္ဒနဝကကလာပ် | = | ၁–စည်း |
| | ပေါင်း ဥတုဇကလာပ် | = | ၂–စည်းသာ ရရှိသဖြင့်– |

**ရှိသော (ဥတုဇ)ရုပ်ကြွင်းမှာ–**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈–ပါး |
| သဒ္ဒရုပ် | = | ၁–ပါး |
| ပေါင်း ဥတုဇရုပ်ကြွင်း | = | ၉–ပါး |

ဖြစ်ပါသည်။

❷ လူတို့၏ ခန္ဓာကိုယ်၌ "အသက်ဝိညာဏ်"ဟု ခေါ်ဆိုရသော ရုပ်အမည်ကို ညွှန်ပြ၍၊ ယင်းအသက်သည် ခန္ဓာကိုယ်တွင် မည်သည့်နေရာ၌ တည်ရှိနေသည်ကိုလည်း ထုတ်ဖော်ညွှန်ကြားခဲ့ပါ။

လူတို့၏ ခန္ဓာကိုယ်၌ **"အသက်ဝိညာဏ်"**ဟု **ခေါ်ဆိုရသော ရုပ်အမည်မှာ–** **"ဇီဝိတရုပ်"** ဖြစ်ပါသည်။

ယင်းအသက်ဟူသော ဇီဝိတရုပ်သည် **တစ်ကိုယ်လုံးတွင် ပျံ့နှံ့၍ တည်ရှိပါသည်။**

http://www.dhammadownload.com



## ၁၉၉၄–ခုနှစ်

❶ အရူပရုပ်တို့ကို ရေတွက်ပြ၍ သင့်ခန္ဓာကိုယ်၏ ပေါ့ပါး နူးညံ့လျက် စာဖြေရန် အဆင်သင့် ဖြစ်နေမှုတို့သည် အဘယ်ရုပ်တို့၏ သဘောလက္ခဏာဖြစ်ပါသနည်း။ အမည်မျှ ဖော်ပြပါ။

အရူပရုပ်တို့မှာ–

| | | |
|---|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| ဝိညတ်ရုပ် | = | ၂–ပါး |
| လဟုတာဒိရုပ် | = | ၃–ပါး |
| လက္ခဏာရုပ် | = | ၄–ပါး |
| ပေါင်း အရူပရုပ် | = | ၁၀–ပါး ဖြစ်ပါသည်။ |

ကျွန်ုပ်ခန္ဓာကိုယ်၏...

**ပေါ့ပါးမှုသည်** = ရူပဿ လဟုတာရုပ်၏ လက္ခဏာ၊

**နူးညံ့မှုသည်** = ရူပဿ မုဒုတာရုပ်၏ လက္ခဏာ၊

**စာဖြေရန် အဆင်သင့် ဖြစ်နေမှုသည်** = ရူပဿ ကမ္မညတာရုပ်၏ လက္ခဏာများ ဖြစ်ပါသည်။

❷ သက်ရှိသက်မဲ့ အရာဝတ္ထုတိုင်း၌ ရုပ်ကလာပ်တို့ အဆက်မပြတ် ဖြစ်လျက်ရှိရာ ရုပ်ကလာပ် တစ်ခုဟု သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါလက္ခဏာများကို ရေး၍ မေးခွန်းလွှာ စာရွက်၌ ရနိုင်သော ရုပ်ကလာပ်ကိုလည်း တိကျစွာ ဖော်ပြပါ။

**ရုပ်ကလာပ်တစ်ခုဟု သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါလက္ခဏာများမှာ–**

(၁) **ဧကုပ္ပါဒ** = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေး မနှောင်း တစ်ပြိုင်နက် ဖြစ်ရခြင်း၊

(၂) **ဧကနိရောဓ** = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေး မနှောင် တစ်ပြိုင်နက် ချုပ်ရခြင်း၊

(၃) **ဧကနိဿယ** = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မဟာဘုတ် တည်းဟူသော မှီရာတူခြင်း။

http://www.dhammadownload.com



(၄) သဟဇုတ္တိ = အသီးသီးသော ကလာပ်တူရုပ်စုများ အတူတကွ တပေါင်းတည်း ဖြစ်ရခြင်း တို့ဖြစ်ပါသည်။

**မေးခွန်းလွှာစာရွက် (ဗဟိဒ္ဓသန္တာန်၌) ရနိုင်သော ရုပ်ကလာပ်**

ဥတုဇကလာပ် ၄-စည်းမှ-

| | | |
|---|---|---|
| သုဒ္ဓဋ္ဌကကလာပ် | = | ၁-စည်း |
| သဒ္ဒနဝကကလာပ် | = | ၁-စည်း |
| ပေါင်း ဥတုဇကလာပ် | = | ၂-စည်း ဖြစ်ပါသည်။ |

❸ **အသညသတ်ပြဟ္မာဘုံ၌ ရနိုင်သော ရုပ်တို့ကို ရေတွက်ပြ၍၊ ဂုဏ်အားဖြင့် ရအပ်သော နိဗ္ဗာန်၏ အမည်သုံးမျိုးကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။**

**အသညသတ်ပြဟ္မာဘုံ၌ ရနိုင်သောရုပ်**

[၁၉၉၀-ခုနှစ်၊ နံပါတ် ၃-အဖြေကို ကြည့်ပါ။]

**ဂုဏ်အားဖြင့် ရအပ်သော နိဗ္ဗာန်၏ အမည်သုံးမျိုး**

(၁) **သုညတနိဗ္ဗာန်** = ရာဂ စသော ကြောင့်ကြဖွယ် ပလိဗောဓ အမျိုးမျိုးမှ ကင်းငြိမ်း သုဉ်းဆိတ်သောကြောင့် **သုညတနိဗ္ဗာန်** မည်၏။

(၂) **အနိမိတ္တနိဗ္ဗာန်** = ရာဂနိမိတ်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသောကြောင့် **အနိမိတ္တနိဗ္ဗာန်** မည်၏။

(၃) **အပ္ပဏိဟိတနိဗ္ဗာန်** = အာသာ, တဏှာစသော တောင့်တမှု, ပူပန်မှုတို့နှင့် မဆက်ဆံသောကြောင့် **အပ္ပဏိဟိတနိဗ္ဗာန်** မည်၏။

http://www.dhammadownload.com



## ၁၉၉၅-ခုနှစ်

**၁** (က) အတွင်းလူနှင့်တူသောရုပ်၊ (ခ) မြင်တွေ့နိုင်သောရုပ်တို့ကို ဖော်ပြ၍၊ ရုပ်ကို ဖြစ်စေနိုင်သောကံတို့ကိုလည်း ဖော်ပြပါ။

**(က) အတွင်းလူနှင့် တူသောရုပ် (တစ်နည်း) အဇ္ဈတ္တိကရုပ်မှာ-**

စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်ဟူသော ပသာဒရုပ် ၅-ပါး ဖြစ်ပါသည်။

**(ခ) မြင်တွေ့နိုင်သောရုပ် (တစ်နည်း) သနိဒဿနရုပ်မှာ-**

ရူပါရုံ (ဝဏ္ဏ) ဖြစ်ပါသည်။

**ရုပ်ကိုဖြစ်စေနိုင်သော ကံတို့မှာ-**

| | | |
|---|---|---|
| နာနာက္ခဏိကအတိတ် အကုသိုလ်ကံ | = | ၁၂-ပါး |
| ကာမကုသိုလ်ကံ | = | ၈-ပါး |
| ရူပကုသိုလ်ကံ | = | ၅-ပါး |
| ပေါင်း ကုသိုလ်, အကုသိုလ်ကံ (စေတနာ) | = | ၂၅-ပါး |

**၂** အသံဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ရေးသား၍၊ သစ်ပင် တောတောင် ရေမြေဟူသမျှ သက်မဲ့ဝတ္ထုဖြစ်ကြောင်းကိုလည်း ယင်းတို့၌ ရရှိနိုင်သော ကလာပ်စည်းများနှင့်တကွ အကြောင်းသွင်းကာ ရှင်းပြပါ။

**အသံဖြစ်ပေါ်လာခြင်း၏အကြောင်းမှာ=** စိတ်နှင့် ဥတုတို့ ဖြစ်ပါသည်။

**သစ်ပင် တောတောင် ရေမြေ ဟူသမျှ သက်မဲ့ဝတ္ထုဖြစ်ကြောင်း**

သစ်ပင် တောတောင် ရေမြေ ဟူသမျှ ဗဟိဒ္ဓသန္တာန် ဖြစ်သဖြင့် ယင်းတို့၌ **ရနိုင်သော ကလာပ်စည်းမှာ ဥတုဇကလာပ် ၄-စည်းအနက်-**

(၁) ဥတုဇ သုဒ္ဓဋ္ဌကကလာပ်၊

(၂) ဥတုဇ သဒ္ဒနဝကကလာပ် တို့ဖြစ်ပါသည်။

ထိုကလာပ်စည်းတို့တွင် ပါဝင်သောရုပ်များမှာ- မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာနှင့် သဒ္ဒရုပ် စုစုပေါင်း ၉-ပါးသာဖြစ်ပြီး၊ သက်ရှိဟု သတ်မှတ်နိုင်သော

http://www.dhammadownload.com



ဇီဝိတရုပ် မပါပါ။

ထို့ကြောင့် သစ်ပင် တောတောင် ရေမြေ ဟူသမျှသည် သက်မဲ့ဝတ္ထုသာ ဖြစ်ပါသည်။

**၃ စာဖြေသူတို့၏ ပဋိသန္ဓေအခိုက်၌ ဖြစ်ပေါ်ခဲ့သော ရုပ်ကလာပ်စည်းတို့ကို ရေတွက်ပြ၍၊ စိတ်ကြောင့်ဖြစ်သော ရုပ်များ၏ အစဆုံးဖြစ်ချိန်ကိုလည်း ညွှန်ပြပါ။**

စာဖြေသူသည် လူစဥ်မိသော ကာမဘုံသား အမျိုးသမီးဖြစ်သဖြင့် ပဋိသန္ဓေအခိုက် ဖြစ်ပေါ်ခဲ့သော ရုပ်ကလာပ်စည်းတို့မှာ–

(ကမ္မဇကလာပ် ၉–စည်းမှ)–

| | | | |
|---|---|---|---|
| (၁) | ကာယဒသကကလာပ် | = | ၁–စည်း |
| (၂) | ဣတ္ထိဘာဝဒသကကလာပ် | = | ၁–စည်း |
| (၃) | ဝတ္ထုဒသကကလာပ် | = | ၁–စည်း |
| ပေါင်း | ကမ္မဇကလာပ် | = | ၃–စည်း ဖြစ်ပါသည်။ |

**စိတ်ကြောင့်ဖြစ်သောရုပ် (စိတ္တဇရုပ်)များ၏ အစဆုံးဖြစ်ချိန်မှာ–**

ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏ ဖြစ်ပါသည်။

---

**၁၉၉၆–ခုနှစ်**

**၁ အဘယ်သို့ ဖြစ်သွားသည်ကို "စုတေသည်၊ သေသည်"ဟု ခေါ်သည်ကိုလည်း ဖြေဆိုပါ။**

သတ္တဝါတို့၌ တစ်ဘဝအတွက်–

(၁) အာယုဟုခေါ်သော အသက် (ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်)

(၂) ဥသ္မာဟုခေါ်သော ကိုယ်ငွေ့တေဇော၊

(၃) ဝိညာဏ်ဟုခေါ်သော ဝိပါက်စိတ်၊

ဤ ၃–ပါးသော တရားတို့ တစ်ပြိုင်နက် ချုပ်သည်ကို "စုတေသည်၊ သေသည်" ဟု ခေါ်ပါသည်။

**၂ အတုအယောင်များ ရေပန်းစားနေသကဲ့သို့ ပရမတ္ထတရားများလည်း အတုအယောင် ရှိမရှိကို အဘိဓမ္မာအမြင်ဖြင့် စစ်တမ်းထုတ်ပြပါ။**

http://www.dhammadownload.com



**ပရမတ္ထတရားများတွင် အတုအယောင် ရှိ မရှိကို အဘိဓမ္မာအမြင်ဖြင့် စစ်တမ်းထုတ်ပြရသော်–**

ပရမတ္ထတရားတို့သည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ ၄–ပါး ရှိရာဝယ် ရုပ်ပရမတ်တရားသည် သရုပ်အားဖြင့် ၂၈–ပါး ရှိပါသည်။ ထို ၂၈–ပါးအနက် ၁၈–ပါးသောရုပ်တို့ကို ရုပ်အစစ်, ၁၀–ပါးသောရုပ်တို့ကို ရုပ်အတုဟု ဟောကြားတော်မူထားသောကြောင့် ရုပ်ပရမတ်တရားတွင် အတုအယောင် ရှိပါသည်။

[၁၉၉၂–ခုနှစ်၊ နံပါတ် ၁–အဖြေကို ကြည့်ပါ။]

❸ **စိတ်ဟူသောအကြောင်းတရားက ရုပ်တရားများကို ဖြစ်ပေါ်စေပုံကို မှန်ကန်စွာ ဖြေဆို၍၊ စက်ရဟတ်ပမာ ရုပ်တရားများ လည်ပတ်ဖြစ်ပေါ်နေပုံကိုလည်း ဖြေဆိုပါ။**

**စိတ်ဟူသော အကြောင်းတရားက ရုပ်တရားများ ဖြစ်ပေါ်စေပုံမှာ–**

ဒွေပဉ္စဝိညာဏ် –၁၀၊ အရူပဝိပါက်–၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်ကြဉ်သော စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးတို့သည် ရုပ်တရားများကို ဖြစ်စေသော စိတ်အကြောင်းတရား ဖြစ်ပါသည်။

**စိတ်က ရုပ်ကို ဖြစ်စေရာ၌–** ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ ပဝတ္တိအခါ စိတ်၏ ဥပါဒ်တိုင်း, ဥပါဒ်တိုင်း၌ စိတ္တဇရုပ် ၁၅–ပါးတို့ကို ဖြစ်ပေါ်စေပါသည်။

**စက်ရဟတ်ပမာ ရုပ်တရားများ လည်ပတ်ဖြစ်ပေါ်နေပုံ**

(၁) ကမ္မဇရုပ်များသည် = ဤပစ္စုပ္ပန်ဘဝအစ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှ အစပြု၍ ပဋိသန္ဓေ, ပဝတ္တိအခါ ခဏတိုင်း, ခဏတိုင်း မြစ်ရေအယဉ်ကဲ့သို့ (ဣန္ဒြိယဗဒ္ဓသန္တာန်) သက်ရှိတို့၏ သန္တာန်၌ ဖြစ်၏။

(၂) စိတ္တဇရုပ်များသည် = ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်၏ ဥပါဒ်တိုင်း, ဥပါဒ်တိုင်းဖြစ်၏။

(၃) ဥတုဇရုပ်များသည် = ပဋိသန္ဓေ၏ ဌီခဏမှစ၍ ပဝတ္တိအခါ မိမိဌီသို့ ရောက်ရာ ခဏတိုင်းဖြစ်၏။

(၄) အာဟာရဇရုပ်များသည် = အဇ္ဈတ္တ–ဗဟိဒ္ဓ အာဟာရ ၂–ပါး အချင်းချင်း ဌီသို့ ရောက်ပြီး ရောနှောမိချိန်မှစ၍ ဖြစ်၏။

http://www.dhammadownload.com



ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝ၌ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့ကြောင့်ဖြစ်သော ရုပ် ၄-မျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ အကြောင်းတရားများ မချုပ်ဆုံးသေးသရွေ့ အသစ်-အသစ် ဆက်ကာ ဆက်ကာ ဖြစ်ကြသကဲ့သို့ သေလွန်ပြီး ဘဝတစ်ပါး၌လည်း အကြောင်းတရား ၄-ပါးကြောင့် ဖြစ်သောရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ပေါ်ကြပြန်လေသည်၊ ဤသို့ဖြင့် (ရဟန္တာ မဖြစ်သေး၍) ဘဝမပြတ်သေးသမျှ ကာလပတ်လုံး ရုပ်တရားများ ဖြစ်ခွင့်ရသော ဘုံဌာနတိုင်း၌ ဘဝသစ် ပဋိသန္ဓေကို စွဲ၍ ရုပ်တရားများသည် စက်ရဟတ်ပမာ လည်ပတ်ဖြစ်ပေါ်နေပါသည်။

**၉ အရိယာသူတော်စင်တို့ ရအပ် ရောက်အပ်သော နိဗ္ဗာန်၏ အမည်ကို ပရိနိဗ္ဗာန် မစံမီ ရအပ်သော နိဗ္ဗာန်၊ ပရိနိဗ္ဗာန်စံပြီးမှ ရအပ်သော နိဗ္ဗာန်အားဖြင့် ခွဲခြားပြ၍၊ ပရမတ္ထတရားသည် လေးပါးထက် အယုတ်အလွန် ရှိ,မရှိကိုလည်း အကြောင်းသွင်း၍ ရှင်းပြပါ။**

**အရိယာသူတော်စင်တို့ ရအပ် ရောက်အပ်သော နိဗ္ဗာန်၏ အမည်များမှာ-**

**ပရိနိဗ္ဗာန် မစံမီ ရအပ်သော နိဗ္ဗာန် = သဉပါဒိသေသနိဗ္ဗာန်**
**ပရိနိဗ္ဗာန် စံပြီးမှ ရအပ်သော နိဗ္ဗာန် = အနုပါဒိသေသနိဗ္ဗာန် ဖြစ်ပါသည်။**

**သဉပါဒိသေသနိဗ္ဗာန်ကို** - ဝိပါက်ကမ္မဇရုပ် ခန္ဓာကြွင်းရှိလျက် ခံစံအပ်သော အာရုံပြုအပ်သော ကိလေသနိဗ္ဗာန်, ဒိဋ္ဌဓမ္မိကနိဗ္ဗာန်ဟုလည်း ခေါ်သေး၏။

**အနုပါဒိသေသနိဗ္ဗာန်ကို** - ခန္ဓာကြွင်းမရှိ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိကနိဗ္ဗာန်ဟုလည်း ခေါ်သေး၏။

**ပရမတ္ထတရားများလည်း လေးပါးသာ ရှိပါသည်။ လေးပါးထက် အယုတ်အလွန် မရှိပါ။**

အကြောင်းမှာ- ရုပ်ပိုင်း နိဂုံးချုပ်၌ "စိတ်လည်းကောင်း၊ စေတသိက်လည်းကောင်း၊ ရုပ်လည်းကောင်း၊ နိဗ္ဗာန်လည်းကောင်း ဤသို့လျှင် ပရမတ္ထတရားကို လေးပါး အပြားအားဖြင့်သာလျှင် ဘုရားရှင်တို့သည် ထင်ရှားပြတော်မူကြကုန်၏" ဟူသော ဖော်ပြချက်ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



(၁၉၉၇–ခုနှစ်)

**၁** အနိပ္ဖန္နရုပ်တို့၏ အခြားရနိုင်သော အမည်များကို ရေးသား၍ (က) ဇာတိရုပ်၊ (ခ) အကြောင်းတရား လေးပါးကြောင့် ဖြစ်သောရုပ်၊ (ဂ) အကြောင်းတရား လေးပါးကြောင့် မဖြစ်သော ရုပ်တို့ကိုလည်း ထုတ်ပြပါ။

အနိပ္ဖန္နရုပ်တို့၏ အခြားရနိုင်သော အမည်များမှာ–

အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် တို့ဖြစ်ပါသည်။

(က) ဇာတိရုပ် = ဥပစယရုပ်နှင့် သန္တတိရုပ် (၂)ပါး

(ခ) အကြောင်းတရား လေးပါးကြောင့် ဖြစ်သောရုပ်–

| | | |
|---|---|---|
| မဟာဘုတ်ရုပ် | = | ၄–ပါး |
| ဝဏ္ဏရုပ် | = | ၁–ပါး |
| ဂန္ဓရုပ် | = | ၁–ပါး |
| ရသရုပ် | = | ၁–ပါး |
| ဩဇရုပ် | = | ၁–ပါး |
| အာကာသဓာတ်ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| ပေါင်း | = | ၉–ပါး |

(ဂ) အကြောင်းတရား လေးပါးကြောင့် မဖြစ်သောရုပ်–

လက္ခဏရုပ် ၄–ပါး တို့ဖြစ်ပါသည်။

**၂** ဂဗ္ဘသေယျက လူသတ္တဝါများ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ရနိုင်သော ရုပ်ကလာပ်တို့ကို ဖြေဆို၍ အသည်းသတ်ကြည့်သော ရူပ ၁၅–ဘုံ၌ ရုပ်ဖြစ်ကြောင်းတရားများနှင့် ရုပ်တရားတို့ကို သင်္ဂဟနှင့်အညီ ဖြေဆိုပါ။

ဂဗ္ဘသေယျက လူသတ္တဝါများ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်များမှာ–

(ကလလရေကြည်) ကမ္မဇရုပ်ကလာပ် ၃–စည်းဖြစ်သော

(၁) ကာယဒသကကလာပ်

(၂) ဘာဝဒသကကလာပ်

(၃) ဝတ္ထုဒသကကလာပ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ပဝတ္တိအခါ ရနိုင်သော ရုပ်ကလာပ်များမှာ–

| | | | |
|---|---|---|---|
| (၁) | ကမ္မဇကလာပ် | = | ၈–စည်း (ဇီဝိတနဝကကလာပ် သီးခြားမရပါ) |
| (၂) | စိတ္တဇကလာပ် | = | ၆–စည်း |
| (၃) | ဥတုဇကလာပ် | = | ၄–စည်း |
| (၄) | အာဟာရဇကလာပ် | = | ၂–စည်း |
| | ပေါင်း | = | ၂၀–စည်း ဖြစ်ပါသည်။ |

(မှတ်ချက် ။ ကျား–မ ခွဲခြားပါက ကမ္မဇကလာပ် ၈–စည်းမှ ယောကျာ်းဖြစ်လျှင် ပုမ္ဘာဝဒသကကလာပ်၊ မိန်းမဖြစ်လျှင် ဣတ္ထိဘာဝဒသကကလာပ်ကို သာယူပြီး ကမ္မဇကလာပ် ၇–စည်းသာ ရပါမည်။)

အသည်းသတ်ကြဉ်သော ရုပ ၁၅–ဘုံ၌ ရုပ်ဖြစ်ကြောင်း တရားများမှာ–

ကံ, စိတ်, ဥတု တို့ဖြစ်ကြပါသည်။

ရနိုင်သောရုပ်များမှာ–

[၁၉၉၀–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

❷ ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများကို ရေးသား ဖြေဆို၍၊ အဘယ်အရာကို အဘယ် ကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသနည်း၊ သင်္ဂဟအလိုကျ ဖြေဆိုပါ။

ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများမှာ–

| | | |
|---|---|---|
| သဒ္ဒရုပ် | = | ၁–ပါး |
| ဝိညတ်ရုပ် | = | ၂–ပါး |
| လဟုတာဒိရုပ် | = | ၃–ပါး |
| ဇရတာရုပ် | = | ၁–ပါး |
| အနိစ္စတာရုပ် | = | ၁–ပါး |
| ပေါင်း | = | ၈–ပါး ဖြစ်ပါသည်။ |

နိဗ္ဗာန် [ ၁၉၉၁–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။ ]

(တစ်နည်း)

http://www.dhammadownload.com



လောကုတ္တရာဟု ဆိုအပ်သော, လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော, မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော, နိဗ္ဗာန်ကို ဝါန–ဟုဆိုအပ်သော, တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်ပါသည်။

---

၁၉၉၈–ခုနှစ်

**၁** ရုပ်ကို ပယ်လို့ရ၏ဟု ပြောဆိုကြသော ရုပ်ဝါဒီတို့၏ စကားကို လက်ခံသင့်,မသင့် ရှင်းပြ၍၊ လောကလူသား အသုံးများသည့် "ကံတရားပေါ့" ဟူသော စကားအပြောကို တရားသဘောသို့ သွင်းပြပါ။

**ရုပ်ကို ပယ်လို့ရ၏ဟု ပြောဆိုကြသော ရုပ်ဝါဒီတို့၏ စကားကို လက်ခံရန် မသင့်ပါ။**

အကြောင်းမှာ– ''ရုပ်ဟူသည် အကုသိုလ်, ကိလေသာတို့ကဲ့သို့ တဒင် ပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့၏ အစွမ်းဖြင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဟာတဗ္ဗ မည်၏''ဟု ဟောကြားထားသောကြောင့် ဖြစ်ပါသည်။

**လောကလူသား အသုံးများသည့် ''ကံတရားပေါ့''ဟူသော စကားအပြောကို တရားသဘောသို့ သွင်းပြရသော်–**

ကုသိုလ်, အကုသိုလ်စေတနာတို့ကို ကံ–ဟူ၍ သတ်မှတ် ခေါ်ဆိုကြပါသည်။ သို့ဖြစ်၍– အကုသိုလ်စေတနာ ၁၂–ပါး၊ ကာမကုသိုလ် စေတနာ ၈–ပါး၊ ရူပကုသိုလ် စေတနာ ၅–ပါး၊ အရူပ ကုသိုလ်စေတနာ ၄–ပါး၊ လောကုတ္တရာ ကုသိုလ်စေတနာ ၄–ပါးတို့သည် ကံတရားများ ဖြစ်ကြပါသည်။ ဤတွင်–

(၁) အကုသိုလ်စေတနာ ၁၂–ပါး၊ ကာမကုသိုလ်စေတနာ ၈–ပါးတည်းဟူသော ကာမကံသည် ကာမ ၁၁–ဘုံသို့ ပဋိသန္ဓေ, ပဝတ္တိကျိုး ပေးတတ်ပါသည်။

(၂) ရူပကုသိုလ်စေတနာ ၅–ပါး၊ အရူပကုသိုလ်စေတနာ ၄–ပါးတည်းဟူသော မဟဂ္ဂုတ်ကံသည် ရူပ, အရူပဗြဟ္မာဘုံ (၂၀) ဌာနများသို့ ပဋိသန္ဓေ, ပဝတ္တိကျိုး ပေးနိုင်ပါသည်။

(၃) လောကုတ္တရာကုသိုလ်တည်းဟူသော မဂ်ကုသိုလ်စေတနာမှာမူ– ဘုံဌာနများသို့ ပဋိသန္ဓေ, ပဝတ္တိကျိုး ပေးနိုင်ခြင်း မရှိပါ။

http://www.dhammadownload.com



ဤကံတရားများအနက် ရုပ်တရား (ကမ္မဇရုပ်)များကို ဖြစ်စေနိုင်သော ကံမှာမူ–

နာနာက္ခဏိက (အတိတ်) အကုသိုလ်, ကာမကုသိုလ်, ရူပကုသိုလ်စေတနာ ၂၅–ပါးသာလျှင် ဖြစ်ပါသည်။

**၂** ဘာအကြောင်းကြောင့်မျှ မဖြစ်သော အကြောင်းမဲ့ရုပ်တရားတို့ကို အကြောင်းနှင့်တကွ ဖြေဆို၍၊ မည်သည့်အဖွဲ့အစည်း၊ အစိတ်အပိုင်းထဲမှ မပါဝင်ဘဲ တစ်သီးပုဂ္ဂလနေသော ရုပ်တရားတို့ကို ဖော်ပြပါ။

**အကြောင်းမဲ့ ရုပ်တရားမှာ–**

လက္ခဏရုပ် ၄–ပါးဖြစ်သော ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ တို့ဖြစ်ပါသည်။ အကြောင်းမှာ ဤလက္ခဏရုပ် ၄–ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်, တည်, ပျက် သဘောမျှသာ ဖြစ်သောကြောင့် အကြောင်းလေးပါးမှ လွတ်ကုန်၏။ မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောရုပ်များ မည်၏။

**မည်သည့်အဖွဲ့အစည်း၊ အစိတ်အပိုင်းထဲမှ မပါဝင်ဘဲ တစ်သီးပုဂ္ဂလနေသော ရုပ်တရားတို့မှာ–**

[၁၉၉၂–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

**၃** ဆုံဝယ်တပ်နှား ရဟတ်များသို့ မနေမနား သွားနေရသော ဤရုပ်သံသရာကြီး လည်ပတ်နေပုံကို ရေးသားပြ၍၊ သညာမရှိသော ဗြဟ္မာတို့သန္တာန်ဝယ် ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကိုလည်း ဖော်ပြပါ။

**ရုပ်သံသရာကြီး လည်ပတ်နေပုံ–** [၁၉၉၆–ခုနှစ်၊ နံပါတ် ၃–အဖြေ ကြည့်ပါ။]

**သညာမရှိသော ဗြဟ္မာတို့ သန္တာန်ဝယ် ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်မှာ–**

ကမ္မဇ ဇီဝိတနဝကကလာပ် ၁–စည်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၉၉၉–ခုနှစ်

❶ ထိတွေ့စမ်းသပ်၍ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ)တွင် ပါဝင်သော ရုပ်တရားအစုကို ဖော်ပြ၍၊ စာဖြေပုဂ္ဂိုလ်တို့ ရုပ်မြင်သံကြား ကြည့်ရှုရာ၌ မြင်မှု, ကြားမှုတို့သည် "မိမိတို့ ထံမှောက်သို့ ရောက်မှ အာရုံကို ယူနိုင်ကြရသည်" ဟုဆိုလျှင် သင် အဘယ်သို့ ချေပမည်ကို အဖြေပြပါ။

ထိတွေ့စမ်းသပ်၍ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ)တွင် ပါဝင်သော ရုပ်တရားအစုမှာ–

ပထဝီ, တေဇော, ဝါယောဓာတ်တို့ ဖြစ်ပါသည်။

**မြင်မှု, ကြားမှုတို့သည် "မိမိတို့ထံမှောက်သို့ ရောက်မှ အာရုံကို ယူနိုင်ကြရသည်" ဟူသော အဆိုမှာ မမှန်ပါ။**

စက္ခု, သောတ နှစ်ပါးတို့သည် မိမိထံမှောက်သို့ မရောက်မထိ မငြိမကပ်သောအာရုံကို ယူတတ်သောကြောင့် "အသမ္ပတ္တ ဂေါစရဂ္ဂါဟကရုပ်" မည်၏ဟု ရူပဝိဘာဂအခန်း၌ ဖော်ပြထားချက်ကြောင့် ပုစ္ဆာပါ ဖော်ပြချက်မှာ မမှန်ကြောင်း ထင်ရှားပါသည်။

❷ ရုပ်ကို မဖြစ်စေနိုင်သောစိတ်နှင့် ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့ကို တိကျစွာ ရေးသားပြပါ။

**ရုပ်ကို မဖြစ်စေနိုင်သောစိတ်တို့မှာ–**

ဒွေပဉ္စဝိညာဏ် ၁၀–ပါး၊ အရူပဝိပါက်စိတ် ၄–ပါး၊ ရဟန္တာတို့၏ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့မှာ–**

(တစ်နည်း)

**စိတ္တဇရုပ်သက်သက်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့မှာ–**

| | | |
|---|---|---|
| မနောဓာတ် | = | ၃–ပါး |
| တဒါရုံ | = | ၁၁–ပါး |
| ရူပဝိပါက်စိတ် | = | ၅–ပါး |
| ပေါင်း | = | ၁၉–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❷ ရုပ်လေးပါးတို့ ဖြစ်ပုံကို ဥပမာဆောင်ကာ ထင်အောင်ပြ၍၊ ရုပ်ဖြစ်ရာဌာနနှင့် ရုပ်ဖြစ်ပုံကိုလည်း သေချာကျနအဖြေပြပါ။

ရုပ်လေးပါးတို့ ဖြစ်ပုံကို ဥပမာဆောင်ကာ ထင်အောင်ပြရသော်–

(၁) ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍, စိတ်တို့၏ ခဏတိုင်း ခဏတိုင်း၊

(၂) စိတ္တဇရုပ်များသည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း၊

(၃) ဥတုဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍, မိမိ၏ဌီသို့ ရောက်တိုင်း ရောက်တိုင်း၊

(၄) အာဟာရဇရုပ်များသည် စားမျိုအပ်သော– ဗဟိဒ္ဓဩဇာသည် ကိုယ်တွင်း၌ ပျံ့နှံ့၍ အဇ္ဈတ္တဩဇာနှင့် ပူးပေါင်းပြီး မိမိ၏ဌီသို့ ရောက်တိုင်း, ရောက်တိုင်း

ဆီမီးအလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ ရုပ်လေးပါးတို့ အစဉ်အဆက်မပြတ် ဖြစ်လျက်ရှိပါသည်။

ရုပ်ဖြစ်ရာဌာနမှာ–

ကာမ ၁၁–ဘုံနှင့် ရူပ ၁၆–ဘုံဌာနတို့ ဖြစ်ပါသည်။

ရုပ်ဖြစ်ပုံမှာ–

(၁) ကာမ ၁၁–ဘုံ၌ = ကံ, စိတ်, ဥတု, အာဟာရ အကြောင်း ၄–ပါးကြောင့်၊

(၂) အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ = ကံ, စိတ်, ဥတု အကြောင်း ၃–ပါးကြောင့်၊

(၃) အသညသတ်ဘုံ၌ = ကံနှင့်ဥတု အကြောင်း ၂–ပါးကြောင့် ရုပ်တရားတို့ဖြစ်ကြပါသည်။

[ ဤအဖြေမှာ ဘုံအလိုက် ရုပ်ဖြစ်ပုံကို ပြဆိုချက် ဖြစ်ပါသည်။
ယောနိအလိုက် မေးလျှင်လည်း မေးခွန်းအလိုက် ဖြေဆိုရန် ဖြစ်ပါသည်။ ]

http://www.dhammadownload.com



## ၂၀၀၀–ခုနှစ်

❶ ရုပ်အတုနှင့် ရုပ်အစစ်တို့ကို ခွဲခြားဖော်ပြပြီးလျှင်၊ ခွဲခြား၍ မရကောင်းသော ရုပ်တို့ကိုလည်း ဖော်ပြပါ။

| ရုပ်အတု(ပညတ်ရုပ်) | | | ရုပ်အစစ်(ပရမတ်ရုပ်) | | |
|---|---|---|---|---|---|
| ပရိစ္ဆေဒရုပ် | = | ၁–ပါး | မဟာဘုတ်ရုပ် | = | ၄–ပါး |
| ဝိညတ်ရုပ် | = | ၂–ပါး | ပသာဒရုပ် | = | ၅–ပါး |
| လဟုတာဒိရုပ် | = | ၃–ပါး | ဂေါစရရုပ် | = | ၄–ပါး |
| လက္ခဏရုပ် | = | ၄–ပါး | ဘာဝရုပ် | = | ၂–ပါး |
| ပေါင်း | = | ၁၀–ပါး | ဟဒယရုပ် | = | ၁–ပါး |
| | | | ဇီဝိတရုပ် | = | ၁–ပါး |
| | | | အာဟာရရုပ် | = | ၁–ပါး |
| | | | ပေါင်း | = | ၁၈–ပါး |

ခွဲခြား၍ မရကောင်းသောရုပ်မှာ– "အဝိနိဗ္ဘောဂရုပ်" (မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်) ၈–ပါး တို့ဖြစ်ပါသည်။

❷ မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသောရုပ်တို့ကို အကြောင်းပြ ဖော်ပြပြီးလျှင်၊ ရုပ်သံသရာစက်လည်နေပုံကိုလည်း ဖော်ပြပါ။

မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောရုပ်တို့မှာ–

"လက္ခဏရုပ် ၄–ပါး" ဖြစ်ပါသည်။

လက္ခဏရုပ် ၄–ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်, တည်, ပျက်သဘောမျှသာ ဖြစ်သောကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်း ၄–ပါးမှ လွတ်ကုန်၏။ ထို့ကြောင့် လက္ခဏရုပ် ၄–ပါးသည် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသော ရုပ်တို့ ဖြစ်ရခြင်း ဖြစ်ပါသည်။

ရုပ်သံသရာစက်လည်နေပုံ– [၁၉၉၆–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

http://www.dhammadownload.com



❷ အသညသတ်ဘုံ (က) ပဋိသန္ဓေအခါ ရသောရုပ်၊ (ခ) ပဝတ္တိအခါ ရသောရုပ်တို့ကို ဖော်ပြပါ။

အသညသတ်ဘုံ၌–

(က) ပဋိသန္ဓေအခါ ရသောရုပ်မှာ –

| | | | |
|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈–ပါး |
| ဇီဝိတရုပ် | = | ၁–ပါး |
| ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| ဥပစယရုပ် | = | ၁–ပါး |
| သန္တတိရုပ် | = | ၁–ပါး |
| ပေါင်း | = | ၁၂–ပါး ရ၏။ |

(ခ) ပဝတ္တိအခါ ရသောရုပ်မှာ –

| | | |
|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈–ပါး |
| ဇီဝိတရုပ် | = | ၁–ပါး |
| ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| လဟုတာဒိရုပ် | = | ၃–ပါး |
| လက္ခဏရုပ် | = | ၄–ပါး |
| ပေါင်း | = | ၁၇–ပါး ရ၏။ |

---

## ၂၀၀၁–ခုနှစ်

❶ "ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏"ဟု ဆိုလာလျှင် လက်ခံ သင့်-မသင့် ရှင်းလင်းပြ၍၊ တစ်ခုစီခွဲမရဘဲ အမြဲတမ်း စည်းလုံးညီညွတ်သော ရုပ်တရားတို့ကိုလည်း ဖော်ပြပါ။

"ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏"ဟု ဆိုလာလျှင် လက်မခံသင့်ပါ။

အကြောင်းမှာ– ရုပ်တရားများသည် စိတ်, စေတသိက်တို့ကဲ့သို့ အာရုံကို ယူနိုင်သည့် (အာရမ္မဏိက)တရားမျိုး မဟုတ်၊ အာရုံကို မယူနိုင်သည့် "အနာရမ္မဏ"တရားမျိုး ဖြစ်သောကြောင့် ဖြစ်ပါသည်။

**တစ်ခုစီခွဲမရဘဲ အမြဲတမ်း စည်းလုံးညီညွတ်သော ရုပ်တရားများမှာ–**

"အဝိနိဗ္ဘောဂရုပ်" (မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်) ၈–ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



❷ "အသံကောင်းတာ ကံကြောင့်ပါ"ဟု ဆိုသောစကား မှန်-မမှန် အဟုတ်သိအောင် ယုတ္တိ ဆောင်ကာ စစ်တမ်းထုတ်၍၊ သစ်ပင်, တော, တောင် စသည်၌ ရနိုင်သော ကလာပ် အဖွဲ့အစည်းကိုလည်း ရေးသားပြပါ။

**"အသံကောင်းတာ ကံကြောင့်ပါ" ဟု ဆိုသောစကား** မမှန်ပါ။

အကြောင်းမှာ– အသံ (သဒ္ဒ)ရုပ်သည် စိတ်, ဥတုကြောင့် ဖြစ်သော ဒွိဇရုပ်ဖြစ်ပြီး၊ ကံကြောင့် ဖြစ်သောရုပ် မဟုတ်ခြင်းကြောင့် ဖြစ်ပါသည်။

**သစ်ပင်, တော, တောင် စသည်၌ ရနိုင်သော ကလာပ်အဖွဲ့အစည်းမှာ–**

ဥတုဇကလာပ် ၄–စည်းမှ (၁) သုဒ္ဓဋ္ဌကကလာပ် ၁–စည်း၊
(၂) သဒ္ဒနဝကကလာပ် ၁–စည်း တို့ဖြစ်ပါသည်။

❸ ကမ္ဘာဦးလူများနှင့် နတ်ပြိတ္တာတို့ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို အလွန်ဆုံး အပိုင်းအခြား, အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ခွဲခြားပြ၍၊ နိဗ္ဗာန်ကိုလည်း သဘာဝ, ကရဏအားဖြင့် ခွဲခြားပြပါ။

**ကမ္ဘာဦးလူများနှင့် နတ်ပြိတ္တာတို့ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်တို့မှာ–**

အလွန်ဆုံး အပိုင်းအခြားအားဖြင့် လည်းကောင်း၊ အောက်ထစ်ဆုံး အပိုင်းအခြား အားဖြင့်လည်းကောင်း ချို့တဲ့သောက္ခန္ဓ မရှိသောကြောင့် တူစွာပင် ရအပ်၏။

**ကမ္ဘာဦးလူများ၌** – (ဘာဝဒသကကလာပ် ၂–စည်းကြဉ်သော်) ကမ္မဇကလာပ် ၇–စည်း၊

**နတ်တို့၌** – (ဇီဝိတနဝကကလာပ်၊ မဆိုင် ဘာဝကြဉ်သော်) ကမ္မဇကလာပ် ၇–စည်း၊

**အသညသတ်ကြဉ် ရူပပြဟ္မာများ၌** – ဇီဝိတနဝကကလာပ်၊ စက္ခု, သောတ, ဝတ္ထုဒသကကလာပ် ၃–စည်း၊ ပေါင်း ကမ္မဇကလာပ် ၄–စည်း၊

**အသညသတ်ပြဟ္မာ၌** – ဇီဝိတနဝကကလာပ် ၁–စည်း၊

**အရူပပြဟ္မာများ၌** – မည်သည့်ရုပ်ကလာပ်မျှ မရ။

**နိဗ္ဗာန်သည် သဘာဝအားဖြင့်** ငြိမ်းအေးခြင်း သန္တိလက္ခဏာ ၁–ပါးသာရှိ၏။

http://www.dhammadownload.com



နိဗ္ဗာန်သည် ကာရဏ (မှတ်သားကြောင်းပရိယာယ်)အားဖြင့် ခန္ဓာရှိမှု, မရှိမှုဟူသော အကြောင်းအမြွက်ကြောင့် သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟု ၂-မျိုးပြား ပါသည်။

---

**၂၀၀၂-ခုနှစ်**

❶ လက္ခဏာယာဉ် သုံးတန်တင်ကာ ဝိပဿနာရှုကောင်းသော ရုပ်အပေါင်းကို အရေအတွက် မှုပြ၍ "ဒီအနံ့လေး ရှူးပါတယ်"ဟု ပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့ မရောက်ခင် ကတည်းက အာရုံရခြင်းမျိုးပါလော၊ အဘယ်သို့ပါနည်း၊ ရှင်းပြပါ။

**လက္ခဏာယာဉ်သုံးတန်တင်ကာ ဝိပဿနာရှုကောင်းသော ရုပ်အပေါင်းကို အရေအတွက်မှု ပြရသော်** သမ္မသနရုပ် ၁၈-ပါး ဖြစ်ပါသည်။

**"ဒီအနံ့လေး ရှူးပါတယ်"ဟု ပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့ မရောက်ခင် ကတည်းက အာရုံရခြင်းမျိုး** မဟုတ်ပါ။

အကြောင်းမှာ- အနံ့ (ဂန္ဓာရုံ)ကို လက်ခံနိုင်သော ဃာနပသာဒရုပ်သည် မိမိထံသို့ ထိရောက် ကပ်ငြိသောအာရုံကိုသာ လက်ခံယူနိုင်သော သမ္ပတ္တဂါဟကရုပ် ဖြစ်သော ကြောင့် ဖြစ်ပါသည်။

❷ ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ်တို့ကို ရေးသားပြ၍၊ ကောင်းကင်ခေါ်မှတ် အာကာသ ဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်ဟု ဆိုလျှင် သင်အဘယ်သို့ ချေပမည်နည်း။

**ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ် ၁၃-ပါးတို့မှာ-**

| | | |
|---|---|---|
| လောဘမူ သောမနဿသဟဂုတ်စိတ် | = | ၄-ပါး |
| မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် | = | ၄-ပါး |
| မဟာကြိယာ သောမနဿသဟဂုတ်စိတ် | = | ၄-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး တို့ဖြစ်ကြပါသည်။ |

**ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်-ဟု ဆိုလျှင်** မမှန်ပါ။

အကြောင်းမှာ- အကာကာသဓာတ်သည် ကံ, စိတ်, ဥတု, အာဟာရ တည်း ဟူသော အကြောင်း ၄-ပါးကြောင့်ဖြစ်သော စတုဇရုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



❸ မိဘတို့သည် သားသမီးတို့အပေါ်ဝယ် ကလလရေကြည်တည်စမှစ၍ မေတ္တာထားကြသည် ဆိုရာ ထိုကလလရေကြည်၏အရကို တိကျစွာ ကောက်ပြ၍ "ပရမတ္ထတရားတို့သည် ၄-ပါးထက် အပိုအလို ရှိသည်ဟု ဆိုလာလျှင် အဘယ်သို့ ရှင်းလင်းမည်နည်း၊ ဖြေဆိုပါ။

**ကလလရေကြည်၏အရကို တိကျစွာကောက်ပြရသော်-**

(၁) ကာယဒသကကလာပ် ၁-စည်း

(၂) ဘာဝဒသကကလာပ် ၁-စည်း

(၃) ဝတ္ထုဒသကကလာပ် ၁-စည်း

ကလာပ်စည်းပေါင်း ၃-စည်း၊ ရုပ်အားဖြင့် ၃၀-ပါးရ၏။

ထိုကလလရေကြည်၌ မိန်းမဖြစ်က (ဣတ္ထိဘာဝရုပ်)၊ ယောကျ်ားဖြစ်က (ပုမ္ဘာဝရုပ်)၊ နပုံးဖြစ်က (ဘာဝချို့သော) ကလာပ် (၂)စည်း ရုပ်အားဖြင့် (၂၀)သော ကမ္မဇရုပ်များနှင့် ပဋိသန္ဓေစိတ်, စေတသိက် ခန္ဓာ ၅-ပါးတို့ကို ရကြပါသည်။

**"ပရမတ္ထတရားတို့သည် ၄-ပါးထက် အပိုအလို မရှိပါ။"**

အကြောင်းမှာ- ရုပ်ပိုင်းနိဂုံးချုပ်၌ "စိတ်သည်လည်းကောင်း၊ စေတသိက်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ နိဗ္ဗာန်သည်လည်းကောင်း ဤသို့လျှင် ပရမတ္ထတရားကို လေးပါးအပြားအားဖြင့်သာလျှင် ဘုရားရှင်တို့သည် ထင်ရှားပြတော်မူကြကုန်၏"ဟူသော ဖော်ပြချက်ကြောင့် ပရမတ္ထတရားတို့သည် ၄-ပါးထက် အပိုအလို မရှိရခြင်း ဖြစ်ပါသည်။

---

## ၂၀၀၃-ခုနှစ်

❶ ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ ဟောထားရာ ထိုရုပ်တို့၏အမည်တို့ကို ရေးသား၍၊ ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့ကိုလည်း ဖော်ပြပါ။

**ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ ဟောထားရာ ထိုရုပ်တို့၏ အမည်များမှာ-**

ဥပစယရုပ်နှင့် သန္တတိရုပ် ဟူသော ဇာတိရုပ်၏အမည်များပင် ဖြစ်ပါသည်။

**ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့မှာ-**

ဒွေပဉ္စဝိညာဏ်-၁၀၊ အရူပဝိပါက်-၄၊ ရဟန္တာတို့၏စုတိနှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



❷ အဖွဲ့အစည်း စာရင်းထဲ မပါဝင်သောရုပ်တို့ကို အကြောင်းပြကာ ဖြေဆိုရှိ၊ ဘုရား ရဟန္တာများ အဘယ်စိတ်များဖြင့် ပြုံးတော်မူကြပါသနည်း။ ဖြေဆိုပါ။

**အဖွဲ့အစည်း (ကလာပ်) စာရင်းထဲ မပါဝင်သောရုပ်တို့မှာ–**

"ကလာပ်ဝိမုတ်ရုပ် ၅–ပါး"ဖြစ်သော အာကာသဓာတ် ပရိစ္ဆေဒရုပ်(၁)ပါးနှင့် လက္ခဏာရုပ်(၄)ပါးတို့ ဖြစ်ပါသည်။

အာကာသဓာတ်ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ လက္ခဏာရုပ် ၄–ပါးတို့သည် ရုပ်ကလာပ်တို့၏ ဖြစ်, တည်, ပျက်သဘောလက္ခဏာမျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း ကလာပ်စည်းဖွဲ့ရာတွင် မပါဝင်သော ကလာပ်ဝိမုတ်ရုပ် ဖြစ်ရခြင်း ဖြစ်ပါသည်။

**ဘုရား ရဟန္တာများ ပြုံးတော်မူသောစိတ်များမှာ–**

ဟသိတုပ္ပါဒ်စိတ် ၁–ပါး၊
မဟာကြိယာ သောမနဿစိတ် ၄–ပါး တို့ဖြစ်ပါသည်။

❸ ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့ကို ရေးသားပြ၍ ဘုရား ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၏အမည်ကိုလည်း ဖော်ပြပါ။

**ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့မှာ–**

| | | | |
|---|---|---|---|
| အသညသတ်ဗြဟ္မာ၌– (ဇီဝိတနဝကကလာပ်ကြဉ်သော) | ကမ္မဇကလာပ | = | ၈–စည်း |
| | စိတ္တဇကလာပ် | = | ၆–စည်း |
| | ဥတုဇကလာပ် | = | ၂–စည်း (သဒ္ဒပါ) |
| | အာဟာရဇကလာပ် | = | ၂–စည်း |
| | ပေါင်း ကလာပ် | = | ၁၈–စည်း မရနိုင်ကြပါ။ |
| ကြွင်းရူပဗြဟ္မာများ၌– | ကမ္မဇကလာပ် | = | ၅–စည်း (ဃာန, ဇိဝှါ, ကာယ,ဘာဝဒသက) |
| | စိတ္တဇကလာပ် | = | မရှိ |
| | ဥတုဇကလာပ် | = | မရှိ |
| | အာဟာရဇကလာပ် | = | ၂–စည်း |
| | ပေါင်း ကလာပ် | = | ၇–စည်း မရနိုင်ကြပါ။ |

http://www.dhammadownload.com



ဘုရား ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၏အမည်မှာ–

ဝိပါက် ကမ္မဇရုပ် ခန္ဓာကြွင်းမရှိ၊ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော "ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိကနိဗ္ဗာန်တည်းဟူသော အနုပါဒိသေသနိဗ္ဗာန်"တို့မည်ပါသည်။

---

## ၂၀၀၄–ခုနှစ်

❶ မခွဲမခွါ အမြဲသာ တွဲကာနေသောရုပ်တို့ကို ဖော်ပြ၍၊ "ကံသာမူလ ပဓာန"ဟု ဆိုကြရာ ထိုကံဟူသော အများပြောစကားကို တရားသဘောအရ တိကျစွာ ကောက်ပြပါ။

**မခွဲမခွါ အမြဲသာ တွဲကာနေသောရုပ်တို့မှာ–**

"အဝိနိဗ္ဘောဂရုပ်" ၈–ပါးဖြစ်သော (မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ ဩဇရုပ်) တို့ ဖြစ်ပါသည်။

**"ကံသာမူလ ပဓာန"ဟုဆိုကြရာ ထိုကံ၏အရမှာ–**

[ ၁၉၉၈–ခုနှစ်၊ မေးခွန်း နံပါတ် (၁)ကို ကြည့်ပါ။ ]

❷ နှလုံးသည် စိတ်ကြောင့်ဖြစ်သည် ဟုဆိုလျှင် လက်ခံသင့်-မသင့် စိစစ်ပြ၍၊ အဖွဲ့အစည်း အစိတ်အပိုင်းတွင် မပါဝင်သောရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေပြပါ။

နှလုံး(ဟဒယဝတ္ထုရုပ်)သည် **စိတ်ကြောင့်ဖြစ်သည်ဟု ဆိုလျှင်** လက်ခံရန် မသင့်ပါ။

အကြောင်းမှာ– ထိုဟဒယဝတ္ထုရုပ်သည် ကံကြောင့်ဖြစ်သော ကမ္မဇကေန်ရုပ် ဖြစ်သောကြောင့် ဖြစ်ပါသည်။

**အဖွဲ့အစည်း အစိတ်အပိုင်းတွင် မပါဝင်သောရုပ်–** [၂၀၀၃–ခုနှစ်၊ မေးခွန်းနံပါတ် (၂)]

❸ အာကာသကို ကလလရေကြည်ခေါ်သည်ကို ဖော်ပြ၍၊ ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဌာန, ကာလ အားဖြင့် ခွဲခြားပြပါ။

**ကလလရေကြည် ဆိုသည်မှာ–**

ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတောင်၌ သိမ်မွေ့သော ဇောီမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သော ဆီ၌နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏ ရှိ၏၊ အလွန်ကြည်လင်၏။ ယင်းသေးငယ်

http://www.dhammadownload.com



လှသော ကလလရေကြည်၌ (ကာယ, ဘာဝ, ဝတ္ထု ကမ္မဇကလာပ် ၃–စည်း) ရုပ်ပေါင်း–၃၀–နှင့် ပဋိသန္ဓေစိတ်, စေတသိက် ခန္ဓာ ၅–ပါးတို့သည် တကွဖြစ်ကြပါသည်။ (နပုံးတို့၌ ဘာဝဒသကကလာပ်ကို မရကြပါ။)

**ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဌာန, ကာလအားဖြင့် ခွဲခြားပြရသော်–**

**ရုပ်လေးပါးတို့၏ဖြစ်ပုံ (ပဋ္ဌာနဝါကာရ ၂၆–ဘုံ)**

- ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ပဋိသန္ဓေ, ပဝတ္တိအခါ ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏။
- ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဖြစ်ကုန်၏။
- စိတ္တဇရုပ်တို့သည် ပထမဘဝင်မှစ၍ ဖြစ်ကုန်၏။
- အာဟာရဇရုပ်တို့သည် ဩဇာ၏ နှံ့သောကာလမှစ၍ ဖြစ်ကုန်၏။ (ရူပဘုံ၌ မဖြစ်ပါ)။

  ဤသို့ အကြောင်း ၄–ပါးကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ အစဉ်သည် ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှ ကာလပတ်လုံး အစဉ်အဆက်မပြတ်ဖြစ်၏။

- အသညသတ်ဗြဟ္မာတို့၌ ပဋိသန္ဓေအခါမှစ၍ ဇီဝိတနဝကကလာပ် (၁)စည်းနှင့် ပဝတ္တိအခါ ဥတုဇကလာပ် (၂)စည်း တို့ဖြစ်ကြကုန်၏ ။

**ရုပ်လေးပါးတို့၏ ချုပ်ပျက်ပုံ**

- ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်၏ ဌီကာလမှစ၍ အသစ်မဖြစ်တော့ဘဲ စုတိစိတ်နှင့် ပြိုင်၍ချုပ်၏။
- စိတ္တဇရုပ်တို့သည် စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆–ချက်, ခဏငယ်အားဖြင့် ၄၈–ချက်ခန့် ကြာပြီးနောက် ချုပ်၏။
- အာဟာရဇရုပ်တို့သည် စုတိစိတ်နောက် ခဏငယ်အားဖြင့် ၅၀–ခန့် ကြာပြီးနောက် ချုပ်၏။
- ဥတုဇရုပ်တို့သည်ကား ရုပ်ကလာပ်ကြွင်းရှိသည့်အတိုင်း ကမ္ဘာ့မြေစာအထိ အဆင့်ဆင့် ဖြစ်၍ချုပ်၏။ ဥပပါတ်ပုဂ္ဂိုလ်တို့၌မူ မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်း အချင်းခပ်သိမ်း ရုပ်ခန္ဓာ ကွယ်ပျောက်၏။

http://www.dhammadownload.com



## ၂၀၀၄–ခုနှစ်

❶ အာပေါဓာတ်ကို တွေ့ထိလို့ ရ-မရ ဆုံးဖြတ်ပြ၍ "မီး၌ ရေရှိသည်၊ ရေ၌ မီးရှိသည်"ဟု ဆိုကြရာ ရေနှင့်မီး ဘာကိုရွေးမလဲ၊ ခွဲခြား၍ ရ-မရ ရဲရဲကြီး ဆုံးဖြတ်ဝေဖန်ပြပါ။

**အာပေါဓာတ်ကို တွေ့ထိလို့ မရနိုင်ပါ။**

အကြောင်းမှာ– အာပေါဓာတ်သည် အလွန်သိမ်မွေ့သည့်အတွက် တွေ့ထိ၍ မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ် မပါဝင်ဘဲ ကြဉ်ထားသော ရုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

**"မီး၌ ရေရှိသည် ရေ၌ မီးရှိသည်"ဟု ဆိုကြရာ ရေနှင့်မီးကို ခွဲခြား၍ မရပါ။**

အကြောင်းမှာ– ရေဟူသော အာပေါဓာတ်လွန်သည့် ရုပ်တရားတို့၌ အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ မီးဟူသော တေဇောဓာတ်လွန်ကဲသည့် ရုပ်တရားတို့၌လည်း အဝိနိဗ္ဘောဂရုပ် ၈–ပါး ပါဝင်နေပြီး၊ ထိုအဝိနိဗ္ဘောဂရုပ် ၈–ပါးတို့မှာ တစ်ခုနှင့်တစ်ခု ခွဲခြားမရသောရုပ်များ ဖြစ်သောကြောင့် ဖြစ်ပါသည်။

❷ ကံကြောင့်သာဖြစ်သောရုပ်တို့ကို ဖော်ပြ၍ သီချင်းသံနှင့် ခေါင်းလောင်းသံတို့သည် အဘယ်ကြောင့် ဖြစ်သည်ကိုလည်း ခွဲခြားပြပါ။

**ကံကြောင့်သာ ဖြစ်သောရုပ်တို့မှာ–**

ကမ္မဇကေန်ဖြစ်သော ပသာဒရုပ် ၅–ပါး၊ ဘာဝရုပ် ၂–ပါး၊ ဟဒယရုပ် ၁–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ပေါင်း (၉)ပါးတို့ ဖြစ်ပါသည်။

**သီချင်းသံသည်–** "စိတ်"ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒရုပ် ဖြစ်ပါသည်။

**ခေါင်းလောင်းသံသည်–** "ဥတု" ကြောင့်ဖြစ်သော ဥတုဇသဒ္ဒရုပ် ဖြစ်ပါသည်။

❸ ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၏ သန္တာန်၌ အနည်းဆုံးရနိုင်သော ရုပ်ကလာပ်တို့ကို ရေးသားပြ၍ နိဗ္ဗာန်မည်ခြင်းအကြောင်းကိုလည်း ရေးသားပြပါ။

**ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၏သန္တာန်၌ အနည်းဆုံးရနိုင်သော ရုပ်ကလာပ်တို့မှာ–**

ပဋိသန္ဓေအခါ – (သံသေဒဇဖြစ်၍) ကမ္မဇရုပ်များ ဖြစ်ရာအခါ၌ ကလာပ်ရုပ်များ

http://www.dhammadownload.com



ပြည့်စုံစွာ တစ်ပါးတည်း ဖြစ်ကြသောကြောင့် ဇီဝိတနဝကကလာပ်နှင့် ပုဗ္ဗာဝဒသကကလာပ်ကြဉ်သော ကမ္မဇကလာပ် (၇)စည်းလုံးကို ရ၏။

**နိဗ္ဗာန်မည်ခြင်းအကြောင်းမှာ–**

သတ္တဝါတို့ကို သံသရာဝဋ်၌ ချုပ်တတ်, မြှေးယှက်တတ်သောကြောင့် ဝါနမည်သော တဏှာမှ ထွက်မြောက်သည်၏အဖြစ်ကြောင့် နိဗ္ဗာန်မည်ပါသည်။

---

## ၂၀၀၆–ခုနှစ်

**၁ ပျို့မျစ်နုနယ်သောခန္ဓာ၏ မပြမ့်, ရင့်ရော်မှုတို့သည် မည်သည့်ရုပ်တို့၏ သဘောလက္ခဏာများဖြစ်သည်ကို အမည်မျှ ရေးသား၍၊ အာရုံကို ယူတတ်သောရုပ်တို့ကိုလည်း ရောက်/မရောက်၏ အစွမ်းဖြင့် ခွဲဝေပြပါ။**

ပျို့မျစ်နုနယ်သော ခန္ဓာ၏ မပြမ့်, ရင့်ရော်မှုတို့သည် "အနိစ္စတာရုပ်နှင့် ဇရတာရုပ်" တို့၏ သဘောလက္ခဏာများ ဖြစ်ပါသည်။

**အာရုံကိုယူတတ်သော ရုပ်တို့ကိုလည်း ရောက်/မရောက်၏ အစွမ်းဖြင့် ခွဲဝေပြရသော်–**

စက္ခုပသာဒနှင့် သောတပသာဒရုပ်တို့သည် မိမိထံသို့ လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ မထိရောက် မကပ်ငြိခင်ကပင် အာရုံတို့ကို ယူတတ်သည့် "အသမ္ပတ္တဂါဟကရုပ်များ" ဖြစ်ကြပါသည်။

ဃာန, ဇိဝှါ, ကာယပသာဒရုပ် (၃)ပါးမှာမူ မိမိထံသို့ ထိရောက်ကပ်ငြိသော အာရုံကိုသာ ယူနိုင်သော "သမ္ပတ္တဂါဟကရုပ်များ" ဖြစ်ကြပါသည်။

**၂ အဆီအနှစ်များသော အစာသည် (က) အဘယ်ရုပ်ကို (ခ) အဘယ်အချိန်၌ (ဂ) အဘယ်သို့ ဖြစ်စေသည်ကို ဖြေဆို၍ အလောင်းကောင်၌ ကြွင်းကျန်သော ရုပ်ကလာပ်တို့ကိုလည်း ရေးသားပြပါ။**

**အဆီအနှစ်များသော အစာ(ကဗဠီကာရာဟာရ ဩဇာရုပ်)သည်–**

(က) ကာမဘုံသား အဇ္ဈတ္တအာဟာရဇရုပ်ကို
(ခ) အဇ္ဈတ္တ, ဗဟိဒ္ဓ အာဟာရနှစ်ပါး အချင်းချင်း ဌီသို့ရောက်၍ ရောနှောမိချိန်၌
(ဂ) ကာမဘုံတွင် ပဝတ္တိအခါ အဇ္ဈတ္တသန္တာန်၌ ခဏတိုင်း ခဏတိုင်း အာဟာရဇ အဋ္ဌကကလာပ်ရုပ်ကို ဖြစ်စေ၏။

http://www.dhammadownload.com



**အလောင်းကောင်း၌ ကြွင်းကျန်သော ရုပ်ကလာပ်တို့မှာ–**

ဥတုဇကလာပ် ၄–စည်းမှ သုဒ္ဓဋ္ဌကကလာပ် နှင့် သဒ္ဒနဝကကလာပ် (၂)စည်းသာ ကြွင်းကျန်ပါသည်။

❷ "အဖွဲ့အစည်း" တစ်ခုခုတွင် ပါဝင်လိုသောရုပ်၏ ပြည့်စုံရမည့် လက္ခဏာများကို ရေးသား ပြ၍၊ ရူပ ၁၅–ဘုံ၌ မရနိုင်သောရုပ်တို့ကိုလည်း တိကျစွာ ဖော်ပြပါ။

**"အဖွဲ့အစည်း" တစ်ခုခုတွင် ပါဝင်လိုသောရုပ်၏ ပြည့်စုံရမည့် လက္ခဏာများမှာ–**

(၁) ဧကုပ္ပါဒ = အတူတကွ ဖြစ်ခြင်း၊
(၂) ဧကနိရောဓ = အတူတကွ ချုပ်ခြင်း၊
(၃) ဧကနိဿယ = တူသော မှီရာရှိခြင်း၊
(၄) သဟဝုတ္တိ = ဤအင်္ဂါ ၃–ပါးနှင့်ညီစွာ အတူတကွ ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ရူပ ၁၅–ဘုံ၌ မရနိုင်သောရုပ်များမှာ– ဃာနပသာဒရုပ် ၁–ပါး၊ ဇိဝှါပသာဒရုပ် ၁–ပါး၊ ကာယပသာဒရုပ် ၁–ပါး၊ ဘာဝရုပ် ၂–ပါး၊ ပေါင်း (၅)ပါးတို့ ဖြစ်ကြပါသည်။

---

**၂၀၀၇–ခုနှစ်**

❶ "တေဇောမပိုင် ဆေးမကိုင်နဲ့"ဟူသောစကား၌ "တေဇော"ဟူသည် အဘယ်နည်း၊ ဖြေဆို၍၊ ယောဂီအများ သိထားဖို့ရန် ဝိပဿနာ မရှုကောင်းသော ရုပ်တို့ကိုလည်းကောက်ပြခဲ့ပါ။

**တေဇောဟူသည်မှာ–**

ပရမတ်ရုပ် ၁၈–ပါးတွင် ပါဝင်သော မဟာဘုတ်ရုပ် ၄–ပါးအနက် ချမ်းအေးမှု (သီတ)၊ ပူနွေးမှု(ဥဏှ)ဟု ဆိုအပ်သော မီး ၂–ပါး ဖြစ်ပါသည်။

**ဝိပဿနာ မရှုကောင်းသော (အ,သမ္မသန)ရုပ်တို့မှာ–**

| | | |
|---|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| ဝိညတ်ရုပ် | = | ၂–ပါး |
| လဟုတာဒိရုပ် | = | ၃–ပါး |
| လက္ခဏာရုပ် | = | ၄–ပါး |
| ပေါင်း | = | ၁၀–ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❷ "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ ကိုယ်နု"ဟူသော စကားအရ ရုပ်ကိုဖြစ်စေနိုင်သော စိတ်များကို ရေတွက်ပြပြီး၊ စာဖြေသူတို့သန္တာန်၌ ပဋိသန္ဓေနေခိုက် ရနိုင်သော ရုပ်ကလာပ်များကိုလည်း ဖော်ပြခဲ့ပါ။

**'စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ ကိုယ်နု'ဟူသော စကားအရ ရုပ်ကို ဖြစ်စေနိုင်သော စိတ်များမှာ–**

(ဒွေပဉ္စဝိညာဏ်–၁၀၊ အရူပဝိပါက်–၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်ကြဉ်သော်) စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးတို့သည် ရုပ်ကိုဖြစ်စေသောစိတ် (နာမ်တရား)များ ဖြစ်ပါသည်။

**စာဖြေသူသည် လူစဉ်မိသော ကာမဘုံသား အမျိုးသမီးဖြစ်သဖြင့် ပဋိသန္ဓေနေခိုက်ရနိုင်သော ရုပ်ကလာပ်တို့မှာ–**

(ကမ္မဇကလာပ် ၉–စည်းမှ)

| | | | |
|---|---|---|---|
| (၁) | ကာယဒသက ကလာပ် | = | ၁–စည်း |
| (၂) | ဣတ္ထိဘာဝဒသက ကလာပ် | = | ၁–စည်း |
| (၃) | ဝတ္ထုဒသက ကလာပ် | = | ၁–စည်း |
| | ပေါင်း ကမ္မဇကလာပ် | = | ၃–စည်း ရပါသည်။ |

❸ ရုပ်လေးပါးဖြစ်ပုံကို ဥပမာဆောင်၍ ထင်ရှားအောင် ဖော်ပြပြီးလျှင် ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သော ရုပ်များကိုလည်း ရေတွက်ခဲ့ပါ။

**ရုပ်လေးပါးဖြစ်ပုံကို ဥပမာဆောင်၍ ထင်ရှားအောင် ပြရသော်–**

[ ၁၉၉၉–ခုနှစ်၊ မေးခွန်း နံပါတ်(၃)၊ နှာ–၁၂၉ ကို ကြည့်ပါ။ ]

**ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောရုပ်များ–**

**အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ ရနိုင်သောရုပ်များမှာ–**

[ ၁၉၉၀–ခုနှစ်၊ မေးခွန်း နံပါတ်(၃)၊ နှာ–၁၁၁ ကို ကြည့်ပါ။ ]

http://www.dhammadownload.com



၂၀၀၈–ခုနှစ်

**၁** အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင် ပါဝင်သော၊ အာဟာရဓာတ်တို့သည် အဘယ်အခါမှစ၍ လူကို အားဖြစ်စေပါသနည်း၊ ဖြေဆို၍ (က) ရုပ်ကို မဖြစ်စေနိုင်သောစိတ်၊ (ခ) ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့ကိုလည်း ရေးပြခဲ့ပါ။

အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင် ပါဝင်သော အာဟာရဓာတ် (ဗဟိဒ္ဓသြဇ)တို့သည် ကိုယ်တွင်းရှိ အဇ္ဈတ္တသြဇနှင့် ပူးပေါင်းပြီး ဌီသို့ ရောက်၍ ရောနှောမိချိန်မှစ၍ လူကို အားဖြစ်စေပါသည်။

**(က) ရုပ်ကို မဖြစ်စေနိုင်သောစိတ် (ခ) ရုပ်ကိုသာဖြစ်စေနိုင်သောစိတ်**

[၁၉၉၉–ခုနှစ်၊ နံပါတ် ၂၊ နာ–၁၂၉ အဖြေကို ကြည့်ပါ။]

**၂** လူတစ်ယောက် အမှန်တကယ် သေ,မသေ သိနိုင်ရန် မည်သသည့်အရာတို့ဖြင့် တိုင်းတာဆုံးဖြတ်ရမည်နည်း။ အဘိဓမ္မာဒေသနာတော်နည်းအရ ဖြေဆိုပြ၍ လူ့ ခန္ဓာကိုယ်ရှိ ဝတ္ထုများအနက် (က) လူနှင့်အတူ သေသောရုပ် (ခ) လူသေပြီးမှ သေသောရုပ် (ဂ) လူပင်သေသော်လည်း မသေဘဲ ဆက်လက်ဖြစ်နေဆဲသောရုပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

**လူတစ်ယောက် အမှန်တကယ် သေ,မသေ သိနိုင်ရန် တိုင်းတာ ဆုံးဖြတ်ရမည့် အရာတို့မှာ–**

(၁) **အာယု** – ဟုခေါ်သော အသက်၊ (ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်)၊
(၂) **ဥသ္မာ** – ဟုခေါ်သော ကိုယ်ငွေ့တေဇော၊
(၃) **ဝိညာဏံ** – ဟုခေါ်သော စုတိဝိပါက်စိတ်၊

ဤ သုံးပါးသောတရားတို့ တစ်ပြိုင်နက် ချုပ်လျှင် သေသည်ဟု ခေါ်ပါသည်။

**လူ့ခန္ဓာရှိ ရုပ်ဝတ္ထုများအနက်–**

(က) လူနှင့်အတူ သေသောရုပ် = ကမ္မဇရုပ်
(ခ) လူသေပြီးမှ သေသောရုပ် = စိတ္တဇရုပ်နှင့် အာဟာရဇရုပ်
(ဂ) လူပင်သေသော်လည်း မသေဘဲ ဆက်လက် ဖြစ်နေဆဲရုပ် = ဥတုဇရုပ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**၃** ဗုဒ္ဓဘာသာတို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်မည်ပုံနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပုံတို့ကို ရေးပြခဲ့ပါ။

(၁) လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရသလို နိဗ္ဗာန်ကို မဂ်ဉာဏ် ၄-ပါးတည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခ မြင်အပ် မျက်မှောက်ပြုအပ်၏။

(၂) မဂ်,ဖိုလ်, ဂေါတြဘူ, ဝေါဒါန်, အာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇောတို့၏ အာရုံ ဖြစ်၏။

(၃) လောကုတ္တရာဓာတ် ဖြစ်၍

(၄) တဏှာ၏ အာရုံပြုခြင်း မခံရသော တရားဖြစ်၏။

**ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပုံမှာ-**

နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း အကြွင်းမဲ့ ချုပ်ပျောက်ငြိမ်းအေးခြင်း သန္တိလက္ခဏာ ရှိသည်ဟူ၍လည်းကောင်း၊ အစွတ်၊ အစွန်း၊ အသခံတ် တရားဖြစ်သောကြောင့် အိုနာသေရေး ဒုက္ခဘေးတို့မှ ထာဝရ လွတ်ကင်းရာ ဖြစ်သည်ဟု နှလုံးသွင်းကာ ပုထုဇဉ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပါသည်။

---

## ၂၀၀၉-ခုနှစ်

**၁** **"ရယ်သောသူသည် အသက်ရှည်၏" ဟု ဆိုကြရာ ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်တို့ကို ဖော်ပြ၍ "တေဇောမပိုင် ဆေးမကိုင်နှင့်" ဟူသော ဆိုရိုးစကားအရ တေဇောဓာတ်ဟူသည် အဘယ်ကို ဆိုလိုပါသနည်း။ ဖြေဆိုပါ။**

'ရယ်သောသူသည် အသက်ရှည်၏' ဟု ဆိုကြရာ ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော **စိတ်များမှာ-**

| | | |
|---|---|---|
| လောဘမူ သောမနဿစိတ် | = | ၄-ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာကြိယာ သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း ကာမာဝစရသောမနဿစိတ် | = | ၁၃-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



"တေဇောမပိုင် ဆေးမကိုင်နှင့်"ဟူသော ဆိုရိုးစကားအရ တေဇောဓာတ်ဟူသည်မှာ– ပရမတ်ရုပ် ၁၈–ပါးတွင် ပါဝင်သော မဟာဘုတ်ရုပ် ၄–ပါးအနက် ချမ်းအေးမှု(သီတ)၊ ပူနွေးမှု(ဥဏှ)ဟု ဆိုအပ်သော မီး ၂–ပါး ဖြစ်ပါသည်။

**၂** စိတ်ဟူသော အကြောင်းတရားက ရုပ်ကိုဖြစ်စေနိုင်ရာ (က) ဖြစ်စေနိုင်သောစိတ် (ခ) မဖြစ်စေနိုင်သော စိတ်တို့ကို ခွဲခြားပြ၍ မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သော ရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

**(က) ရုပ်ကိုဖြစ်စေနိုင်သော စိတ်များမှာ–**

(ဒွေပဥ္စဝိညာဉ်–၁၀၊ အရူပဝိပါက်–၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ် ကြဉ်သော်) စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးတို့သည် ရုပ်ကို ဖြစ်စေသော စိတ်(နာမ်)များ ဖြစ်ပါသည်။

**(ခ) ရုပ်ကို မဖြစ်စေနိုင်သော စိတ်များမှာ–**

ဒွေပဥ္စဝိညာဉ်–၁၀၊ အရူပဝိပါက်–၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်များ ဖြစ်ပါသည်။

**မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သော ရုပ်တို့မှာ–**

ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော လက္ခဏာရုပ် ၄–ပါး ဖြစ်ပါသည်။

**အကြောင်းမှာ–** လက္ခဏာရုပ် ၄–ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်, တည်, ပျက် အမှတ်လက္ခဏာမျှ သာဖြစ်၍ မည်သည့် အကြောင်းတရားကြောင့်မျှ မဖြစ်နိုင်သော ရုပ်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

**၃** ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါ သုံးမျိုးတို့ကို ဖော်ပြ၍၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်တွင် မည်ကဲ့သို့ ဂုဏ်ကျေးဇူးများ ရှိပါသနည်း။ အဘိဓမ္မာအလိုကျ တင်ပြဆွေးနွေးပါ။

http://www.dhammadownload.com



**ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါသုံးမျိုးမှာ–**

(၁) သံသေဒဇသတ္တဝါ

(၂) ဥပပါတ်သတ္တဝါ နှင့်

(၃) ဇလာဗုဇ– အဏ္ဍဇခေါ် ဂဗ္ဘသေယျကသတ္တဝါတို့ ဖြစ်ပါသည်။

**နိဗ္ဗာန်၏ဂုဏ်ကျေးဇူးများမှာ–**

(၁) **အစ္စုတံ** = စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား၊

(၂) **အစ္စန္တံ** = စုတိဟူသော အဆုံးအပိုင်းအခြားမှ လွန်မြောက်သောတရား၊

(၃) **အသင်္ခတ** = ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်ခြင်း မခံရသောတရား။

(၄) **အနုတ္တရံ** = မိမိထက် လွန်မြတ်သောတရား မရှိသောတရား၊

(၅) **ပဒံ** = အရိယာတို့သာ ရောက်သင့် ရောက်အပ်သောတရား ဖြစ်ပါသည်။

---

**၂၀၁၀–ခုနှစ်**

**၁** **"တရားရှာ ကိုယ်မှာတွေ့"ဟူသော လောကဆိုရိုးစကား မှန်/မမှန် အဘိဓမ္မာစံဖြင့် ဖြေဆို၍၊ ပရမတ်အစစ်-ဓာတ်အနှစ်ဟူသော စကားအရ ပရမတ်အစစ်ဖြစ်သော တရားများကိုလည်း ဖော်ပြပါ။**

**'တရားရှာ ကိုယ်မှာတွေ့'ဟူသော လောကဆိုရိုးစကားသည် မှန်ပါသည်။**

ရှင်းလင်းဖြေဆိုပြရသော်–

ကိုယ်တည်းဟူသော ခန္ဓာကိုယ်သည် ရုပ် ၂၈–ပါးဖြင့် ဖွဲ့စည်းထားပါသည်။ ထိုရုပ် ၂၈–ပါးမှ နိပ္ဖန္နရုပ် ၁၈–ပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃–ပါးနှင့် တကွဖြစ်၍ ဝိပဿနာရှု၍ရသော သလက္ခဏရုပ်၊ သမ္မသနရုပ်များ ဖြစ်သောကြောင့် "တရားရှာ ကိုယ်မှာတွေ့"ဟူသော လောကဆိုရိုးစကား မှန်ရခြင်း ဖြစ်ပါသည်။

**ပရမတ်အစစ်ဖြစ်သော တရားများမှာ–**

စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ နိပ္ဖန္နရုပ် ၁၈–ပါး၊ နိဗ္ဗာန် ၁–ပါးဖြစ်၍၊

http://www.dhammadownload.com



ဤတွင် နိပ္ဖန္နရုပ် (ပရမတ်ရုပ်) ၁၈–ပါးမှာ–
[၂၀၀၀–ခုနှစ်၊ နံပါတ်–၁၊ နှာ–၁၃၀ အဖြေကို ကြည့်ပါ။]

❷ စိတ်ကြောင့် ရုပ်ဖြစ်သည်ဟုဆိုလျှင် (က) အဘယ်စိတ်က (ခ) အဘယ်ရုပ်ကို (ဂ) အဘယ်မှစ၍ (ဃ) အဘယ်ခဏ၌ ဖြစ်ပါသနည်း။ ဗုဒ္ဓအဘိဓမ္မာအရ အသီးသီး ခွဲခြား ဖြေဆိုပါ။

စိတ်ကြောင့် ရုပ်ဖြစ်သည်ဟုဆိုလျှင်–

(က) (ဒွေပဉ္စဝိညာဉ် ၁၀–ပါး၊ အရူပဝိပါက်စိတ် ၄–ပါး၊ ရဟန္တာတို့စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော) စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးက

(ခ) စိတ္တဇရုပ် ၁၅–ပါးကို

(ဂ) ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏမှစ၍

(ဃ) ပဝတ္တိအခါ စိတ်တို့၏ ဥပါဒ်ခဏတိုင်း–ခဏတိုင်း၌ ဖြစ်စေပါသည်။

❸ အဘယ်ကြောင့် အဘယ်တရားကို ဗုဒ္ဓဘာသာဝင်တို့၏ ဦးတည်ချက် နိဗ္ဗာန်ဟု ခေါ်ပါသနည်း။ ဖြေဆို၍ ယင်းနိဗ္ဗာန်၏ ဂုဏ်ထူးဝိသေသတို့ကိုလည်း ဖော်ထုတ်ပြပါ။

ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသည်။

နိဗ္ဗာန်၏ ဂုဏ်ထူးဝိသေသများမှာ–

၁။ **အစ္စုတံ** = စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား၊

၂။ **အစ္စန္တံ** = စုတိဟူသော အဆုံးအပိုင်းအခြားမှ လွန်မြောက်သောတရား၊

၃။ **အသင်္ခတံ** = ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်ခြင်း မခံရသောတရား၊

၄။ **အနုတ္တရံ** = မိမိထက် လွန်မြတ်သောတရား မရှိသောတရား၊

၅။ **ပဒံ** = အရိယာတို့သာ ရောက်သင့်၊ ရောက်အပ်သောတရားတို့ ဖြစ်ပါသည်။

(ဝိထိမုတ်ပိုင်းပြီး၏)

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှီးရှီး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

၂၀၁၁-ခုနှစ်

❶ ဝီထိအဓိပ္ပာယ်ကို သေချာကျနစွာ ရှင်းလင်းပြ၍ အာရုံတို့၏ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ) ၆-မျိုးကိုလည်း ဒွါရအားဖြင့် ခွဲဝေပြပါ။

**ဝီထိအဓိပ္ပာယ်ကို ရှင်းပြရသော်-** အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသော စိတ်အစဉ်အတန်းသည် ''ဝီထိ''မည်ပါသည်။

**အာရုံတို့၏ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ) ၆-မျိုးကို ဒွါရအားဖြင့် ခွဲပြရသော်-**

**ပဉ္စဒွါရဝီထိ၌-** (၁) အတိမဟန္တာရုံ၊
(၂) မဟန္တာရုံ၊
(၃) ပရိတ္တာရုံ၊
(၄) အတိပရိတ္တာရုံ နှင့်

**မနောဒွါရဝီထိ၌-** (၅) ဝိဘူတာရုံ၊
(၆) အတိဝိဘူတာရုံ တို့ ဖြစ်ကြပါသည်။

❷ "စိတ်တွေက တယ်လျှပ်ရှားသကိုး"ဟု ညည်းညူရာဝယ် "လျှပ်ရှား"ဟူသော စကားရပ်၌ ဖြစ်နိုင်သော စိတ်ကို ဝီထိစဉ်အတွင်းမှ ရွေးချယ်ပြ၍ ဝီထိအခြေခံ ပရိကံဟု ဆိုကြရာ ထိုပရိကံမည်သော တရားကိုလည်း ဖော်ပြပါ။

**''လျှပ်ရှား''ဟူသော စကားရပ်၌ ဖြစ်နိုင်သော စိတ်ကို ဝီထိစဉ်အတွင်းမှ ရွေးချယ် ပြရသော်-**

'ဘဝင်္ဂစလန'တည်းဟူသော ဘဝင်စိတ် ဖြစ်ပါသည်။

**ပရိကံမည်သော တရားမှာ-**

မဟာကုသိုလ် ဉာဏသမ္ပယုတ်စေ ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စေ ၄-ပါးတည်းဟူသော ဉာဏသမ္ပယုတ် ကာမာဝစရစေ ၈-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



၃ အာဂန္တုကမည်သော ဘဝင်စိတ်ကို တိကျစွာဖော်ပြ၍ ၊ ထိုစိတ်သည် အဘယ်ကို အာရုံပြုသည်ကိုလည်း ရေးသားပြပါ။

အာဂန္တုကမည်သော ဘဝင်စိတ်မှာ- ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး ဖြစ်ပါသည်။

ထိုစိတ်၏အာရုံမှာ - ရှေးက လေ့ကျက်ခဲ့ဖူးသော ကာမအာရုံတစ်ပါးပါးကို အာရုံပြုပါသည်။

---

## ဓိဌာန်ပိုင်း(ဘုံပိုင်း)

၄ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံသို့ ရောက်ရန် ပွားများရမည့်တရားနှင့် ထိုဗြဟ္မာတို့ နေရာဌာန၊ သက်တမ်းတို့ကို ဖော်ပြ၍ "အကျိုးပေးခွင့် မရသင့်၊ ရသင့်လေပြန် ကျိုးမသန်၊ ရပြန်အကျိုး မဖွံ့ဖြိုး"ဟူသော စကားရပ်၌ ဖြစ်သင့်သော ကံကိုလည်း တိကျစွာ ဖော်ပြပါ။

ပွားများရမည့် တရားများမှာ-

ဝေဟပ္ဖိုလ်ဘုံသို့ရောက်ရန် - သာမညရူပပဉ္စမဈာန်ကုသိုလ်ကို ပွားများရပါသည်။

အသညသတ်ဘုံသို့ရောက်ရန် - နာမ်ပျောက်စေလိုမှုနှင့်ယှဉ်သော ရူပပဉ္စမဈာန်ကုသိုလ်ကို သညာဝိရာဂဘာဝနာဖြစ်အောင် ပွားများရပါသည်။

ထိုဗြဟ္မာတို့၏ နေရာဌာနနှင့် သက်တမ်းတို့ကို ဖော်ပြရသော်-

နေရာဌာနမှာ - ရူပ စတုတ္ထဈာန်ဘုံ ဖြစ်ပါသည်။

သက်တမ်းမှာ - မဟာကပ်(ကမ္ဘာ) ငါးရာ ဖြစ်ပါသည်၊

'အကျိုးပေးခွင့် မရလင့်၊ ရလေပြန် ကျိုးမသန်၊ ရပြန်အကျိုးမဖွံ့ဖြိုး' ဟူသော စကားရပ်၌ ဖြစ်သင့်သော ကံကို တိကျစွာ ဖော်ပြရသော်-

ကပ်၍ နှိပ်စက်တတ်သော ကုသိုလ်၊ အကုသိုလ် စေတနာဖြစ်သော ဥပပီဠကကံ ဖြစ်ပါသည်။

၅ "ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ဖြစ်မှားမိသည်ရှိသော်"ဟုဆိုကြရာ ထိုကံ သုံးပါး ဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းတရားတို့ကို ဖော်ပြ၍ တရားဟောခြင်း (တရားကို ပေးခြင်း)သည် ဒါနကုသိုလ် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်ပြပါ။

http://www.dhammadownload.com



**'ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော်' ဆိုကြရာ ပြစ်မှားမိသော အကုသိုလ်ကံသုံးပါး ဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းတရားတို့မှာ-**

လောဘ၊ ဒေါသ၊ မောဟ ဟူသော မူလတရား ၃-ပါး ဖြစ်ပါသည်။

**တရားဟောခြင်း (တရားကိုပေးခြင်း)သည် ဒါနကုသိုလ် မဟုတ်ပါ။**

**အကြောင်းမှာ-** တရားဟောခြင်းဖြစ်သော ဓမ္မဒေသနာကုသိုလ်သည် ကုသိုလ်တရားတို့ကို အဖန်ဖန် အထပ်ထပ် တိုးပွားစေတတ်သောကြောင့် ဘာဝနာမယဖြစ်သော ပုညကြိယာဝတ္ထု၌ သွင်းယူရပါသည်၊ ထို့ကြောင့် တရားဟောခြင်း (ဓမ္မဒေသနာ)သည် ဒါနကုသိုလ် မဟုတ်၊ ဘာဝနာကုသိုလ်သာ ဖြစ်ပါသည်။

**၆** လူသားတို့သေဆုံးရခြင်း၏ အကြောင်းတရားများကို အချိန်ရောက်မှသေခြင်း (ကာလမရဏ) အချိန်မရောက်ခင် သေခြင်း (အကာလမရဏ)အားဖြင့် ခွဲခြားပြ၍ စုတေခါနီးအခါ ထင်လာသော အာရုံနိမိတ်များထဲမှ ဂတိနိမိတ်ထင်လာပုံကို သိသာရုံမျှ ဖော်ပြပါ။

**လူသားတို့သေဆုံးရခြင်း၏ အကြောင်းတရားများကို အချိန်ရောက်မှသေခြင်း (ကာလမရဏ) အချိန်မရောက်ခင်သေခြင်း (အကာလမရဏ)အားဖြင့် ခွဲခြားပြရသော်-**

| | | |
|---|---|---|
| ကာလမရဏ | = ၃-ပါး | |
| အကာလမရဏ | = ၁-ပါး | |
| ပေါင်း သေခြင်းမရဏ | = ၄-ပါး | ဖြစ်ပါသည်။ |

**ထိုတွင် ကာလမရဏ ၃-ပါးမှာ-**

(၁) **အာယုက္ခယ မရဏ** = အသက်တမ်းကုန်၍ သေခြင်း

(၂) **ကမ္မက္ခယ မရဏ** = ကံစွမ်းကုန်၍ သေခြင်း

(၃) **ဥဘယက္ခယ မရဏ** = အသက်တမ်း၊ ကံစွမ်း နှစ်ပါးကုန်၍ သေခြင်းတို့ ဖြစ်ပါသည်။

**အကာလမရဏ ၁-ပါးမှာ-**

**ဥပစ္ဆေဒက မရဏ** = ကံဆိုးဖြတ်ချ လတ်တလော သေခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**စုတေခါနီးအခါ ဂတိနိမိတ် ထင်လာပုံကို သိသာရုံ ဖော်ပြရသော်-**

လားရောက်ရမည့်ဘဝ၌ တွေ့ကြုံရမည့် ဂတိနိမိတ်နှစ်ပါးမှာ-

(၁) **ဥပလဒ္ဓိတဗ္ဗ ဂတိနိမိတ်** = အမိဝမ်းရေ၊ ငရဲဘုံ၊ နတ်ဘုံဗိမာန် စသည်တို့သည် တိုက်ရိုက် ရောက်ထိုက်သလို ထင်လာ၏။

(၂) ဥပဘောဂ ဘူတ ဂတိနိမိတ် = အိုးအိမ်၊ ငရဲမီး၊ ငရဲထိန်း၊ နတ်သမီး၊ ဥယျာဉ် ပဒေသာပင် စသည့်အသုံးအဆောင် အခြွေအရံများ ထင်လာပါသည်။

**၇ "လောက်လန်းသဖွယ် ဝိညာဉ်တွယ်"ဟူသော စကား မှန်/မမှန် ရှင်းပြ၍ တစ်ဘဝ၌ ဖြစ်ကြသော ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏ အဓိပ္ပာယ်ကိုလည်း အသီးသီး ရှင်းပြပါ။**

**"လောက်လန်းသဖွယ် ဝိညာဉ်တွယ်"ဟူသောစကားသည် - မမှန်ပါ။**

အကြောင်းပြရှင်းပြရသော်- ပဋိသန္ဓေဝိညာဉ်သည် ဥပါဒ်လျှင် ဥပါဒါခြင်း ဘဝသစ်၌ တည်သောကြောင့် ဖြစ်ပါသည်၊ ယခုဘဝ စုတေပြီးသည်နှင့် တစ်ပြိုင်နက် ဘဝတစ်ပါး၌ ပဋိသန္ဓေစိတ် ချက်ချင်းဖြစ်ပါသည်။

လောက်လန်းသတ္တဝါကဲ့သို့ အမှီအတွယ်ရပါမှ စွန့်လွှတ်သည်မဟုတ်၊ ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ဌီအခိုက်ကျမှ ဘဝသစ်သို့ ပြောင်းရွှေ့သည် မဟုတ်ပါ၊ သို့ဖြစ်၍ "လောက်လန်းသဖွယ် ဝိညာဉ်တွယ်"ဟူသောစကား မမှန်ရခြင်း ဖြစ်ပါသည်။

**တစ်ဘဝ၌ ဖြစ်ကြသော ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏အဓိပ္ပာယ်မှာ-**

ပဋိသန္ဓေ = ဘဝဟောင်းနှင့် ဘဝသစ်ကို ပြတ်တောက်မသွားအောင် ဆက်စပ်ပေးခြင်းသဘော၊

ဘဝင် = ရရှိပြီးသော ဘဝကို တည်တံ့အောင် စောင့်ရှောက်ပေးခြင်းသဘော၊ ဘဝ၏ အကြောင်းအင်္ဂါ၊

စုတိ = ရရှိပြီးသောဘဝမှ လျောကျ ပျက်စီးသေဆုံးခြင်းသဘောတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



## ရုပ်ပိုင်း

**၇** ရုပ်ဖြစ်ကြောင်းတရား လေးပါးတွင် ပါဝင်သော စိတ်အရ မယူရသော စိတ်တို့ကို ရေးပြ၍ ရုပ်ကို ဖြစ်စေသောရုပ်တို့ကိုလည်း ရေးပြပါ။

**ရုပ်ဖြစ်ကြောင်း တရားလေးပါးတွင် ပါဝင်သော စိတ်အရ မယူရသော စိတ်တို့မှာ-**

အရူပဝိပါက်စိတ် = ၄-ပါး

ဒွေပဥ္စဝိညာဉ်စိတ် = ၁၀-ပါး

ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**ရုပ်ကို ဖြစ်စေသော ရုပ်တို့မှာ-**

ဥတု (တေဇောဓာတ်)နှင့် အာဟာရ (ကဗဠီကာရာဟာရ)ရုပ်တို့ ဖြစ်ပါသည်။

**၈** သုဒ္ဓဋ္ဌက ကလာပ် အမျိုးအစားတို့ကို ရေးပြ၍ "ကလာပ်မဝင်၊ ရုပ်ငါးအင်"ကိုလည်း ဖော်ပြပါ။

**သုဒ္ဓဋ္ဌက ကလာပ် အမျိုးအစားတို့မှာ-**

စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်၊ ဥတုဇသုဒ္ဓဋ္ဌက ကလာပ်နှင့် အာဟာရဇ သုဒ္ဓဋ္ဌက ကလာပ်တို့ ဖြစ်ပါသည်။

**'ကလာပ် မဝင်၊ ရုပ်ငါးအင်'မှာ-**

(၁) အာကာသဓာတ် ပရိစ္ဆေဒရုပ် = ၁-ပါး

(၂) လက္ခဏာရုပ် = ၄-ပါး တို့ဖြစ်ပါသည်။

**၁၀** ရုပ်လေးပါးတို့၏ ဖြစ်စဉ်/ချုပ်စဉ်တို့ကို သိသာရုံမျှ ရေးသားပြ၍ နှိုင်းယှဉ်ချက်အပြားကိုလည်း သဘာဝ အာကာရအားဖြင့် ခွဲခြားရေးသားပြပါ။

**ရုပ်လေးပါးတို့၏ ဖြစ်စဉ်မှာ** = ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်

**ရုပ်လေးပါးတို့၏ ချုပ်စဉ်မှာ** = ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်

http://www.dhammadownload.com



**နိဗ္ဗာန်သည်-**

ငြိမ်းအေးခြင်း သန္တိလက္ခဏာဟူသော သဘာဝအားဖြင့် တစ်ပါးသာရှိ၏။

**အာကာရအားဖြင့်-**

- ရာဂစသောကြောင့်ကြဖွယ် ပလိဗောဓ အမျိုးမျိုးမှ ကင်းငြိမ်းသုဥ်းဆိတ်သော သုညတနိဗ္ဗာန်။
- ရာဂနိမိတ်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော အနိမိတ္တနိဗ္ဗာန်။
- အာသာ,တဏှာ စသော တောင့်တမှု၊ ပူပန်မှုတို့နှင့် မဆက်ဆံသော အပ္ပဏိဟိတ နိဗ္ဗာန်ဟု ၃-ပါး အပြားရှိ၏။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

၂၀၁၂-ခုနှစ်

**၁** ပဋိသန္ဓေတည်စနှင့် တည်ပြီးနောက် အမိဝမ်း၌ ကိန်းအောင်းနေဆဲခဏတို့၏ အမည်ကို ရေးသားပြ၍ ဝီထိစိတ်အစဉ်ကုန်သောအခါ ကျရောက်လာမည့် တရားတို့ကိုလည်း ဖြေဆိုပါ။

**ပဋိသန္ဓေတည်စနှင့် တည်ပြီးနောက် အမိဝမ်း၌ ကိန်းအောင်းနေဆဲခဏတို့၏ အမည်မှာ-**

| | |
|---|---|
| ပဋိသန္ဓေတည်စ ခဏအမည်မှာ | - ပဋိသန္ဓေ ဥပါဒ်ခဏ ဖြစ်၍၊ |
| တည်ပြီးနောက် အမိဝမ်း၌ ကိန်းအောင်းနေဆဲ ခဏမှာ | - ဌီခဏ ဖြစ်ပါသည်။ |
| ဝီထိစိတ်အစဉ် ကုန်သောအခါ ကျရောက်လာမည့်တရားမှာ | - ဘဝင်စိတ်များ ဖြစ်ပါသည်။ |

**၂** ပဉ္စဒွါရ၌ဖြစ်သော ဝီထိစိတ်တို့ကို ရေးသားပြ၍၊ ဝီထိမည်ပုံလျက် ဝီထိစိတ်မဖြစ်သော ဝီထိ၏အမည်ကိုလည်း ရေးပြပါ။

**ပဉ္စဒွါရ၌ဖြစ်သော ဝီထိစိတ်တို့မှာ-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁-ပါး |
| ဒွေပဉ္စဝိညာဏ် | = | ၁၀-ပါး |
| သမ္ပဋိစ္ဆိုင်း | = | ၂-ပါး |
| သန္တီရဏစိတ် | = | ၃-ပါး |
| ဝုဋ္ဌော | = | ၁-ပါး |
| ကာမဇော | = | ၂၉-ပါး |
| တဒါရုံ(မဟာဝိပါက်) | = | ၈-ပါး |
| ပေါင်း- ကာမစိတ် | = | ၅၄-ပါး |

http://www.dhammadownload.com



**ဝီထိမည်ပါလျက် ဝီထိစိတ်မဖြစ်သော ဝီထိ၏အမည်မှာ-**

အတိပရိတ္တာရုံဝီထိ (မောဃဝါရ) ဖြစ်ပါသည်။

❸ သမာပတ်ဝင်စားချိန်အတွင်း၌ ဖြစ်သောတရား မဖြစ်သောတရားတို့ကို ခွဲခြားပြ၍ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်သော ဇောတို့ကိုလည်း ရေးသားပြပါ။

**သမာပတ် ဝင်စားချိန်အတွင်း၌ ဖြစ်သောတရားမှာ-**

(ကာမဘုံသား) ကမ္မဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်များဖြစ်၍၊

(ရူပဘုံသား) ကမ္မဇရုပ်နှင့် ဥတုဇရုပ်များသာ ဖြစ်ပါသည်။

**သမာပတ် ဝင်စားချိန်အတွင်း၌ မဖြစ်သောတရားမှာ-**

စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်များ ဖြစ်ပါသည်။

**အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သောဇောမှာ-**

လောကုတ္တရာဇော (လောကုတ္တရာစိတ် ၈-ပါး) ဖြစ်ပါသည်။

---

## ဝီထိမုတ်ပိုင်း

❹ သုံးဆယ့်တစ်ဘုံတွင် ပါဝင်သော ဒုဂ္ဂတိ (မကောင်းသော လားရာဘုံ)တို့ကို တိကျစွာ ဖော်ပြ၍ အပါယ်ဘုံ၊ အသညသတ်ဘုံတို့၌ ရနိုင်သောပုဂ္ဂိုလ်၊ မရနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ခွဲခြား ဖြေဆိုပါ။

**သုံးဆယ့်တစ်ဘုံတွင် ပါဝင်သော ဒုဂ္ဂတိ (မကောင်းသော လားရာဘုံ)များမှာ-**

(၁) ငရဲဘုံ

(၂) တိရစ္ဆာန်ဘုံ

(၃) ပြိတ္တာဘုံ

(၄) အသုရကာယ်ဘုံ၊ ပေါင်း အပါယ် ၄-ဘုံ ဖြစ်ပါသည်။

**အပါယ်ဘုံ၊ အသညသတ်ဘုံတို့၌ ရနိုင်သောပုဂ္ဂိုလ်မှာ-**

အပါယ်ဘုံ၌ ရနိုင်သော ပုဂ္ဂိုလ် = ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

အသညသတ်ဘုံ၌ ရနိုင်သောပုဂ္ဂိုလ် = သုဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်ပါသည်။

http://www.dhammadownload.com



**အပါယ်ဘုံနှင့်အသညသတ်ဘုံတို့၌ မရနိုင်သော ပုဂ္ဂိုလ်မှာ-**

**အပါယ်ဘုံ၌ မရနိုင်သောပုဂ္ဂိုလ်မှာ-**

| | | |
|---|---|---|
| (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ကြဉ်သော်) ပုထုဇဉ်ပုဂ္ဂိုလ် | = | ၃-ယောက် |
| အရိယာပုဂ္ဂိုလ် | = | ၈-ယောက် |
| ပေါင်း ပုဂ္ဂိုလ် | = | ၁၁-ယောက် |

**အသညသတ်ဘုံ၌ မရနိုင်သောပုဂ္ဂိုလ်မှာ-**

| | | |
|---|---|---|
| (သုဂတိအဟိတ်ပုဂ္ဂိုလ် ကြဉ်သော်)ပုထုဇဉ်ပုဂ္ဂိုလ် | = | ၃-ယောက် |
| အရိယာပုဂ္ဂိုလ် | = | ၈-ယောက် |
| ပေါင်း ပုဂ္ဂိုလ် | = | ၁၁-ယောက် ဖြစ်ပါသည်။ |

**(၅) သုဒ္ဓါဝါသ ငါးဘုံကို သက်တမ်းနှင့်တကွ တွဲစပ်ပြ၍ စိတ်ပျံ့လွင့်နေသောပုဂ္ဂိုလ် အပါယ်ကျနိုင်-မကျနိုင်ကိုလည်း အဘိဓမ္မာအမြင်ဖြင့် ရှင်းလင်းပြပါ။**

**သုဒ္ဓါဝါသ ငါးဘုံကို သက်တမ်းနှင့်တကွ တွဲစပ်ပြရသော်-**

| | | |
|---|---|---|
| အဝိဟာဘုံ | = | ကမ္ဘာ ၁၀၀၀ |
| အတပ္ပါဘုံ | = | ကမ္ဘာ ၂၀၀၀ |
| သုဒဿာဘုံ | = | ကမ္ဘာ ၄၀၀၀ |
| သုဒဿီဘုံ | = | ကမ္ဘာ ၈၀၀၀ |
| အကနိဋ္ဌဘုံ | = | ကမ္ဘာ ၁၆၀၀၀ ဖြစ်ပါသည်။ |

**စိတ်ပျံ့လွင့်နေသောပုဂ္ဂိုလ် အပါယ်ကျနိုင်-မကျနိုင် ရှင်းပြရသော်-**

စိတ်ပျံ့လွင့်နေသောပုဂ္ဂိုလ်သည် အပါယ် မကျနိုင်ပါ။

**အကြောင်းမှာ-** ဥဒ္ဓစ္စကြဉ်သော အကုသိုလ်စေတနာ ၁၁-ပါးသည် ပဋိသန္ဓေအခါ အပါယ် ၄-ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် (၁)ပါးကို ဖြစ်စေ၏ဟုဆိုသောကြောင့် စိတ်ပျံ့လွင့်နေရုံမျှဖြင့် အပါယ်မကျနိုင်၊ စိတ်ပျံ့လွင့်ခြင်းသဘောရှိသော "ဥဒ္ဓစ္စ"စေတနာသည် အပါယ်ပဋိသန္ဓေအကျိုးပေးရာတွင် မပါဝင်သောကြောင့် အပါယ်မကျနိုင်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



❻ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြငြိမ်းချမ်းဖွယ်ရှိသည်ဟု သညာနှင့်တကွ စိတ်၊ စေတသိက်အားလုံးတို့အပေါ်၌ စက်ဆုပ်အောင် (သညာဝိရာဂ ဘာဝနာ) အဘယ်ရှုနက်ကို ပွားများရမည်၊ အဘယ်ဘုံသို့ ရောက်နိုင်သည်ကို တင်ပြ၍ ကံ၏အာရုံ (ကမ္မနိမိတ်) အမျိုးအစားကိုလည်း အဓိပ္ပါယ်နှင့်တကွ ရှင်းပြပါ။

(သညာဝိရာဂ ဘာဝနာ)အဖြစ် ပွားများပုံမှာ-

[ ၂၀၀၁-ခုနှစ်၊ မေးခွန်းနံပါတ် ၄-အဖြေကို ကြည့်ပါ။ ]

**ကံ၏အာရုံ (ကမ္မနိမိတ်)အမျိုးအစားများကို အဓိပ္ပာယ်နှင့်တကွ ရှင်းပြရသော်-**

(၁) ဥပလဒ္ဓ ကမ္မနိမိတ် နှင့်

(၂) ဥပကရဏ ကမ္မနိမိတ် ဟူ၍ နှစ်မျိုးရှိ၏။

- ကံနှင့်စပ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံသည် ဥပလဒ္ဓ ကမ္မနိမိတ် မည်၏။
- ကံပြီးမြောက်ဖို့ရာ အခြံအရံအဆောက်အဦမျှဖြစ်သော အပဓာနအာရုံသည် ဥပကရဏ ကမ္မနိမိတ် ဖြစ်ပါသည်။

---

**ရုပ်ပိုင်း**

❼ ရုပ် (၁၈)ပါးကို (က) အမည် ၂-မျိုး (ခ) အမည် ၁၁-မျိုးနည်းတို့ဖြင့် အကျဉ်းချုပ်ရေတွက်ပြ၍၊ ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်-ဟု ဆိုရလောက်အောင် မခွဲမခွါ အမြဲသာ တွဲယှဉ်နေသော ရုပ်တို့ကိုလည်း ရေးသားပြပါ။

**(က) အမည် ၂-မျိုးအားဖြင့် အကျဉ်းချုပ်ရေတွက်ရသော်-**

(၁) မဟာဘုတ်ရုပ်၊ (၂) ဥပါဒါရုပ်တို့ ဖြစ်ပါသည်။

**(ခ) အမည် ၁၁-မျိုးအားဖြင့် အကျဉ်းချုပ်ရေတွက်ရသော်-**

မဟာဘုတ်ရုပ်၊ ပသာဒရုပ်၊ ဂေါစရရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ လဟုတာဒိရုပ်၊ လက္ခဏရုပ် တို့ဖြစ်ပါသည်။

**မခွဲမခွါ အမြဲသာ တွဲယှဉ်နေသောရုပ်မှာ-**

အဝိနိဗ္ဘောဂရုပ် ၈-ပါး (မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ)။

http://www.dhammadownload.com



❽ စိတ်ကြောင့်ဖြစ်သော ရုပ်အစုတွင် မပါဝင်သောစိတ်တို့ကို ရေးသားပြ၍ ဝိညတ်စသည်တို့နှင့် မရောမယှက် သက်သက် သီးသန့်ဖြစ်သောရုပ်တို့ကိုလည်း ဖော်ထုတ်ပြပါ။

**စိတ်ကြောင့်ဖြစ်သော ရုပ်အစုတွင် မပါဝင်သောစိတ်မှာ-**

အရူပဝိပါက် ၄-ပါး၊ ဒွေပဥ္စဝိညာဏ် ၁၀-ပါး၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ဖြစ်ပါသည်။

**ဝိညတ်စသည်တို့နှင့်မရောမယှက် သက်သက် သီးသန့်ဖြစ်သောရုပ်မှာ-**

လက္ခဏရုပ် ၄-ပါး ဖြစ်ပါသည်။

❾ ကလလရေကြည် အမည်ရသောကလာပ်စည်းတို့၏ အမည်တို့ကို ရေးသားပြ၍ ကမ္ဘာဦးလူသားများ ချို့တဲ့သောရုပ်ကလာပ်ကိုလည်း ဖော်ထုတ်ပြပါ။

**ကလလရေကြည် အမည်ရသော ကလာပ်စည်းတို့မှာ-**

ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်တို့ ဖြစ်ပါသည်။

**ကမ္ဘာဦးလူသားများ ချို့တဲ့သော ရုပ်ကလာပ်မှာ-** ဘာဝဒသက ကလာပ် ဖြစ်ပါသည်။

❿ သညာမရှိသောဘုံ၌ ရထိုက်သမျှရုပ်တို့ကို ဖော်ထုတ်ပြ၍ ရုပ်တို့၏ဖြစ်ပျက်ပုံကို ဘယ်ဌာန၊ အဘယ်အပြားတို့ဖြင့် သိထိုက်သည်ကိုလည်း ဖြေဆိုပြပါ။

**သညာမရှိသောဘုံ၌ ရထိုက်သောရုပ်များမှာ-**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈-ပါး |
| ဇီဝိတရုပ် | = | ၁-ပါး |
| အာကာသဓာတ်ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| လဟုတာဒိရုပ် | = | ၃-ပါး |
| လက္ခဏရုပ် | = | ၄-ပါး |
| ပေါင်း | = | ၁၇-ပါး |

**ရုပ်တို့၏ဖြစ်ပျက်ပုံကို-**

ဌာနအားဖြင့် - ကာမ၊ ရူပ၊ အသညသတ်ဟုဆိုအပ်သော သုံးဌာန၊
အပြားအားဖြင့် - ပဋိသန္ဓေအပြား၊ ပဝတ္တိအပြားတို့ဖြင့် သိထိုက်ပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှူးရှူး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝိထိပိုင်း

(၂၀၁၃-ခုနှစ်)

**၁** လူသားတို့၏ စိတ်သက်သည် အဘိဓမ္မာနည်းအရ မည်မျှရှည်လျားသည်ကို တွက်ချက်ပြ၍ စာမေးပွဲဝင် စာဖြေရှင်တို့၏ စိတ်ဝိညာဉ်နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော ဝိထိ (၆)မျိုးတို့၏ အမည်ကိုလည်း ရေးသားပြပါ။

**လူသားတို့၏ စိတ်သက်သည် အဘိဓမ္မာနည်းအရ-**

(ဥပါဒ် ၊ ဌီ ၊ ဘင်) ခဏငယ် ၃-ချက်၊ စိတ္တက္ခဏ ၁-ချက် အသက်ရှည်ပါသည်။

**စိတ်ဝိညာဉ်နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော ဝိထိ(၆)မျိုးမှာ-**

(၁) စက္ခုဝိညာဏဝိထိ၊
(၂) သောတဝိညာဏဝိထိ၊
(၃) ဃာနဝိညာဏဝိထိ၊
(၄) ဇိဝှါဝိညာဏဝိထိ၊
(၅) ကာယဝိညာဏဝိထိ၊
(၆) မနောဝိညာဏဝိထိ တို့ဖြစ်ပါသည်။

**၂** ရည်မှန်းချက် နိဗ္ဗာန်သို့ရောက်ရန် ကြိုတင်ပြင်ဆင်မှုဖြစ်သော ပရိကမ္မစသည် လေးလီအမည်ရသော စိတ်တို့ကို ဖော်ပြ၍ ဘုရားရှင်ကို ဖူးမြော်၍ ကြည်နူးနေသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်လာသော တခါရုံစိတ်တို့ကိုလည်း ရွေးချယ်ပြပါ။

**ပရိကမ္မစသည် လေးလီအမည်ရသော စိတ်တို့မှာ-**

| | |
|---|---|
| မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် | = ၄-ပါး |
| မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် | = ၄-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



**ဘုရားရှင်ကို ဖူးမြော်ရ၍ ကြည်နူးနေသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်လာသော တဒါရုံစိတ်တို့မှာ-**

| | | | |
|---|---|---|---|
| အဟိတ်ကုသလဝိပါက် | သောမနဿ သန္တီရဏစိတ် | = | ၁-ပါး |
| မဟာဝိပါက် | သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း | သောမနဿ တဒါရုံ | = | ၅-ပါး |

❷ **ဈာနလာဘီ အရိယာပုဂ္ဂိုလ်များ တရားအားထုတ်ရာ၌ "မင်္ဂပေါက်လျှင် ဖိုလ်ဝင်သည်"ဟူသောစကား မှန်,မမှန် အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်ပြ၍ ပစ္စုပ္ပန်ဘဝ၌ အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းအားထုတ် တရားအလုပ် ပြုလုပ်ပါလျက် တရားထူး တရားမြတ် မရနိုင်ကြရှာသော ပုဂ္ဂိုလ်ရိုက ထုတ်ပြပါ။**

**"မင်္ဂပေါက်လျှင် ဖိုလ်ဝင်သည်"ဟူသောစကား မှန်ပါသည်။**

အကြောင်းမှာ- မင်္ဂဇောတစ်ကြိမ်ကျပြီးသည်နှင့် တစ်ပြိုင်နက် ဖိုလ်ဇော် ၂-ကြိမ်၊ ၃-ကြိမ် ဆက်တိုက်ဖြစ်ပေါ်သောကြောင့် ဖြစ်ပါသည်။

**တရားထူး တရားမြတ် မရနိုင်ကြရှာသော ပုဂ္ဂိုလ်များမှာ-**

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ် နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

---

## စိတ်ပိုင်း(ဘုံပိုင်း)

❹ **သံသရာလမ်း ခရီးကြမ်းဝယ် လျှောက်လမ်းကြခြား ပုဂ္ဂိုလ်များတွင် သက်တမ်းရှည်ကြာ နေထိုင်ခွင့်ရသောပုဂ္ဂိုလ်ကို (က) ပဋိသန္ဓေစိတ်၊ (ခ) သက်တမ်းတို့နှင့်တကွ တွဲစပ်ပြပါ။**

**သံသရာလမ်း ခရီးကြမ်းဝယ် လျှောက်လမ်းကြခြား ပုဂ္ဂိုလ်များတွင် သက်တမ်းရှည်ကြာ နေထိုင်ခွင့်ရသော ပုဂ္ဂိုလ်မှာ-**

နေဝသညာ နာသညာယတနဗြဟ္မာ ဖြစ်ပါသည်။

(က) **ပဋိသန္ဓေစိတ်မှာ** - နေဝသညာ နာသညာယတန ဝိပါက်စိတ်၊

(ခ) **သက်တမ်းမှာ** - (မဟာကပ်)ကမ္ဘာ ရှစ်သောင်းလေးထောင်၊

http://www.dhammadownload.com



၅ နေ့စဉ်မပျက် ကျင့်ဝတ်ထား၍ ပြုလုပ်အပ်သည့် ကံ၏အမည်ကို ရေးသားပြ၍၊ အကုသိုလ် ဒုစရိုက် ပြုလုပ်သူတို့အား အမိက တိုက်တွန်းပေးသော အရင်းခံတရားနှင့်၊ များသော အယူဝါဒကို ယူကြသောပုဂ္ဂိုလ်တို့၏ အမိကအကြောင်းတရားတို့ကိုလည်း ဖော်ပြပါ။

နေ့စဉ်မပျက် ကျင့်ဝတ်ထား၍ ပြုလုပ်အပ်သည့် ကံမှာ-

အာစိဏ္ဏကံ၊

အကုသိုလ်ဒုစရိုက် ပြုလုပ်သူတို့အား အမိက တိုက်တွန်းပေးသော အရင်းခံတရားမှာ-

လောဘ နှင့် မောဟ၊

များသောအယူဝါဒကို ယူကြသောပုဂ္ဂိုလ်တို့၏ အမိက အကြောင်းတရားမှာ-

လောဘ၊

၆ ရုပ်နာမ်နှစ်ဝ သခါရတို့ အသက်ရှည်ကြာ တည်ကြရာဝယ် ရုပ်သက်သက်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်တို့ကို ရွေးချယ်ပြ၍၊ လားရာဂတိ မြဲမရှိသော ပုထုဇဉ်လူသားများ ဘဝ ဟောင်းမှ ဘဝသစ်သို့ ပြောင်းသွားသောအခါ ရောက်နိုင်သောဘုံဌာနတို့ကိုလည်း ရွေးချယ် စိစစ်ပြပါ။

ရုပ်သက်သက်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်မှာ-

အသညသတ်ဗြဟ္မာ၊

ပုထုဇဉ်လူသားများ ရောက်နိုင်သော ဘုံဌာနများမှာ-

| | | |
|---|---|---|
| ကာမ | = | ၁၁-ဘုံ |
| ဝေဟပ္ဖိုလ်တိုင်အောင် ရူပ | = | ၁၀-ဘုံ |
| အသညသတ် | = | ၁-ဘုံ |
| အရူပ | = | ၄-ဘုံ |
| ပေါင်း | = | ၂၆-ဘုံ |

http://www.dhammadownload.com



## ရုပ်ပိုင်း

၇ ပရမတ်အစစ် ဓာတ်အနှစ်-ဟုဆိုကြရာ ရုပ်ပရမတ်ကို အစစ်-အတု ခွဲခြားပြ၍ "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်"ဟု ဆိုရလောက်အောင် ခွဲခြား၍ မရကောင်းသော ရုပ်တို့၏ အမည်စာရင်းကိုလည်း ပြုစုပြပါ။

ရုပ်ပရမတ်ကို အစစ်-အတု ခွဲခြားရသော်-

| | | | |
|---|---|---|---|
| ရုပ်အစစ်များမှာ - | မဟာဘုတ်ရုပ် | = | ၄-ပါး |
| | ပသာဒရုပ် | = | ၅-ပါး |
| | ဂေါစရရုပ် | = | ၄-ပါး |
| | ဘာဝရုပ် | = | ၂-ပါး |
| | ဟဒယရုပ် | = | ၁-ပါး |
| | ဇီဝိတရုပ် | = | ၁-ပါး |
| | အာဟာရရုပ် | = | ၁-ပါး |
| ပေါင်း | ရုပ်အစစ် | = | ၁၈-ပါး |

| | | | |
|---|---|---|---|
| ရုပ်အတုများမှာ - | အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| | ဝိညတ်ရုပ် | = | ၂-ပါး |
| | လဟုတာဒိရုပ် | = | ၃-ပါး |
| | လက္ခဏာရုပ် | = | ၄-ပါး |
| ပေါင်း | ရုပ်အတု | = | ၁၀-ပါး |

"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်"ဟု ဆိုရလောက်အောင် ခွဲခြား၍ မရကောင်းသောရုပ်မှာ-

မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇရုပ်တည်းဟူသော အဝိနိဗ္ဘောဂရုပ် ၈-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❶ စေတနာမှန်သော ကံတရားဟု ဆိုကြရာ (က) မှန်ကန်သော စေတနာ၊ (ခ) မမှန်ကန်သော စေတနာတို့ကို ကံကြောင့်ဖြစ်ကြရသော ရုပ်တရားများရှုကာ ခွဲခြား သုံးသပ်ပြ၍ မိုးချုန်းသံ၊ စကားပြောသံတို့ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်း အခြေခံတရားတို့ကိုလည်း ရေးသားပြပါ။

**ကံကြောင့် ဖြစ်ကြရသော ကမ္မဇရုပ်များမှာ-** ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး။

**(က) မှန်ကန်သော စေတနာ** = ကာမကုသိုလ်စေတနာ ၈-ပါး နှင့် ရူပကုသိုလ်စေတနာ ၅-ပါး။

**(ခ) မမှန်ကန်သော စေတနာ** = အကုသိုလ်စေတနာ ၁၂-ပါး

**မိုးချုန်းသံ ဖြစ်ပေါ်လာရခြင်းအကြောင်း** = ဥတု

**စကားပြောသံ ဖြစ်ပေါ်လာခြင်းအကြောင်း** = စိတ်

❷ အမိဝမ်းခေါင်း ကိန်းအောင်းကြသြား သတ္တဝါများတွင် ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်ကလာပ်တို့ကို အမြဲ-တစ်ခါတစ်ရံအားဖြင့် ခွဲခြားပြ၍ ကံကြောင့်ဖြစ်သော ရုပ်တို့၏ နောက်ဆုံး ဖြစ်ရာကာလနှင့် နောက်ဆုံးချုပ်ရာကာလတို့ကို အဘိဓမ္မာအမြင်ဖြင့် တင်ပြပါ။

**အမိဝမ်းခေါင်း ကိန်းအောင်းကြသြား သတ္တဝါများတွင် ပဋိသန္ဓေအခါ အမြဲဖြစ်သော ရုပ်ကလာပ်တို့မှာ-**

လုံးဝ ချို့တဲ့၍ မရသော ကာယဒသက ကလာပ်နှင့် ဝတ္ထုဒသက ကလာပ် ဟူသော ကလလရေကြည်ရုပ်ကလာပ် ၂-စည်း ဖြစ်ပါသည်။

**တစ်ခါတစ်ရံဖြစ်သော (ရံခါချို့နိုင်သော) ရုပ်ကလာပ်တို့မှာ-**

ဘာဝဒသက ကလာပ်ဖြစ်ပါသည်။

**ကံကြောင့်ဖြစ်သော ရုပ်တို့၏**

**နောက်ဆုံးဖြစ်ရာကာလ-** စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်စိတ်၏ ဥပါဒ်၊

**နောက်ဆုံးချုပ်ရာကာလ-** စုတိစိတ်နှင့်အပြိုင် (သို့) စုတိစိတ်၏ဘင်၊

http://www.dhammadownload.com



၁၀ ရူပဘုံသားပြဟ္မာကြီးများသန္တာန်၌ ကာမစိတ်ဓာတ်ကို ပွားစေတတ်သော ဘာဝရုပ်တို့ ရနိုင် မရနိုင် ခွဲခြားပြ၍၊ အိန္နာသေရေး ဒုက္ခဘေးတို့၏ကင်းရာ နိဗ္ဗာနဓာတ် တရားမြတ်ရတနာကို မိမိတို့၏ ပကတိမျက်စိဖြင့် မြင်နိုင်-မမြင်နိုင်ကိုလည်း စိစစ်ပြပါ။

**ရူပပြဟ္မာကြီးများ သန္တာန်၌ ဘာဝရုပ် မရနိုင်ပါ။**

အကြောင်းမှာ- ရူပပြဟ္မာများသည် ကာမဂုဏ်ကို လွန်စွာ စက်ဆုပ်သဖြင့် ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ဘာဝရုပ် ၂-ပါးကို ပယ်ထားသောကြောင့် ဖြစ်ပါသည်။

**နိဗ္ဗာနဓာတ် တရားမြတ်ရတနာကို မိမိတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်ပါ။**

မဂ်ဉာဏ် ၄-ပါးတည်းဟူသော ဓမ္မစက္ခုဖြင့်သာ မြင်နိုင်ပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှီးရှီး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

(၂၀၁၄-ခုနှစ်)

**၁** မြတ်ဗုဒ္ဓ၏ အဘိဓမ္မာကို လေ့လာသင်ယူနေကြသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ ဝီထိခန်းဝယ် မဖြစ်မနေ သိထားရမည့် အချက်အလက်တို့ကို ထုတ်ပြ၍ တင့်တယ်လှပသော ရူပါရုံကို မျက်စိက မြင်သည်ဟု ဆိုသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝကျ-မကျ ရှင်းလင်းပြပါ။

**ဝီထိခန်းဝယ် မဖြစ်မနေ သိထားရမည့် အချက်အလက်များမှာ-**

(၁) ဒွါရ = ၆-ပါး
(၂) အာရုံ = ၆-ပါး
(၃) ဝတ္ထု = ၆-ပါး
(၄) ဝိညာဏ် = ၆-ပါး
(၅) ဝီထိ = ၆-ပါး
(၆) ဝိသယပ္ပဝတ္တိ = ၆-ပါး တို့ဖြစ်ကြပါသည်။

**တင့်တယ်လှပသော ရူပါရုံကို မျက်စိက မြင်သည်ဟု ဆိုသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝမကျပါ။ အကြောင်းမှာ-**

စက္ခုဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်ခြင်း(ဒဿနကိစ္စ)တပ်သည်ဟု ဆိုထားသောကြောင့် ရူပါရုံကို စက္ခုဝိညာဏ်ကသာ မြင်နိုင်ပါသည်။

၎င်းအပြင် မျက်စိဖြစ်သော စက္ခုပသာဒရုပ်သည် အာရုံကိုမယူနိုင်သော အနာရမ္မဏ တရားဖြစ်သောကြောင့် မျက်စိက လှပသောရူပါရုံကို မမြင်နိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရူပါရုံကို မျက်စိက မြင်သည်ဟုဆိုသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝမကျခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



❷ စိတ်ထားလှပ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် ဖြစ်သင့်သော စိတ်၊ ဖြစ်ရာအခါ၊ ပြုသည့် အာရုံ၊ ဆောင်ရွက်သည့် ကိစ္စတို့ကို ဖော်ပြ၍ "အကုသိုလ် တစ်သက် မင်္ဂလာချက်"ဟူသော ဆိုရိုးစကားအရ မင်္ဂလာချက်ဟူသောစကားသည် မှန်ကန်မှု ရှိ၊ မရှိ ရှင်းလင်းပြပါ။

**စိတ်ထားလှပ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင်-**

ဖြစ်သင့်သောစိတ် = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊
ဖြစ်ရာအခါ = တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါ၊
ပြုသည့် အာရုံ = ရှေးက အလေ့အကျက်များသော ကာမအာရုံတစ်ပါးပါး၊
ဆောင်ရွက်သည့် ကိစ္စ = အာဂန္တုက ဘဝင်ကိစ္စ။

**"အကုသိုလ်တစ်သက် မင်္ဂလာချက်"**ဟူသောစကားသည် မှန်ကန်မှုရှိပါသည်။
[ ၂၀၁၅-ခုနှစ်၊ မေးခွန်းနံပါတ်(၃)တွင် ကြည့်ပါ။ ]

❸ "စိတ္တေန နီယတိ လောကော- လောကကို စိတ်က ဆောင်သည်"ဟု ဒေသနာရှိသော်လည်း စိတ်မရှိသော ပုဂ္ဂိုလ်ရှိက ထုတ်ပြ၍ ဖောက်ပြန် ပြောင်းလဲမှု ရုပ်မရှိ နာမ်သာ ရှိသောဘုံ၌ မရထိုက်သော နာမ်တရားတို့ကိုလည်း ဖော်ထုတ်ပြပါ။

**စိတ်မရှိသော ပုဂ္ဂိုလ်** = အသညသတ်ဗြဟ္မာ၊
**ရုပ်မရှိ နာမ်သာရှိသောဘုံ** = အရူပ(၄)ဘုံဟူသော ဗြဟ္မာဘုံဖြစ်သည်။

**ထိုဘုံ၌ မရထိုက်သော နာမ်တရားများမှာ-**

| | | | |
|---|---|---|---|
| | ဒေါသမူစိတ် | = | ၂-ပါး |
| မနောဒွါရာဝဇ္ဇန်းကြဉ်သော | အဟိတ်စိတ် | = | ၁၇-ပါး |
| | မဟာဝိပါက်စိတ် | = | ၈-ပါး |
| | ရူပါဝစရစိတ် | = | ၁၅-ပါး |
| | သောတာပတ္တိမဂ်စိတ် | = | ၁-ပါး |
| အရူပ(၄)ဘုံ၌ မရထိုက်သော နာမ်တရား | | = | ၄၃-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



## စိတ်မှတ်ပိုင်း

❾ ၃၁-ဘုံတည်းဟူသော သံသရာစက်ဝိုင်းအတွင်း၌ ကျင်လည်ကြသား ပုဂ္ဂိုလ်များတွင် အရိယာ မရှိသောဘုံ၊ ပုထုဇဉ် မရှိသောဘုံဌာနတို့ကို ခွဲခြားပြ၍ ဘယ်နေ့ ဘယ်အချိန် ဘယ်အရွယ် အသက်ဘယ်လောက်မှာ သေရမည်ဟု အသက်သတ်မှတ်ချက် မရှိသောပုဂ္ဂိုလ်များကိုလည်း ရွေးချယ်စိစစ်ပြပါ။

**အရိယာမရှိသောဘုံ** = အပါယ် ၄-ဘုံ + အသညသတ် ၁-ဘုံ = ၅-ဘုံ

**ပုထုဇဉ်မရှိသောဘုံ** = (၁) အဝိဟာဘုံ
(၂) အတပ္ပါဘုံ
(၃) သုဒဿာဘုံ
(၄) သုဒဿီဘုံ
(၅) အကနိဋ္ဌဘုံ ဟူသော သုဒ္ဓါဝါသ(၅)ဘုံ ဖြစ်ပါသည်။

**အသက်သတ်မှတ်ချက်မရှိသော ပုဂ္ဂိုလ်များမှာ-**

(၁) အပါယ် ၄-ဘုံသား
(၂) လူ့ဘုံ (တောင်ကျွန်း)သားနှင့်
(၃) စတုမဟာရာဇ်အနွယ်ဝင် ဘုမ္မစိုးနတ်ကြီးများကို မှီခို ကပ်ရပ်နေသော ဝိနိပါတိက အသုရာတို့ ဖြစ်ကြပါ သည်။

❿ အမျှဝေခြင်း၊ သာဓုခေါ်ခြင်းသည် ဒါန၊ သီလနှစ်မျိုးတို့တွင် အဘယ်၌ ပါဝင်သည်ကို စာရင်းသွင်းပြ၍ မှသားစကား ပြောဆိုခြင်းသည် အဘယ်တရား အရင်းခံကြောင့် ဖြစ်သည်ကို ရှင်းပြပြီး ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရား ပွားများမှသာ ရရှိနိုင်သည့် ကုသိုလ်ကံများကိုလည်း ထုတ်ပြပါ။

**အမျှဝေခြင်း (ပတ္တိဒါန)နှင့် သာဓုခေါ်ခြင်း (ပတ္တာနုမောဒန)တို့ ပါဝင်သောကုသိုလ်-**

= ဒါနကုသိုလ်၊

http://www.dhammadownload.com



**မုသားစကား ပြောဆိုခြင်း (မုသာဝါဒ)၏အရင်းခံတရား=** ရံခါ လောဘမူလ၊
ရံခါ ဒေါသမူလတရားများ။

**ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရား ပွားများမှသာ ရရှိနိုင်သည့် ကုသိုလ်ကံများမှာ-**

| | | | |
|---|---|---|---|
| | ရူပါဝစရကုသိုလ်ကံ | = | ၅-ပါး |
| | အရူပါဝစရကုသိုလ်ကံ | = | ၄-ပါး |
| ပေါင်း | မဟဂ္ဂုတ်ကုသိုလ်ကံ | = | ၉-ပါး ဖြစ်ကြပါသည်။ |

**၆ သေခါနီးတွင် ထင်လာတတ်သော အာရုံနိမိတ်တို့ကို သိသာရုံဖော်ပြ၍ သက်ရှိသတ္တဝါအားလုံးတို့ ဖြစ်ရသော ဘဝတစ်သက်တာဝယ် အစ အလယ် အဆုံးတို့၌ဖြစ်သော စိတ်တို့၏အမည် သညာကိုလည်း ရေးပြပါ။**

**သေခါနီးတွင် ထင်လာတတ်သော အာရုံနိမိတ်တို့မှာ-**

(၁) ကံ

(၂) ကမ္မနိမိတ်

(၃) ဂတိနိမိတ် ဟူသော နိမိတ် ၃-ပါး ဖြစ်ပါသည်။

**ဘဝတစ်သက်တာဝယ်-**

| | | |
|---|---|---|
| အစ ဖြစ်သောစိတ် | = | ပဋိသန္ဓေစိတ် |
| အလယ်ဖြစ်သောစိတ် | = | ဘဝင်စိတ် |
| အဆုံး ဖြစ်သောစိတ် | = | စုတိစိတ် ဖြစ်ပါသည်။ |

http://www.dhammadownload.com



## ရှုပ်ပိုင်း

❼ စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်လှယ်တတ်သော စေတသိက်တရားများ ရှိသကဲ့သို့ မဟာဘုတ်၌ မှီတွယ်၊ မဟာဘုတ်ကို ခြယ်လှယ်တတ်သော ရုပ်တရားတို့ကို သချာမှ ထုတ်ပြ၍၊ ထိုရုပ်တရားတို့သည် လောကီ လောကုတ္တရာ နှစ်မျိုးတွင် အဘယ်၌ ပါဝင်သည်ကို ခွဲခြားပြကာ မိမိတစ်ဦးတည်း မရပ်တည်နိုင်ဘဲ အမှီရှိမှ ရပ်တည်နိုင်သော ရုပ်တရားတို့ကို လည်း သရုပ်ထုတ်ပြပါ။

**မဟာဘုတ်၌ မှီတွယ် မဟာဘုတ်ကို ခြယ်လှယ်တတ်သော ရုပ်တရား**

= ဥပါဒါရုပ် ၂၄-ပါး

ထိုရုပ်တရားတို့သည် ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သော ကြောင့် လောကီယမည်၍- **လောကီတရားများ**တွင် ပါဝင်ပါသည်။

**မိမိတစ်ဦးတည်း မရပ်တည်နိုင်ဘဲ (မဟာဘုတ်တည်းဟူသော)အမှီရှိမှ ရပ်တည်နိုင် သော ရုပ်တရားများမှာ-**

| | | |
|---|---|---|
| ပသာဒရုပ် | = | ၅-ပါး |
| ဂေါစရရုပ် | = | ၄-ပါး |
| ဘာဝရုပ် | = | ၂-ပါး |
| ဟဒယရုပ် | = | ၁-ပါး |
| ဇီဝိတရုပ် | = | ၁-ပါး |
| သြဇရုပ် | = | ၁-ပါး |
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| ဝိညတ်ရုပ် | = | ၂-ပါး |
| လဟုတာဒိရုပ် | = | ၃-ပါး |
| လက္ခဏရုပ် | = | ၄-ပါး |
| ပေါင်း ဥပါဒါရုပ် | = | ၂၄-ပါး တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



❼ မခွဲမခွာ အမြဲသာ တွဲကာနေကြသည့် ရုပ်တရားတို့ကို ထုတ်ပြ၍ ပြုံးပျော်ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။

**မခွဲမခွာ အမြဲသာ တွဲကာနေကြသည့် ရုပ်တရားများမှာ-**

အဝိနိဗ္ဘောဂရုပ် ၈-ပါး (မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ) ဖြစ်ပါသည်။

**ပြုံးပျော်ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့မှာ-**

| | | | |
|---|---|---|---|
| လောဘမူ | သောမနဿစိတ် | = | ၄-ပါး |
| မဟာကုသိုလ် | သောမနဿစိတ် | = | ၄-ပါး |
| | ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာကြိယာ | သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း ကာမာဝစရ | သောမနဿစိတ် | = | ၁၃-ပါး ဖြစ်ပါသည်။ |

❽ လူသားတို့၏ ခန္ဓာအတွင်းရှိ ရုပ်ဝတ္ထုများတွင် လူနှင့်တူ သေသောရုပ်၊ လူသေပြီးမှ သေသောရုပ်၊ လူသေသော်လည်း ဆက်လက်ရှင်သန်နေသော ရုပ်တို့ကို ခွဲထုတ်ပြ၍ ကလာပ်ဖွဲ့စည်းရာ၌ ပါဝင်ခွင့်မရသော ရုပ်တို့ကိုလည်း ထုတ်ပြပါ။

**လူသားတို့၏ ခန္ဓာအတွင်းရှိ ရုပ်ဝတ္ထုများတွင်-**

| | | |
|---|---|---|
| လူနှင့်အတူ သေသောရုပ် | = | ကမ္မဇရုပ်၊ |
| လူသေပြီးမှ သေသောရုပ် | = | စိတ္တဇရုပ်နှင့် အာဟာရဇရုပ်၊ |
| လူသေသော်လည်း ဆက်လက် ရှင်သန်နေသောရုပ် | = | ဥတုဇရုပ် တို့ဖြစ်ပါသည်။ |

**ကလာပ်ဖွဲ့စည်းရာ၌ ပါဝင်ခွင့်မရသောရုပ်များမှာ-**

| | | |
|---|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| လက္ခဏရုပ် | = | ၄-ပါး |
| ပေါင်း ကလာပ်ဝိမုတ်ရုပ် | = | ၅-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



၁၀ အသညသတ်ပြဟ္မာများ ပဋိသန္ဓေအခါ၌သာ ရနိုင်သောရုပ်တို့ကို ထုတ်ပြ၍ ဘုရား ရဟန္တာတို့သည် သန္တိသုခ နိဗ္ဗာနဓာတ်ကြီးကို အာရုံပြုကြရာ ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သော နိဗ္ဗာန်၊ ပရိနိဗ္ဗာန်စံပြီးနောက် အာရုံပြုအပ်သော နိဗ္ဗာန်အမည်တို့ကို ရေးပြပါ။

**အသညသတ်ပြဟ္မာများ ပဋိသန္ဓေအခါ၌သာ ရနိုင်သောရုပ်တို့မှာ-**

| | | |
|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈-ပါး |
| ဇီဝိတရုပ် | = | ၁-ပါး |
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| ဥပစယရုပ် | = | ၁-ပါး |
| သန္တတိရုပ် | = | ၁-ပါး |
| ပေါင်း | = | ၁၂-ပါး ရ၏။ |

**ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သောနိဗ္ဗာန်** = သဥပါဒိသေသနိဗ္ဗာန်

**ပရိနိဗ္ဗာန်စံပြီးနောက် အာရုံပြုအပ်သောနိဗ္ဗာန်မှာ** = အနုပါဒိသေသနိဗ္ဗာန်

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရှီးရှီး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

(၂၀၁၅-ခုနှစ်)

**၁** ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိနှင့် ဝီထိစိတ်တို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများကို ပြည့်စုံစွာ ရေးသားဖြေဆိုခဲ့ပါ။

**ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိများမှာ-**

ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ ဖြစ်ပါသည်။

**ဝီထိစိတ်တို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများမှာ-**

(၁) အတိမဟန္တာရုံ၊ (၂) မဟန္တာရုံ၊ (၃) ပရိတ္တာရုံ၊
(၄) အတိပရိတ္တာရုံ၊ (၅) ဝိဘူတာရုံ၊ (၆) အဝိဘူတာရုံ တို့ဖြစ်ပါသည်။

**၂** သင်းပျံ့မွှေးကြိုင်သော ပန်းကလေးကို နမ်းရှိုက်နေသူ၏သန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကို သိသာရုံ ဖော်ပြ၍ အတိမဟန္တာရုံ၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

**သင်းပျံ့မွှေးကြိုင်သော ပန်းကလေးကို နမ်းရှိုက်နေသူ၏ သန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်မှာ-**

**(ဃာန-ဂန္ဓာရုံဖြစ်၍)** - ပဉ္စဒွါရာဝဇ္ဇန်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် ဃာနဝိညာဏ် = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ = ၁-ကြိမ်
- ဝုဋ္ဌော = ၁-ကြိမ်
- * ကာမဇော = ၇-ကြိမ်
- (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁+ မဟာဝိပါက် ဥပေက္ခာ-၄-ပါး) = ၂-ကြိမ်

ဥပေက္ခာတဒါရုံ ၅-ပါးမှ တစ်ပါးပါး တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**အတိမဟန္တာရုံ၏အဓိပ္ပာယ်မှာ-**

အာရုံထင်ပြီးသည်မှစ၍ ရေတွက်လျှင် အလွန်များသော ဝီထိစိတ္တက္ခဏ အသက်ရှိသောအာရုံ ဖြစ်ပါသည်။

❸ "အနာဂါမ်ဖြစ်ပြီး ဒေါသ အလွန်ကြီးတာပဲ"ဟူသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝကျ/မကျ ဝီထိပိုင်းလာ ပုဂ္ဂလဘေဒကို သုံးသပ်ဆင်ခြင်၍ ဆုံးဖြတ်ပြီးလျှင်၊ အရိယာ နယ်သား ပုဂ္ဂိုလ်များ၏ ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ။

**"အနာဂါမ်ဖြစ်ပြီး ဒေါသအလွန်ကြီးတာပဲ"ဟူသော စကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝမကျပါ။**

**အကြောင်းမှာ- အနာဂါမိမဂ်ဇောခဏ၌** ကာမရာဂနှင့် ဗျာပါဒ(ဒေါသ)ကို သမုစ္ဆေဒပဟာန် ပယ်သတ်ပြီးဖြစ်၍ **(အနာဂါမိဖိုလ်) အနာဂါမ်ပုဂ္ဂိုလ်များ၌**ဖြစ်သော စိတ်များတွင် ဒေါသမူစိတ် ၂-ပါး လုံးဝဖြစ်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

**ဥပမာ- ကာမဘုံသား ရှာန်မရ(အနာဂါမိဖိုလ်) အနာဂါမ်ပုဂ္ဂိုလ်၌** ဖြစ်နိုင်သောစိတ်တို့မှာ-

| | | | |
|---|---|---|---|
| (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ပါး နှင့် ဒေါသမူ‌ဒွေးကြဉ်သော်) | အကုသိုလ်စိတ် | = | ၅-ပါး |
| (ဟသိတုပ္ပါဒ်ကြဉ်သော) | အဟိတ်စိတ် | = | ၁၇-ပါး |
| | မဟာကုသိုလ်စိတ် | = | ၈-ပါး |
| | မဟာဝိပါက်စိတ် | = | ၈-ပါး |
| | အနာဂါမိဖိုလ်စိတ် | = | ၁-ပါး |
| ပေါင်း- | အနာဂါမ်ပုဂ္ဂိုလ်၌ ဖြစ်နိုင်သောစိတ် | = | ၃၉-ပါး |

**အရိယာနယ်သား ပုဂ္ဂိုလ်များ၏ ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့်တကွ တွဲစပ် ဖော်ပြရပါလျှင်-**

(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ် = သောတာပတ္တိမဂ်စိတ် ၁-ပါး၊
(၂) သကဒါဂါမိမဂ်ပုဂ္ဂိုလ် = သကဒါဂါမိမဂ်စိတ် ၁-ပါး၊
(၃) အနာဂါမိမဂ်မဂ်ပုဂ္ဂိုလ် = အနာဂါမိမဂ်စိတ် ၁-ပါး၊

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၄) အရဟတ္တမဂ်ပုဂ္ဂိုလ် | = | အရဟတ္တမဂ်စိတ် | ၁-ပါး၊ |
| (၅) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | = | သောတာပတ္တိဖိုလ်စိတ် | ၁-ပါး၊ |
| (၆) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | = | သကဒါဂါမိဖိုလ်စိတ် | ၁-ပါး၊ |
| (၇) အနာဂါမိမဂ်ဖိုလ်ပုဂ္ဂိုလ် | = | အနာဂါမိဖိုလ်စိတ် | ၁-ပါး၊ |
| (၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ် | = | အရဟတ္တဖိုလ်စိတ် ၁-ပါး နှင့် အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာစိတ် ၁၈-ပါး တို့ဖြစ်ပါသည်။ | |

---

## ဝီထိမုတ်ပိုင်း(ဘုံပိုင်း)

❾ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါတို့မှာ ပုထုဇဉ်ရော အရိယာပါ ရောနှောနေသော ဘုံတို့ကို ဖော်ပြ၍ သုံးဆယ့်တစ်ဘုံသား သတ္တဝါများအား သံသရာမှာ ကျင်လည်ကာ ဖြစ်စေတတ်သော ပဋိသန္ဓေလေးမျိုးကိုလည်း ဖြေဆိုခဲ့ပါ။

ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါတို့မှာ ပုထုဇဉ်ရော အရိယာပါ ရောနှောနေသော ဘုံတို့မှာ-

| | | |
|---|---|---|
| ကာမသုဂတိ | = | ၇-ဘုံ |
| (အသညသတ်နှင့် သုဒ္ဓါဝါသဘုံကြဉ်သော) ရူပ | = | ၁၀-ဘုံ |
| အရူပ | = | ၄-ဘုံ |
| ပေါင်း | = | ၂၁-ဘုံ ဖြစ်ပါသည်။ |

သုံးဆယ့်တစ်ဘုံသား သတ္တဝါများအား သံသရာမှာ ကျင်လည်ကာ ဖြစ်စေတတ်သော ပဋိသန္ဓေ လေးမျိုးမှာ-

| | | |
|---|---|---|
| (၁) အပါယ်ပဋိသန္ဓေ | = | ၁-ပါး |
| (၂) ကာမသုဂတိပဋိသန္ဓေ | = | ၉-ပါး |
| (၃) ရူပပဋိသန္ဓေ | = | ၆-ပါး |
| (၄) အရူပပဋိသန္ဓေ | = | ၄-ပါး |
| ပေါင်း | = | ၂၀-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



❺ စာဖြေသူကိုယ်တိုင် ပြုစုကျွေးမွေးစောင့်ရှောက်ထားသော ကြောင်ကလေးရှေ့ဝါ၏ ပဋိသန္ဓေစိတ်နှင့် မသန်စွမ်းကျောင်းတော်ကြီးမှ ဆွံ့အ,နားမကြား ကလေးငယ်တစ်ဦး၏ ပဋိသန္ဓေစိတ်တို့ကိုဖော်ပြ၍ တစ်ဘဝ၌ တူမြဲတရား သုံးပါးကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

**စာဖြေသူကိုယ်တိုင် ပြုစုကျွေးမွေး စောင့်ရှောက်ထားသော ကြောင်ကလေးရှေ့ဝါ၏ ပဋိသန္ဓေစိတ်မှာ**- အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

**မသန်စွမ်းကျောင်းတော်ကြီးမှ ဆွံ့အနားမကြား ကလေးငယ်တစ်ဦး၏ ပဋိသန္ဓေစိတ်မှာ**- အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်

**တစ်ဘဝ၌ တူမြဲတရားသုံးပါးကို ရေးသားပေးရသော်-**

(၁) ပဋိသန္ဓေစိတ်
(၂) ဘဝင်စိတ်
(၃) စုတိစိတ် တို့ဖြစ်ကြပါသည်။

❻ ဈေးထဲတွင် အမျိုးသမီးတစ်ဦး ကြမ်းတမ်းစွာ ဆဲဆိုရေရွတ်နေခြင်းသည် ဒေါသကြောင့်လား လောဘကြောင့်လား မှန်ကန်စွာ ဆုံးဖြတ်ပြီး၊ သေသူကို ရည်မှန်း၍ ကုသိုလ်ပြုလုပ်ကာ အမျှဝေခြင်းသည် ပုညကိရိယဝတ္ထုဆယ်ပါး၌ မည်သည့်ကုသိုလ်မျိုးဖြစ်သည်ကို ဖြေဆို၍ ယင်းကုသိုလ်ကို ဒါနမယ၊ သီလမယ၊ ဘာဝနာမယတို့တွင် အဘယ်၌သွင်းရမည်ကိုလည်း ညွှန်ပြခဲ့ပါ။

**ဈေးထဲတွင် အမျိုးသမီးတစ်ဦး ကြမ်းတမ်းစွာ ဆဲဆိုရေရွတ်နေခြင်း(ဖရုသဝါစာ)သည်**- ဒေါသတည်းဟူသော အကြောင်းတရားကြောင့် ဖြစ်ပါသည်။

**သေသူကို ရည်မှန်း၍ ကုသိုလ်ပြုလုပ်ကာ 'အမျှဝေခြင်း'သည် ပုညကိရိယဝတ္ထုဆယ်ပါး၌**- မိမိကောင်းမှုကို အညီအမျှရစေရန် အမျှပေးဝေမှုဖြစ်သော **ပတ္တိဒါနကုသိုလ်** မည်ပါသည်။

**ယင်း ပတ္တိဒါနကုသိုလ်သည်- ဒါနမယ၊ သီလမယ၊ ဘာဝနာမယတို့တွင်** စွန့်ကြဲပေးကမ်း၊ လှူဒါန်းမှုဖြစ်သော **ဒါနမယ(ကုသိုလ်)**တွင် သွင်းယူရမည်ဖြစ်ပါသည်။

http://www.dhammadownload.com



## ရုပ်ပိုင်း

၇ ထိတွေ့စမ်းသပ်၍ ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ)တွင် ပါဝင်သော ရုပ်တရားအစုကို ဖော်ထုတ် ရေးသား၍၊ ပရမတ္ထအားဖြင့် အထင်အရှား အထည်ကိုယ် ရကောင်းသော ရုပ်တရားများကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

ထိတွေ့စမ်းသပ်၍ ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ)တွင် ပါဝင်သော ရုပ်တရားအစုမှာ- ( ပထဝီ )ဖောဋ္ဌဗ္ဗာရုံ၊
(တေဇော)ဖောဋ္ဌဗ္ဗာရုံနှင့်
(ဝါယော)ဖောဋ္ဌဗ္ဗာရုံ -တို့ဖြစ်ပါသည်။

ပရမတ္ထအားဖြင့် အထင်အရှား အထည်ကိုယ်ရသော ကောင်းသော ရုပ်တရားများမှာ-

| | | |
|---|---|---|
| မဟာဘုတ်ရုပ် | = | ၄-ပါး |
| ပသာဒရုပ် | = | ၅-ပါး |
| ဂေါစရရုပ် | = | ၄-ပါး |
| ဘာဝရုပ် | = | ၂-ပါး |
| ဟဒယရုပ် | = | ၁-ပါး |
| ဇီဝိတရုပ် | = | ၁-ပါး |
| အာဟာရရုပ် | = | ၁-ပါး |
| ပေါင်း ပရမတ်ရုပ် | = | ၁၈-ပါး ဖြစ်ပါသည်။ |

၈ "စိတ်ထောင်းတော့ ကိုယ်ကြေ" ဟုဆိုကြရာ စိတ်အားလုံးက ကိုယ်(ရုပ်)ကို ဖြစ်စေနိုင်/မဖြစ်စေနိုင်သည်ကို ရူပသမုဋ္ဌာနနယကို ရှေ့ရှုသုံးသပ်ကာ ဆုံးဖြတ်ပြီးလျှင်၊ ရုပ်ကလာပ်တစ်ခုဟု ဆုံးဖြတ်သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါလက္ခဏာများဖြစ်သော ဧကုပ္ပါဒ, ဧကနိရောဓ, ဧကနိဿယ, သဟဝုတ္တိတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

"စိတ်ထောင်းတော့ ကိုယ်ကြေ" ဟုဆိုကြရာ စိတ်အားလုံးက ကိုယ်(ရုပ်)ကို မဖြစ်စေနိုင်ပါ။

http://www.dhammadownload.com



(အရူပဝိပါက်-၄၊ ဒွေပဉ္စဝိညာဉ်-၁၀၊ ရဟန္တာတို့ စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးသည် ရုပ်ကို ဖြစ်စေသောစိတ် ဖြစ်ပါသည်။

**ရုပ်ကလာပ်တစ်ခု-ဟု ဆုံးဖြတ်သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါလက္ခဏာများမှာ-**

ဧကုပ္ပါဒ = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် ဖြစ်ရခြင်း၊

ဧကနိရောဓ = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် ချုပ်ရခြင်း၊

ဧကနိဿယ = ရုပ်ကလာပ်တစ်စည်း၌ ရုပ်တရားအပေါင်းတို့သည် မဟာဘုတ်တည်းဟူသော မှီရာတူခြင်း၊

သဟဝုတ္တိ = အသီးသီးသော ကလာပ်တူရုပ်များ အတူတကွ တစ်ပေါင်းတည်း ဖြစ်ရခြင်း တို့ဖြစ်ပါသည်။

❽ "သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး" ဆိုသလို လူသားတို့၏ ဂေဟာစနစ် သာယာလှပဖို့ ချစ်ခင်နှစ်သက်စွာဖြင့် စိုက်ပျိုးလာကြသော သစ်တောသစ်ပင်၌ မည်သည့်ရုပ်ကလာပ်များ ပါဝင်ပါသနည်း ဖြေဆို၍ ယင်းရုပ်ကလာပ်များ၌ ပါဝင်သောရုပ်တရားများကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

**သစ်တောသစ်ပင်(ဗဟိဒ္ဓသန္တာန်)၌-**

**ရိုးရိုးအခါ** ရနိုင်သော ရုပ်ကလာပ် = ဥတုဇ သုဒ္ဓဋ္ဌကကလာပ် ၁-စည်း။
ရနိုင်သော ရုပ်တရား = အဝိနိဗ္ဘောဂရုပ် ၈-ပါး။

**တစ်စုံတစ်ခုသော အကြောင်းကြောင့် အသံထွက်သောအခါ-**

ရနိုင်သော ရုပ်ကလာပ် = ဥတုဇသဒ္ဒနဝကကလာပ် ၁-စည်း။

ရနိုင်သော ရုပ်တရား = အဝိနိဗ္ဘောဂရုပ် ၈-ပါး + သဒ္ဒရုပ် ၁-ပါး။
= ၉-ပါး

http://www.dhammadownload.com



⑩ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲကို ဖြေဆိုနေကြသော လူသားတို့၏ ပဋိသန္ဓေအခါ၌ ရရှိနိုင်သောရုပ်ကလာပ်တို့ကို ဖြေဆို၍ ပုထုဇဉ်ယောဂီသူတော်စင်သည် "နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုနိုင်/မပြုနိုင်" သည်ကို ယခုသင်ယူနေသော အဘိဓမ္မာအမြင်ဖြင့် နိုင်နိုင်မာမာ ဆုံးဖြတ်ခဲ့ပါ။

လူသားတို့၏ ပဋိသန္ဓေအခါ၌ ရနိုင်သော ရုပ်ကလာပ်တို့မှာ-

| | | |
|---|---|---|
| | ကာယ ဒသက ကလာပ် | = ၁-စည်း |
| | ဆိုင်ရာဘာဝ ဒသက ကလာပ် | = ၁-စည်း |
| | ဝတ္ထုဒသက ကလာပ် | = ၁-စည်း |
| ပေါင်း | ကလလရေကြည်ရုပ်ကလာပ် | = ၃-စည်း ရပါသည်။ |

ပုထုဇဉ်ယောဂီသူတော်စင်သည် "နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်မပြုနိုင်ပါ"

မဂ်ဉာဏ် ၄-ပါးတည်းဟူသော ဓမ္မစက္ခုဖြင့်သာ ဒိဋ္ဌပစ္စက္ခ မြင်အပ်၊ မျက်မှောက်ပြုအပ်သည် ဖြစ်ပါသည်။

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

## ၂၀၁၆-ခုနှစ်

**၁** အလွန်ကြီးမားသည့် အာရုံ၌ဖြစ်သော ဝီထိစိတ္တုပ္ပါဒ်တို့ကို ရေတွက်ပြ၍ ဝီထိစိတ်တို့တွင် မပါဝင်သော စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

**အလွန်ကြီးမားသည့် အာရုံ(အတိမဟန္တာရုံ)၌ဖြစ်သော "ဝီထိစိတ္တုပ္ပါဒ်"တို့ကို ရေတွက်ပြရသော်-**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ကြိမ် |
| ပဉ္စဝိညာဏ် | = | ၁-ကြိမ် |
| သမ္ပဋိစ္ဆိုင်း | = | ၁-ကြိမ် |
| သန္တီရဏ | = | ၁-ကြိမ် |
| ဝုဋ္ဌော | = | ၁-ကြိမ် |
| ကာမဇော | = | ၇-ကြိမ် |
| တဒါရုံ | = | ၂-ကြိမ် |
| ပေါင်း | = | ၁၄-ကြိမ် |

**ဝီထိစိတ်တို့တွင် မပါဝင်သော စိတ်တို့မှာ-**

ဝီထိမုတ်စိတ်များဖြစ်သော စိတ္တက္ခဏ ၁၇-ချက်တွင် အကျုံးဝင်သည့် ရှေ့ဘဝင်စိတ်များ (အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ) ဖြစ်ပါသည်။

**၂** "ငါက ဗိုလ်အောင်ဒင်၊ နင်က ဒါကိုမမြင်"အစရှိသော ယနေ့ခေတ် ဗိုလ်အောင်ဒင်သီချင်းသံကို နှစ်သက်စွာ နားထောင်နေသူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံ ဖော်ပြ၍ တဒါရုံအင်္ဂါ ၃-ပါးကိုလည်း ရေးသားဖြေဆိုပါ။

http://www.dhammadownload.com



**ယနေ့ခေတ် ဗိုလ်အောင်ဒင်သီချင်းသံကို နှစ်သက်စွာ နားထောင်နေသူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံ ဖော်ပြရသော်-**

**ဣဋ္ဌ-သဒ္ဒါရုံဖြစ်၍** - ပဉ္စဒွါရာဝဇ္ဇန်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သောတဝိညာဏ် = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း = ၁-ကြိမ်
- အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ = ၁-ကြိမ်
- ဝုဋ္ဌော = ၁-ကြိမ်
- အယောနိသော မနသိကာရဖြစ်၍ လောဘမူ အကုသိုလ် ကာမဇော = ၇-ကြိမ်
- (အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁+ မဟာဝိပါက် ဥပေက္ခာ-၄) ပေါင်း ဥပေက္ခာတဒါရုံ ၅-ပါးမှ တစ်ပါးပါး) = ၂-ကြိမ်

ဤဝီထိသည် တဒါရမ္မဏဝါရ သောတဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပါသည်။

**တဒါရုံအင်္ဂါ ၃-ပါးကို ရေးသားဖော်ပြရသော်-**

(၁) ကာမဇော၊
(၂) ကာမသတ္တဝါ၊
(၃) အတိမဟန္တ၊ ဝိဘူတဖြစ်သော ကာမအာရုံတို့ ဖြစ်ပါသည်။

**၇ ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်ဇော ရနိုင်/မရနိုင် ဝီထိပိုင်းလာ ပုဂ္ဂလဘေဒအမြင်ဖြင့် သုံးသပ်ဆုံးဖြတ်ကာ အသညသတ်ဘုံ၌ရှိသော သုဂတိအဟိတ်ပုဂ္ဂိုလ်တို့အား ဝီထိစိတ်တို့ ဖြစ်နိုင်/မဖြစ်နိုင် အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြ ဆုံးဖြတ်ပါ။**

ရဟန္တာပုဂ္ဂိုလ်တို့သည် **ကုသိုလ်ဇော မရနိုင်ပါ။**

**ဝီထိပိုင်းလာ ပုဂ္ဂလဘေဒအရ-**

**ရဟန္တာပုဂ္ဂိုလ် ရနိုင်သောစိတ်(ကာမဘုံသားဖြစ်အံ့)**

http://www.dhammadownload.com



| | | |
|---|---|---|
| အဟိတ်စိတ် | = | ၁၈-ပါး |
| မဟာဝိပါက်စိတ် | = | ၈-ပါး |
| မဟာကြိယာစိတ် | = | ၈-ပါး |
| အရဟတ္တဖိုလ်စိတ် | = | ၁-ပါး |
| ပေါင်း | = | ၃၅-ပါး |

(ကျန်ရခဲ့သော ဆိုင်ရာမဟဂ္ဂုတ်ကြိယာစိတ် ၉-ပါးကို ထည့်ပေါင်းလျှင် ၄၄-ပါးဖြစ်ပါသည်။)

ရဟန္တာပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာ၊ တဏှာတည်းဟူသော ဝဋ်မြစ်နှစ်ပါးကို အမြစ်ဖြတ် ပယ်သတ်ပြီး၍ အနုသယလည်း မရှိတော့ပါ။ ထို့ကြောင့် လောကီကုသိုလ်လည်း မရတော့ပါ။ ပယ်ဖွယ်ရာ ကိလေသာတရားများ မရှိတော့သောကြောင့် လောကုတ္တရာကုသိုလ်လည်း မရှိတော့ပါ။ ၎င်းတို့ ရနိုင်သောစိတ်တို့တွင် လောကီကုသိုလ်စိတ်နှင့် လောကုတ္တရာကုသိုလ်စိတ်များ မပါဝင်သောကြောင့် ကုသိုလ်ဇောများ မရနိုင်ခြင်း ဖြစ်ပါသည်။

**အသညသတ်ဘုံ၌ရှိသော အဟိတ်ပုဂ္ဂိုလ်တို့အား ဝီထိစိတ်များ ဖြစ်နိုင်-မဖြစ်နိုင် အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြ ဆုံးဖြတ်ပြရသော-**

ဝီထိစိတ်များ မဖြစ်နိုင်ပါ။

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် သညာ(စိတ်၊ စေတသိက်)ကို စက်ဆုပ်သော နာမ်ပျောက်စေလိုမှုနှင့်ယှဉ်သော သညာဝိရာဂ ဘာဝနာအစွမ်းဖြင့် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ ဒွါရ မထိုက်သောရုပ်များသာ ရသောဘုံဖြစ်၍ မည်သည့်စိတ်-စေတသိက်ကိုမျှ မရကြပါ။ ထို့ကြောင့် အာရုံနှင့် ဒွါရ တိုက်ဆိုင်၍ဖြစ်သော ဝီထိစိတ်များလည်း မဖြစ်နိုင်ကြခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



❹ သုံးဆယ့်တစ်ဘုံတွင် စာဖြေသူ ပုထုဇဉ်တို့ နေခွင့်မရသောဘုံနှင့် အရိယာသူတော်စင်တို့ မနေအပ်သော ဘုံတို့ကို ညွှန်ပြကာ၊ စာဖြေသူသည် မည်သည့်ဘုံသားဖြစ်၍ သက်တမ်း မည်မျှ ရှိပါသနည်း။ ဖြေဆိုပါ။

**စာဖြေသူ ပုထုဇဉ်တို့ နေခွင့်မရသော ဘုံများမှာ-**

(၁) အဝိဟာဘုံ
(၂) အတပ္ပါဘုံ
(၃) သုဒဿာဘုံ
(၄) သုဒဿီဘုံ
(၅) အကနိဋ္ဌဘုံဟူသော သုဒ္ဓါဝါသ(၅)ဘုံ ဖြစ်ပါသည်။

**အရိယာ သူတော်စင်တို့ မနေအပ်သော ဘုံများမှာ-**

| | | |
|---|---|---|
| (၁) အပါယ် | = | ၄-ဘုံ |
| (၂) အသညသတ် | = | ၁-ဘုံ |
| ပေါင်း | = | ၅-ဘုံတို့ ဖြစ်ကြပါသည်။ |

**စာဖြေသူ၏ ဘုံနှင့် သက်တမ်းတို့မှာ-**

| | | |
|---|---|---|
| စာဖြေသူဘုံ | = | လူဘုံ |
| သက်တမ်း | = | သက်တမ်းမမြဲဟု ဆိုသောကြောင့် အတည်တကျ သတ်မှတ်၍ မရပါ။ |

❺ အကျိုးပေးရာကာလ၏ အစွမ်းဖြင့်ဖြစ်သော ကံလေးမျိုးကို ဖော်ပြ၍ မျက်မှောက်ခေတ်ကာလမှာ ဖြစ်ပွားလျက်ရှိသော ဒုစရိုက်အမျိုးမျိုးတွင် လူမျိုးတုံးသတ်ဖြတ်မှု လူသတ်ဝါဒသည် ဒေါသကြောင့် ဖြစ်ပါသလော။ လောဘကြောင့် ဖြစ်ပါသလော။ အဘိဓမ္မာအမြင်ဖြင့် မှန်ကန်စွာ ဆုံးဖြတ်ပါ။

**အကျိုးပေးရာ ကာလ၏ အစွမ်းဖြင့်ဖြစ်သော ကံလေးမျိုးမှာ-**

(၁) **ဒိဋ္ဌဓမ္မ ဝေဒနီယကံ** = ယခု မျက်မှောက်ဘဝ၌ပင် အကျိုးပေးသော ပဌမဇောစေတနာ၊

http://www.dhammadownload.com



(၂) **ဥပပဇ္ဇ ဝေဒနီယကံ** = ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ၊

(၃) **အပရာပရိယာယ ဝေဒနီယကံ**= တတိယဘဝမှ နိဗ္ဗာန်မရမီ ကာလအတွင်း အခွင့်ရတိုင်း အကျိုးပေးသော အလယ်ဇော ၅-ချက် စေတနာ၊

(၄) **အဟောသိကံ** = အကျိုးမပေး သုဉ်းဆိတ်သော ရှေ့ဇော ၇-ချက် စေတနာတို့ ဖြစ်ကြပါသည်။

**ဒုစရိုက်အမျိုးမျိုးတွင် လူမျိုးတုံးသတ်ဖြတ်မှု လူသတ်ဝါဒသည် ဒေါသကြောင့် ဖြစ်ပါသည်။**

**အဘိဓမ္မာအမြင်ဖြင့် မှန်ကန်စွာ ဆုံးဖြတ်ရသော်-**

လူမျိုးတုံး သတ်ဖြတ်မှု လူသတ်ဝါဒသည် ဒုစရိုက် ၁၀-ပါးတွင် ပါဏာတိပါတ ဒုစရိုက်ဖြစ်ပါသည်။ ထိုလူသတ်ဝါဒဟူသော ပါဏာတိပါတကံ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းခံ တရားမှာ ဒေါသမူလ(ဒေါသစေတသိက်)ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လူသတ်ဝါဒသည် ဒေါသမူလကြောင့် ဖြစ်ပါကြောင်း မှန်ကန်စွာ ဆုံးဖြတ်ရပါသည်။

**၆** **"ကောင်းပင်ပျိုးက ကောင်းကျိုးရ"ဟုဆိုသဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ရာဝယ် အမှန်တကယ် တူသောကောင်းကျိုးကို ပေးတတ်သော ကုသိုလ်ကံကို ညွှန်ပြ၍ သေဆုံးရခြင်း အကြောင်းလေးမျိုးကို ဖော်ပြကာ၊ ကားများပေါ်များလာသလို ကားမတော်တဆမှုများလည်း ပေါ်များလာရာ ကားမတော်တဆဖြစ်၍ သေဆုံးရခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ ဖြေဆိုပါ။**

**ကုသိုလ်ကောင်းမှု ပြုလုပ်ကြရာဝယ် အမှန်တကယ် တူသောအကျိုးကို ပေးတတ်သော ကုသိုလ်ကံမှာ-**

မဟာဂ္ဂုတ်ကုသိုလ်ကံ = ၉-ပါး

လောကုတ္တရာကုသိုလ်ကံ = ၄-ပါးတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



**သေဆုံးရခြင်း၏ အကြောင်းလေးမျိုးမှာ-**

(၁) **အာယုက္ခယ မရဏ** = သက်တမ်းကုန်၍ သေခြင်း၊
(၂) **ကမ္မက္ခယ မရဏ** = ကံစွမ်းကုန်၍ သေခြင်း၊
(၃) **ဥဘယက္ခယ မရဏ** = သက်တမ်းနှင့် ကံစွမ်း နှစ်ပါးကုန်၍ သေခြင်း၊
(၄) **ဥပစ္ဆေဒက မရဏ** = ကံဆိုးဖြတ်ချ၍ လတ်တလော သေခြင်းတို့ ဖြစ်ပါသည်။

**ကားမတော်တဆဖြစ်၍ သေဆုံးရခြင်း၏ အကြောင်းတရားများမှာ-**

သေခြင်း လေးမျိုးရှိရာဝယ် ကားမတော်တဆဖြစ်၍ သေဆုံးရခြင်းသည် အကုသိုလ် ဥပစ္ဆေဒကကံကြောင့် ဖြစ်ပါသည်။

အသက်တမ်းနှင့် ကုသိုလ်ဇနကကံစွမ်း နှစ်ပါးရှိသေးသော်လည်း ကပ်၍ဖြတ်တတ်သော အကုသိုလ်ကံဆိုးကြောင့် သေခြင်းဖြစ်၍ အကုသိုလ်ဥပစ္ဆေဒကကံ မည်ပါသည်။ ထိုကံသည် ကံဆိုးဖြတ်ချ လတ်တလော သေခြင်းဖြစ်၍ စုတေချိန် မရောက်သေးဘဲ သေရသော အကာလမရဏ ဖြစ်ပါသည်။

---

## ရုပ်ပိုင်း

**၇ အတုအယောင် များပြောင်လှသော လောကတွင် ရုပ်အတုများရှိပါက ဖော်ထုတ်ပြ၍ အာကာသဓာတ်သည် မည်သည့်ရုပ်တရား မည်သည်ကိုလည်း ရူပသမုဒ္ဒေသ ရှုမျှော်ကာ ပြေဆိုပါ။**

**အတုအယောင် များပြောင်လှသော လောကတွင် ရုပ်အတု(ပညတ်)ရုပ် ၁၀-ပါး ရှိပါသည်။**

**ထိုရုပ်အတုများမှာ-**

| | | |
|---|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| ဝိညတ်ရုပ် | = | ၂-ပါး |
| လဟုတာဒိရုပ် | = | ၃-ပါး |
| လက္ခဏရုပ် | = | ၄-ပါး |
| ပေါင်း ရုပ်အတု | = | ၁၀-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



**အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်လေသည်။ အကြောင်းမှာ-**

ရုပ်ကလာပ်တို့ တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ပိုင်းခြားပေးတတ်သော ကြောင့် အာကာသဓာတ်(အကြား)သည် ပရိစ္ဆေဒရုပ်(ရုပ်တု)မည်ရခြင်း ဖြစ်ပါသည်။

❶ အတွင်းလူ အပြင်လူ"ဆိုသကဲ့သို့ အတွင်းရုပ် အပြင်ရုပ်ကို သချာမှု ခွဲထုတ်ဖော်ပြ၍ အတွင်းရုပ်တို့ကို ဖော်ထုတ်ရေးသားကာ၊ မျက်စိဖြင့် မြင်ကောင်းသော ရုပ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။

**အတွင်းရုပ်နှင့် အပြင်ရုပ်ကို သချာမှု ဖော်ပြရသော်-**

| | | |
|---|---|---|
| အတွင်းရုပ်(အဇ္ဈတ္တိကရုပ်) | = | ပသာဒရုပ် ၅-ပါး |
| အပြင်ရုပ် (ဗာဟိရရုပ်) | = | ပသာဒရုပ် ၅-ပါးမှကြွင်းသော ရုပ် ၂၃-ပါး ဖြစ်ပါသည်။ |

**ထိုအတွင်းရုပ်တို့မှာ-**

(၁) စက္ခုပသာဒရုပ်
(၂) သောတပသာဒရုပ်
(၃) ဃာနပသာဒရုပ်
(၄) ဇိဝှာပသာဒရုပ်
(၅) ကာယပသာဒရုပ် ဟူသော ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။

**မျက်စိဖြင့် မြင်ကောင်းသော ရုပ်အမည်မှာ-**

ရူပါရုံ(အဆင်းရုပ်) ၁-ပါး ဖြစ်ပါသည်။

❷ "ရယ်သောသူသည် အသက်ရှည်၏"ဟု ဆိုကြရာ သတ္တဝါများအား ရယ်စေတတ်သော စိတ်တို့ကို ရေတွက်ပြ၍၊ စာဖြေသူပုထုဇဉ်သည် အဘယ်စိတ်ဖြင့် ရယ်မောပါသနည်း။ မှန်ကန်စွာ ဖော်ပြပါ။

**သတ္တဝါတို့ကို ရယ်စေတတ်သော ၁၃-ပါးသောစိတ်တို့ကို ရေတွက်ရသော်-**

http://www.dhammadownload.com



| | | |
|---|---|---|
| လောဘမူ သောမနဿစိတ် | = | ၄-ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး |
| မဟာကြိယာ သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း ကာမာဝစရသောမနဿစိတ် | = | ၁၃-ပါး ဖြစ်ပါသည်။ |

**စာဖြေသူ ပုထုဇဉ်၏ ရယ်မောသော စိတ်မှာ-**

| | | |
|---|---|---|
| လောဘမူ သောမနဿစိတ် | = | ၄-ပါး |
| မဟာကုသိုလ် သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း စိတ် | = | ၈-ပါး ဖြစ်ပါသည်။ |

**၁၀** ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများကို ဖော်ပြ၍ အဘယ်အရာကို အဘယ့်ကြောင့် နိပ္ဖန်ရုပ်ဟု ခေါ်ဆိုပါသနည်း။ ယခု သင်ယူနေသော အဘိဓမ္မာအမြင်အတိုင်း တင်ပြပါ။

**ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများမှာ-**

[ ၁၉၉၇-ခုနှစ်၊ နံပါတ်(၃)အဖြေကို ကြည့်ပါ။ ]

**နိပ္ဖန်ရုပ်ဟု ခေါ်ဆိုရခြင်းမှာ-**

[ ၁၉၉၇-ခုနှစ်၊ နံပါတ်(၃)အဖြေကို ကြည့်ပါ။ ]

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝိထိပိုင်း

၂၀၁၇-ခုနှစ်

**၁** မဟန္တာရုံ၏ အဓိပ္ပာယ်ကို ရေးသားဖြေဆို၍ ပထမ မဟန္တာရုံ စက္ခုဒွါရဝီထိ ဖြစ်ပုံကိုလည်း အစဉ်မပျက်စေဘဲ ဖော်ပြပါ။

**မဟန္တာရုံ၏ အဓိပ္ပာယ်**

ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည်ရှိသော် များသော စိတ္တက္ခဏ အသက်ရှိသောအာရုံသည် "မဟန္တာရုံ" မည်ပါသည်။

**ပထမ မဟန္တာရုံ စက္ခုဒွါရဝီထိဖြစ်ပုံကို အစဉ်မပျက်ဖော်ပြရသော်-**

| | | |
|---|---|---|
| အတီတဘဝင် | = | ၂-ကြိမ် |
| ဘဝင်္ဂစလန | = | ၁-ကြိမ် |
| ဘဝင်္ဂုပစ္ဆေဒ | = | ၁-ကြိမ် |
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ကြိမ် |
| စက္ခုဝိညာဏ် | = | ၁-ကြိမ် |
| သမ္ပဋိစ္ဆိုင်း | = | ၁-ကြိမ် |
| သန္တီရဏ | = | ၁-ကြိမ် |
| ဝုဋ္ဌော | = | ၁-ကြိမ် |
| ကာမဇော | = | ၇-ကြိမ် |
| ဘဝင် | = | ၁-ကြိမ် |

တို့နောင် မူလဘဝင်အများ **"ဝေနဝါရ"** ဖြစ်ပါသည်။

http://www.dhammadownload.com



**၂ ဝိပါက်အမှန် ဇောအပြန် ဟူ၍လည်းကောင်း။ ဝိပါက်လည်းအမှန် ဇောလည်းအမှန်ဟူ၍လည်းကောင်း ဆိုကြရာ၊ "ဝိပါက်အမှန် ဇောလည်းအမှန်"ဖြစ်ပုံကို ရှင်းလင်းဖြေဆိုပါ။**

**"ဝိပါက်လည်း အမှန် ဇောလည်း အမှန်"ဖြစ်ပုံကို ရှင်းလင်းဖြေဆိုရသော်-**

(၁) ဝိပါကနိယမတွင် ဝိပါက်စိတ်များသည် ပုဂ္ဂိုလ်သတ္တဝါပေါ် မူမတည်၊ အာရုံအားလျော်စွာ သောမနဿ၊ ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်ကြ၍ 'ဝိပါက်အမှန်'ဟု ဆိုကြ၏။

(၂) ကုသိုလ်၊ အကုသိုလ်ဇောတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ ယောနိသော အယောနိသော နှလုံးသွင်းပေါ် မူတည်၍ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမှန်ကန်ဘဲ ဗလောင်းဗလဲ ပြောင်းလဲဖောက်ပြန်၍ စောချင်ရာစော၍ ဇောအပြန်ဖြစ်တတ်ကြသော်လည်း၊ ဝိပ္ပလ္လာသ ကင်းပြီးသော ဘုရား၊ ရဟန္တာတို့ သန္တာန်၌ ဖြစ်သော ကြိယာဇောများကား ဖောက်ပြန် ပြောင်းလဲမှုမရှိဘဲ အတိဣဋ္ဌာရုံဖြစ်မူ- သောမနဿ ကြိယာဇော(၅)ပါး၊ သာမညဣဋ္ဌာရုံ၊ အနိဋ္ဌာရုံဖြစ်မူ- ဥပေက္ခာကြိယာဇော(၄)ပါး ဟု အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မှန်ကန်စွာ စောနိုင်သောကြောင့် 'ဇောအမှန်'ဟု ဆိုကြပါသည်။

ထို့ကြောင့် အသေက္ခ(ရဟန္တာ)ပုဂ္ဂိုလ်များ၌ ကြုံတွေ့သောအာရုံအတိုင်း... "ဝိပါက်လည်းအမှန်၊ ဇောလည်းအမှန်"ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

**၃ ကာမာဝစရဇောတို့သည် အနာရောဂါကင်း၍ ကျန်းမာရွှင်လန်းနေသောအခါနှင့် လွန်လွန်ကျူးကျူး အရက်မူးနေသောအခါတို့၌ မည်မျှစီ စောကြပါသနည်း။ ဖြေဆို၍ စာဖြေသူ မွေးမြူထားသော ခွေးကလေး၏ သန္တာန်၌ ကုသိုလ်စိတ် ဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း အဘိဓမ္မာပညာဖြင့် ဆုံးဖြတ်ပြပါ။**

**ကာမာဝစရဇောတို့သည်-**

| | |
|---|---|
| အနာရောဂါကင်း၍ ကျန်းမာရွှင်လန်းနေသောအခါ | =၇-ကြိမ် |
| လွန်လွန်ကျူးကျူး အရက်မူးနေသောအခါ | =၅-ကြိမ် စောကြပါသည်။ |

http://www.dhammadownload.com



စာဖြေသူ မွေးမြူထားသော ခွေးကလေးသန္တာန်၌ ကုသိုလ်စိတ်ဖြစ်နိုင်/မဖြစ်နိုင် ဆုံးဖြတ်ရသော်-

ကုသိုလ်စိတ် ဖြစ်နိုင်ပါသည်။

ခွေးကလေးသန္တာန်၌ ရနိုင်သောစိတ်မှာ-

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| ဟသိတုပ္ပါဒ်စိတ်ကြဉ် အဟိတ်စိတ် | = | ၁၇-ပါး |
| မဟာကုသိုလ်စိတ် | = | ၈-ပါး |
| ပေါင်း ရနိုင်သောစိတ် | = | ၃၇-ပါး |

အထက်ပါ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်(ခွေးကလေး)၏ ရနိုင်သောစိတ်တို့၌ မဟာကုသိုလ်စိတ် ၈-ပါး ပါဝင်သောကြောင့် ခွေးကလေး၏ သန္တာန်၌ ကုသိုလ်စိတ် ဖြစ်နိုင်ပါသည်။

---

## စိတ်ထိမှတ်ပိုင်း(ဆုံပိုင်း)

❾ မိမိတို့နေထိုင်ရာ ကမ္ဘာလောကကြီးတွင် နေ့စဉ်မပြတ် ဖြစ်ပွားလျက်ရှိသော ဒုစရိုက်အမျိုးအစား(၁၀)မျိုးရှိရာ အဘယ်ဒုစရိုက်တို့သည် အဘယ်အကြောင်းရင်းကြောင့် ဖြစ်သည်ကို ခွဲခြားဖော်ပြပါ။ အရက်ဘီယာသောက်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် အဘယ်ဒုစရိုက်ကို လွန်ကျူးခြင်းဖြစ်ပါသနည်း။ အကြောင်းသွင်းကာ ဖြေဆိုပါ။

| ဒုစရိုက် | | အကြောင်းရင်း |
|---|---|---|
| ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ | = | ဒေါသမူလတရား |
| ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ | = | လောဘမူလတရား |
| အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ | = | ရုံခါလောဘ၊ ရုံခါဒေါသမူလတရား။ |

သမ္ဖပ္ပလာပ

http://www.dhammadownload.com



**အရက် ဘီယာသောက်ခြင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းသည်-**

ရသာရုံ ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရ ဒုစရိုက်ကို လွန်ကျူးခြင်း ဖြစ်ပါသည်။

ကာယကံအကုသိုလ် ဖြစ်ပါသည်။

❺ ရူပါဝစရ ပထမဈာန်သုံးဘုံကို ဖော်ပြပါ။ သုဘကိဏှာဘုံသို့ ရောက်လိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်ဈာန်ကို အဘယ်သို့ ပွားများအားထုတ်ရမည်ကိုလည်း ညွှန်ပြခဲ့ပါ။

**ရူပါဝစရ ပထမဈာန်သုံးဘုံမှာ-**

ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံတို့ ဖြစ်ပါသည်။

**သုဘကိဏှာဘုံသို့ ရောက်လိုသော ယောဂီပုဂ္ဂိုလ်သည်-**

စတုတ္ထဈာန်ကုသိုလ်ကို ပဏီတဖြစ်အောင် အားထုတ်ရပါမည်။

❻ "လူတို့သေလွန်ပြီးနောက် အိမ်၌ ခုနစ်ရက်နေသည်"ဟူသော အယူအဆ မှန်/မမှန် အဘိဓမ္မာပညာဖြင့် အကြောင်းပြကာ ဆုံးဖြတ်၍ ပုဂ္ဂိုလ်သတ္တဝါတို့သည် ဖန်ဆင်းရှင်က ဖန်ဆင်းပေး၍ ဖြစ်လာရပါသလော၊ အကြောင်းသွင်းကား ရှင်းလင်းပါ။

"လူတို့သေလွန်ပြီးနောက် အိမ်၌ ခုနစ်ရက်နေသည်"ဟူသော အယူအဆ- မမှန်ပါ။

[ ၂၀၀၄-ခုနှစ်၊ မေးခွန်းနံပါတ် (၄) ]

ပုဂ္ဂိုလ်သတ္တဝါတို့သည် ဖန်ဆင်းရှင်က ဖန်ဆင်းပေး၍ ဖြစ်လာရသည်- မဟုတ်ပါ။

[ ၂၀၀၀-ခုနှစ်၊ မေးခွန်းနံပါတ် (၂) ]

http://www.dhammadownload.com



❼ စိုစိုဖတ်ဖတ်ရှိသော တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်သောရုပ်တို့ကို ဖော်ပြ၍ ရုပ်အစစ်(၁၈)ပါး သည် အဘယ့်ကြောင့် သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ် မည်ပါ သနည်း။ ဖြေဆိုပါ။

**စိုစိုဖတ်ဖတ်ရှိသော တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်သောရုပ်တို့မှာ-**

(၁) ဘာဝရုပ်

(၂) ကာယပသာဒရုပ်

(၃) ဇီဝိတရုပ်

(၄) အာပေါဓာတ်လွန်ကဲသော သုက်၊ သွေး၊ သည်းခြေရုပ်တို့ဖြစ်ကြပါသည်။

**ရုပ်အစစ်(၁၈)ပါးသည် 'သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်' မည်ပုံကို ဖြေဆိုရသော်-**

ရုပ်အစစ်(၁၈)ပါးသည်-

(၁) မိမိသဘော ကိုယ်ပိုင်လက္ခဏာအားဖြင့် အသီးသီး ထင်ရှားသောကြောင့် **သဘာဝရုပ်** မည်ပါသည်။

(၂) အနိစ္စ၊ ဒုက္ခ၊ အနတ္တစသော အများဆိုင် လက္ခဏာအားဖြင့်လည်း ထင်ရှားသော ကြောင့် **သလက္ခဏရုပ်** မည်ပါသည်။

(၃) ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ခြင်း ထင်ရှားသဖြင့် **နိပ္ဖန္နရုပ်** မည်ပါသည်။

(၄) အပူအအေးစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်ရာ ထင်ရှား လှသဖြင့် **ရူပရုပ်** မည်ပါသည်။

(၅) လက္ခဏာရေးသုံးပါးတို့ဖြင့် သုံးသပ်အပ်သောကြောင့် **သမ္မသနရုပ်** မည်ပါသည်။

❽ **စာဖြေသူတို့ ကြည့်ရှုလေ့ရှိသည့် ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်တို့၌ ပေါ်လာသော အရုပ် နှင့်အသံတို့သည် ကြည့်ရှု နားဆင်သူတို့၏ မျက်စိနှင့် နားသို့ ရောက်၊ မရောက် မိမိတို့ လေ့လာသင်ယူနေသော အဘိဓမ္မာအမြင်ဖြင့် အကြောင်းသွင်းကာ ရှင်းလင်းဆုံးဖြတ်ပါ။**

http://www.dhammadownload.com



**စာဖြေသူတို့ ကြည့်ရှုလေ့ရှိသည့် ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်တို့၌ ပေါ်လာ သော အရုပ်နှင့် အသံတို့သည် ကြည့်ရှု နားဆင်သူတို့၏ မျက်စိနှင့် နားသို့-** မရောက်နိုင်ပါ။

အကြောင်းမှာ-

စက္ခုပသာဒရုပ်နှင့် သောတပသာဒရုပ်တို့သည် မိမိထံသို့ လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ မထိမရောက် မကပ်ငြိခင်ကပင် အာရုံတို့ကို ယူတတ်သော "အသမ္ပတ္တဂါဟက"ရုပ်များ ဖြစ်ကြပါသည်။

သို့ဖြစ်၍- ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်တို့မှ ပေါ်လာသော အရုပ်နှင့် အသံတည်း ဟူသော စက္ခုပသာဒရုပ်နှင့် သောတပသာဒရုပ်တို့သည် မိမိထံသို့ မထိမရောက်ဘဲ အာရုံကို ယူနိုင်သောကြောင့် ကြည့်ရှု နားဆင်သူတို့၏ မျက်စိနှင့် နားသို့ မရောက်နိုင် ခြင်း ဖြစ်ပါသည်။

**စိတ်က ရုပ်ကို ဖြစ်စေရာ၌ ရုပ်ကို ဖြစ်စေနိုင်သော စိတ်နှင့် ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့ကို သချာမှု ဖော်ပြ၍ လျောင်း-ထိုင်-ရပ်-သွား လေးပါးသော ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်ခဲ့စေတတ်သော စိတ်တို့ကို ဖော်ပြခဲ့ပါ။**

**စိတ်က ရုပ်ကို ဖြစ်စေရာ၌-**

| | | |
|---|---|---|
| ရုပ်ကို ဖြစ်စေနိုင်သော စိတ် | = | ၇၅-ပါး |
| ရုပ်ကို မဖြစ်စေနိုင်သော စိတ် | = | ၁၄-ပါး တို့ဖြစ်ပါသည်။ |

**လျောင်း-ထိုင်-ရပ်-သွား လေးပါးသော ဣရိယာပုတ်ကို ထောက်ပံ့ နိုင်ခံ့စေတတ်သော စိတ်တို့မှာ-**

| | | |
|---|---|---|
| မဟဂ္ဂုတ် ကုသိုလ်စိတ် | = | ၉-ပါး |
| မဟဂ္ဂုတ် ကြိယာစိတ် | = | ၉-ပါး |
| လောကုတ္တရာစိတ်(အကျဉ်း) | = | ၈-ပါး |
| ပေါင်း အပ္ပနာဇောစိတ် | = | ၂၆-ပါး ဖြစ်ပါသည်။ |

http://www.dhammadownload.com



**၁၀ မွေးဖွားခါစ ကလေးများတွင် ယောကျ်ားအင်္ဂါလည်း မပါ၊ မိန်းမအင်္ဂါလည်း မပါသော ကလေးများကို တွေ့ရသည်ဟု ဆေးပညာရှင်တို့ ပြောဆိုသော စကားနှင့် "မင်္ဂပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်"ဟူသော စကား မှန်၊ မမှန် အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။**

**မွေးဖွားခါစ ကလေးများတွင် ယောကျ်ားအင်္ဂါလည်း မပါ၊ မိန်းမအင်္ဂါလည်း မပါသော ကလေးများကို တွေ့ရသည်ဟု ဆေးပညာရှင်တို့ ပြောဆိုသောစကားသည်** မှန်ပါသည်။

**အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြကာ ဆုံးဖြတ်ရသော်-**

ဂဗ္ဘသေယျက(ဇလာဗုဇ)ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေအခါ ဘာဝဒသကကလာပ် ရံခါ ချို့ကောင်းသည်ဟု ဆိုသောကြောင့် မွေးဖွားခါစ ကလေးငယ်များတွင် ဣတ္ထိဘာဝ၊ ပုမ္ဘာဝ ဒသက ကလာပ်များ ရံခါ မရနိုင်ပါ။

သို့ဖြစ်၍ ယောကျ်ားအင်္ဂါလည်း မပါ၊ မိန်းမအင်္ဂါလည်း မပါသော မွေးဖွားခါစ ကလေးများကို တွေ့ရသည်ဟူသော စကားသည် မှန်ကန်ရခြင်း ဖြစ်ပါသည်။

**"မင်္ဂပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်"ဟူသော စကားသည်** မှန်ကန်ပါသည်။

"နိဗ္ဗာန်"ဟူသည်-

(၁) မဂ်ဉာဏ် ၄-ပါးတည်းဟူသော ဓမ္မစက္ခုဖြင့်သာ မြင်အပ် မျက်မှောက်ပြုအပ်သော တရားဖြစ်ခြင်း၊

(၂) မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါးတို့၏ အာရုံဖြစ်သောတရားဖြစ်ခြင်း၊

(၃) မဂ်ဇော ၁-ကြိမ်ကျ(မင်္ဂပေါက်)ပြီးသည်နှင့် ဖိုလ်ဇော ၂-ကြိမ်(သို့) ၃-ကြိမ် ဆက်ဖြစ်ခြင်း(ဖိုလ်ဝင်)တို့ကြောင့် "မင်္ဂပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်"ဟူသော စကားသည် မှန်ကန်ရခြင်း ဖြစ်ပါသည်။

# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (ဒုတိယဆင့်)
# ဝီထိပိုင်း

(၂၀၁၈-ခုနှစ်)

(၁) လုလင်ပျိုသည် လုံမငယ်လေးကို "မြင်မြင်ချင်း ချစ်မိပါသည်ခင်ဗျာ"ဟု ပြောဆိုရာတွင် လုလင်ပျို၏ စက္ခုပသာဒ၌ လုံမငယ်ဟူသော ရူပါရုံက မြင်မြင်ချင်း(ဥပါဒ်လျှင် ဥပါဒ်ချင်း) ထင်လာပါသလော၊ ဝီထိသင်္ဂဟအမြင်ဖြင့် တင်ပြ၍၊ ဘဝင်လှုပ်ပုံအဓိပ္ပာယ်ကို အဘိဓမ္မာ လေ့လာသူများနားလည်အောင် ရေးသားဖြေဆိုပါ။

**လုလင်ပျို၏ စက္ခုပသာဒ၌ လုံမငယ်ဟူသော ရူပါရုံက မြင်မြင်ချင်း(ဥပါဒ်လျှင် ဥပါဒ်ချင်း)- မထင်နိုင်ပါ။**

ရုပ်တို့မည်သည် ဌီအခိုက်၌သာ အားအရှိဆုံးဖြစ်ရကား အနည်းဆုံး စိတ္တက္ခဏ ၁-ချက်လွန်ပြီးနောက်မှ ထင်နိုင်ပါသည်။

**ဘဝင်လှုပ်ပုံအဓိပ္ပာယ်**

မူလဘဝင်စိတ်သည် ၄င်းအာရုံပြုမြဲဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ပါးပါးကို အာရုံပြုနေရာမှ အာရုံသစ်ထင်လာသောအခါ အာရုံအဟောင်းကိုလည်း မလွှတ်နိုင်သေး၊ အသစ်ထင်လာသော အာရုံသစ်ကိုလည်း စွဲမြဲစွာ မယူနိုင်ဘဲ ပင်ကိုယ်သဘောမှ ဖောက်ပြားပြီး မည်သည့်အာရုံကို ယူရမည်ကို ဇဝေဇဝါ တုန်လှုပ်ချောက်ချားနေခြင်းဖြစ်သည်။

(၂) ကိုးကွယ်ရာသခင် ဘုရားရှင်ကိုဖူးမြင်သောအခါ ဖြစ်နိုင်သောတဒါရုံစိတ်တို့ကို ဖော်ပြ၍၊ နိရောဓသမာပတ်ဝင်စားပုံအဓိပ္ပာယ်နှင့် စာဖြေသူသည် နိရောဓသမာပတ်ဝင်စားနိုင်ပါသလော၊ နိရောဓသမာပတ်ဝင်စားနိုင်သူများကို ကိုးကား၍ ဖြေဆိုဆုံးဖြတ်ပါ။

**ကိုးကွယ်ရာသခင် ဘုရားရှင်ကို ဖူးမြင်သောအခါ ဖြစ်နိုင်သော တဒါရုံစိတ်မှာ-**

အတိဣဋ္ဌ-ရူပါရုံဖြစ်၍-

| | | | |
|---|---|---|---|
| အဟိတ်ကုသလဝိပါက် သောမနဿ သန္တီရဏစိတ် | = | ၁-ပါး |
| မဟာဝိပါက် သောမနဿစိတ် | = | ၄-ပါး |
| ပေါင်း သောမနဿ တဒါရုံစိတ် | = | ၅-ပါး |

**နိရောဓသမာပတ်ဝင်စားပုံအဓိပ္ပာယ်**

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ အခိုက်အတန့်မျှ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိနေခြင်း။

**နိရောဓသမာပတ်ကို စာဖြေသူ မဝင်စားနိုင်ပါ။**

**အကြောင်းမှာ** - သမာပတ် ၈-ပါး၊ ၉-ပါး ရရှိပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

❸ သုံးဆယ့်တစ်ဘုံသား ပုဂ္ဂိုလ်သတ္တဝါများ မရေမတွက်နိုင်အောင် များပြားလှသော်လည်း ဝီထိပိုင်းလာ ပုဂ္ဂဘေဒအရ ပုဂ္ဂိုလ်အပြား မည်မျှရှိသည်ကို တစ်ဦးချင်းဖော်ပြ၍ စိတ်လုံးဝမရှိဘဲ ရုပ်သက်သက်သာရှိသော ဖြပ္ဗာကြီးကို ဖော်ပြပါ။

**ဝီထိပိုင်းလာ ပုဂ္ဂလဘေဒအရ ပုဂ္ဂိုလ်အပြား ၁၂-ယောက် ရှိပါသည်။**

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်
(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်
(၃) ဒွိဟိတ်ပုဂ္ဂိုလ်
(၄) တိဟိတ်ပုဂ္ဂိုလ် - ဟူသော - ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်
(၅) သောတာပတ္တိမဂ်ပုဂ္ဂိုလ်
(၆) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
(၇) သကဒါဂါမိမဂ်ပုဂ္ဂိုလ်
(၈) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
(၉) အနာဂါမိမဂ်ပုဂ္ဂိုလ်
(၁၀) အနာဂါမိဖိုလ်ပုဂ္ဂိုလ်
(၁၁) အရဟတ္တမဂ်ပုဂ္ဂိုလ်
(၁၂) အရဟတ္တဖိုလ်ပုဂ္ဂိုလ် - ဟူသော - အရိယာပုဂ္ဂိုလ် ၈-ယောက်

## ဝိထိမုတ်ပိုင်း(ဘုံပိုင်း)

၆ သုဒ္ဓါဝါသ(၅)ဘုံကို ဖော်ပြ၍ ယင်းဘုံတို့၌ နေခွင့်ရှိသောပုဂ္ဂိုလ်တို့ကို ဖော်ပြကာ၊ အသညသတ်ဘုံ၌ နေခွင့်ရှိသောပုဂ္ဂိုလ်နှင့် အပါယ်လေးဘုံ၌ နေခွင့်ရှိသောပုဂ္ဂိုလ်တို့ကို ညွှန်ပြခဲ့ပါ။

**သုဒ္ဓါဝါသ ၅-ဘုံမှာ-**

(၁) အဝိဟာဘုံ
(၂) အတပ္ပါဘုံ
(၃) သုဒဿာဘုံ
(၄) သုဒဿီဘုံ
(၅) အကနိဋ္ဌဘုံ

**ယင်းဘုံ၌ နေခွင့်ရှိသောပုဂ္ဂိုလ်များမှာ-** ရူပပဥ္စမဈာန်ရ

(၁) အနာဂါမိဖိုလ် ပုဂ္ဂိုလ်
(၂) အရဟတ္တမဂ် ပုဂ္ဂိုလ်
(၃) အရဟတ္တဖိုလ် ပုဂ္ဂိုလ် ပေါင်း - ပုဂ္ဂိုလ် ၃-ယောက်

**အသညသတ်ဘုံ၌ နေခွင့်ရှိသောပုဂ္ဂိုလ်** = သုဂတိအဟိတ်ပုဂ္ဂိုလ်
**အပါယ် ၄-ဘုံ၌ နေခွင့်ရှိသောပုဂ္ဂိုလ်** = ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

၅ စာဖြေသူ၏နေအိမ်၌ စောင့်ကြပ်၍နေသော အိမ်စောင့်နတ်၏ ပဋိသန္ဓေစိတ်ကို ဖော်ပြ၍၊ စတုမဟာရာဇ်နတ်တို့၏ သက်တမ်းသည် လူတို့၏ အရေအတွက်အားဖြင့် မည်မျှရှိသည်ကို ဖြေဆိုကာ၊ အကျိုးပေးသောအစဉ်ဖြင့်ဖြစ်သော ကံ(၄)ပါးကို ညွှန်ပြပါ။

**အိမ်စောင့်နတ်၏ ပဋိသန္ဓေစိတ်** = အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်

**စာတုမဟာရာဇ်နတ်တို့၏ သက်တမ်း** = လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၉-သန်း

**အကျိုးပေးသောအစဉ်ဖြင့်ဖြစ်သော ကံ ၄-ပါးမှာ-**

(၁) ဂရုကံ
(၂) အာသန္နကံ
(၃) အာစိဏ္ဏကံ
(၄) ကဋတ္တာကံ

၆ ချစ်သူနှစ်ဦးကြား အမုန်းပွားအောင် ချောပစ်ကုန်းတိုက်စကားပြောဆိုခြင်းသည် အဘယ့်ကြောင့် အဘယ်ဒုစရိုက်ကို ကျူးလွန်ခြင်းဖြစ်ပါသနည်း၊ ဖြေဆို၍ "လူသေလျှင် လူသာဖြစ်ရမည်" ဟူသော စကား မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

**ချစ်သူနှစ်ဦးကြား အမုန်းပွားအောင် ချောပစ် ကုန်းတိုက်စကားပြောဆိုခြင်း၏-**

**အကြောင်းရင်းမူလ** = လောဘမူလ (မိမိကို ချစ်စေလိုခြင်း)
ဒေါသမူလ (တစ်ဖက်သားကို မုန်းစေလိုခြင်း)

**ဒုစရိုက်** = ပိသုဏာဝါစာ (ကုန်းတိုက်ကာ မိတ်ခွဲမှု)

**"လူသေလျှင် လူသာဖြစ်ရမည်"ဟူသော စကား မမှန်ပါ။**

**အကြောင်းမှာ** - စုတိနောင် ပဋိသန္ဓေနောင်းပုံအရ လူတို့၏ စုတိ(၉)ပါးတွင်-

(၁) **သုဂတိအဟိတ်စုတိ၊ ဒွိဟိတ်စုတိ ၄-ပါး၊ ဈာန်မရ တိဟိတ်စုတိ ၄-ပါးနောင်-** ကာမပဋိသန္ဓေ ၁၀-ပါး နောင်း၍၊ ကာမ ၁၁-ဘုံ၌လည်းကောင်း။

(၂) **ဈာန်ရတိဟိတ် စုတိ ၄-ပါးနောင်-** ကာမပဋိသန္ဓေ ၂၀-ပါး နောင်း၍ ၃၁-ဘုံလုံး၌လည်းကောင်း ပဋိသန္ဓေနေနိုင်သောကြောင့် လူသေတိုင်း လူ မဖြစ်ပါ။

---

## ရှမ်းပိုင်း

၇ ရုပ်များစွာတို့တွင် ကြည်လင်ပြတ်သားသော အကြည်ရုပ်(၅)မျိုးကို ဖော်ပြ၍၊ ဟဒယရုပ်၏ တည်ရာဌာနကို ညွှန်ပြကာ၊ အနိပ္ဖန္နရုပ်(၁၀)ပါးသည် အဘယ့်ကြောင့် အရူပရုပ်မည်ပါသနည်း၊ ဖြေဆိုပါ။

**ရုပ်များစွာတို့တွင် ကြည်လင်ပြတ်သားသော အကြည်ရုပ် (၅)မျိုးမှာ-**

(၁) စက္ခုပသာဒရုပ်
(၂) သောတပသာဒရုပ်
(၃) ဃာနပသာဒရုပ်
(၄) ဇိဝှါပသာဒရုပ်
(၅) ကာယပသာဒရုပ် ဟူသော ပသာဒရုပ် ၅-ပါး

**ဟဒယရုပ်၏ တည်ရာဌာနမှာ-**

သားမြတ်နှစ်ခု၏ အလယ်၊ နှလုံးအိမ်အတွင်း ပုန်းညက်စေ့ ခန့်ကျယ်သော တွင်းငယ်နေရာ။

**အနိပ္ဖန္နရုပ် ၁၀-ပါးသည် အရူပရုပ်မည်ရခြင်းမှာ-**

အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်ရာတွင် ထင်ရှားမှုမရှိသောကြောင့် ဖြစ်ပါသည်။

၇ အင်အားပြင်းအလှုမြှုပ်ဖြင့်သော်မျှ ဖောက်ခွဲဖျက်ဆီး၍မရနိုင်သော ရုပ်တရားတို့ကို ဖော်ပြ၍၊ "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု" ဟူသော လောကဆိုရိုးစကား မှန်/မမှန် လေ့လာသင်ယူခဲ့သော အဘိဓမ္မာပညာဖြင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

**အင်အားပြင်း အလှုမြှုပ်ဖြင့်သော်မျှ ဖောက်ခွဲဖျက်ဆီး၍ မရနိုင်သော ရုပ်တရားတို့မှာ-** မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်တည်းဟူသော အဝိနိဗ္ဘောဂရုပ် ၈-ပါး။

**"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု" ဟူသော လောကဆိုရိုးစကား** မှန်ပါသည်။

**အကြောင်းမှာ-** (ဒွေပဉ္စဝိညာဏ်(၁၀)၊ အရူပဝိပါက်(၄)၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်ကြဉ်သော်) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးတို့သည် စိတ္တဇရုပ်ကို ဖြစ်စေသောစိတ် (နာမ်တရား)များ ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

၈ ကံက ရုပ်ကိုဖြစ်စေရာ၌ အဘယ်အချိန်မှစ၍ ဖြစ်စေပါသနည်း။ ဖြေဆို၍၊ ရုပ်ကို မဖြစ်စေနိုင်သော ကံများရှိပါက ထုတ်ပြကာ၊ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်(၄)မျိုးတို့တွင် သက်မဲ့ရေမြေ တောတောင်သစ်ပင်စသည်တို့၌ ရနိုင်သည့်ရုပ်ကို ဖော်ပြပါ။

**ကံက ရုပ်ကို ဖြစ်စေရာ၌ စဖြစ်ချိန်** = ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ

**ရုပ်ကို မဖြစ်စေနိုင်သောကံများ** = အရူပကုသိုလ် ၄-ပါးနှင့် လောကုတ္တရာကုသိုလ်ကံ (မဂ်ကုသိုလ်ကံ)

**သက်မဲ့ရေမြေတောတောင် သစ်ပင် = ဥတုဇရုပ်**
**စသည်တို့၌ ရနိုင်သည့်ရုပ်**

⑩ ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သောရုပ်တို့ကို ညွှန်ပြ၍၊ ကမ္ဘာဦးလူသားများနှင့် ယနေ့လူသားတို့ မတူကွဲပြား ခြားနားပုံကို ရုပ်ပိုင်း ရူပပဝတ္တိက္ကမလာ သတ္တဝါအမျိုးအစား ခွဲခြားပုံကို ရှုမျှော်၍ ဖြေဆိုကာ၊ နိဗ္ဗာန်သုံးမျိုးကို အဓိပ္ပာယ်နှင့်တကွ ရေးသားဖော်ပြပါ။

**ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သောရုပ်တို့မှာ-**

| | | |
|---|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = | ၁-ပါး |
| လက္ခဏာရုပ် | = | ၄-ပါး |
| ပေါင်း | = | ၅-ပါး |

**ကမ္ဘာဦးလူသားများနှင့် ယနေ့လူသားတို့ မတူကွဲပြားခြားနားပုံမှာ-**

**ကမ္ဘာဦးလူသား** = ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် ထင်ရှားဖြစ်သော ဥပပါတ်(ဩပပါတိက)သတ္တဝါ။

**ယနေ့လူသား** = သားအိမ်(အမိဝမ်း)၌ ဖြစ်သော ဇလာဗုဇ(ဂဗ္ဘသေယျက) သတ္တဝါ။

**နိဗ္ဗာန်သုံးမျိုး၏ အဓိပ္ပာယ်မှာ-**

(၁) **သုညတနိဗ္ဗာန်** = ရာဂစသော ကြောင့်ကြဖွယ်(ပလိဗောဓ)အမျိုးမျိုးမှ ကင်းငြိမ်း သုဉ်းဆိတ်သော နိဗ္ဗာန်။

(၂) **အနိမိတ္တနိဗ္ဗာန်** = ရာဂနိဗ္ဗာန်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော နိဗ္ဗာန်။

(၃) **အပ္ပဏိဟိတနိဗ္ဗာန်** = အာသာ တဏှာစသော တောင့်တမှု ပူပန်မှုတို့နှင့် မဆက်ဆံသော နိဗ္ဗာန်။

http://www.dhammadownload.com

http://www.dhammadownload.com